


တက္ကသိုလ် **တင်မြင့်**

**ယုန်ရော...ကြောင်ရော...မိပါသည်**


မူပိုင်ခွင့်ပြုချက်အမှတ် ... ၎၉ / ၂၀၀၀ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ... ၁၉ ... (၂)

၂၀၀၀ ...

...OFFSET

...(၁၉) (၁၉)လမ်း လသာမြို့နယ် ... ရန်ကုန်




# တက္ကသိုလ် တင်မြင့်





မောင်ကျော်လှိုင်

စေတနာစာပေမှ

စီစဉ်သည်

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကျွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## (၁)

အိပ်ရာကတော့ နိုးပေပြီ။

သို့တစေ ဇေယျာအောင် မနေ့ညက အိပ်ရာဝင်လည်း သိပ်နောက်ကျသည်။ စိတ်မောလူမောအဖြစ်မျိုးတွေလည်း ကြုံခဲ့သည်။

ထို့ကြောင့် နံနက်(၈)နာရီထိုးပြီးမှ ... အိပ်ရာက ပြန်နိုးလာသည်။

မနေ့ညက စိတ်မောလူမော ပင်ပန်းနွမ်းနယ်သောကြောင့် အိပ်ရာမှ နိုးလာစေကာမူ ... ဇေယျာအောင် မထလိုသေးပေ။ ပြန်၍ နှပ်ချင်နေသေးသည်။

မထ,သေးဘဲ နှပ်လည်းနှပ်နေပါ၏။

အပြင်ဘက်တွင် မိမိအိပ်ရာမှထ,ပါက အသင့်အားသောက်နိုင်ရန် ထုံးစံအတိုင်း လုပ်ကိုင်နေသည့် တပည့်ကျော် မောင်ရှိန်း၏ လှုပ်ရှားသွားလာသံတွေ ဇေယျာအောင် နားထဲတွင် ကြားနေရသည်။

ကလင် ... ကလင် ... ကလင်။

ညှို့ခန်းဆီမှ တယ်လီဖုန်းအော်မြည်သံကိုလည်း ဇေယျာအောင် ကြားသည်ပင်။

တယ်လီဖုန်းသံ ထွက်ပေါ်လာပြီး ... လေး,ငါး မိနစ်အကြာမှာပင် မိမိအိပ်ခန်းတံခါးဖွင့်ကာ မောင်ရှိန်း ရောက်လာသည်။

"ဆရာ ... ဖုန်းလာနေတယ်"

"အိပ်နေတယ်လို့ ပြောလိုက်ကွာ"

"ဟာ ... မဖြစ်ဘူးထင်တယ်ဆရာ ...။ အခုလာတဲ့ ဖုန်းက ထောက်ကြန့်ရဲစခန်းက ရဲကြပ်ကြီး ကိုညိုတဲ့။ ဆရာနဲ့ စကားပြောချင်လို့တဲ့။ ညကပဲ ဆရာအိပ်ရာဝင်ကာနီး ရဲစခန်းက ဖုန်းလာရင် ငါ့ကိုနှိုးလို့ ကျွန်တော့်ကို မှာထားတယ်လေ ဆရာ"

ဟုတ်ပါ့။

ဇေယျာအောင် ချက်ချင်းအိပ်ရာမှထပြီး တယ်လီဖုန်းဆီသို့ ၄က်ကြီးဝံဘို ခြေလှမ်းကျဲကြီးများ ဖြင့် ဖုန်းဆီသို့ ရောက်သွားပေတော့သည်။

"ကျွန်တော် ဇေယျာအောင်ပါ။ အမိန့်ရှိပါ"

"အေးဗျာ ... ကိုဇေယျာအောင်ရဲ့ တပည့်က သူ့ဆရာ အိပ်နေသေးတယ်လို့တော့ ပြောပါတယ်။ ဒါပေမယ့် ကျွန်တော့် အထက်အရာရှိက ညက ကျွန်တော်တို့ ရထားတဲ့ သတင်းတွေ ကိုဇေယျာအောင်ဆီ ဖုန်းဆက် ပြောကြားလိုက်လို့ အမိန့်ပေးထားလို့ပါ ကိုဇေယျာ အောင်"



"ပြောပါ ... ရဲကြပ်ကြီး ... ညကကိစ္စ ကျွန်တော် ကိုယ်တိုင် စိတ်ဝင်စားနေတာပါ။ ညကအိပ်မပျော်ခင် မှာတောင် အင်းစိန်ဆေးရုံမှာ ကျွန်တော်တို့ တင်ပို့ခဲ့ တဲ့ ... ဒဏ်ရာရလူနာ ဘယ့်နှယ့်များ နေသေးလဲလို့ တောင် ... စိုးရိမ်စိတ်နဲ့ တွေးမိသေးတယ်"

"အင်း ... အဲဒီလူနာတော့ ... သွားရှာပြီ"

"ဗျာ"

"ခွဲစိတ်ပြီး ... နာရီဝက်အကြာမှာပဲ ... ဆုံးသွားတယ် ကိုဇေယျာအောင်။ ဆရာဝန်ကပြောတယ်။ မလွယ်ဘူး တဲ့။ အထိုးခံလိုက်ရတဲ့ ဓားချက်က နှလုံးကို ထိသွား တယ်တဲ့"

"ကြားရတာ စိတ်မကောင်းစရာပဲ။ အဲဒီလူ သနား စရာပဲဗျာ ။ အဲ ... သူ့အသုဘရျာပနကိစ္စကို ဘယ် သူတွေ စီစဉ်မလဲတဲ့ ကိုညို။ သူ ... ဘယ်သူဘယ်ဝါ မှန်း မသိလို့ ... ရျာပနကိစ္စ စီစဉ်မယ့်သူ မရှိရင် ကျွန် တော်ကုသိုလ်ဖြစ် အကုန်အကျခံပြီး စီစဉ်ပေးပါ့မယ်"

"အဲဒီအတွက်တော့ မပူနဲ့။ ကိုဇေယျာအောင်ရဲ့ စေတ နာကို လေးစားပါတယ်။ သေဆုံးသွားတဲ့လူရဲ့ နာမည် က ကိုခင်မောင်ဝင်းတဲ့။ သူ့အမျိုးသားမှတ်ပုံတင်ရယ်၊ သူ့ယာဉ်မောင်းလိုင်စင်ရယ် ... အဲဒီထဲက လိပ်စာ အတိုင်း သူတို့အိမ်ကို ကျွန်တော်တို့ အကြောင်းကြား ပြီးပါပြီ ...သေသွားတဲ့ ကိုခင်မောင်ဝင်းက ... ကလေ ကချေ လူတန်းစားထဲက မဟုတ်ဘူး ကိုဇေယျာအောင်၊

သူတို့အိမ်က ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်းထဲမှာ ... တိုက်နဲ့ခြံကြီးဝန်းကျယ်ပဲ။ ဒီလူ့မှာ ဖအေတော့ မရှိတော့ဘူး ဆုံးသွားတာကြာပြီတဲ့၊ သူ့အမေက ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်က ကထိက ဒေါ်မေစီတဲ့။ သူ့ညီမက အခုလက်ရှိ မဟာဝိဇ္ဇာတန်း တက်နေပြီး ဝိဇ္ဇာသိပ္ပံဌာနမှာပဲ အချိန်ပိုင်းနည်းပြဆရာမ လုပ်နေတယ်တဲ့။ နာမည်က လွင်လွင်စီတဲ့။ အဲ ... ကိုခင်မောင်ဝင်းကတော့ ကျောင်းလဲဆက်မနေ အလုပ်အကိုင်လဲ မယ်မယ်ရရ မလုပ်ဘဲ မော်တော်ဆိုင်ကယ်တစ်စီးနဲ့ သွားချင်ရာ လျှောက်သွားနေတာတဲ့။ ကိုခင်မောင်ဝင်း ဘာတွေလုပ်နေတယ်ဆိုတာ သူ့အမေရော သူ့ညီမရော ဘာမှ ရေရေရာရာ မသိဘူးတဲ့"

"အင်း ... ဒါဆို ... ဒီလူက ဂုဏ်သရေရှိ မိဘအသိုင်းအဝိုင်းထဲက လူတစ်ယောက်ပဲ။ သူ့ကို ဘယ်သူက ဘာလို့ သတ်သွားပါလိမ့် ကိုခင်မောင်ညို"

"အဲဒါလဲ ကျွန်တော် ဆက်ပြောမယ်။ ကိုခင်မောင်ဝင်းကို သတ်သွားတဲ့ လူဆိုးသုံးယောက်စီးပြေးတဲ့ လင့်ရိုဗာကားဟာ ကျိုက္ကဆံကွင်းဘေးမှာ ပိုင်ရှင်မဲ့ ရပ်ထားတာကို ရဲပတ္တရောင်ကင်းက တွေ့တယ်။ ကားနံပါတ်အရ ပိုင်ရှင်ကို စုံစမ်းတော့ ... ကမ္ဘာအေးလမ်း၊ ခြံနံပါတ်(--)မှာနေတဲ့ ဦးအောင်စိမ်းရဲ့ လင့်ရိုဗာကား ဖြစ်နေတယ်။ မနေ့က မြို့ထဲ ယခု မဟာဗန္ဓုလပန်းခြံလမ်းထဲက တိုက်အပေါ်ထပ်ကို အလုပ်ကိစ္စနဲ့ တက်သွားပြီး ... အောက်မှာရပ်ထားခဲ့တုန်း ကားအခိုးခံရပြီး ပျောက်သွားတာတဲ့။ သူ့လင့်ရိုဗာကား ပျောက်သွားတာကိုလည်း ကျောက်တံတားရဲမှာ တိုင်ချက်ပေးထားတယ်"

"ဒါဆို ... ကိုခင်မောင်ဝင်းကိုသတ်တဲ့ လူသတ်သမားသုံးယောက်ဟာ ခြေရာပျောက်နေမှာပေါ့ ကိုမောင်ညို"

"အင်းပေါ့ဗျာ ... လောလောဆယ်တော့ အဲဒီလိုသဘောရှိနေတာပေါ့၊ ဒါပေမယ့် ... ဒီကေ့(စ်)ကို အင်းစိန်စီအိုင်ဒီအဖွဲ့ကို လွှဲလိုက်တယ်။ အင်းစိန်စီအိုင်ဒီက လိုက်ပြီဆိုရင်တော့ အနေးနဲ့အမြန် ပေါ်လာမှာပါ"

"ဒါဆို ... အခု ကျွန်တော်က ဘာအကူအညီ ပေးရမလဲ ကိုမောင်ညို"

"အဲဒါကတော့ ... အင်းစိန်စီအိုင်ဒီ စုံထောက်အဖွဲ့က လိုအပ်လာရင် ကိုဇေယျာအောင်ဆီကို ဆက်သွယ်မှာပါ။ ကိုဇေယျာအောင်က အမိကမျက်မြင်သက်သေပဲ။ စုံထောက်အဖွဲ့က ကိုဇေယျာအောင်ကို မေးချင်မြန်းချင်တာလေးတွေ ရှိမှာပေါ့ ... နောက်ပြီး ကထိက ဒေါ်မေစီနဲ့ သမီးလွင်လွင်စီကိုလည်း ကိုဇေယျာအောင်က ကိုခင်မောင်ဝင်းကို ကယ်တင်တာတွေ ... ဆေးရုံအရောက် ပို့ပေးတာတွေ ပြောပြပြီး ... ကိုဇေယျာအောင်ရဲ့ အိမ်လိပ်စာနဲ့ တယ်လီဖုန်းနံပါတ် ပေးလိုက်တယ်။ သူတို့သားအမိ ကိုဇေယျာအောင်ကို လာတွေ့

မလား မသိဘူး။ လောလောဆယ်တော့ ကိုခင်မောင်ဝင်းကို သကြိုဟ်ဖို့ ရှာပနက်စွ သူတို့သားအမိ လုပ်နေကြတယ်။ ကိုခင်မောင်ဝင်းရဲ့ လမ်းပေါ်က မော်တော်ဆိုင်ကယ်ကိုလဲ ရဲစခန်းမှာပဲ မှတ်တမ်းနဲ့ သိမ်းထားတယ်။ ကဲ ... ကျွန်တော်ပြောစရာ ဒီလောက်ပဲ ကိုဓေယျာအောင်”

“အေးဗျာ ... တကူးတက ဖုန်းဆက်ပြောပြတဲ့ ကိုမောင်ညိုကို ကျွန်တော်ကျေးဇူးတင်ပါတယ်”

ကိုမောင်ညိုဘက်မှ ဖုန်းချသံ ကြားလိုက်ရသည်။

ဓေယျာအောင်မှာ ဖုန်းကို ဖြည်းလေးစွာ ပြန်ချရင်း ... ဖုန်းပြောကုလားထိုင်မှာပင် ထိုင်နေမိရင်း မနေ့ညက အဖြစ်အပျက်တွေကို ပြန်ပြီးမြင်ယောင်တွေးတောနေမိသည်။

မိမိမနေ့က ညမိုးချုပ်မှ ပဲခူးရှိ ဘိုးဘိုးဦးဘခက်ထံမှ ထွက်လာခဲ့မိသည်။

ပဲခူးရှိ ဘိုးဘိုးဦးဘခက်ထံသို့ မိမိသွားရောက်နေမိသည်မှာ လွန်ခဲ့သော လေး,ငါးရက်ကတည်းက ဖြစ်သည်။

ဓေယျာအောင်က ဘိုးဘိုးခက်ကို သိပ်ချစ်သည်။ ဘိုးဘိုးခက်ကလည်း သူ့မြေးဓေယျာအောင်ကို လောကတွင် အချစ်ဆုံး။

ဘိုးဘိုးခက်အိမ်တွင် လေး,ငါးရက်နေပြီး ... ဖြွန်းခနဲ ညကြီးမိုးချုပ်မှ ပြန်တော့မည်ဆိုပြီး ဓေယျာအောင် ပြန်ခဲ့ခြင်း ဖြစ်သည်။



“ဟာ ... မနက်မိုးလင်းမှ ပြန်ပါလား ဓေယျာရဲ့” ဟု ဘိုးဘိုးက ဟန့်တားစကား ပြောစေကာမူ ဓေယျာအောင်သည် သူ့တိုယိုတာအက်(စ်)အီး ဆလွန်းကားဖြူနှင့် ပြန်လာခဲ့သည်။

ဓေယျာအောင်၏ စိတ်ဓာတ်၊ သတ္တိနှင့်အရည်အချင်းကို ကောင်းကောင်းကြီး သိထားသော ဘိုးဘိုးခက်က တစ်ခွန်းမှ နှစ်ခွန်းဆက်ပြီး မတားပါလေတော့။

ဓေယျာအောင် မိုးကြီးချုပ်မှ ပဲခူးမှ ရန်ကုန်သို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။

❀ ❀ ❀

ဘိုးဘိုးခက် တားသည့်ကြားက သူ့ဆလွန်းကားကို စိတ်ချစွာ အရှိန်အဟုန်နှင့် မောင်းလာခဲ့ရာ ... လူရှင်းလူပြတ်လှသည့် လှည်းကူးနှင့် ထောက်ကြန့်ကြား လမ်းဘေးမှာပင် ဓေယျာအောင်၏ အားကောင်းလှသော ကားရှေ့မီးနှစ်လုံးက မြင်ကွင်းတစ်ခုကို ထင်းခနဲ ဓပ်ဝေးဝေးကပင် လှမ်းမြင်လိုက်ရတော့သည်။

မြင်ကွင်းက မလှမပပေ။

ပြီး ... မြင်ကွင်းမှာ မှုမြှမတပေ။

တစ်ယောက်နှင့်အများ အနိုင်ကျင့်နေသော မြင်ကွင်းကို ဓေယျာအောင် လှမ်းမြင်ရခြင်း ဖြစ်တော့သည်။

ပက်လက်လဲနေသူ တစ်ဦးတည်းကို အခြားသုံး

ဦးက ထိုးသူထိုး၊ ကန်သူကန်၊ ခွစီးသူကစီးဖြင့် အမဲ့ကြီး အနိုင်ယူနေသော မြင်ကွင်း ဖြစ်နေပါ၏။

သူတို့အချင်းချင်း သူတို့ဘာသာ ခံနေရသူတစ်ယောက်အပေါ်တွင် သူတို့သုံးယောက်က မခံမရပ်နိုင်သော ကိစ္စတစ်ရပ် ကျူးလွန်ခဲ့သောကြောင့် ဤမျှအညိုးကြီးစွာ အနိုင်ကျင့် ထိုးနှက်ရိုက်ပုတ် ကန်ကျောက်နေခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။

သို့သော် ... ဖေယျာအောင်၏ မြင်ကွင်းဝယ် ကြည့်ရသည်မှာ မလှပပေ။ မမျှတပေ။

ဖေယျာအောင်၏ အကျင့်က လူတွေကို မဆိုထားနှင့် ... ခွေးတစ်ကောင်တည်းကို အခြားခွေးအုပ်စုက ဝိုင်းကိုက်နေသည်ကို တွေ့လျှင်ပင် တကူးတကသွားပြီး အုပ်စုခွေးတွေကို ခြောက်လှန့်မောင်းထုတ်တတ်သူ ဖြစ်ပေသည်။

ဖေယျာအောင်၏ စတီယာရင်တို့ ကိုင်ထားသော လက်တစ်ဖက်သည် မော်တော်ကား ဒက်(ရှ်)ဘုတ်ထဲတွင် ထည့်ဆောင်ထားသော ဒသသမသုံးရှစ်ပစ္စတို ရှိရာသို့ လက်တစ်ဖက်က အဖုံးဖွင့် နှိုက်ယူလိုက်သည်။

တရားဝင် အခွန်ဆောင် လိုင်စင်သေနတ် ဖြစ်ပါ၏။

ပစ္စတိုကို ကားစတီယာရင်ကိုင်ရင်းမှပင် မောင်းကို ဆွဲတင်လိုက်သည်။

ဒီလိုကျတော့ အုပ်စုသုံးယောက်က အကြောက်



သား။ ချက်ချင်းပင် ... သူတို့၏ လင့်ရှိဗာကားရပ်ထားရာဆီသို့ ခြေကုန်သုတ် ထွက်ပြေး ကားပေါ်ခုန်တက်ခါ မောင်းပြေးကြတော့သည်။

ခံရသော ကျန်ခဲ့သည့် လမ်းဘေးမှလူမှာ မချိမဆန့် လူးလိမ့်နေသည်ကို တွေ့ရပါ၏။

ဖေယျာအောင်သည် ကားကိုရပ်ခါ ကားပေါ်မှ ဆင်းပြီး လဲကျလူးလိမ့်နေသူထံ ဒူးထောက်ကြည့်လိုက်စဉ်မှာပင် လင့်ရှိဗာကား၏ မောင်းပြေးသော နောက်မီးနီနီကိုသာ တွေ့လိုက်ရတော့သည်။

၎င်းလင်းရှိဗာကား၏ နောက်မြီးနံပါတ်ကို လှမ်းကြည့်စေကာမူ သူ့မမြင်နိုင်တော့ပေ။

လင့်ရှိဗာကားမှန်းတော့ သိသည်၊ မြင်သည်။ သို့တစေ ၎င်းကား၏ နံပါတ်ကို ဖေယျာအောင် မသိမမြင်နိုင်တော့ပေ။

ပြီး ... လောလောဆယ် အလူးအလဲ ခံလိုက်ရသူအား ကူညီဖို့ အရေးတကြီး ဆန္ဒစိတ်လည်း ရှိနေမိသည်။

ဒူးထောက်ကြည့်လိုက်ရာ မြင်ရချက် မသက်သာစရာပေ။

သူ့ခေါင်း ရင်ဝတွင် ဓားတန်လန်း ရှိနေပါ၏။ သွေးများ ဒရဟော စီးကျနေသည်။

အသက်ရှင်နေသေးသည်။ သတိလည်း ကောင်းသည်။ စကားလည်း ပြောနိုင်သေးသည်။

"ကျေးဇူးတင်တယ်ဗျာ ... ဒါပေမယ့် နောက်ကျသွား

ပြီ ထင်ပါရဲ့ဗျာ"

"အားတင်းပေါ့ဗျာ ... အခု ထောက်ကြန့်နဲ့ နီးနီးလေး ရှိတော့တယ်။ ခင်ဗျားကို ကျွန်တော် အချိန်မီ ဆေးရုံ ပို့ပေးပါ့မယ်"

"ပို့တာတော့ ပို့ပေါ့ဗျာ။ ဒါပေမယ့် ရမယ်မထင်တော့ ပါဘူး"

ဒဏ်ရာနှင့် လဲနေသူသည် သွေးရူးသွေးတန်း လားတော့ မပြောတတ်။ သူ့ဘေးတွင် ပြန့်ကျဲနေသည့် သူ၏ ပိုက်ဆံအိတ်၊ သော့တွဲ၊ စီးကရက်ဘူး၊ လက်ကိုင်ပဝါ စသည့် ယောကျ်ားတွေ အိတ်ထဲထည့်ထားလေ့ရှိသော ပစ္စည်း တွေကို သူ့ဟာသူပင် လဲနေရာမှ လိုက်ယူပြီး ဇေယျာအောင် ဝတ်ထားသည့် အပေါ်အင်္ကျီအောက်အိပ်ထဲသို့ ထည့်နေပေသည်။

"အင်း ... အခြေအနေက သွေးရူးသွေးတန်း ဖြစ်နေပြီပဲ"ဟု ဇေယျာအောင် မှတ်ချက်ချမိပါ၏။

ဇေယျာအောင်သည် ဦးစွာ ... သူ၏ကားဆီသို့ သွားပြီး နောက်ပေါက်တံခါးကို ဖွင့်လိုက်သည်။ ပြီး ... ထိုလူအား မွေ့ချီကာ ကားနောက်ကုရှင်တွင် ကျောမှီမှေးထိုင် ပုံစံ တင်ထားလိုက်သည်။

ထို့နောက် လမ်းပေါ်တွင် ဖရိုဖရဲ ပစ်ထားသော ထိုလူ၏ ပစ္စည်းလေးတွေကို လိုက်ကောက်လိုက်သည်။

ထွက်ပြေးသွားသည့် (၃)ယောက်သည် လဲကျ နေသူ၏ အိတ်ပေါင်းစုံထဲသို့နှိုက်ကာ ထွက်လာသမျှ ပစ္စည်း တွေကို မလိုလားသည့် သဘောဖြင့် ဘေးသို့လွှင့်ပစ်ခဲ့ပုံရ



သည်။ လမ်းဘေးတွင် ပြန့်ကျဲနေပါ၏။

ငင်းပစ္စည်းမျိုးစုံကို ကားနောက်ကုရှင် ထိုလူ၏ ဘေးမှာပင် ပစ်တင်ပြီးနောက် လမ်းဘေးတွင် တုံးလုံးလဲပြို နေသော မော်တော်ဆိုင်ကယ်ဆီသို့ ဇေယျာအောင် သွားကြည့် ပြန်သည်။

ဟွန်ဒါအမျိုးအစား ဖြစ်သည်။ ဓာတ်ဆီတိုင်ကီ ဖုံးဖွင့်ကာ ဓာတ်ဆီတွေ ဖိတ်ကျနေသည်။

ထိုဒဏ်ရာရလူ၏ မော်တော်ဆိုင်ကယ်ပင် ဖြစ်ရ မည်။ ဟိုသုံးယောက်က လင့်ရှိဗာနှင့်မို့ ခံရသူ၏ ဆိုင်ကယ် ဖြစ်မည်ဟု တွက်ဆနိုင်သည်။

ဘာမှုမတတ်နိုင်၊ လိုကာမယ်ကာ မော်တော် ဆိုင်ကယ်သော့ကို ဖြုတ်ယူပြီး ဒီအတိုင်း လမ်းဘေးမှာပင် မော်တော်ဆိုင်ကယ်ကို ထားခဲ့ရပေတော့မည်။

ပြီးနောက် ... ဇေယျာအောင်သည် သူ၏အက်(စ်) အီးကားကို မောင်းထွက်လာခဲ့တော့သည်။

ထောက်ကြန့်ရဲစခန်းသို့ ဇေယျာအောင် ဝင် ရောက်ပြီး ဒဏ်ရာရ လူနာကိုအပ်ခါ ဖြစ်သမျှ မြင်သမျှ အားလုံး ရဲသို့ တိုင်ချက်ဖွင့်ပေးသည်။

ရဲစခန်းမှ ရဲကြပ်ကြီး ကိုမောင်ညိုက အားလုံး ရေးမှတ်ပါ၏။ ပြီး ... ရဲကြပ်ကြီးကိုမောင်ညိုက ပြောသေးသည်။

"ဟုတ်တယ်ဗျ ... စောစောက နာရီဝက်သာသာ လောက်ကပဲ ... လင့်ရှိဗာတစ်စီး ဒရကြမ်း မောင်းလာ တာတွေ့လို့ ကင်းကရပ်ခိုင်းတာ ရပ်မပေးဘဲ ဖွတ်

မောင်းသွားတယ်။ ဒါနဲ့ ... အဲဒီလင့်ရှိဗာရဲ့ကားနံပါတ်ကိုပဲ ကျွန်တို့ မှတ်ထားလိုက်ရတယ်။ ဒါပေမယ့် ... မလွတ်ပါဘူး၊ ကားနံပါတ်နဲ့လိုက်ရင် မိမှာပါ"

ဇေယျာအောင်၏ ရန်ကုန်မှ သူ့အိမ်လိပ်စာ၊ သူ့တယ်လီဖုန်းနံပါတ်ကို ပေးထားပါ၏။

ဒဏ်ရာရလူနာကို တစ်လက်စတည်း အင်းစိန်ဆေးရုံ အမြန်ဆုံးပို့ပေးနိုင်ရေးမှာ ဇေယျာအောင်၏ ကားနှင့်သာ အဆင်ပြေဆုံးမို့ ရဲကြပ်ကြီးကိုမောင်ညိုပါ အတူလိုက်ပါပြီး အင်းစိန်ဆေးရုံသို့ တင်ခဲ့ရပေတော့သည်။

လူနာကို ချက်ချင်းပင် ခွဲစိတ်ရန် ဆရာဝန်ဆရာမများ အင်မာဂျင်စီ အရေးပေါ် စီစဉ်တော့သည်။

ရဲကြပ်ကြီးကိုမောင်ညို နေခဲ့ပြီး ဇေယျာအောင်မိမိအိမ်သို့ ပြန်မောင်းလာခဲ့ခြင်း ဖြစ်တော့သည်။

ညက ဖြစ်ပျက်ခဲ့သမှုကို ပြန်လည်တွေးတောမြင်ယောင်ပြီးနောက် ဇေယျာအောင်သည် တယ်လီဖုန်းဘေးတွင် ထိုင်ရာမှထပြီး ရေချိုးခန်းဝင်သည်။ ကိုယ်လက်သန့်စင် ရေမိုးချိုးပြီး အဝတ်အသစ်များ လဲလှယ်ပြီး ကော်ဖီသောက်ရန် ထမင်းစားခန်း စားပွဲသို့ လာခဲ့သည်။

မောင်ရှိန်းက စားပွဲဘေးတွင် အသင့်ရပ်စောင့်နေပေသည်။

"ငါ ... ဘိုးဘိုးခက်ဆီ ပဲခူးကိုသွားနေတုန်း ဘယ်သူတွေ လာသလဲ။ ဘယ်က တယ်လီဖုန်းတွေလာသလဲ မောင်ရှိန်း"



မောင်ရှိန်းသည် သူ့အိပ်ထဲမှ မှတ်စုစာအုပ်သေးသေးလေးကို ထုတ်ယူဖွင့်ကြည့်ပြီး ပြောပြသည်။

"ဗုဒ္ဓဟူးနေ့က မမအိ လာတယ်ဆရာ"

"ဒါပြင်ကော"

"ကြာသပတေးနေ့ကလဲ မမအိ လာတယ်"

"မင်းရဲ့ မမအိ လာတာ ထားစမ်းပါ၊ ဒီပြင်ဘယ်သူတွေ လာသလဲ"

"အဲ ... ကြာသပတေးနေ့ကပဲ ဆရာ့စာအုပ်တိုက်က ဦးကြူးစိန် လာတယ်ဆရာ"

"ဟုတ်လား ... ဦးကြူးစိန်က ဘာပြောသွားလဲ"

"စာမူမပြီးသေးဘူးလားတဲ့။ ဆရာပြန်လာရင် သူ့ဆီဖုန်းဆက်ပါတဲ့။ ဒါမှမဟုတ်လဲ ဆရာလာရင် ခရီးကြုံလမ်းကြုံ သူ့စာအုပ်တိုက်ကို ဝင်ခဲ့ပါတဲ့"

"အေးကွာ ... ငါ ဘိုးဘိုးခက်ဆီမှာ သင်တန်းတက်နေတာနဲ့ ရက်ကြာသွားတယ်။ ဒါတောင် ဘိုးဘိုးခက်က ငါ့ကို မပြန်စေချင်သေးဘူး။ ငါခွတ်ပြန်လာတာ။ ဒီပြင်ကော ဘယ်သူတွေ လာသေးလဲ"

"မနေ့က သောကြာနေ့ ... မနက်ဆယ့်တစ်နာရီမှာ မမအိ လာသေးတယ်ဆရာ"

"လာပြန်ပြီ ... ဒီမမအိ"

"မမအိက ဆရာ့ကို ကျေနပ်ပုံမရဘူးဆရာ။ သွားလိုက်ပြီဆိုရင် တမေ့တမောပဲတဲ့။ ရွက်ကျပင်ပေါက် ကျနေတာပဲတဲ့။ ရောက်ရာအရပ်မှာ အမြစ်တွယ်ပြီး အပင်

ပေါက်နေချင်တယ်တဲ့။ မမအိရဲ့အဖေက ဆရာခွင့်ရက် ယူတာတွေများလို့ အပြစ်တင်ချင်နေတယ်တဲ့။ ဆရာ ဟာ သိပ်လွန်တယ်တဲ့"

"အေး ... ငါလွန်တာတော့ အမှန်ပဲ။ ဒါပေမယ့် ... ငါ ... ရုံးအလုပ် လခစားအလုပ်ကို စိတ်လဲမပါဘူး၊ စိတ်လဲမဝင်စားဘူးကွာ။ အိကရော ... သူ့အဖေကရော အတင်းတိုက်တွန်းလို့သာ ငါ သူတို့ကျေနပ်အောင် လုပ်နေရတာ။ အင်း ... ငါ့ဝါသနာကတစ်မျိုး ... သူတို့ ငါ့ကို ဖြစ်စေချင်တာက တစ်မျိုးနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ မောင်ရှိန်းရာ ...

" ငါက လွတ်လွတ်လပ်လပ်နဲ့ ဟိုနေရာ ဒီနေရာတွေကို လျှောက်သွားချင်တဲ့လူ ခရီးတွေထွက်ပြီး ဒေသန္တရ ဗဟုသုတ ရှာချင်တယ်။ ဒါဆို ... ငါ့အတွက် စာရေးတဲ့နေရာမှာ ကုန်ကြမ်းရတယ်၊ အထောက်အကူဖြစ်တယ်၊ ငါလဲသွားရလာရတာ ပျော်တယ်။ အိတို့သားအဖနဲ့ မိသားစုကတော့ တစ်မျိုး။ အစိုးရအလုပ်နဲ့ ရာထူးရာခံနဲ့ ငါ့ကို ဂုဏ်ရှိစေချင်တယ်။ လခငွေကို သူတို့က အဓိကထားတာမှ ဟုတ်တာ။ သူတို့မှာ အိတစ်သက်မကလို့ အိဆယ်သက် ထိုင်စားလို့မကုန်အောင် ချမ်းသာတာပဲ။ အိကလည်း တစ်ဦးတည်းသော သမီးလေ"

"ဟာ ... ချမ်းသာတာကတော့ ဆရာကိုယ်တိုင်လည်း မိဘထားခဲ့တဲ့ အမွေအနှစ်တွေနဲ့ ချမ်းသာတာပဲဟာ။



နောက်ပြီး ... အခု ဆရာတစ်အုပ်မှာ ရတဲ့စာမူခက၊ လခရဲ့ ဆယ့်လေးငါးဆ ရနေတာပဲ"

"အေး ... စာရေးဆရာကို အိတို့မိသားစု အသိုင်းအဝိုင်းက အထင်လုံးဝမကြီးဘူး ... လုံးဝအရာမသွင်းဘူး စာရေးဆရာဆိုတာ ဂုဏ်မရှိတဲ့ သေးနုတ်တဲ့ အလုပ်လို့ ယူဆထားကြတယ်လေကွာ"

"ဒါဆိုရင်တော့ ... ဆရာနဲ့မမအိဟာ အဝိုင်းနဲ့လေးထောင့်ပဲ။ အံမကျဘူးပေါ့ဆရာ"

"အေး ... အိကရော ... သူ့မိဘတွေကရော ... အခု ဆောက်လုပ်ရေးမှာ လက်ထောက်အင်ဂျင်နီယာကနေပြီး အင်ဂျင်နီယာကြီး ဖြစ်စေချင်တယ်။ ရုံးကရာထူးနဲ့ သက်ဆိုင်ရာက ရွေးချယ်ပြီး နိုင်ငံခြားတွေ ဘာတွေလွှတ်ပြီး ဘွဲ့ကြီးဂုဏ်ကြီးတွေ ထပ်ယူစေချင်တယ်။ ငါကလဲ အဲဒါတွေကို လုံးဝစိတ်မဝင်စားဘူး မောင်ရှိန်း"

"ဒါဆို ... မမအိနဲ့ဆရာ လက်ထပ်ကြဖို့ ဘာလို့ ဆရာသဘောတူခဲ့တာလဲဆရာ"

"အင်း ... ဒါလား ... အဲဒါကလည်း ငါ့မိဘတွေ မဆုံးခင်က စီစဉ်ခဲ့တာလေကွာ။ အဲဒီတုန်းက ငါက ကျောင်းတက်နေတုန်း ရှိသေးတာ။ ငါကျောင်းပြီးတဲ့နှစ်မှာပဲ ဖေဖေနဲ့မေမေက ရှေ့ဆင့်နောက်ဆင့် ဆုံးသွားတော့ ဖေဖေနဲ့မေမေရယ် ... အိမိဘတွေရယ် ကမ်းလှမ်းထားခဲ့တာက ကျန်နေခဲ့တယ်လေ။ ဒီတော့ ဖေဖေနဲ့မေမေရဲ့ဆန္ဒကို ငါဘယ်မှာပယ်ရှားလို့ ရတော့မှာလဲ။

ငါက အိကိုလက်ထပ်ပါ့မယ်လို့ ဖေဖေနဲ့မေမေ့ကို ကတိပေးထားတာကိုး။ ကွယ်လွန်သွားတဲ့ ငါ့မိဘတွေ အပေါ်မှာ ငါကတိမပျက်ချင်ဘူးကွာ"

"ဒါဆို ... ဆရာ့ရင်ထဲ နှလုံးထဲက မမအိကို ချစ်နေတာလို့ မဆိုနိုင်ဘူးပေါ့ဆရာ"

"အိကို ငါခင်မင်ပါတယ်။ ဒါပေမယ့် ဟိုလို ... ဒီလို အချစ်မျိုးနဲ့တော့ မချစ်မိသေးဘူး။ အိကိုသာ အဲဒီလို ရင်ထဲနှလုံးထဲက အချစ်မျိုးနဲ့ မချစ်တာ မဟုတ်ဘူး။ ဘယ်မိန်းကလေး တစ်ယောက်ကိုမှလည်း ငါ့နှလုံးသား မေတ္တာမျိုးနဲ့ မချစ်မိသေးဘူး"

"ဒါတော့ ဟုတ်တယ်ဆရာ။ ကျွန်တော့်မျက်မြင်ပဲ။ ဆရာဟာ အမြဲတမ်း စာရေးမယ်၊ စာဖတ်မယ်၊ ကာယလေ့ကျင့်ခန်းတွေလုပ်မယ်၊ ကားတစ်စီးနဲ့စိတ်ကူးပေါက်ရာသွားမယ်ဆိုတဲ့ အာရုံမျိုးတွေသာ ရှိနေတာ။ အခု ပဲခူးက ဆရာ့ဘိုးဘိုးဆီသွားတာလဲ ... ဘိုးဘိုးဆီက မကုန်သေးတဲ့ ကာယပညာတွေ သွားသင်ယူတာပဲ မဟုတ်လား ဆရာ"

"အင်းပေါ့ ... ငါ့ရှစ်တန်းကျောင်းသား ဘဝတည်းက ဘိုးဘိုးခက်ဆီက ပညာတွေ သင်ယူနေတာ အခုအချိန်ထိပဲဟာ၊ ဘိုးဘိုးခက်ဆီက ပညာတွေဟာ သင်လို့ကုန်တယ်လို့မှ မရှိတာ။ ဘိုးဘိုးခက် ဆင်းသက်လာတဲ့ ဘေးဘိုး ဘီဘင်တွေဟာ ဗမာ့ဘုရင်လက်ထက်ကတည်းက အဆင့်ဆင့် စစ်သူကြီးမျိုးရိုးက ဆင်းသက်





လာတာ မဟုတ်လား ... ဓားခုတ်၊ လှံထိုး၊ မြင်းစီး၊ ဆင်စီး၊ သိုင်း၊ ဗန်တို၊ ဗန်ရှည် လက်ဝှေ့ပညာတွေက နည်းနည်းနောနောမှ မဟုတ်တာ။ ကဲပဲကွာ ... အဲဒါတွေ ထားလိုက်ပါတော့ ... ဒိပြင်ကို ငါမရှိတုန်း ဘယ်သူတွေ လာသေးလဲ"

"လူကိုယ်တိုင် လာတာတော့ မဟုတ်ဘူး၊ မင်းယကွရုပ်ရှင်ကုမ္ပဏီက ဖုန်းဆက်တယ်ဆရာ"

"ဘာတဲ့လဲ"

"ဆရာရှိလားတဲ့ ... မရှိဘူး ပဲခူးသွားတယ်လို့ ကျွန်တော်က ပြောတော့ ... ဆရာလာရင် သူ့ကုမ္ပဏီကို ဖုန်းဆက်ဖို့ ပြောပေးပါတဲ့။ ဆရာ့ဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်ကြီးရိုက်ဖို့အတွက် ဆရာနဲ့ ဆွေးနွေးချင်လို့တဲ့ ဒီမှာဆရာ သူပေးတဲ့ဖုန်းနံပါတ်"

"ငါရေးခဲ့တဲ့ ဘာဝတ္ထုကို ရိုက်ချင်တာတဲ့လဲ ..."

"အဲဒါတော့ ကျွန်တော့် မပြောဘူးဆရာ။ ဆရာနဲ့ တွေ့မှ ပြောချင်ပုံပဲ"

"အေး ... အဲဒီဖုန်းနံပါတယ် ... မင်းပဲသိမ်းထားလိုက်ဦးကွာ ... ငါ အပြင်သွားစရာ ရှိသေးတယ်"

ထမင်းစားပွဲမှ ထလာရင်း ဇေယျာအောင်သည် သူ၏စာရေးစားပွဲသို့ မျက်စိရောက်သွားသည်။

ရေးလက်စ ဝတ္ထုကော်ပီစာရွက်ဖိုင်ကို မြင်တွေ့ရ၏။

ယင်းဝတ္ထုမှာ ဇာတ်သိမ်းပိုင်း ရောက်နေပေပြီ။

ငှနောက်ထပ် စာမျက်နှာ သုံးလေးဆယ်ခန့် ရေးလိုက်လျှင် ပြီးသွားမည် ဖြစ်ပါ၏။

သို့စေကာမူ ...

ယခုလောလောဆယ်တွင် ဇေယျာအောင် စာရေးချင်စိတ် မရှိ။

မနေ့ညက အင်းစိန်ဆေးရုံသို့ ပို့ခဲ့ပြီး ... ယခု ဆုံးသွားပြီဆိုသည့် ဖြစ်ရပ်ထဲသို့သာ အာရုံရောက်နေသည်။

"ဆရာ ... ကျွန်တော် ဗီဒီယိုခွေ ငှားထားတယ် ...။ ဆရာကြိုက်တဲ့ ... အက်ရှင်ကားဆရာ"

"မင်းပဲ ... ကြည့်တော့ မောင်ရှိန်း။ ငါမကြည့်အားသေးဘူး။ အပြင်သွားမလို့"

သို့တစေ ...

ဇေယျာအောင် ယခုချက်ချင်း အပြင်သို့ မသွားဖြစ်တော့ပါပေ။

အကြောင်းမူ ... ခြံထဲသို့ အိကိုယ်တိုင်မောင်းနှင်ဝင်လာသည့် ... အိ ရောက်လာသောကြောင့် ဖြစ်ပါလေ၏။

❀ ❀ ❀



(၂)

"ဟော ... အိပါလား။ တို့အခုပဲ ကော်ဖီသောက်ပြီးတယ် ... အိ ကော်ဖီသောက်ပါဦးလား"

အိက ဧည့်ခန်းဆိုဖာတွင် ဝင်ထိုင်သည်။

အိမျက်နှာ သုန်မှုန်နေပါ၏။ အလိုမကျသောရုပ်သွင်ပေါ်လွှင်နေသည်။

"အိတို့အိမ်အကျင့်က မနက် ခုနစ်နာရီဆိုရင် အားလုံးကော်ဖီသောက်ပြီးကြပြီ။ မနက်ခြောက်နာရီမှာ အားလုံးအိပ်ရာကထ,တယ်။ အခု မနက်ရှစ်နာရီမိနစ်ငါးဆယ်ရှိပြီ။ အခုမှ ကိုအောင်က ကော်ဖီသောက်သတဲ့လား"

"တို့ ရှစ်နာရီကမှ အိပ်ရာကထ,တယ် အိ။ ဒါတောင် မောင်ရှိန်းက နှိုးလို့"

အိက မဲ့ပြလိုက်ပါ၏။ အိမဲ့ပုံလေးမှာ ကြည့်ကောင်းပါ၏။ ချစ်စဖွယ် ကောင်းပါ၏။

"ကိုအောင်နဲ့တော့ ခက်တယ်။ သွားချင်ရာသွား၊ နေ

ချင်ရာနေ၊ စားချင်တဲ့ အချိန်စား၊ အိပ်ချင်တဲ့အချိ
အိပ်၊ နိုးချင်တဲ့အချိန်နိုးနဲ့ ... တကယ့်ကို ဗရမ်းဗတာပဲ

"လူပျိုလူလွတ် ယောက်ျားပဲ အိရယ်"

"မဆိုင်ပါဘူး ... ဒက်ဒီလည်း ယောက်ျားပဲ၊ ဒါပေမယ့်
ဒက်ဒီကျောင်းသားဘဝထဲက အချိန်နဲ့စား၊ အချိန်နဲ့
သွား၊ အချိန်နဲ့အိပ်ဆိုတဲ့ စည်းကမ်းရှိခဲ့တာပါ"

ဇေယျာအောင်က ပခုံးတွန့်ပြလိုက်သည်။ အိက
မိမိအား စည်းမရှိ၊ ကမ်းမရှိဟု ပြောနေခြင်း ဖြစ်ပါ၏
ရှုတ်ချသည့်သဘော သက်ဝင်နေပေသည်။

ဤနေရာမှာလည်း မိမိနေတတ်သလို နေခြင်
နှင့် အိတို့က နေစေချင်သော ပုံစံဖြင့် မကိုက်ညီခြင်းတစ်ရ
ဖြစ်ပါလေ၏။

မောင်ရှိန်း၏ စကားနှင့်ပြောရလေလျှင် အဝိုင်
နှင့်လေးထောင့် အံမကျခြင်းပင် ဖြစ်ပါ၏။

"ညက ကိုအောင် ဘယ်အချိန် ပြန်ရောက်လဲ။ ရောက်
ရောက်ချင်းတောင် အိဆီကို ဖုန်းမဆက်ဘူး"

"တို့ပြန်ရောက်တာ အရမ်းမိုးချုပ်တယ်အိ။ အိအိပ်
ပျော်နေပြီပေါ့ ... အိတို့က အချိန်နဲ့အိပ်တဲ့သူတွေ
မဟုတ်လား။ ဒါကြောင့် ဖုန်းမဆက်တာပါ"

"ကိုအောင်က ဘယ်အချိန်မှ အိမ်ပြန်ရောက်လို့လဲ"

"ညဆယ်နာရီခွဲ ဆယ့်တစ်နာရီလောက် ရှိပြီပေါ့"

"ပဲခူးက ဘယ်အချိန် ထွက်လာလို့လဲ"

"အင်း ... ရှစ်နာရီလောက် ... ရှစ်နာရီခွဲလောက်ဖြစ်



မယ်။ နာရီနဲ့တော့ သေချာ မှတ်မထားမိဘူး"

"ဒါဆို ... ရန်ကုန်ကို ကိုးနာရီဝန်းကျင်လောက် ပြန်
ရောက်သင့်တာပေါ့ ... ကိုအောင့်ကားက ကောင်းပြီး
ကိုအောင် အမောင်းကြမ်းမှန်း အိ သိနေတာပဲဟာ ...
ပဲခူး-ရန်ကုန်ကို လူရှင်းလမ်းရှင်းချိန်မှာ ကိုအောင်
မောင်းပုံမျိုးနဲ့ အလွန်ဆုံး တစ်နာရီပေါ့"

"ဟုတ်တယ်အိ ... လမ်းမှာ မချောလင့်တဲ့ ကိစ္စတစ်ခု
နဲ့ ကြုံသွားတာနဲ့ အိမ်အရောက် နောက်ကျတာ"

"ဘာကိစ္စမို့လို့လဲ ကိုအောင်"

အမေးအမြန်းနှင့် အစစ်အဆေး သေချာလွန်း
သော အိအား ... မနေ့ညက ကြုံတွေ့ခဲ့ရသမျှ အားလုံးကို
ဇေယျာအောင် စိတ်ရှည်လက်ရှည်ပင် အိအား ပြောပြလိုက်ရ
ပေတော့သည်။ စကားအဆုံးတွင် အိက မဲ့ပြလိုက်ပြန်သည်။

"အဲဒါတွေပဲ... ကိုအောင် ခက်နေတာ"

"တို့ ဘာခက်နေတာလဲအိ"

"ကိုယ်နဲ့မဆိုင်တာ ဝင်လုပ်ပေးနေတာကိုး။ ဘုမသိ၊
ဘမသိနဲ့ လမ်းပေါ်မှာ ကလေကချေဖြစ်နေတဲ့ ကြား
ထဲ ကိုအောင်မို့ဝင်တယ်"

ဇေယျာအောင်သည် ဆတ်ခနဲပင် အိ၏မျက်နှာကို
စိုက်ကြည့်လိုက်ပါ၏။

"အိ ... ဘယ်လိုစကား ပြောလိုက်တာလဲ။ ကိုယ့်မျက်စိ
အောက်မှာ မတရားကြီး အနိုင်ကျင့်ခံနေရတာကို ...
တို့က ရှောင်ကွင်းခဲ့ရမလား။ ဒီမယ်အိ ... လူလူချင်း

အနိုင်ကျင့်တာ မဆိုထားနဲ့ ... လမ်းပေါ်မှာ ခွေးတစ်ကောင်ကို တခြားခွေးအုပ်စုက မတရား ကိုက်ခဲနေရင်တောင် တို့ကတော့ ဆင်းပြီးအုပ်စုခွေးကို မောင်းထုတ်ပစ်မှာပဲ"

"ခွေးချင်းကိုက်တာကို ဆင်းမောင်းတာက ကိုယ့်ကို ဘာအမှုမှ မပတ်ဘူးကိုအောင်။ အခုဟာက ကိုအောင့်ကို အမှုပတ်နိုင်တယ်။ ဟို ... ထွက်ပြေးတဲ့ လူဆိုးသုံးယောက်ကလည်း ကိုအောင့်ကို ရန်ရှာအန္တရာယ်ပြုနိုင်တယ်၊ အဲဆိုလိုတာက ကိုအောင် ကူညီတာတော့ကူညီပေါ့၊ သူတို့ကို ဖြတ်ကျော်မောင်းလာခဲ့ပြီး ... ထောက်ကြန့်ရဲစခန်းကိုဝင်ပြီး အကြောင်းကြား သက်ဆိုင်ရာတွေက လိုအပ်သလို အရေးယူဆောင်ရွက်မှာပေါ့"

"ဟုတ်မလားအိ။ တို့က ဖြတ်ကျော်မောင်းလာပြီး ထောက်ကြန့်ရဲစခန်းထိ မောင်းရမယ့်အချိန်၊ ရဲမှာ အကျိုးအကြောင်း ပြောရမယ့်အချိန်၊ ရဲတွေလိုက်လာရမယ့် အချိန်တွေကို စဉ်းစားကြည့်ပေါ့ .... အဲဒီအချိန်တွေမှာ တစ်ယောက်တည်းကို သုံးယောက်က ဆက်အနိုင်ကျင့်ဖို့ အချိန်တွေ ပေးသလို ဖြစ်သွားမှာပေါ့။ တို့မှာ ဒီလိုလျစ်လျူရှုတတ်တဲ့စိတ်မျိုး မရှိဘူး အိ။ တို့ကို ပဲခူးက ဘိုးဘိုးခက်ကရော ... ကွယ်လွန်သွားတဲ့ ဖေဖေနဲ့ မေမေကကော ... ကိုငယ်ငယ်တည်းက သွန်သင်ထားတယ်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်မျက်စိအောက်



မှာ မတရား နှိပ်စက်ခံရတဲ့လူ၊ ဒုက္ခရောက်နေတဲ့လူကိုတွေ့ရင် တတ်နိုင်သလောက် ကိုယ်ကဝင်ပြီး ကူညီရမယ်တဲ့"

အိက ... ဖေယျာအောင် ပြောပြနေသည်ကို စိတ်မဝင်စားသလို ခေ့်စားပွဲပေါ်တွင် ထိုးထားသည့် နှင်းဆီပွင့်တို့ကို ကိုင်တွယ်ကြည့်ရှုနေပေသည်။ ပြီးမှ ...

"အင်း ... ကိုအောင်မှာလည်း ပဲခူးက ဘိုးဘိုးကြောင့် တစ်ဒုက္ခပဲနော်"

"ဘာရယ် အိ။ တို့က ပဲခူးက တို့ဘိုးဘိုးကြောင့် ဘာတစ်ဒုက္ခ ဖြစ်နေလို့လဲ"

ဖေယျာအောင် ပြန်ပြောပုံမှာ အသံလည်းမာသည်။ မျက်နှာထားလည်း တင်းသွားသည်။ ဘိုးဘိုးကိုမထိနဲ့ ... မီးပွင့်သွားမယ်ဆိုသည့်ပုံစံ ပေါ်လွင်နေပါ၏။

အိက ပြုံးပြလိုက်ပါ၏။

"အိ ... ပြောတာက ကိုအောင်ဟာ စနေ,တနင်္ဂနွေ ရုံးပိတ်လည်း ပဲခူးကဘိုးဘိုးဆီ သွားတယ်၊ အခုလည်း ရုံးပျက်ခံပြီးသွားတယ်လေ။ ကိုအောင့်ရဲ့ဘိုးဘိုးအပေါ်မှာ ကိုအောင် သံယောဇဉ်ကြီးလွန်းတာကို ဒုက္ခလို့ အိကပြောတာပါ"

"အဲဒါ ... ဒုက္ခမဟုတ်ဘူးအိ။ သုခ။ မဟာသုခသိလား။ တို့မှာ ဖေဖေ မေမေ မရှိတော့ဘူး၊ ဒီအဘိုးနဲ့ ဒီမြေးပဲရှိတာ။ ဘိုးဘိုးဆီကိုသွားပြီး ... ဘိုးဘိုးနဲ့နေရတာ တို့ပျော်တယ်။ ဘိုးဘိုးနဲ့ တွေ့တာဟာ တို့အတွက်

မဟာသုခပဲအိ။ အိ သဘောပေါက်ပါတယ် နော်"

"ဒါဆိုလဲ ... ကိုအောင် ဒီအိမ်မှာပဲ ... ဘိုးဘိုးကို ခေါ်ထားပါလား ကိုအောင်"

"ခေါ်တာမှ ရှိခိုးပြီးခေါ်တာ အိရေ့။ ဘိုးဘိုးက လုံးဝ ခေါ်လို့မရဘူး။ ဘိုးဘိုးခက်ကို အိက ဘာမှတ်နေလဲ။ သူများအိမ်မှာ မှီခိုနေတာမျိုး 'လုံးဝလက်မခံဘူး။ တို့ ကိုတောင် အမြဲတမ်း ဆုံးမတဲ့အထဲမှာ ယောကျာ်းဆို တာ ကိုယ့်ဒူးကိုယ်ချွန်ရမယ်။ ကိုယ့်ထီးကိုဆောင်းပါ၊ သူများထီးမှာ ခိုကပ်မဆောင်းနဲ့။ သူတစ်ပါး အရိပ်မှာ ခိုတဲ့လူဟာ လူဖျင်းလူညံ့တွေရဲ့ စိတ်ဓာတ်လို့ ... ပြန် ပြောသေးတယ်"

အိက ထပ်၍ ပြုံးပြန်သည်။

ယခု ကိုအောင်က အားရပါးရ သူ့အဘိုး အကြောင်းတွေ ပြောသည်ကို နားထောင်ရသည်မှာ အိအဖို့ အာကရုံ ပါကရုံတွေဟု သဘောထားသော အပြုံးမျိုး ဖြစ်ပါ၏။

"ကဲပါလေ ... အဲဒါတွေထားပါ။ အခု ကိုအောင့်ဆီ အိလာတာ ... လာခေါ်တာပါ။ ဒက်ဒီက ကိုအောင်နဲ့ သိပ်တွေ့ချင်နေတယ်။ ပဲခူးက ပြန်ရောက်နေပြီဆိုရင် တစ်ခါတည်း ခေါ်လာခဲ့ပါတဲ့။ ဒီနေ့ စနေနေ့မို့ ဒက်ဒီ အားနေတယ်လေ"

"ဘာလဲ ... တို့ ရှုံးမျက်တာတွေကို အိဒက်ဒီ ပြောမှာပဲ မဟုတ်လား"

"အဲ့ဒါလဲ ပါတာပေါ့ကိုအောင်။ အခု ကိုအောင် ရှုံးမျက်တာတွေအတွက် ဒက်ဒီမှာ မျက်နှာပူစရာတွေ ဖြစ်နေတယ်။ အခု ကိုအောင်ရထားတဲ့ ရာထူးကို ရအောင် ဒက်ဒီက လုပ်ပေးထားတာ မဟုတ်လား။ ကိုအောင် ရှုံးမျက်တာတွေ ... အလုပ်ကို မလေးစား တာတွေဟာ ဒက်ဒီအနေနဲ့ ကိုအောင်ရဲ့ ဌာနအကြီး အကဲ ပုဂ္ဂိုလ်တွေကို အားနာစရာ မျက်နှာပူစရာတွေ ဖြစ်လာတယ်"

"ဟုတ်တယ်အိ၊ ညက တို့အိပ်မပျော်ခင် အဲဒါတွေကို စဉ်းစားပါတယ်။ တို့အလုပ်ခွင်မှာ ပေါ့တီးပေါ့ဆ ဖြစ်နေတာတို့၊ ခရီးထွက်သွားလို့ ရုံးတက်ရက်တွေ ပျက်ကွက်တာတို့ဟာ ... အန်ကယ့်မှာ လူကြီးချင်း အားနာစရာ၊ မျက်နှာပူစရာ ဖြစ်နေရှာပြီလို့လေ။ ဒါကြောင့် ... အန်ကယ့်မှာ မျက်နှာမပူ ... အားမနာစေ ဖို့ တို့လုပ်ရတော့မယ်ဆိုတာ စဉ်းစားမိပါတယ်"

"ဟာ ... အဲဒါ သိပ်ဟုတ်တာပေါ့ ... ကိုအောင် လိမ္မာ လာပြီပဲ။ ဒါဆို ... ကိုအောင်က ရှေ့လျှောက် အလုပ် ကြိုးစားတော့မယ် ခွင့်တွေမယူတော့ဘူး၊ ပျက်ကွက် ရက်တွေ မရှိစေတော့ဘူးပေါ့ ... ဟုတ်လား ကိုအောင်"

အိ အားတက်သရောလည်း ပြောသည်။ မျက်နှာလေးလည်း ရွှင်ပြုံးလာသည်။

ဇေယျာအောင် အိကို ပြန်ငေးကြည့်ရင်း သူ၏ ခေါင်းကို ဖြည်းလေးစွာ ယမ်းပြလိုက်သည်။

"အဲဒီလိုတော့ မဟုတ်ဘူးအိ။ တို့အနေနဲ့ အလုပ်က

နုတ်ထွက်စာတင်လိုက်ဖို့ ညက စဉ်းစားပြီး ဆုံးဖြတ်လိုက်တာ"

"ဘာ ... ဘာ ... ကိုအောင်"

"ဟုတ်တယ် အိ။ တို့ အလုပ်ထဲမှာ မပျော်ဘူး။ စိတ်လည်း မပါဘူး။ ဆက်ပြီးလုပ်နေရင် အနာဂတ်အတွက် ဒီထက်ပိုပိုပြီး မျက်နှာပူစရာတွေ ... အားနာစရာတွေ ဆက်တိုက်ဖြစ်တော့မှာ"

"ဘာတွေလျှောက်ပြောနေတာလဲ ကိုအောင်။ အခု ... ကိုအောင် ပြန်တမ်းဝင်အရာရှိအဆင့် အေအိုးရာထူးဆိုတာ လွယ်လွယ်နဲ့ရတဲ့ အလုပ်မှမဟုတ်တာ။ ကိုအောင့်လိုပဲ ဘီအီးအောင်ပြီး အလုပ်မရသေးတဲ့လူတွေ တစ်ပုံကြီးပဲသိလား။ ကိုအောင် လွယ်လွယ်နဲ့ အေအိုးရာထူးတန်းရတာ ဒက်ဒီရဲ့မျက်နှာ ... ဒက်ဒီရဲ့စွမ်းဆောင်မှုကြောင့်ရတာ"

"ဟုတ်ပါတယ်အိ၊ ဒါကြောင့်လည်း အနာဂတ်မှာ တို့ကြောင့် မျက်နှာပူရတာတွေ ... အားနာရတာတွေ ကင်းရှင်းသွားအောင် ... တို့က အလုပ်က နုတ်ထွက်မှာပါ"

"ဟွန်း ... ကိုအောင်က ဒီရာထူးကထွက်ပြီး ... ဘာအလုပ်,လုပ်မှာမို့လဲ"

"စာရေးဆရာလုပ်မယ်လေ ... အခုလည်းလုပ်နေတာပဲ"

အိက သိသိသာသာကြီးပင် နှုတ်ခမ်းကို မဲ့လိုက်သည်။



"စက်မှုတက္ကသိုလ်မှာ ခြောက်နှစ်ခွဲလောက် သင်ကြားပြီး ဘီအီးအင်ဂျင်နီယာဘွဲ့ရပြီးမှ စာရေးဆရာလုပ်မတဲ့လား။ ဒါဆိုလည်း အစကတည်းက ဟိုက်စကူးမှာ ရှစ်တန်း ကိုးတန်းလောက်ကတည်းက စာရေးဆရာလုပ်လည်း ရသားပဲဟာ"

"စာရေးဆရာကို နှိမ်လှချည်လား အိ"

"အထင်ကြီးစရာမှ မဟုတ်တာ ... ဒီမယ် ကိုအောင်၊ အခု ကိုအောင်ပြောနေတာတွေဟာ ... အိကို တမင်တကာ မခံချင်အောင် ကျီစယ်စကားတွေနဲ့ စ,နေတာလား၊ ဒါမှမဟုတ် တကယ်အတည်ပြောနေတာလားဟင်"

"တကယ် အတည်ပြောနေတာအိ။ အခု တနင်္လာနေ့ ရုံးဖွင့်တာနဲ့ တို့ ရုံးကထွက်စာတင်တော့မှာ"

အိသည် သိသိသာသာပင် မျက်နှာထားမဲ့ရုံမက တင်းမာခြင်းဘက်သို့ ကူးပြောင်းသွားသည်။

"ဖေဖေလက်နဲ့ ရေးထားတာကို ကိုအောင်က ခြေနဲ့ဖျက်တာပဲ။ ဖေဖေကိုယ်တိုင်, အခုအလုပ်ကိုရအောင် တမင်တကူးတက လူကြီးအသိုင်းအဝိုင်းနဲ့ လုပ်ပေးထားတာ။ ဖေဖေ လုပ်ပေးထားတာကို တန်ဖိုးမထားတဲ့သဘောပဲ"

"အဲဒီသဘောတော့ မဟုတ်ရိုး အမှန်ပဲအိ။ တို့ကိုယ်တိုင်က အဲဒီလစာ အလုပ်ထဲ စိတ်မဝင်စားတာ အမိကပဲ။ နောက်တစ်ချက်က တို့ ဆက်လုပ်နေလေ

တို့ရဲ့ ပျက်ကွက်မှုတွေကြောင့် အနှ်ကယ့်မှာ မျက်နှာမှုရလေ ဖြစ်နေမှာပဲ။ အဲဒါတွေကြောင့်ပါ အိ"

"ဒါဆို ... ကိုအောင်နဲ့အိ လက်ထပ်ဖို့ကိစ္စကျတော့ကော"

"ရတယ်လေ ... အိလက်ထပ်ချင်တဲ့အချိန် လက်ထပ်ပါ၊ တို့က အဆင်သင့်ပဲဟာ၊ အခုချက်ချင်း လက်ထပ်လဲ ရတယ်"

"ကိုအောင့်ကို အိလက်ထပ်လိုက်တာနဲ့ အိက စာရေးဆရာကတော်ပေါ့ ... ဟုတ်လား"

ဇေယျာအောင်က ဘာမှပြန်မပြောဘဲ ပခုံးကိုသာ တွန့်ပြလိုက်သည်။

"ရုံးစာရေးကတော် ဖြစ်တာကမှ အဆင့်မြင့်ဦးမယ်"

"ဒီလိုတော့ မပြောနဲ့အိ။ တို့ဝတ္ထုတစ်ပုဒ်ကို အခုလက်ရှိ အေအီးရာထူးကရတဲ့ လခထက် တစ်ဆယ့်ငါးဆ လောက်ပိုတဲ့ စာမူခရတယ်"

"အဆတစ်ရာ ပိုရတော့ကော ဘာလုပ်မှာလဲ ကိုအောင်။ အိတို့လည်း ချမ်းသာပြီးသား၊ ကိုအောင်လည်း ချမ်းသာတဲ့လူပဲ။ အိပြောနေတာက ငွေကြေးရမှုပေါ်မှာ မူတည်ပြီး ပြောနေတာမှ မဟုတ်တာ။ ရာထူးရာခံနဲ့ ဂုဏ်ရှိဖို့ ပြောတာ"

"အိက ... စာရေးဆရာဆိုတာ ဂုဏ်မရှိဘူးလို့ ပြောချင်တာလား"

"ပြောချင်တာ မဟုတ်ဘူး၊ ပြောကိုပြောနေတာ။ အလကားအလုပ်။ မိတ်ဆွေချင်းတွေ့လို့ မိတ်ဆက်ပေးရင်တောင် ကိုယ့်ခင်ပွန်းက စာရေးဆရာပါလို့ နှုတ်က ပြောမထွက်ရဲတဲ့ အလုပ်မျိုးပဲဟာ၊ မင်္ဂလာဆောင်ဖိတ်စာရိုက်ရင်တောင် သတို့သားဟာ စာရေးဆရာဆိုတဲ့ ဂုဏ်ပုဒ် ထည့်ရိုက်လို့ မသင့်တော် မလှပတာပဲဟာ"

"ဒီမှာအိ။ အခု တစ်ထိုင်တည်းမှာပဲ အိဟာ ... လောကကြီးမှာ တို့ အမြတ်နိုးဆုံးနဲ့ အခင်တွယ်ဆုံးထားရှိတဲ့ နှစ်ခုကို မလိုလားတဲ့ စကားတွေပြောတယ်၊ ပထမစကားက ပဲခူးက ဘိုးဘိုးခက်ကို မလိုမလားပြောတယ်။ အခု ဒုတိယ တို့ရဲ့ စာရေးဆရာအလုပ်ကို မလိုမလား ပြောရုံမကဘူး စော်ကားတဲ့ အသုံးအနှုန်းတွေပါ ပြောလာတယ်။ အပြောအဆို ဆင်ခြင်ပါ အိ"

"ကဲ ... ဒါဆို ... အိက အကြံတစ်ခု ထပ်ပေးမယ်။ ကိုအောင် ဝါသနာသိပ်ပါတဲ့ စာရေးဆရာ အလုပ်လည်းလုပ်မြဲလုပ်၊ လက်ရှိ အေအီးရာထူးကလည်းမ ကွက်နဲ့၊ ပထမဦးစားပေးကတော့ လက်ရှိရာထူးက အလုပ်ကို တာဝန်ကျေအောင် လေးလေးစားစားလုပ်ပေါ့၊ စာရေးတဲ့ အလုပ်ကိုတော့ ဒုတိယဦးစားပေး နေရာမှာထားပြီး အားလပ်တဲ့ အချိန်မှာလုပ်လေ။ အဲဒါ ဘယ်နှယ်လဲ ကိုအောင်"

ဇေယျာအောင်က ဖြည်းညှင်းစွာ ဦးခေါင်းခါပြသည်။

"မဖြစ်ဘူးထင်တယ် အိ။ အဲဒီလို နှစ်ခုတွဲလုပ်လည်း ရုံးလုပ်ငန်းနဲ့ ရုံးတာဝန်တွေ ပျက်ကွက်ဦးမှာပဲ။ ဘာလို့လဲဆိုတော့ စာရေးတယ်ဆိုတာ … ကိုယ်ရေးနေတဲ့ ဇာတ်လမ်းဇာတ်ကွက်အရ ဒေသန္တရ ဗဟုသုတတွေ ပါရှိဖို့ လိုအပ်ရင် အဲဒီဒေသကို ကိုယ်တိုင်သွားပြီး လေ့လာရတာမျိုးရှိတယ်။ ဥပမာ … ကချင်ပြည်နယ် အကြောင်း ပါလာရင် ကချင်ပြည်နယ်ကို တို့သွားရမယ်၊ လေ့လာရမယ်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ် စသဖြင့်ပေါ့လေ …"

"ကိုအောင် … သိပ်ခေါင်းမာတယ်"

"မမာပါဘူး၊ တို့ဝါသနာနဲ့ တို့စိတ်ဝင်စားမှုပေါ်မှာ မူတည်ပြီး ပြောပြနေတာပါ"

အိက သူမ၏ နှုတ်ခမ်းကို တင်းတင်းလေး စေ့လိုက်သည်။

"ဒါဆိုရင်တော့ … ကိုအောင်နဲ့အိတို့ လက်ထပ်ဖို့ကိစ္စမှာ တစ်မျိုးတစ်မည် ဖြစ်လာလိမ့်မယ် ကိုအောင်"

"တို့ကတော့ လက်ထပ်ဖို့ကိစ္စမှာ ဘယ်လိုမှ တစ်မျိုးတစ်မည့် မဖြစ်ဘူးအိ။ တို့ဖေဖေနဲ့ မေမေမကွယ်လွန်မီက တို့ပေးထားတဲ့ ကတိအတိုင်း တစ်သမတ်တည်းပဲ"

အိသည် ထိုင်ရာမှ ဆိုးဆိုးဆတ်ဆတ်ပင် ထ,ရပ်လိုက်သည်။

"ဒီမယ် ကိုအောင် … အိ နောက်ဆုံးစကား ပြောခဲ့မယ်။



ဒီနေ့ … စနေနေ့ရယ် နက်ဖြန် တနင်္ဂနွေနေ့ရယ် … နှစ်ရက်ရှိသေးတယ်။ ဒီနှစ်ရက်အတွင်းမှာ … ကိုအောင် သေချာ အပြန်အလှန် စဉ်းစားပါ။ စဉ်းစားချိန်ရသေးတာပဲ။ အဲ … တနင်္လာနေ့ ရုံးဖွင့်ရက်မှာမှ ကိုအောင်က အလုပ်ထွက်စာ တင်တယ်ဆိုရင်တော့ … အိနဲ့ ကိုအောင် လက်ထပ်ဖို့ကိစ္စကို … အိကဖျက်တယ်။ ရုပ်သိမ်းတယ်ပဲ ကိုအောင်"

"ဒါတော့ … သဘောပဲအိ။ ဒါဆိုရင် လက်ထပ်ဖို့ကိစ္စမှာ အိဘက်က ဖျက်သိမ်းတာ … ရုပ်သိမ်းတာနော်။ တို့ဘက်က ဖျက်သိမ်း ရုပ်သိမ်းတာ မဟုတ်ဘူး။ အဲဒါ အိသဘောပေါက်ထားစေချင်တယ်"

အိသည် နှုတ်ဆက်စကားပင် မဆိုတော့ဘဲ … ချာခနဲလှည့်ကာ … တမင်တကာ ခြေသံပြင်းပြင်းလေးနင်းပြီး ထွက်သွားတော့သည်။

ကားတံခါး ဆောင့်ပိတ်သံ၊ ကားစက်နှိုးပြီး နံပါတ်တစ်ဂီယာ ထိုးထွက်သည်တွင် လိုအပ်သည်ထက် ပိုမိုပြင်းထန်သော အရှိန်အဟုန်ဖြင့် မောင်းထွက်သွားသံကို အတိုင်းသား ကြားရပါ၏။

"မမအိ တော်တော် စိတ်ဆိုးသွားပုံပဲ ဆရာ"

"အင်း … သူနဲ့ငါနဲ့ကိစ္စ ပြတ်သွားတယ် ဆိုပါတော့ မောင်ရှိန်း"

"မမအိ … ဒီလိုပြောပြီး ဒီလိုထွက်သွားတော့ … ဆရာ့ရင်ထဲမှာ မထိခိုက်ဘူးလားဆရာ"

"အင်း ... ငယ်စဉ်ကတည်းက ခင်မင်လာခဲ့တဲ့ မိတ်ဆွေသူငယ်ချင်းတစ်ယောက် လျော့နည်းသွားပါလား ဆိုတာလောက်တော့ ငါ့ရင်ထဲ ခံစားလိုက်ရသလိုလိုပဲ ပေါ့ကွာ"

"နမြောစရာကြီးပါ ဆရာ"

"ဟော ... မင်းက ဘာကို နမြောစရာကြီး ပြောနေတာလဲ မောင်ရှိန်း"

"ဩော် ... မမအိက ရုပ်လည်းချောတယ်၊ တက္ကသိုလ်ဘွဲ့လည်း ရပြီးသား။ မိဘကလည်း ချမ်းသာ။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ခုခေတ် စင်ပေါ်မှာတက်ပြိုင်နေတဲ့ မယ်တွေထက်တောင် အချိုးကျသေးတယ်။ အဲဒါကို ဆရာက လက်လွှတ်ပစ်တာ နမြောစရာကြီးလို့ ပြောတာပါ"

ဖေယျာအောင် ပြုံးမိပါ၏။

"မင်းနမြောစရာကြီးလို့ ပြောတာတွေ အားလုံးဟာ အပေါ်ယံ ဗဟိဒ္ဓမြင်ကွင်းတွေချည်းပဲ မောင်ရှိန်း။ တကယ်တမ်း လူမှာ အဖိုးအတန်ဆုံးက အဇ္ဈတ္တအတွင်းစိတ်ဓာတ်နဲ့ အတွင်းဗီဇကွ။ နလုံးသားမေတ္တာဆိုတာက အဲဒီ အဇ္ဈတ္တ အတွင်းနလုံးသားထဲက လာရတာ။ ငါအဖို့တော့ အိမှာ အတွင်းနလုံးသားစိတ် မပြည့်စုံဘဲ အပြင်ဘက် ခြယ်မှုန်းတာတွေဘက်ကို ရောက်လွန်းနေတယ်လို့ပဲ ငါထင်တယ်။ တကယ်လို့ ငါနဲ့အိ လက်ထပ်ဖြစ်သွားရင်တောင် အတွင်းစိတ်ဓာတ်ချင်း





မကိုက်ညီလို့ တကျက်ကျက် စကားများနေရမှာမျိုးပါကွာ ... ကဲ ... ငါ အပြင်သွားဦးမယ်။ စောစောတည်းက သွားမလို့ ... သူရောက်လာတာနဲ့ ထိုင်ပြောနေရတာ"

"ဆရာကြည့်ရတာ ဘာမှမဖြစ်သလိုပဲနော်"

"ဟ ... ဘာမှမှ မဖြစ်တာ ... ဘာမှမဖြစ်သလိုပုံစံပဲ ရှိမှာပေါ့ ... မောင်ရှိန်းရာ"

(၃)

ဇေယျာအောင် သူ၏ အက်(စ်)အီးကော်ရီလ
ကားဖြူကို မောင်းထွက်ခဲ့သည်။

ယနေ့နံနက် အိပ်ရာမှ ထကတည်းက စိတ်
ကောင်းစရာနှင့် စိတ်ပျက်စရာ နှစ်ခုကို တွေ့ကြုံရသည်။

စိတ်မကောင်းစရာမှာ အင်းစိန်ဆေးရုံသို့ ည
တင်ပေးခဲ့သော ကိုခင်မောင်ဝင်း သေဆုံးသွားပြီဟု ကြား
သော သတင်းဖြစ်ပါ၏။

စိတ်ပျက်စရာမှာ အိနှင့် မချေမင် ဖြစ်ခဲ့ခြင်း
ဖြစ်သည်။

တကယ်တော့ အိသည် မိမိကို လုံးဝနားလ
ခြင်းမရှိဘဲ ... မာန်မာနကြီးသူတစ်ယောက်ဟု ဆိုရပေမည်

မိမိ၏ နှလုံးသားသည် ယခုအချိန်ထိ အဖြ
သက်သက်ဖြစ်သည်။ ဘယ်လိုအရောင်မှ မပြောင်းလဲသေး

အိ၏မိဘနှင့် မိမိ၏မိဘနှစ်ပါး ကိုယ်စီသ



ငင်မင်ရင်းစွဲ ရှိခဲ့သူများဖြစ်သည်။ ဒီတော့လည်း သူတို့၏
တစ်ဦးတည်းသော သမီးလေး အိနှင့် ... ဤမှာဘက်မှ တစ်
ဦးတည်းသားလေး ဇေယျာအောင်ကို အရွယ်ရောက် ပညာစုံ
လျှင် ပေးစားကြမည်ဆိုသည့် အပေးအယူ ကတိစကားတွေ
ထားခဲ့ကြသည်။ သူတို့ဘက်မှ သူတို့သမီးအိကိုလည်းကောင်း၊
မိဘက်မှ မိမိကိုလည်းကောင်း ... သူတို့ချင်း သဘောတူ
ကတိစကားကို အသိပေးထားသည်။

ဒါကြောင့်ပင် မိမိအနေနှင့် တစ်နေ့ကျလျှင် အိ
ကိုသာ လက်ထပ်ရမည်ဆိုသည့် အစွဲထားကာ မိမိနှလုံးသား
မှာ ယခုအချိန်ထိ ဖြူဆွတ်ဆွတ် ရှိနေခြင်းဖြစ်သည်။

ထိုအသိကပင် ဇေယျာအောင်အဖို့ သူ၏ နှလုံး
သားကိစ္စတွင် အိက ဘောင်ခတ်ထားပြီးသားကဲ့သို့ ရှိနေခဲ့
ခြင်းဖြစ်သည်။

ယခုမူ ခတ်ထားသော ဘောင်မရှိတော့ပြီ။
အိကိုယ်တိုင်က သူမ၏ ဆန္ဒအရ လက်ထပ်ဖို့ကိစ္စကို ဖျက်
သိမ်းသွားခြင်းသာ ဖြစ်ပါ၏။

ဇေယျာအောင်အဖို့ ကွယ်လွန်သွားသော မိဘ
နှစ်ပါးအပေါ်တွင် ကတိဖျက်ရာမရောက်။ မိမိက ကတိဖျက်
ခြင်းလည်း မဟုတ်တော့ပြီ။

ယခုမူ ဘာပဲပြောပြော ဇေယျာအောင်အဖို့
အနှောင်အဖွဲ့တစ်ခုမှ လုံးဝလွတ်ကင်းသွားသည်ဟု ဆိုနိုင်သည်။

မိမိဟာမိမိ ဝါသနာအလျောက် သွားချင်ရာသွား၊
လာချင်ရာလာ ဖွတ်လုပ်နေပေမင့် အိနှင့်တကွ အိ၏မိဘတွေ

က မိမိအပေါ် အရိပ်မည်းကြီး အုပ်မိုးထားသလို စိတ်တင် ထင့်ထင့် ခံစားနေရသည်။

ယခု ဒါတွေမရှိတော့ပြီ။ အရိပ်မည်းကြီးအောက် မှ မိမိ လွတ်သွားပေပြီ။

တစ်ခုတော့ စိတ်မကောင်း ဖြစ်ရပါ၏။

မိမိ၏ ဖေဖေမေမေ အသက်ရှင်စဉ်က ရင်းနှီး ခင်မင်ခဲ့ကြသည့် အိမ်၏မိတ ညွှန်ကြားရေးမှူးချုပ် ဦးမောင် နှင့် ဇနီး ဒေါ်ခင်သူဇာ မိသားစုနှင့်တော့ ဇေယျာအောင် အခင်အမင် ပျက်သွားတော့မည်သာတည်း။ ဒါတော့လည်း မတတ်နိုင်ပြီ။

အင်းစိန်ဆေးရုံကို လှမ်းမြင်ရပြီ။

ဆေးရုံဝင်းထဲအထိ မိမိမောင်းမဝင်ဘဲ အပြင် ဘက်မလှမ်းမကမ်း သစ်ပင်ကြီးတစ်ပင်အောက်တွင် ကားကို ရပ်သည်။ တံခါးပိတ် သော့ခတ်ခဲ့ပြီး ဆေးရုံကြီးဆီသို့ ဇေယျာအောင် လျှောက်လာခဲ့သည်။

သေဆုံးသွားသော ကိုခင်မောင်ဝင်း၏ အလောင်း ကို ဈာပနကိစ္စအတွက် လူတွေဝိုင်းနေသည်ကို လှမ်းတွေ့ရ သည်။

သေဆုံးသူ ကိုခင်မောင်ဝင်း၏ ဈာပနပိုင်ရှင် ဖြစ်သော မိခင်ဒေါ်မေစီနှင့် သူ၏ညီမ လွင်လွင်စီဆိုသူ နှစ် ယောက်အား ဇေယျာအောင်က ခပ်လှမ်းလှမ်းမှပင် လူအုပ် ထဲတွင် ရှာကြည့်သည်။

သိသိသာသာ မြင်တွေ့ရပါ၏။



သားသေဆုံးသွားခြင်းအတွက် ငိုကြွေးထားသော ဒေါ်မေစီကိုလည်းကောင်း၊ အစ်ကိုသေသွားသည့်အတွက် ငိုကြွေးထားသော လွင်လွင်စီကိုလည်းကောင်း အဝေးမှပင် လှမ်းမြင်တွေ့ရပေသည်။

ဒေါ်မေစီသည် အသက်ငါးဆယ်ကျော်ခန့်ဟု ခန့်မှန်းရသည်။ ဦးခေါင်းဆံပင်တစ်ချို့ ငွေရောင်သမ်းနေပြီ ဖြစ်သည်။ အရပ်ရှည်ပြီး ကိုယ်ဟန်သွယ်လျသည်။ တက္ကသိုလ် မှ ကထိကတစ်ဦးပီပီ မြင်ရုံနှင့်ပင် လေးစားအပ်သော ဥပဓိ ရုပ်ရှိပါ၏။

ညီမဖြစ်သူ လွင်လွင်စီမှာ အသက်နှစ်ဆယ့်သုံး နှစ်ဆယ့်လေးခန့် ရှိအုံးသည်။ မိခင် ဒေါ်မေစီလောက် အသားမဖြူပေ။ ညိုယောင်သမ်းနေပါ၏။ အစ်ကိုဆုံးပါးမှု အတွက် ငိုယိုထားသဖြင့် ပကတိမျက်နှာ၏ အသားရောင်ကို ထင်ရှားစွာ မြင်ရသည်။

ညိုသော်လည်း လွင်လွင်စီသည် စိုပြည်သည်။ အညိုရောင်သမ်းသော သူမ၏ ပကတိအသားကပင် ရွှန်းစို ဝင်းပနေပါ၏။ ကော်ကိုင်းအမည်းရောင် ပါဝါမျက်မှန်နှင့် ဖြစ်သည်။ ပါဝါမျက်မှန် တပ်ဆင်ထားသည့် ကြားကပင် သူမ၏ ကော့နေသော မျက်တောင်၊ ရွှန်းပနေသော မျက်ဝန်း များကို မြင်တွေ့ရသည်။

လွင်လွင်စီတွင် ကြော့ရှင်းသော ခန္ဓာကိုယ်အချိုး အဆက်ရှိသည်။ ဆူဖြိုးခြင်းလည်းမရှိ၊ ပိန်လှီခြင်းလည်း မရှိ သော ကြည့်ကောင်းသည့် ခန္ဓာကိုယ်မျိုး ဖြစ်ပါ၏။

ပညာအရည်ပြည့် အမျိုးသမီးမို့လား မသိ။ ဝတ်စားဆင်ယင်မှုမှာ ရိုးရိုးလေးနှင့် အထက်တန်းကျသည်။ ဣန္ဒြေသိက္ခာရှိသည်။ ရင်ဖုံးလက်ရှည် မထူမပါး အဖြူရောင် အကျီဝတ်ထားသည်။ ထဘီမှာ အနက်ခံတွင် အဖြူပွင့်လေးတွေပါရှိသည့် ချည်ထဘီပင် ဖြစ်ပါ၏။

ညိုပြီးလှသည်။ အသားအရည် ချောမွတ်သည်။ မြန်မာဆန်သော ဝတ်စားဆင်ယင်မှု ရှိသည်။ ဣန္ဒြေသိက္ခာ ရှိလှပါ၏။

ဇေယျာအောင်သည် ဆေးရုံသို့လာစဉ်ကတော့ မနေ့ညက မိမိပဲခူးမှအပြန်လမ်းတွင် ကိုခင်မောင်ဝင်းအား လူဆိုးသုံးဦးလက်မှ ကယ်တင်ပြီး ... အင်းစိန်ဆေးရုံသို့ ပို့ပေးခဲ့သော ဇေယျာအောင်ပါဟု ဒေါ်မေစီနှင့် လွင်လွင်စီကို မိတ်ဆက်ရန် ရည်ရွယ်ချက် ပါရှိခဲ့သည်။

သို့သော် ... ယခု မြင်ကွင်းမှာ ဒေါ်မေစီရော လွင်လွင်စီပါ အင်မတန်မှ ပူဆွေးသောက ရောက်နေချိန်ကို တွေ့ရသဖြင့် မိမိ၏ ဝင်ရောက်မိတ်ဆက်မှုသည် ကမ္ဘာမီးလောင်ရာ ဆီမီးခွက် ဝင်တောက်သည်မျိုးဖြစ်မှာ စိုးရိမ်သဖြင့် နောက်မှ အေးအေးဆေးဆေး သွားတွေ့တော့မည်ဟု ဇေယျာအောင် ဆုံးဖြတ်လိုက်တော့သည်။

ကိုခင်မောင်ဝင်း၏ ဈာပနကိစ္စအတွက် လာရောက်ကြသည့် မော်တော်ကားတွေကလည်း ခေတ်ပေါ်အပုံစား အကောင်းစား သိန်းနှစ်ဆယ်အစိတ် တန်ကြေးကားတွေချည်း ဖြစ်နေသည်ကိုလည်း တွေ့ရသဖြင့် ယခုမှ မိမိက



ညကကိစ္စအကြောင်း ပြောပြပြီး သူတို့အသိုက်အဝန်းထဲသို့ ဝင်ရန် ဝန်လေးသဖြင့် ... ဇေယျာအောင်သည် ဆေးရုံကြီး၏ အင်ကွာရီခန်းဘက်သို့သာ လျှောက်လာခဲ့ပေတော့သည်။

လာခဲ့ရင်း ... ဇေယျာအောင်သည် အသတ်ခံသေဆုံးသွားရှာသည့် ကိုခင်မောင်ဝင်း အကြောင်းကို တွေးကြည့်မိသည်။

ဒေါ်မေစီနှင့် လွင်လွင်စီသည် တကယ့် အထက်တန်းကျကျ ဂုဏ်သရေရှိ မျိုးနွယ်တွေ ဖြစ်ပါလျက် ... အဘယ်ကြောင့် ကိုခင်မောင်ဝင်းသည် ကလေကချေ လူဆိုးလူမိုက်တွေနှင့် ပတ်သက်လေဘိသနည်း။

အင်ကွာရီခန်းတွင် ထဘီပြာဆရာမလေးတစ်ဦး ထိုင်နေသည်ကို တွေ့ရပြီး ... မေးမြန်းစုံစမ်းကြည့်သည်။

"ညက ... နိုက်ဂျူတီကျပြီး အင်မာဂျင်စီ ခွဲစိတ်ကုသ ဆရာဝန်က ဒေါက်တာဦးရဲမြင့်ပါရှင်။ ဒီနေ့မနက် ခြောက်နာရီက ဂျူတီပြီးလို့ ပြန်သွားပါတယ်ရှင်"

ဒေါက်တာဦးရဲမြင့်၏ အိမ်လိပ်စာကို ဆရာမလေးထံမှပင် ဇေယျာအောင် ရယူပါ၏။

အကျိုးအကြောင်း ပိုမိုသိရှိရအောင် ဒေါက်တာဦးရဲမြင့် အိမ်သို့ သွားရောက်မေးမြန်းကြည့်ရန် ဇေယျာအောင် သူ၏ကားရပ်ထားရာဆီသို့ ပြန်လျှောက်လာခဲ့သည်။

ကားတံခါးကို သော့ဖွင့်နေစဉ်မှာပင် မိမိနောက်ကျောဘက်မှ အမျိုးသမီးတစ်ဦး၏ မေးမြန်းသံကို ကြားလိုက်ရပေသည်။

"အစ်ကို ... ဘယ်သွားမှာလဲဟင်"

ဧယျာအောင် လှည့်ကြည့်ရာ ... သူ့နောက်ကျော ဘက်တွင် ကောင်မလေးတစ်ယောက်ရပ်ပြီး သူ့ကိုမေးမြန်း မြန်းမြန်းကြောင်း တွေ့လိုက်ရတော့သည်။

ကောင်မလေးဟုပင် ခေါ်ရပေမည်။ ရှိလှပါမှ အသက် ဆယ့်ရှစ် ဆယ့်ကိုး အရွယ်လေးသာ ဖြစ်ပါ၏။

ကောင်မလေး၏ မျက်ခွံများ နီယောင်သမ်း၍ မို့အမ်းနေခြင်း၊ နှာသီးထိပ်လေးနှင့် နားရွက်လေးနှစ်ဖက် နီမြန်းနေခြင်း ... သူမ၏အသံတွင် တုန်ယင်သံ ပါနေခြင်း တို့ကြောင့် ဒီကောင်မလေးသည် သည်းထန်စွာ ငိုကြွေးထား ကြောင်း သိသာစေပါ၏။

"တို့အိမ်ပြန်မလို့ပေါ့။ တို့နေတာကတော့ စမ်းချောင်း မှာပဲ။ ဒါပေမယ့် ... အခု အိမ်ကိုတန်းမပြန်သေးဘဲ အင်းစိန် ရွာမထဲက အေးသိဒ္ဓိလမ်းထဲကို ခဏဝင်ဦး မယ်။ နေပါဦး ... အမိလေးက တို့ကို ဘာလို့လာမေး တာလဲ"

"နွေနွေ ... အစ်ကို့ကားနဲ့ ကားကြုံလိုက်ခဲ့ပါရစေလား အစ်ကို"

သူမ၏ အမည်ကို "နွေနွေ"ဟု ဧယျာအောင် အမှတ်သညာ ထားလိုက်မိပါ၏။

နာမည်လေး မဆိုးပေ။ သူမ၏နာမည်လေးထဲ တွင် ကရုဏာသက်ချင်စရာ ... ခင်မင်ချင်စရာ ... ပါရှိနေ သည်ဟု ဧယျာအောင် ထင်မြင်လိုက်မိသည်။



"ဟဲ့ ... ဒီကနေပြီး တည့်တည့်ကြီး လျှောက်သွားလို့ လမ်းမတန်းကြီး ရောက်တာနဲ့ ဟီးနိုးဘတ်စ်(စ်)ကား ကြီးတွေ ဥဒဟိုပြေးနေတာပဲ"

"အဲဒါကို နွေနွေ သိပါတယ် အစ်ကို ... နွေနွေ ဒီကို လာတုန်းကလဲ အဲဒီ ဟီးနိုးဘတ်(စ်)ကားစီးပြီး လာခဲ့ တာပါ။ ဒါပေမယ့် မကောင်းဘူးအစ်ကို"

"ဘာမကောင်းတာလဲ"

"နွေနွေက သတင်းကြားကြားချင်း တအားငိုမိတယ်။ ငိုလျက်သားကြီးနဲ့ ဟီးနိုးဘတ်(စ်)ကားစီးပြီး လိုက်လာ မိတာပါ။ ဒီတော့ လူတွေက ငိုနေတဲ့ နွေနွေကို ဝိုင်း ကြည့်ကြတယ်။ တချို့ကောင်လေးတွေက နွေနွေကို အမြင်သေးပြီး ထိကပါး ရိကပါးတွေ လုပ်ကြတယ်၊ ဒါကြောင့် အခု နွေနွေ ငိုထားတဲ့ မျက်နှာကြီးနဲ့ ဘတ်(စ်)ကားစီးပြီး မပြန်ရဲတော့လို့ပါအစ်ကို။ နွေနွေ ကမာရွတ်မီးပွိုင့်နားမှာ ဆင်းပါမယ်။ အစ်ကိုပြန်တဲ့ စမ်းချောင်းနဲ့ လမ်းကြုံပါတယ် အစ်ကို"

မှန်၏။

ကောင်မလေး ဝတ်စားထားသည်မှာ နွမ်းနွမ်း ပါးပါးရှိသော်လည်း ကောင်မလေးရုပ်ရည်က သိပ်သန့်ပြီး ချောမောလှပနေသည်။ မျက်နှာက ငိုယိုထားသည်။ အဖော် မပါ တစ်ယောက်တည်း ဘတ်(စ်)ကားစီး၊ လမ်းပေါ်လျှောက် ဆိုလျှင် ရန်ကုန်မြို့ကြီးတွင် အမဲလိုက်ဖမ်းနေသော လမ်းသရဲ မုဆိုးကောင်လေးတွေအုပ်နှင့် တွေ့သွားနိုင်သည်။

"ကဲ ... တက်"

ဇေယျာအောင်က သူနှင့်အလွယ်တကူ လက်လှမ်းမှီရာ ဟိုဘက်ရှေ့တံခါးပေါက်ကို ဖွင့်ပေးလိုက်သည်။

နွေနွေဆိုသည့် ကောင်မလေးသည် ကားတံခါးဖွင့်သွားပြီး ကားထဲတွင် ထယ်ဝါလှပ ခံ့ညားသော ကားကူရှင် ဒက်(ရှ်)ဘုတ် ခေါင်မိုးများ၏ အမြင်အရှိန်ကြောင့် ကားထဲ ဝင်ထိုင်ဖို့ပင် မဝံ့မရဲလေ ဖြစ်နေရှာသေးသည်။

"ကဲ ... လိုက်မယ်ဆိုလဲတက်။ စိတ်ချ၊ တို့က အမိလေးကို လက်ဖျားနဲ့တောင် မတို့ဘူး"

"အို ... အစ်ကိုက အဲဒီလိုလူစားမဟုတ်မှန်း နွေနွေသိပါတယ်၊ အစ်ကို့လို ရုပ်မျိုးက တည်ကြည်မြင့်မြတ်မှန်း သိသာနေတာပဲဟာ။ အစ်ကို့ကားကြီးက ခြေနင်းရက်စရာမရှိ ကောင်းလွန်းနေလို့ တက်ထိုင်ရမှာ နွေနွေအားနာနေမိလို့ပါ"

"ကဲ ... တက်ဟာ။ အချိန်ကုန်တယ် ... မော်တော်ကားဆိုတာ လူစီးဖို့ပဲ"

နွေနွေ တက်ထိုင်သည်။

ဇေယျာအောင် မောင်းထွက်လာခဲ့သည်။

ထဘီပြာဆရာမလေး ပေးသော လိပ်စာအတိုင်း အင်းစိန်ရွာမ အေးသိဒ္ဓိလမ်း ခြံအမှတ်(++)တစ်ထပ်တိုက်လှလှလေး၏ ခြံထဲသို့ ဇေယျာအောင် မောင်းဝင်ပြီး အိမ်ရှေ့တွင် ကားရပ်လိုက်သည်။

ညက ဆေးရုံတွင် ကိုခင်မောင်ဝင်းကို ပို့ရင်း



ဒေါက်တာဦးရဲမြင့်နှင့် ဇေယျာအောင်မှာ မြင်ဖူးတွေ့ဖူးပြီးသား ဖြစ်ပါ၏။

အိမ်ထဲသို့ ဦးရဲမြင့်က ဖိတ်ခေါ်ပေသည်။ ဇေယျာအောင် ဦးရဲမြင့်နှင့် ဝင်တွေ့ပါ၏။

"ဆောရီးပဲဗျာ ... ညက ကိုခင်မောင်ဝင်း အသက်ကို ကျွန်တော် အရယူကယ်တင်ဖို့ ကြိုးစားပါတယ်။ ဒါပေမယ့် ... မရဘူးဗျာ။ ဓားချက်တစ်ခုက နှလုံးသားကို ထိသွားတယ်လေ။ ဆေးရုံရောက်တဲ့အထိ အသက်ရှင်တာတောင် ကိုခင်မောင်ဝင်းဟာ အင်မတန် စိတ်ဓာတ်ပြင်းပြီး ... စိတ်တင်းထားလို့ ... ရောက်လာတာ"

"ဘယ်တတ်နိုင်မှာလဲ ဒေါက်တာ။ သူ့ကံပဲပေါ့။ အခုကျွန်တော်လာခဲ့တာက ကိုခင်မောင်ဝင်းဟာ အသက်မထွက်မီ ဒေါက်တာ့ကို ဘာတစ်ခုခု ပြောခဲ့သေးလဲ ဆိုတာ သိချင်လို့ပါ"

ဒေါက်တာရဲမြင့်က သူ၏ ငယ်ထိပ်ဆံပင်ထဲသို့ လက်ငါးချောင်းထိုးပြီး ပွတ်သတ်လိုက်သေးသည်။

"အေးဗျ ... ကိုခင်မောင်ဝင်းဟာ အသက်မသေခင် တစ်ခုခုတော့ ပြောတယ်။ ပြောတာမှ သုံးခါလောက်အထိတောင် ပြောတယ်။ ဒါပေမယ့် သူပြောတိုင်း သူ့ပါးစပ်ထဲက သွေးတွေအန်ပြီး ဗလုံးဗထွေးအသံပဲ ထွက်တယ်"

"အဲဒီ ဗလုံးဗထွေးအသံက ဘာတဲ့လဲ ဒေါက်တာ"

"ရူးဝေါဝေါတဲ့။ ကျွန်တော့်နားထဲ ကြားတာကတော့

ဝူးဝေါဝေါလို့ချည်းပဲ သုံးခါလုံးကြားတယ်"

"ဗျာ ... ဝူးဝေါဝေါ ဟုတ်လား"

"အဲဒီလိုပဲ ကြားတာပဲ"

ဇေယျာအောင်သည် ဝူးဝေါဝေါကို သေချာစဉ်းစားအဓိပ္ပာယ် ဖော်ကြည့်သည်။ ဘယ်လိုမှ အဓိပ္ပာယ်ဖော်၍ မရပေ။

"ကျွန်တော် တစ်ခုတော့ စဉ်းစားမိတယ် ကိုဇေယျာအောင်။ ကျွန်တော်တို့ မြန်မာလူမျိုးရဲ့ အယူအဆစကားနဲ့ဆိုရင် သေကာနီးလူဟာ မေးစေ့တယ် ... မေးစေ့တယ်ဆိုတာ ပါးစပ်ထဲက လျှာက အလုပ်မလုပ်တော့ဘဲ ... ပါးစပ်ဟလို့ မရတော့တာကို ဆိုလိုတာပဲ။ ဒီတော့ ... ကိုခင်မောင်ဝင်းဟာ သေအံ့ဆဲဆဲမှာ မေးစေ့နေပြီ။ သူဟာ ... ဝူးဝေါဝေါဆိုတဲ့ အသံနဲ့ နာမည်တစ်ခုခုကို ထပ်တလဲလဲ ပြောတာများလားလို့ ကျွန်တော် စဉ်းစားကြည့်မိတာပါ။ ကိုဇေယျာအောင် ပါးစပ်စေ့ထားပြီး လျှာမလှုပ်ရှားဘဲ ဝူးဝေါဝေါလို့ ရွတ်ကြည့်လေ ..."

ဇေယျာအောင်သည် ဒေါက်တာရဲမြင့် ပြောသည့်အတိုင်း နှုတ်ခမ်းပိတ် လျှာမလှုပ်ဘဲ ဝူးဝေါဝေါဟု ရွတ်ကြည့်မိသည်။

ဟုတ်ပါ့ ... ဘာမှမလှုပ်ဘဲ ဝူးဝေါဝေါဟုသာ အသံထွက်လာတော့သည်။

"ဒီပြင်ကော ... ကိုခင်မောင်ဝင်းနဲ့ ပတ်သက်ပြီး



ဒေါက်တာ့အနေနဲ့ တခြားထူးထူးခြားခြားလေးတွေကို ဘာသတိထားလိုက်မိသေးလဲ ဒေါက်တာ"

ဒေါက်တာရဲမြင့်က ခေါင်းခါပြသည်။

ဒေါက်တာရဲမြင့်မှာ နိုက်ဂျူတီတာဝန် ထမ်းဆောင်ထားသူမို့ အနားယူချင်ရှာတော့မည်။

ဒေါက်တာရဲမြင့်အား ကျေးဇူးတင်စကား ပြောကြားနှုတ်ဆက်ပြီး ဇေယျာအောင်သည် သူ၏ကားရပ်ထားရာသို့ ပြန်ခဲ့သည်။

"ဩော် ... ကောင်မလေးခမျာ သနားစရာ"

နွေနွေဆိုသည့် ကောင်မလေးသည် ကားကူရှင်ကို ကျောမှီပြီး ဦးခေါင်းလေးစောင်းကာ အိပ်ပျော်နေရှာသည်ကို တွေ့ရသည်။ မိမိနှင့် ဒေါက်တာရဲမြင့် စကားပြောနေသည်မှာ တစ်နာရီနီးပါး ကြာသည်ကိုစောင့်ရင်း ကောင်မလေး အိပ်ငိုက်ရှာသည်ပဲ ဖြစ်ပေမည်။

သူမ၏ ပါးပေါ်တွင် မျက်ရည်စီးကြောင်းလေး ရှိနေသည်။ ဝိုင်းပြီး မို့မို့လေးရှိသော ရင်အစုံမှာ အသက်ရှူအသက်ထုတ်တိုင်း နိမ့်ချည်မြင့်ချည်လေး ရှိနေသည်။ အိပ်ပျော်နေသူတို့တွင် အပြစ်ကင်းစင်သော မျက်နှာလေး ပေါ်တတ်သည့်အတိုင်း ပကတိ ပေါင်ဒါမပါ၊ သနပ်ခါးမပါ သူမ၏ မျက်နှာလေးမှာ ဝင်းပပ ရှိလှပါ၏။

ဇေယျာအောင် ကားထဲဝင်ထိုင် တံခါးပိတ်စက်နှိုးသည်နှင့် နွေနွေ အထိတ်တလန့် အိပ်ပျော်ရာမှ နိုးလာသည်။

"ဟင် ... ဟင် ... အဲ"

ထုံးစံအတိုင်းပင် အိပ်ပျော်ရာမှ ရုတ်တရက် နိုးလာသူသည် ကိုယ့်ဟာကိုယ် ဘယ်ရောက်မှန်း မသိ ဘာမှန်းမသိ ဖြစ်သည့်ပုံစံအတိုင်း စက္ကန့်ပိုင်းခန့် ကောင်မလေး နွေနွေ ဖြစ်သွားသေးသည်။ ပြီးမှ သတိပြန်ရလာပုံရသည်။

"နွေနွေ ... အိပ်ပျော်သွားလား။ တို့ နည်းနည်း ကြာသွားတယ်။ ဆရာဝန်ကို မေးချင်မြန်းချင်တာလေးတွေ မေးမြန်းနေလို့"

"ဟုတ်တယ် အစ်ကို ... နွေနွေ အစ်ကို့ကိုစောင့်ရင်း မှေးခနဲ အိပ်သွားမိတယ်။ ကားကူရှင်က အိစက်နေတော့ အိပ်ငိုက်သွားတာ ထင်ပါရဲ့ အစ်ကို"

ဓေယျာအောင် သဘောပေါက်ပါ၏။ ဒီကောင်မလေး နွေနွေ၏ ဆယ်ကျော်သက်အရွယ်မှာ အိပ်ကောင်းစားကောင်းအရွယ် ဖြစ်ပါ၏။ ဒီကြားထဲ ကောင်မလေးသည် ငိုထားသည်။ ဘတ်(စ်)ကားစီးပြီး အင်းစိန်ဆေးရုံသို့ လာခဲ့ရသည်။ ဒီတော့လည်း ပင်ပန်းလှပြီး အိပ်လွယ်နိုးလွယ် ဖြစ်သွားသည့် ပုံစံပင်။

ဓေယျာအောင် အင်းစိန်ရွာမလမ်းကြီးအတိုင်း မောင်းထွက်လာရင်း နွေးနွေးကို မေးခွန်းထုတ်လိုက်သည်။

"နွေနွေ ... ဘာလို့ငိုတာလဲ။ ဘာလို့ အင်းစိန်ဆေးရုံကြီးနား ရောက်နေတာလဲ"

"အစ်ကို ကိုခင်မောင်ဝင်း သေဆုံးသွားတာရော ဝမ်းနည်းတာရော။ သူသေဆုံးသွားတဲ့အတွက် နွေနွေတို့



သားအမိမှာ အားကိုးမဲ့ ဖြစ်သွားတာကြောင့်ရော ... နွေနွေ တအားကြီး ငိုမိတာပါအစ်ကို။ ဘာလို့ အင်းစိန်ဆေးရုံကြီးကို နွေနွေ ရောက်လာသလဲဆိုတာကတော့ အစ်ကိုခင်မောင်ဝင်းရဲ့ သတင်းကို ဒီနေ့မနက်မှာပဲ ကြားရတယ်အစ်ကို၊ ဒါကြောင့် လာကြည့်တာပါ။ ဒါပေမယ့် အဝေးကပဲ လှမ်းကြည့်ရဲတယ်။ အစ်ကို ခင်မောင်ဝင်းကိစ္စအတွက် လာတဲ့ လူတိုင်းဟာ အစ်ကို့လိုပဲ ကားကောင်းကြီးတွေနဲ့ တကယ့်လူ့ဂုဏ်တန်တွေချည်းပဲ။ နွေနွေ အနားမကပ်ရဲဘူး။ အဲဒီအားလုံးထဲမှာ အစ်ကိုလာတာလဲ နွေနွေ မြင်တယ်။ အစ်ကို့ကျတော့ ကြည့်ရတာ တစ်မျိုးပဲလို့ နွေနွေ ထင်မိတယ်လေ"

"တို့က ဘယ်လို တစ်မျိုးဖြစ်နေလို့လဲ"

"အစ်ကိုက ... အစ်ကို့ကားကို ဆေးရုံနဲ့ ခပ်လှမ်းလှမ်းဝေးရာမှာ ရပ်ထားခဲ့ပြီး လူချည်းဆင်းလျှောက်သွားတယ်၊ နွေနွေ့လိုပဲ အစ်ကို ကိုခင်မောင်ဝင်းရဲ့ အလောင်းကို အဝေးကပဲကြည့်တယ်၊ နွေနွေကတော့ ဂုဏ်အဆင့်အတန်းချင်း မတူလို့ အနားမကပ်ရဲတာ၊ အစ်ကိုကတော့ သူတို့အဆင့်အတန်းထဲက ဖြစ်ပါရက်နဲ့ အဝေးကပဲ ကြည့်နေတာ ဘာလို့ပါလိမ့်လို့ ... နွေနွေ စဉ်းစားပြီး တစ်မျိုးပဲလို့ ထင်မိတာပါ"

"ဩ ... ဒါဆို ... နွေနွေက တို့ကို အစအဆုံး လှမ်းကြည့်နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်အစ်ကို ... တစ်မျိုး ထူးခြားတယ် ထင်လို့ပါ"

ဧယျာအောင် ခေါင်းထဲတွင် အလိုလို နွေနွေနှင့် ပတ်သက်ပြီး စဉ်းစားချင်စရာ ပေါ်လာသည်။

နွေနွေသည် ခင်မောင်ဝင်း သေဆုံးခြင်းအတွက် ပူဆွေးစွာ ငိုသည်။

ခင်မောင်ဝင်း သေဆုံးသွားခြင်းအတွက် သူမတို့သားအမိတွင် အားကိုးမဲ့သွားသည်ဟုလည်း ဆိုသည်။

နွေနွေဆိုသည့် ကောင်မလေးချောချောနှင့် သေဆုံးသူ ကိုခင်မောင်ဝင်းတို့ ဘယ်လိုပတ်သက်ခဲ့လေသနည်း။

နွေနွေကို ဧယျာအောင် မြင်တွေ့နေရသည်မှာ တကယ့် အပျိုရည် အပျိုသွေး တင်းပြည့်ကျပ်ပြည့် ရှိနေသည်။ ငုံရာမှ တအားပွင့်တော့မည့် ပန်းပွင့်လေးအသွင် ရှိနေသည်။

လက်ထပ်ပြီးသား အိမ်ထောင်သည်တစ်ယောက် အသွင်သဏ္ဍာန် လုံးဝကြီးကို မရှိ။

နောက်ပြီး ဒီကောင်မလေးထံမှ သေဆုံးသွားသော ခင်မောင်ဝင်း၏ အကြောင်းတွေကို မေးမြန်းသိရှိနိုင်သည်။

"တို့မေးမယ် နွေနွေ ... အခုသေဆုံးသွားတဲ့ ကိုခင် မောင်ဝင်းနဲ့ နွေနွေနဲ့ ဘယ်လိုပတ်သက်ဆက်နွယ်နေ သလဲ"

"အစ်ကိုခင်မောင်ဝင်းက နွေနွေရဲ့အစ်ကိုရင်း ကိုသက်ရဲ့ သူငယ်ချင်း ... သိပ်ခင်တဲ့ သူငယ်ချင်းတွေလေ။ ကိုကိုသက် ထောင်ကျသွားတော့ ... အစ်ကိုခင်မောင်





ဝင်းက ကိုကိုသက်ကိုယ်စား နွေနွေတို့ သားအမိကို ထောက်ပံ့တယ်၊ အခု အစ်ကိုခင်မောင်ဝင်း သေဆုံးသွားတော့ နွေနွေတို့ ထမင်းငတ်မလားပဲ"

ပြောရင်း ... နွေနွေ ကလေးမ ငိုပြန်တော့သည်။

နွေနွေ ငိုသည့်အရှိန် လျော့သွားသည်အထိ ဧယျာအောင်က စောင့်နေပါ၏။ ပြီးမှ ထပ်မေးသည်။

"နွေနွေရဲ့ ကိုကိုသက်ဆိုတာ ဘယ်သူလဲ"

"နွေနွေရဲ့ အစ်ကိုအရင်းပဲ။ မေမေနဲ့ နွေနွေကို ကိုကိုသက်ကပဲ လုပ်ကျွေးနေတာပါ အစ်ကို။ ကိုကိုသက် ထောင်ကျသွားတော့ အစ်ကိုခင်မောင်ဝင်းကပဲ ကိုကိုသက်ကိုယ်စား နွေနွေတို့သားအမိကို ဆက်ထောက်ပံ့နေတာ"

"အဲဒီ ကိုကိုသက်ရဲ့ နာမည်အရှည်ကကော"

"ကိုသက်မင်းတဲ့"

"ဘာလို့ ကိုသက်မင်းက ထောင်ကျသွားတာလဲ"

"ကိုလှိုင်ဘွားဆိုတဲ့လူနဲ့ ကိုကိုသက် စကားများကြတယ်။ ကိုကိုသက်က ကိုလှိုင်ဘွားကို ဓားနဲ့ထိုးတယ်။ အမှုဖြစ်တယ်။ ကိုကိုသက် ထောင်နှစ်,နှစ်ကျသွားတယ်"

"ဓားထိုးခံရတဲ့ ကိုလှိုင်ဘွားဆိုတဲ့လူကော ဘာဖြစ်သွားလဲ"

"ဘာမှမဖြစ်ပါဘူး။ အစ်ကိုခင်မောင်ဝင်းပြောပြတာကတော့ ... လှိုင်ဘွား ဓားထိုးခံရတာ ... နည်းနည်းပါး

ပါးလောက်ပါတဲ့။ ဒါပေမယ့်လဲ အမှုဖြစ်တော့ ကိုကို
သက် ထောင်ကျတာပေါ့လေ"

"နွေနွေကကော ကျောင်းတွေဘာတွေ မနေဘူးလား"

"လွန်ခဲ့တဲ့ နှစ်ကပဲ နွေနွေ ဆယ်တန်းအောင်ပြီးထား
ပါတယ် အစ်ကို"

ဘယ်ဆိုးလို့လဲဟု ဇေယျာအောင် ရင်ထဲမှ မှတ်
ချက်ပြုမိသည်။

"ဒီပြင် သင်တန်းတစ်ခုခု ဆက်မတက်ဘူးလား။ ဥပမာ
ကွန်ပျူတာသင်တန်းတို့ ဘာတို့ပေါ့လေ"

"တက်မလို့။ ကိုကိုသက်ထောင်ကျမသွားရင်တော့
ကိုကိုသက်က နွေနွေနဲ့ သင့်တော်မယ့် သင်တန်းတ
ခုခုရွေးပြီး တက်စေမလားပဲ အစ်ကို၊ အခုတော့ ဘာ
သင်တန်းမှ မတက်ဖြစ်ပါဘူး။ တက်နိုင်တဲ့အင်အားလ
မရှိဘူး။ မေမေ့ကို ပြုစုမယ့်လူလဲ နွေနွေကလွဲပြီး မ
ဘူး။ အို ... အဘက်ဘက်က ပြည့်မှမပြည့်စုံတာ"

ဇေယျာအောင်သည် နွေနွေ့ကိုရင်ထဲက ကရုဏာ
သနားစိတ် အလိုလို သက်ရောက်မိပေသည်။

"ဟိုရှေ့က ကမာရွတ်မီးပွိုင့်နားမှာ နွေနွေဆင်းမယ်
အစ်ကို။ အဲဒီမီးပွိုင့်အနီးအနား အစ်ကိုရပ်လို့ကောင်
မယ့် နေရာမှာ ရပ်ပါ။ နွေနွေ ဆင်းသွားပါ့မယ်"

"နွေနွေရဲ့အိမ်က ဘယ်မှာလဲ ... တို့ နွေနွေရဲ့အိမ်
အထိ လိုက်ပို့ပေးမယ်လေ။ နွေနွေအိမ်ကို တို့လဲ လာ
လည်ချင်တဲ့အခါ လာလည်ရအောင်"



"အားနာတယ်အစ်ကို"

"ဘာကို အားနာတာလဲ"

"နွေနွေတို့ အိမ်မျိုးကို အစ်ကိုလိုလူ လာမလည်သင့်
ပါဘူး၊ အိမ်လေးက သေးသေးလေးပါ။ နောက်ပြီး
နွေနွေတို့လမ်းထဲ အစ်ကို့ကား မဝင်သင့်ပါဘူး"

"ကားကို လမ်းထိပ်မှာ ထားခဲ့ရင်ကော"

"အဲဒီလိုတော့ ရပါတယ်။ လမ်းထိပ်နဲ့ဆို ... နွေနွေတို့
အိမ်က နီးနီးလေးပါ။ ဒါပေမယ့် ကားရပ်ထားခဲ့ရင်
လက်ဆော့တဲ့ ကလေးတွေက အစ်ကို့ကားကောင်းကြီး
ကို တစ်ခုခုလုပ်မှာ စိုးလို့"

"ရတယ်လေ ... နွေနွေရဲ့အိမ် လမ်းထိပ်ကိုသာ
ညွှန်ပြ"

နွေနွေက ဇေယျာအောင်အား ရီဝေသော မျက်
ဝန်းကြီးဖြင့် ဘေးတစ်စောင်း လှည့်ကြည့်လိုက်ပေသည်။
ဘာမှတော့ ဆက်မပြောတော့ပေ။

နွေနွေ ညွှန်ပြသည့် အတိုင်းပင် ဇေယျာအောင်
ဆက်မောင်းသည်။ ဟိုကွေ့ဒီချိုးဖြင့် လှည်းတန်းလမ်းကြီး၏
လမ်းသွယ်လေးတစ်ခုထိပ်တွင် နွေနွေက ရပ်ခိုင်းလိုက်တော့
သည်။

"အဲဒီလမ်းသွယ်လေးပဲ အစ်ကို"

"ကားဝင်ရင် အရသားပဲ"

"မဝင်ပါနဲ့ အစ်ကို ... လမ်းထဲကားဝင်ပြီး အိမ်ရှေ့မှာ
ရပ်ထားရင် နောက်ကားတစ်စီး လာတဲ့အခါ ကပ်သီး

ကပ်သတ်ဖြစ်မယ်၊ နောက်ပြီး ..."

နှေနှေက ... နောက်ပြီးဟု ပြောလိုက်ပြီးမှ စကားကို ဆက်မပြောဘဲ ရပ်တန့်လိုက်သည်။

"နောက်ပြီး ... ဘာဖြစ်လဲ ... ဆက်ပြောလေ"

"လူတွေက မြေနိမ့်ရာမှာ လှံစိုက်ချင်တယ် အစ်ကို နှေနှေတို့က ဆင်းရဲတော့ အထင်အမြင် သေးကြတယ် အိမ်ကို သေသွားတဲ့ အစ်ကိုခင်မောင်ဝင်း မော်တော် ဆိုင်ကယ်နဲ့ လာတာတောင် အ,မနာပ ပြောချင်ကြ တယ်။ ဒါပေမယ့် ... ကိုကိုသက် ရှိကတည်းက အစ်ကိုခင်မောင်ဝင်းက အိမ်ကိုသွားလာနေကျဆိုတော့ တော်သေးတာပေါ့။ ကဲပါလေ ... ဘယ်သူတွေက ဘာထင်ထင် ... ဘာပြောပြော အစ်ကို တကူးတက နှေနှေတို့အိမ် လိုက်လည်မယ်ဆိုတာကို နှေနှေ ဝမ်း သာပါတယ် ... သွားစို့"

နှေနှေကပင် ရှေ့ဆောင်ပြီး လမ်းသွယ် လေး သို့ ခေါ်ဆောင်သဖြင့် ဇေယျာအောင် လိုက်လာခဲ့သည်။

သုံးပင်နှစ်ခန်း ပျဉ်ခင်း ပျဉ်ကာ သွပ်မိုး တ ထပ်အိမ်လေးတစ်ဆောင် ဖြစ်ပါ၏။ အိမ်ရှေ့ရောက်သည် နှင့် နှေနှေက ခြံစည်းရိုး တံခါးလေးကို ဖွင့်လိုက်သည်။

"မေမေရေ ... မေမေ ... သမီးပြန်လာပြီ"

"အေး ... အေး ... သမီးရယ်။ မေမေ စိတ်ပူနေတ အခုမှပဲ ရင်အေးရတော့တယ်"

ဘုရားစင်ရှေ့တွင်ထိုင်ပြီး ဘာဝနာပွားနေရာ



အမျိုးသမီးကြီးတစ်ဦး ထလာသည်။ ယောဂီရောင်အင်္ကျီထဘီ ဝတ်ဆင်ထားပြီး ပခုံးထက်တွင် ယောဂီရောင် ပိတ်ပဝါကို တင်ထားသည်။

အမျိုးသမီးကြီးမှာ ပိန်ရှုံ့သွယ်ပေသည်။ သူမ လမ်းလျှောက်လာပုံကို မြင်ရသည်နှင့် မျက်စိမျက်လုံး အား နည်းလှကြောင်း သိသာသည်။

အမျိုးသမီးကြီးက အိမ်ထဲမှ ခတ်ထားသော သော့ကိုဖွင့်ပြီး တံခါးဖွင့်ပေးလိုက်သည်။

"ဟုတ်ရဲ့လား သမီး၊ မောင်ခင်မောင်ဝင်း ဆုံးသွားပြီ ဆိုတာ ဟုတ်ရဲ့လား"

"ဟုတ်တယ်မေမေ ... နှေနှေကိုယ်တိုင် အစ်ကိုခင် မောင်ဝင်းရဲ့ အလောင်းကို မြင်ခဲ့ပါတယ်"

"ဘုရား ... ဘုရား ... ဘုရား ... အနိစ္စ အမြဲမရှိပါ လား သမီးရယ်"

ပြောရင်းပင် အမျိုးသမီးကြီး၏ မျက်ဝန်းအိမ်မှ မျက်ရည်များ စီးစင်းလာတာကို တွေ့ရသော ဇေယျာအောင် မှာ နင့်ခနဲ ရင်ထဲတွင် ခံစားလိုက်ရပါ၏။

"ကဲပါ မေမေ ... ဟောဒီမှာ ဧည့်သည်ပါလာတယ်၊ သမီးအပြန်မှာ အပြန်ခက်နေလို့ ဒီအစ်ကိုက လိုက်ပို့ တာ"

"ဪ ... အေး ... အေး ... သမီးဧည့်သည်ကို သမီးပဲ ဧည့်ခံလိုက်ပါကွယ်။ မေမေ မောင်ခင်မောင် ဝင်းအတွက် ကောင်းရာသုဂတိလားစေဖို့ အမျှအတန်း

လေးပေးချင်လို့"

နွေနွေ၏ မိခင်ကြီး ဘုရားစင်ရှေ့တွင် ပြန်ထိုင်ပေသည်။

နွေနွေက သင်ဖျူးဖျာလိပ်လေး ဆွဲယူပြီး ခင်းပေးသည်။

"အစ်ကို ... ထိုင်နော် ... နွေနွေတို့အိမ်မှာ ပက်လက်ကုလားထိုင်တစ်လုံးပဲရှိတယ်၊ ကိုကိုသက်နဲ့ အစ်ကိုခင်မောင်ဝင်း ထိုင်သွားတဲ့ ကုလားထိုင်မို့ ... အစ်ကို့ကိုပေးမထိုင်စေချင်လို့"

နွေနွေ၏စကားတွင် ... သူမ၏ကိုကိုသက်က ထောင်ကျသွားသူဖြစ်ပြီး ... ခင်မောင်ဝင်းက သေဆုံးသွားသူမို့ သူတို့ထိုင်သွားသည့် ကုလားထိုင်တွင် မိမိအား မထိုင်စေချင်သော စေတနာမေတ္တာ စကားလေး ပါရှိနေမှန်း ဇေယျာအောင် သတိထားမိပါ၏။

"ရတယ် ... နွေနွေ ... သင်ဖျူးဖျာချောချောလေးမှာ ထိုင်ရတာ အရသာ ပိုရှိတယ်"

ဇေယျာအောင်သည် ဖျာလေးပေါ်တွင် ပယ်ပယ်နယ်နယ်ပင် တင်ပလ္လင်ခွေ ထိုင်ချလိုက်ပါ၏။

အိမ်လေးကို အကဲခတ်လိုက်သည်။

အိမ်လေးက သေးသော်လည်း သန့်ရှင်းလှသည်။ ဖုန်မရှိ၊ ပင့်ကူအိမ်မရှိ၊ ကြမ်းပြင်များမှာ ပါလစ်တွေ ဘာတွေ တိုက်ထားသည့်မျိုး မဟုတ်ဘဲ ရေပတ်တိုက်၊ တံမြက်လှဲဖြင့်ပင် သူ့နဂိုအသားရောင် ပြောင်လက်နေပေသည်။



နွေနွေသည် ထိုင်ရာမှ ထလိုက်သည်။

"ဘာလုပ်မလို့လဲ နွေနွေ"

"ဓာတ်ဘူးထဲမှာ ရေနွေးရှိတယ်။ မေမေ သောက်နေကျကော်ဖီ အစ်ကို့ကို ဖျော်တိုက်မလို့"

"နေစမ်းပါ ... တို့ ဘာမှမစားသောက်ချင်ပါဘူး ... နွေနွေနဲ့ ထိုင်စကားပြောတာပေါ့"

နွေနွေ ပြန်ထိုင်ပါ၏။

"အခု ... ကိုခင်မောင်ဝင်း သေဆုံးသွားပြီဆိုတော့ ... နွေနွေတို့သားအမိရဲ့ စားရေး သောက်ရေး နေရေး ထိုင်ရေး ... ဘယ်လိုစီစဉ်မလဲ နွေနွေ"

"နွေနွေ အလုပ်တစ်ခုခု ထွက်လုပ်ရမှာပေါ့ အစ်ကို ... ကိုကိုသက် ထောင်ကျသွားကတည်းက နွေနွေ အလုပ်ထွက်လုပ်မလို့ပါ။ ဒါပေမယ့် ထောင်ထဲက ကိုကိုသက်က နွေနွေ အလုပ်ထွက်မလုပ်နဲ့တဲ့။ မေမေတစ်ယောက်တည်း မျက်စိမကောင်း ဘာမကောင်းနဲ့ ဒုက္ခများမယ်တဲ့။ အစ်ကိုခင်မောင်ဝင်းကို သူအားလုံး ပြောထားပြီးသားတဲ့။ နွေနွေတို့ သားအမိအတွက် ကိုခင်မောင်ဝင်းက ဆက်ပြီးထောက်ပံ့မယ်တဲ့။ ဒါကြောင့် နွေနွေ အလုပ်ထွက်မလုပ်တာ။ အခုတော့ နွေနွေ တစ်ခုခု ထွက်လုပ်ရမှာပဲ အစ်ကို"

"နွေနွေ အလုပ်ထွက်လုပ်နေတဲ့ အချိန်မှာ နွေနွေရဲ့ မေမေကို တစ်ယောက်တည်း ထားခဲ့ရမှာပေါ့။ မတော်တဆ မပြောကောင်း မဆိုကောင်း မီးတွေဘာတွေ

ဆောင်ရင် ဘယ့်နှယ့်လုပ်မလဲ။ နွေနွေတို့ ရပ်ကွက်က မီးလောင်ဆိုရင် မလွယ်ကြောကြီးပဲ။ အိမ်တွေပြွတ်သိပ်နေတာ။ လမ်းကလည်း ကျဉ်းကျဉ်းနဲ့ … ပြေးပေါက်တောင် မလွယ်ဘူး"

"မေမေ့အတွက်လည်း နွေနွေ ထိပ်ဆုံးမှာထားပြီး စဉ်းစားပါတယ် အစ်ကို။ နွေနွေ အလုပ်ထွက်လုပ်ရင် မေမေ့ ဝေယျာဝစ္စ လုပ်ပေးဖို့တွေကလည်း ရှိသေးတယ်။ နောက်တစ်နည်း စဉ်းစားတာကတော့ ဒီအိမ်လေးကို ရောင်းပြီး တခြားတစ်နေရာမှာ အိမ်ပြန်ငှားနေမယ်။ အိမ်ရောင်းရတဲ့ ပိုက်ဆံနဲ့ပဲ အိမ်ဆိုင်လေးတည်ပြီး ဈေးရောင်းရရင် ကောင်းမလားလို့လဲ စဉ်းစားတယ်။ အခုနေတော့ ဖြုန်းခနဲကြီးမို့ … ဟိုဟာစဉ်းစား ဒီဟာစဉ်းစားပဲ အစ်ကို … တစ်ခုခုတော့ လုပ်မှဖြစ်တော့မယ် …။ ကိုကိုသက်နဲ့ တိုင်ပင်ဖို့ကျတော့လည်း ကိုကိုသက်ကို တောင်ငူထောင် ပြောင်းလိုက်တယ်တဲ့ အစ်ကို"

ဇေယျာအောင်သည် နွေနွေ ပြောသမျှကို နားထောင်ပြီးနောက် ရင်ထဲတွင် ဖြစ်ပေါ်လာသည့် အတိုင်းရောဦးနောက်၏ အဆုံးအဖြတ်ရော … တစ်ပြိုင်တည်း ဖြစ်ပေါ်လာသည့်အတိုင်း ပြောပြလိုက်သည်။

"ကဲ … ဒါဆို နွေနွေ အလုပ်လဲ ထွက်မလုပ်နဲ့ဦး။ အိမ်ကိုလည်း မရောင်းနဲ့ဦး။ ဘာလုပ်ရင် ကောင်းမယ်ဆိုတာ အချိန်ယူပြီး စဉ်းစား။ အဲဒီအတောအတွင်းမှာ



နွေနွေတို့ သားအမိ လိုအပ်ချက်တွေကို တို့ကူညီမယ်။ နောက်ပြီး နွေနွေ ဘာဆက်လုပ်သင့်တယ်ဆိုတာ တတ်နိုင်သလောက် တို့စီစဉ်ပေးမယ်"

"မဟုတ်တာပဲ အစ်ကို … အစ်ကို့မှာ ဘုန်းကြီးအမှု ရွာပတ် ဖြစ်သွားပြီ။ လောလောဆယ် နွေနွေတို့မှာ သုံးဖို့စွဲဖို့ ငွေသုံးလေးထောင်လောက် စုထားတာ ရှိပါသေးတယ်။ ဆန်တို့ ဆီတို့လည်း တစ်လစာဝယ်ထားတာ … ကျန်ပါသေးတယ် အစ်ကို"

"ဘာလဲ … နွေနွေက တို့အကူအညီပေးတာ လက်မခံနိုင်လို့လား။ တို့က ဘာအမြော်အမြင် … ဘာရည်ရွယ်ချက်နဲ့မှ ကူညီတာ မဟုတ်ဘူး … သန့်သန့်ရှင်းရှင်း စေတနာ တကယ်သက်ရောက်လို့ ကူညီတာ။ ကဲ … တို့ပြန်မယ်။ နက်ဖြန် သန်ဘက်လောက် တို့ဒီကို တစ်ခေါက်လာခဲ့မယ်။ ကိုခင်မောင်ဝင်း သေဆုံးသွားတဲ့အတွက် ဝမ်းနည်းတာတော့ ဝမ်းနည်းပေါ့။ ဒါပေမယ့် အားမငယ်နဲ့။ အားကိုးမရှိဘူးဆိုပြီး စိတ်ဓာတ်မကျနဲ့။ ကဲ … တို့သွားမယ်"

ဇေယျာအောင် နှုတ်ဆက်ပြီး ထွက်ခွာလာခဲ့သည်။ အိမ်အပြန် ခရီးကြုံ လမ်းကြုံ မိမိစာအုပ်ထုတ်ဝေနေသော တိုက်သို့ ဝင်ခဲ့ပြီး စာအုပ်ကိစ္စ ပြောသေးသည်။

မွန်းလွဲပိုင်းကျမှ စမ်းချောင်း မဟာမြိုင်လမ်းရှိ မိမိအိမ်သို့ ပြန်ရောက်ပေတော့သည်။

## (၄)

မောင်ရှိန်း ပြင်ပေးသော ထမင်းဝိုင်းဖြင့်ပင် ဇေယျာအောင် ထိုင်စားလိုက်သည်။

စာအုပ်တိုက်က မိမိကော်ပီ လိုလှပြီဟု ပြောလိုက်သည်။

ထို့ကြောင့် ညစာကို အပြင်မှာပင် ထွက်မစားတော့ဘဲ အိမ်မှာပင် စားလိုက်သည်။

ပြီး ... စာရေးစာပွဲ ထိုင်သည်။

မိမိအတွက် စာမူခသည် အရေးတကြီးမဟုတ်။ မိမိစာအုပ်ကို ပရိသတ်က လက်ခံပြီး ကြိုက်နှစ်သက်ခြင်းကို ပီတိဖြစ်ရခြင်း၊ ကြည်နူးရခြင်း၊ အရသာခံစားခြင်းသာ အဓိက ဖြစ်သည်။

ပရိသတ်ထံမှ သဘောကျ နှစ်ခြိုက်ပြီး ဩဘာပေးခံရခြင်း အရသာမှာ အခြားမည်သည့် အရသာနှင့်မှ မတူသောအရသာ ဖြစ်ပါ၏။



အိဖြစ်စေ ... အိမိဘနှင့် အိအသိုင်းအဝိုင်းသည် ဖြစ်စေ ... ဤသို့သော အရသာမျိုး လုံးဝမခံစားတတ်။ စာအုပ်လုပ်ငန်းကို အထင်ကြီးခြင်းလည်း လုံးဝမရှိကြပေ။

ဇေယျာအောင် စာရေးစားပွဲထိုင်သည်။

သို့သော် ...

စာတစ်လုံးမျှ မရေးဖြစ်သေး။ ခေါင်းထဲတွင် စာမူကို ဆက်ရေးရန် ဈာန်ဝင်၍မရ။

မနေ့ညကနှင့် ယနေ့ တွေ့ဆုံခဲ့ရသည့် ကိုခင်မောင်ဝင်း အသတ်ခံရသည့် ကိစ္စသည် ခေါင်းထဲတွင် ပလုံစီနေသည်။

ကိုခင်မောင်ဝင်းအား လူဆိုးသုံးယောက်သည် အဘယ်ကြောင့် သတ်ခဲ့လေသနည်း။

အကြမ်းဖျင်း ဇေယျာအောင်သည် စာရေးဆရာပီပီ အသေးစိတ် တွက်ကြည့်သည်။

ကိုခင်မောင်ဝင်းသည် သူ၏ မော်တော်ဆိုင်ကယ်ဖြင့် လာခဲ့သည်။ ဘယ်ကလာခဲ့ခြင်းပေနည်း။ ကိုခင်မောင်ဝင်းနှင့် မနီးမဝေးတွင် လဲကျနေသော သူ၏ မော်တော်ဆိုင်ကယ်သည် ရန်ကုန်ဘက်ဆီသို့ ဦးခေါင်းတည်နေသည်။

ကိုခင်မောင်ဝင်းကို သတ်ခဲ့သည့် လူဆိုးသုံးဦးစီးလာသော လင့်ရိုဗာကားကလည်း ရန်ကုန်ဘက်သို့ပင် ခေါင်းတည်ရပ်ထားပြီး သုံးယောက်သား ထွက်ပြေးစဉ်က လင့်ရိုဗာပေါ်တက်ပြီး ရန်ကုန်ဘက်သို့ပင် မောင်းပြေးသွားသည်။

ဒါကိုတွက်ကြည့်လျှင် ပဲခူး၊ အင်းတကော်၊ လုံးကြီး၊ ကဝ၊ လှည်းကူး စသည့် တစ်နေရာရာမှ ခင်မောင်ဝင်း မော်တော်ဆိုင်ကယ် စီးလာမည်။

ဘယ်ကစပြီး လိုက်မှန်းတော့မသိ။ လူဆိုးတို့၏ လင့်ရှိဗာကားကလည်း ကိုခင်မောင်ဝင်းနောက်မှ လိုက်လာပေမည်။

လှည်းကူးလွန်လာပြီး ထောက်ကြန့်နှင့် သုံးမိုင်ခန့်အကွာတွင် ကိုခင်မောင်ဝင်းအား လူဆိုးတွေက မိသွားမည်။

ကောင်းပြီ၊ မိသွားပြီးနောက် ... ကိုခင်မောင်ဝင်းအား လူဆိုးသုံးဦးက အကြိတ်အကဲကြီးစွာ အဘယ်ကြောင့် ရန်ပြုလေသနည်း။

ကိုခင်မောင်ဝင်းကို မိသွားပြီးနောက် ကိုခင်မောင်ဝင်း အကျီအိတ်တွေထဲမှ ပစ္စည်းတွေကို ထုတ်ယူကြည့်ကြသည်။ သူတို့လိုချင်သော ပစ္စည်းမဟုတ်သဖြင့် ဘေးသို့ ပစ်ချထားသည့် ပုံစံမျိုး တွေ့ခဲ့သည်။

ဒါဆို ... ကိုခင်မောင်ဝင်းထံမှ ပစ္စည်းတစ်ခုခု သူတို့ သိပ်လိုချင်သောကြောင့် နောက်မလိုက်လာရန်ပြုခြင်း ဖြစ်နိုင်သည်။

လူဆိုးတွေ ကိုခင်မောင်ဝင်းထံမှ အဘယ်သို့သော ပစ္စည်းကို ဤမျှသဲကြီးမဲကြီး လိုချင်ကြသနည်း။

ဒါတော့ ဇေယျာအောင် မသိနိုင်သော ကိစ္စဖြစ်ပါ၏။ ကိုခင်မောင်ဝင်းနှင့် လူဆိုးသုံးဦး သူတို့အချင်းချင်း



သာသိကြပေမည်။

ကိုခင်မောင်ဝင်းကို ဘာကြောင့် အသေသတ်သွားသနည်း။

သူတို့လိုချင်သော ပစ္စည်းရသွားပြီးနောက် နှုတ်ပိတ်သည့် သဘောဖြင့် သတ်သွားခြင်း ဖြစ်နိုင်သလို ... ကိုခင်မောင်ဝင်းက သူတို့အား ခုခံသတ်ပုတ်လေသဖြင့် သုံးယောက်နှင့် တစ်ယောက် ဝိုင်းချရင်း လက်လွန်သွားခြင်းမျိုးလည်း ဖြစ်နိုင်သည်။

ဇေယျာအောင် ခေါင်းကုတ်မိပါ၏။

တကယ်တော့ ကိုခင်မောင်ဝင်း အသတ်ခံရခြင်းအတွက် မိမိအနေနှင့် ဤမျှ ဦးနှောက်ခြောက်အောင် စဉ်းစားစရာ မလိုပေ။ မိမိတာဝန်အရ ရဲအဖွဲ့လက်သို့ အပ်ခဲ့သည်။ မိမိတွေ့မြင်သမျှနှင့် ကြုံခဲ့သမျှ ထွက်ဆိုချက်တွေ ပေးခဲ့သည်။ ကျန်ရှိသော အပိုင်းကဏ္ဍတွေမှာ ရဲအဖွဲ့နှင့်သာ သက်ဆိုင်တော့သည်။

ခက်သည်က ဇေယျာအောင်တွင် စာရေးဆရာ၏ဉာဉ် လုံးဝရှိနေရသည်။ အကြောင်းအရာ တစ်ခုအပေါ်တွင် အလေးအနက် တွေးချင်သည်။ စပ်စုချင်သည်။ စိတ်ဝင်စားချင်သည်။

မတွေးဘဲ မနေနိုင်သဖြင့် ဆက်၍တွေးမိပြန်သည်။

ကိုခင်မောင်ဝင်း၏ မိခင် ဒေါ်မေစီသည် လူအများ လေးစားထိုက်သော တက္ကသိုလ်မှ ကထိကတစ်ဦး

ဖြစ်နေသည်။

ကိုခင်မောင်ဝင်း၏ ညီမ လွင်လွင်စီကလည်း မဟာဝိဇ္ဇာတန်းတက်နေသည့် တက္ကသိုလ်မှ နည်းပြဆရာမ တစ်ဦး ဖြစ်သည်။

လူရည်သန့် ဂုဏ်သရေရှိ မိဘအသိုင်းအဝိုင်းမှ ကိုခင်မောင်ဝင်းသည် စုန်းပြူးပြီး ... လူဆိုးတွေနှင့် အဆက်အသွယ် ရှိနေဘိသနည်း။

ကိုခင်မောင်ဝင်းသည် ဘယ်လိုလူလဲ။

သူ ... ဘယ်လိုလူဟု သေချာဂဃနဏ သိရလျှင် သူ့ကို ဘာကြောင့် လူဆိုးတွေက ရန်ပြုသတ်ဖြတ်ခဲ့သည်ဆိုခြင်းကို ခြေရာခံနိုင်ပေမည်။

ကိုခင်မောင်ဝင်း ဘယ်လိုလူဟု သိရှိနိုင်ရန်မှာ ဒေါ်မေစီနှင့် လွင်လွင်စီတို့ မေးမြန်းလျှင် သိနိုင်လောက်သည်။

သို့သော် ...

လတ်တလောတွင် ကိုခင်မောင်ဝင်း သေဆုံးမှုကြောင့် ဒေါ်မေစီတို့သားအမိ ပူဆွေးသောကရောက်ချိန် ဖြစ်နေသည်။ သွားရောက် မေးမြန်းစုံစမ်းရန် မသင့်သေး။ အေးအေးဆေးဆေး ကျမှပင် သွားရောက်မေးမြန်းရန် ဇေယျာအောင် ဆုံးဖြတ်လိုက်သည်။

ဩ ... တစ်ယောက်ရှိပါသေး၏။

"**နွေနွေ**"

ဒီကောင်မလေးသည် ခင်မောင်ဝင်းနှင့် ပတ်



သက်နေသည်။ ဒီကောင်မလေး၏ အစ်ကိုရင်း ကိုကိုသက်ဆိုသူသည် ခင်မောင်ဝင်းနှင့် ရင်းနှီးခင်မင်သည့် သူငယ်ချင်းဖြစ်နေသည်။

ဒါဆို ... ကိုခင်မောင်ဝင်း မသေမီက ဘာတွေလုပ်ခဲ့သည် ဆိုခြင်းကို နွေနွေ သိနိုင်လောက်သည်။

နွေနွေတို့အိမ်သို့ မိမိရောက်သွားခဲ့စဉ်ကာမှ သူမ၏ မျက်စိမကောင်းသော မိခင်ရော နွေနွေပါ ပူပင်သောကတွေ ငိုငိုယိုယို ရှိနေသောကြောင့် ဇေယျာအောင် ခင်မောင်ဝင်းအကြောင်းကို သေချာ မမေးမိခဲ့သေး။

နက်ဖြန် သန်ဘက်ဆိုသလို ကောင်မလေး နွေနွေထံ မိမိသွားရောက်မှပဲ မေးတော့မည်ဟု ဆုံးဖြတ်လိုက်ရပြန်သည်။

ကဲ ... အပိုတွေ စဉ်းစားနေမည့်အစား မိမိ ရေးလက်စ ပြီးကာနီး စာမူကိုသာ ဆက်ရေးရန် ဇေယျာအောင် အာရုံစိုက်လိုက်သည်။

စာရေးတော့မည်ဟု အာရုံစိုက်မှ စားပွဲပေါ်တွင် ရှိနေသော ငါးသုံးလုံး စီးကရက်ဘူးဆီသို့ လက်ရောက်သွားပြီး တစ်လိပ်ကို ထုတ်ယူကာ နှုတ်ခမ်းတွင် တွဲလောင်းတပ်လိုက်သည်။

ခါတိုင်းအချိန်များတွင် ဇေယျာအောင် စီးကရက် အသောက်နည်းသည်။

စာရေးပြီးဆိုလျှင်တော့ မရေးမီ ဇာတ်လမ်းဇာတ်ကွက်နှင့် အရေးအသားကို စီးကရက်ဖြင့်မှိန်းပြီး ပထမစဉ်း

စားလေ့ရှိသည်။ စာရေးတိုင်း အကျင့်ပါနေခြင်း ဖြစ်ပါ

မီးခြစ် ... မီးခြစ်။

မီးခြစ် ... စားပွဲပေါ်တွင် ရှိမနေပေ။

ဧယျာအောင်သည် စီးရက်ဘူးနှင့် သူ၏ ဂက်

မီးခြစ်ကို စားပွဲပေါ်တွင် အမြဲပင် အသင့်ထားရှိသည်။

ယခု မီးခြစ်ကို မတွေ့။

မောင်ရှိန်း၏ လက်ချက်ပင် ဖြစ်ရမည်။

အိမ်တွင် လျှပ်စစ်မီး မှန်မှန်လာနေပါ

မောင်ရှိန်းသည် လျှပ်စစ်မီးဖို ဟော့(ထ်)ပလိပ်တို့ဖြင့် တ

ချက်သည်။

လျှပ်စစ်မီး မလာလျှင် မောင်ရှိန်းက မီးသွေးမီ

ဖြင့် တည်ချက်ပါ၏။

မီးသွေးမီးဖို မီးမွှေးပြီဆိုလျှင် မောင်ရှိန်းသ

စားပွဲပေါ်မှ မိမိဂက်(စ်)မီးခြစ်ကိုယူပြီး မီးမွှေးသည်။ မော

ပြီး မီးခြစ်ကို စားပွဲပေါ် ပြန်ထားရန် မေ့နေတတ်လေ့ရှိပါ

"မောင်ရှိန်း ... ဟေး ... မောင်ရှိန်း"

မောင်ရှိန်း ပြန်ထူးသံ မကြားရ။ ဧယျာအော

သည် စီးကရက်တွဲလောင်းဖြင့်ပင် မောင်ရှိန်း၏ အိပ်ခန်း

လျှောက်လာခဲ့သည်။

ခွေးကောင်မောင်ရှိန်း ... သူ့အိပ်ရာပေါ်တွ

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့ရသည်။

ကိုယ်စီးကရက်သောက်ရုံလေးဖြင့် နှစ်နှစ်ခြိ

ခြိုက် အိပ်ပျော်နေသည့် မောင်ရှိန်းအား နှိုးပြီး မမေးချင်





ဒ္ဒင် ဧယျာအောင် မီးဖိုဘက်ဆီသို့ မီးခြစ်ရှာရန် ထွက်လာ
ခဲ့သည်။

မီးဖိုထဲတွင်လည်း မီးခြစ်ရှာမတွေ့သဖြင့် မိမိ
အခန်းသို့ ပြန်လာခဲ့သည်။

လူ့စိတ်ဆိုသည်က အခက်သား။

မီးခြစ်ရှာမတွေ့မှ ဆေးလိပ်က ပိုသောက်ချင်
သလို ရှိလာသည်။

ဂျိတ်များတွင် ချိတ်ထားသော အင်္ကျီများထဲမှ
မီးခြစ် ရှာကြည့်သည်။

မနေ့ကဝတ်ခဲ့သော အပေါ်အင်္ကျီအိတ်ထဲတွင်
မီးခြစ်တစ်လုံး တွေ့ရသည်။

နိုင်ငံခြား ဂက်(စ်)မီးခြစ်မဟုတ်။

မြန်မာလုပ် ဒန်ရောင်မီးခြစ် ဖြစ်သည်။ အဖုံး
မှာ စွတ်ချွတ်အဖုံးမျိုး ဖြစ်သည်။

မိမိတစ်ခါမျှ မြန်မာလုပ် ဒန်မီးခြစ်ကို မသုံးဖူး
သဖြင့် ၎င်းမီးခြစ်ကို ခဏငေးကြည့်မိသည်။

သတိရပါ၏။

မနေ့ညက ကိုခင်မောင်ဝင်း လဲကျသည်ကို
သွားထူမ,စဉ် ကိုခင်မောင်ဝင်းက သွေးရူးသွေးတန်းဖြင့်
ဤမီးခြစ်ကို သူ၏အပေါ်အင်္ကျီဘေးအိတ်ထဲသို့ ထည့်ပေး
လိုက်သော မီးခြစ်ဖြစ်မှန်း ပြန်၍သတိရသည်။

ဘာမီးခြစ်ပဲဖြစ်ဖြစ် ယခုလတ်တလော စီးက
ရက် မီးညှိလို့ရလျှင်ပြီးရောဟု မီးခြစ်ဖုံးကိုချွတ်ခါ လက်မ

ဖြင့် မီးခြစ်ဘီးကို ဖိခြစ်လိုက်သည်။
ဘာမီးမှ မတောက်ရုံမက မီးခြစ်ဘီးမှာ ဝိုး
ချောင်ချောင်ကြီး ချာလပတ်လည်လိုက်လာသည်ကို တွေ့
ပြန်သည်။

"ဟာ ... အစုတ်ပလုတ်"

ဧယျာအောင်သည် စိတ်တိုစွာဖြင့် ၎င်းမြန်
မီးခြစ်ကို ပစ်ပေါက်လိုက်သည်။ မီးခြစ်လေးမှာ နံရံကိုထိ
အောက်ဘက်ကြမ်းပြင်ပေါ်သို့ တဒေါက်ဒေါက် ကျသွား
တော့သည်။

"ကဲ ... တော်ပြီ ... အိပ်တာပဲ ကောင်းတယ်"

ဧယျာအောင်က နှုတ်ခမ်းတွင် တွဲလောင်းချိ
ထားသော စီးကရက်ကို ဖြုတ်ယူကာ စားပွဲပေါ် ပစ်တင်
အိပ်ရာထက်တွင် လဲချလိုက်တော့သည်။ တစ်ခဏအတွ
အိပ်ပျော်သွားပါ၏။

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ
အလိုအလျှောက်ပင် စိတ်၏နှိုးဆော်ချက်ပေလ
မသိ။ ဆတ်ခနဲနိုးကာ မျက်လုံးကို မပွင့်တစ်ပွင့် ဖွင့်ကြ
မိသည်။

လုံးဝမမှိန်လင့်ထားသော ကီစွတစ်ခု ဖြစ်
သည်ကို တွေ့ရသည်။

မိမိအိပ်ခန်းထဲသို့ ရန်သူလူဆိုး(၃)ဦး ဝင်ရော
နေသည်ကို တွေ့ရသည်။

အားလုံးသည် အဝတ်မည်း ခေါင်းစွတ်ကိုယ



တ်ထားပြီး ခေါင်းစွတ်တွင် မျက်လုံးပေါက်နေရာ၌သာ
ပေါက်နှစ်ပေါက် ဖောက်ထားကြသည်။

သူတို့မျက်နှာကို မမြင်ရသောကြောင့် ဘယ်သူ
ယ်ဝါတွေမှန်း မသိနိုင်။

တစ်ယောက်က ဧယျာအောင် အိပ်နေသည့်
စ်ယောက်အိပ် ခုတင်ဘေးတွင် လက်ထဲ၌ ဓားမြှောင်ကိုင်
ရပ်နေသည်။ ဧယျာအောင် နိုးလာလျှင် အသင့်စီးမိ
အောင် ရပ်စောင့်နေခြင်းဖြစ်သည်။

ကျန်နှစ်ယောက်က ဧယျာအောင်၏ ဗီရိုကို
င်သူကဖွင့်ပြီး ... စားပွဲအံဆွဲတွေကို ဖွင့်သူကဖွင့်ပြီး တစ်ခု
စ်ခုကို သဲသဲမဲမဲ ရှာဖွေနေကြသည်။

ညက ဧယျာအောင်သည် စာရေးမည်ဆိုပြီး
ပွဲပေါ်ရှိ တေဘယ်(လ်)လင့်မီးအိမ်ကို ဖွင့်ထားသည်။
ဘရက်သောက်ရန် မီးခြစ်မရှိသည့်အဆုံး ဒီအတိုင်း အိပ်ရာ
င် ထိုးအိပ်ခဲ့ရာ စားပွဲပေါ်မှ မီးအိမ်ကို ခလုတ်မပိတ်မိဘဲ
မြဲပွင့်နေသည်မို့ သူတို့သုံးယောက်လုံးအား မှေးဖွင့်ကြည့်
သာ မျက်လုံးဖြင့် အားလုံး မြင်တွေ့နေရသည်။

ဧယျအောင် တစ်ရေးနိုးမျက်လုံးဖွင့်ကြည့်စဉ်
မိမိဘေးမှ ရပ်နေသည့် ဓားမြှောင်ကိုင် လူဆိုးသည်
ယျာအောင်အား မကြည့်ဘဲ သူ့လူနှစ်ယောက် ဗီရိုဖွင့်
ဆွဲဖွင့် ရှာဖွေနေသည်ကို သူပါလိုက်ကြည့်နေသဖြင့် ဧယျာ
အောင် တစ်ရေးနိုးလာသည်ကို ထိုသူ မသိမမြင်ပေ။

ခုတင်ဘေး ဓားသမားက မိမိဘက်သို့ ပြန်လှည့်

သည်နှင့် ဖေယျာအောင်က မျက်စိမှိတ်ခါ နဂိုအိပ်မောကျ ပုံ့အတွင်း နေလိုက်သည်။

ဖေယျာအောင် ဦးနှောက်သည် အပြင်းအထန် ငြိုးစားတော့သည်။

(၃)ယောက်နှင့်တစ်ယောက် ဖြစ်သည့်ပြင် သူတို့တွင် အနည်းဆုံး ဓားမြှောင်ကိုယ်စီ ပါရှိသောကြောင့် ပြန်လည်မတိုက်ခိုက်ဘဲ ဒီအတိုင်း ငြိမ်နေရမည်လား။

မိမိကိုင်ဆောင်နေသော ပစ္စတိုသေနတ်ကလည်း ကားထဲမှ ဒက်(ရှ်)ဘုတ်တဲတွင် ထည့်ထားသည်မှာ ပြန်မယူ ရသေး။

ယခုမျက်မြင်အားဖြင့်မူ ဓားမြှောင်အသင့်ကိုင်ထားသူမှာ မိမိအိပ်ရာဘေးတွင် ရပ်စောင့်နေသူ တစ်ဦးသာ ဖြစ်သည်။

ကျန်နှစ်ယောက်မှာ ဗီရိုဖွင့် အံဆွဲဖွင့်နှင့်မို့ လက်မအားသောကြောင့် ဓားမြှောင်ကိုင်ထားခြင်း မရှိ။

ဗီရိုထဲမှာရော အံဆွဲထဲမှာရော ပစ္စည်းတွေကို မွှေနှောက်ရင်း သူတို့အလိုရှိသော ပစ္စည်းမဟုတ်သဖြင့် ကြမ်းပြင်တွင် ပစ်ချထားသည်မှာ ဗရပွကျဲနေပါ၏။

ယင်းအခိုက်မှာပင် အိမ်ရှေ့ဧည့်ခန်းဆီမှ တဝုန်းဝုန်းအသံတစ်ခု ထွက်လာသည်။

မိမိအိပ်ရာဘေးတွင် ဓားမြှောင်ကိုင်ထားသူက သူ့လူနှစ်ယောက်ကို လှမ်းအမိန့်ပေးသံ ထွက်လာသည်။

"ဟေ့ကောင် ... ဗယ်ကျော် ... အပြင်ဘက် ထွက်



ကြည့်စမ်း၊ မင်းတို့ကြိုးနဲ့တုတ်ထားခဲ့တဲ့ကောင် လွတ်ပြီး ထွက်ပြေးတာ ဖြစ်မယ်"

သူတို့သုံးဦးသည် အိမ်ထဲသို့ ဝင်မိသည်နှင့် မောင်ရှိန်းကိုတွေ့ပြီး ဖမ်းဆီးကြိုးတုတ်ထားသည်ပဲ ဖြစ်ပေသည်။ ယခု မောင်ရှိန်း ကြိုးလွတ်ပြီး ထွက်ပြေးသောအသံ ဖြစ်လေသလားမသိ။

ဓားမြှောင်ကိုင်၏ အမိန့်ကြောင့် ကျန်နှစ်ယောက်ထဲမှ တစ်ယောက်သည် အပြင်သို့ ထွက်သွားသည်။

ယင်းအချိန်ဝယ် ဖေယျာအောင်အဖို့(၂)ယောက်နှင့်(၁)ယောက်။

ဖေယျာအောင်၏ ဉာဏ်ခြေသည် မြန်မှမြန် သွက်မှသွက်။

ခုတင်ဘေးတွင်ရပ်ပြီး အပြင်ဘက်သို့ နားစွင့်နေသည့် ဓားမြှောင်ကိုင်လူဆိုး၏ ဝမ်းဗိုက်ကို ခြေဦးထိုးအရှိန်ဖြင့် ကန်ပစ်လိုက်သည်။

ဓားမြှောင်ကိုင်လူဆိုးမှာ ရုတ်တရက် မြင်းတစ်ကောင် အကန်ခံလိုက်ရသည့်အလား နောက်သို့ လေးငါးခြေလှမ်း လွင့်သွားပြီး ဖင်ထိုင်လဲကျသွားတော့သည်။

ဖေယျာအောင် ဆတ်ခနဲ အိပ်ရာမှ ထ,ရပ်လိုက်လေပြီ။ ကျန်နေသော တစ်ယောက်က ဓားမြှောင်ဆွဲထုတ်သည်ကို မြင်ရသည်။

ဖေယျာအောင်သည် ဖျတ်ခနဲ သူ၏စာရေးစားပွဲပေါ်သို့ ခုန်တက်လိုက်သည်။

စားပွဲအောက်တွင် ရှိနေသည့် ခါးမြှောင်သမားအဖို့ စားပွဲပေါ်တွင် တက်ရောက်သွားသည့် ဇေယျာအောင်အား ခါးနှင့်ထိုးရန် မလွယ်တော့ပေ။ အကယ်၍ အောက်ကနေ ထိုးသည်ထားဦး ... ခြေထောက်ပိုင်းကိုသာ သူထိုးနိုင်မည်။ သေလောက်သော နေရာကိုထိုးရန် သူ့တွင်အခွင့်အရေး မရှိပါလေတော့။

ဇေယျာအောင်၏ စားပွဲမှာ နံရံကပ်စန္ဒရားပုံစံ စားပွဲဖြစ်သဖြင့် ရန်သူသည် နောက်ကျောဘက်မှလည်း ဝင်ရောက်နိုင်ခွင့် မရှိပေ။

အခြေအနေမှာ စာရေးစားပွဲပေါ်တွင် ရောက်နေသော ဇေယျာအောင်အား ခါးနှင့်ထိုး၍ မရနိုင်တော့မှန်း သဘောပေါက်သော လူဆိုးခေါင်းဆောင်သည် သူ့လက်ထဲမှ ခါးမြှောင်ဖြင့် ဇေယျာအောင်အား ပစ်ပေါက်တော့သည်။ ဝှီးခနဲ ပစ်ပေါက်ခါးမြှောင် ပျံဝဲလာပါ၏။

ဒါမျိုးတော့ ဇေယျာအောင်က လေ့ကျင့်ထားပြီးသား။ အဝေးမှ ပစ်ပေါက်သည်ကို အလွယ်တကူ ရှောင်လိုက်ရာ ခါးမြှောင်မှာ နံရံကိုထိပြီး စားပွဲပေါ်သို့ပင် ပြန်ကျလာပေသည်။

ဇေယျာအောင်သည် ခါးကိုကုန်း၍ မကောက်နိုင်သေးပေ။

အပြင်ထွက်သွားသော ဘယ်ကျော်ဆိုသူ ပြန်ရောက်လာပြီး ခါးမြှောင်ကိုယ်စီဖြင့် လူဆိုးတပည့်နှစ်ယောက်သည် ဇေယျာအောင်၏ စားပွဲဆီသို့ ချဉ်းကပ်လာသည်။



ဇေယျာအောင်က ခြေလှမ်းမီအောင် ချဉ်းကပ်လာသည့် လူဆိုး၏ ဦးခေါင်းကို စားပွဲပေါ်မှ ကန်ပစ်လိုက်ပြန်သည်။

အကန်ခံရသော လူဆိုးမှာ ချာလပတ်လည်ပြီး ဒယီးဒယိုင် ဖြစ်သွားပါ၏။

ထိုစဉ်မှာပင် မောင်ရှိန်းသည် အခန်းတံခါးဝသို့ ရောက်လာသည်။ သူ့လက်ထဲတွင် ကားဒက်(ရှ်)ဘုတ်ထဲ ဘည့်ထားသည့် ပစ္စတိုကို ကိုင်ဆောင်လာပါ၏။

လက်ထဲမှ ပစ္စတိုဖြင့် လူဆိုးသုံးယောက်ဆီသို့ ပြောင်းချိန်ကာ ခလုတ်ဆွဲလိုက်ပေသည်။

လူဆိုးသုံးယောက်စလုံး အထိတ်တလန့်ဖြင့် ကြမ်းပေါ်သို့ ဝမ်းလျှားထိုး ပစ်မှောက်ကြသည်။

မောင်ရှိန်း ... အူလေပြီ။ ဒီကောင်ပစ္စတိုသေနတ် မပစ်တတ်ပေ။ ပြောင်းကို ငုံထားသော ဆွဲမောင်းကို မဆွဲဘဲ ဒီအတိုင်း ပစ်နေခြင်း ဖြစ်ပါ၏။

အဘယ်မှာလျှင် ကျည်ဆန်ထွက်ပါလေမည်နည်း။

လူဆိုးသုံးယောက်သည် မောင်ရှိန်း အူမှန်းသိသွားပေသည်။ အားလုံးရဲရဲကြီး မတ်တတ်ရပ်ပြီး မောင်ရှိန်းဆီသို့ မျက်နှာမူလိုက်သည်။

"ရော ... ဆရာ"

ဒါကျတော့လည်း မောင်ရှိန်းပါးနပ်ပေသည်။ သူပစ်၍ မရသော ပစ္စတိုကို ဇေယျာအောင်ဆီသို့ လူဆိုးသုံး

ယောက်ဦးခေါင်းမှ ကျော်ပြီး ပစ်ပေးလိုက်သည်။

ဇေယျာအောင်က အလွယ်တကူပင် ဖမ်းယူပြီး ပန္နတိုး၏ ငုံပြောင်းကိုဆွဲကာ မောင်းတင်လိုက်သည်နှင့် လူဆိုးသုံးဦးစလုံးသည် မောင်ရှိန်းအားမှပင် တိုးတိုးဖေ့ဖေ့ဖြင့် အပြင်သို့ ထွက်ပြေးကြတော့သည်။

ဇေယျာအောင် စားပွဲပေါ်မှ ခုန်ဆင်းပြီး လူဆိုးများနောက်သို့ လိုက်သေးသည်။

သို့သော် လူဆိုးတွေသည် ထွက်ပေါက်ကို အသင့်ဖွင့်ထားခဲ့ပြီး မြို့ပြင်ရောက်အောင် တအားစွတ်ပြေးကြပေသည်။

ဇေယျာအောင် လှမ်းပစ်မည် ဆိုပါက လူဆိုးတစ်ဦးဦး၏ နောက်ကျောကို ပစ်နိုင်ပါ၏။

သို့သော် ... ဇေယျာအောင် ထွက်ပြေးသူ၏ နောက်ကျောကို မပစ်လိုသည်ကတစ်ကြောင်း၊ သေနတ်သံဆူဆူညံညံနှင့် ဆက်၍အမှုရှုပ်မည်ကို မလိုလားသောကြောင့်တစ်ကြောင်း မပစ်တော့ပေ။

လူဆိုးသုံးဦးစလုံး မြို့ပြင်ဘက်တွင် ရပ်ထားသောသူတို့မော်တော်ကားဆီတက်ခါ မောင်းပြေးတော့သည်။

ဇေယျာအောင် မြို့ဝသို့ရောက်သောအခါ မော်တော်ကားသည် လမ်းကွေ့တွင် ပျောက်ကွယ်သွားပြီ။ မည်သည့်ကားအမျိုးအစားမှန်းလည်း မမြင်လိုက်။ ကားနံပါတ်ကိုလည်း မတွေ့လိုက် ဖြစ်သွားရပေသည်။

"မြို့တံခါး ပြန်ပိတ် မောင်ရှိန်း"



ဇေယျာအောင်သည် အိမ်ပေါ်သို့ ပြန်တက်ပြီး ဧည့်ခန်းဆိုဖာတွင်ထိုင်ကာ မောင်ရှိန်း ပြန်အလာကို စောင့်နေတော့သည်။

တစ်ခဏအတွင်း မောင်ရှိန်း ပြန်လာပါ၏။

"ကဲ ... ဆိုစမ်း မောင်ရှိန်း ... ဒီကောင်တွေ အိမ်ထဲကို ဘယ်လိုရောက်လာတာလဲ။ မင်းကို ဘာလုပ်သလဲ၊ ဘာတွေကော ပြောသွားသေးလဲ"

"အိမ်ထဲကို ဘယ်လိုရောက်လာမှန်း မသိဘူးဆရာ ... ကျွန်တော် တစ်ရေးနိုးပြီး ရေထသောက်တော့ သူတို့နဲ့ အိမ်ထဲမှာ ပက်ပင်းတိုးတာပဲ။ ကျွန်တော့်ကို ဓားမြှောင်နဲ့တော့ပြီး ပါးစပ်ပိတ်တယ်။ ခြေတွေလက်တွေကို ကြိုးနဲ့တုတ်တယ်။ ပြီး ... ကျွန်တော့်ခေါင်းကိုထုတာ ကျွန်တော် သတိမေ့သွားတယ်။ ကျွန်တော်သတိရတော့ ကြမ်းပေါ်မှ ခြေလက်ကိုတုတ်ထားလျက်သားကြီး ဖြစ်နေတယ်။ သူတို့သုံးယောက်လုံး ဆရာ့အခန်းထဲ ရောက်နေတယ်။ ကျွန်တော် ကြံဖန်ပြီး လက်မှာတုတ်ထားတဲ့ကြိုးကို သွားနဲ့ကိုက်ဖြတ်တယ်။ အကြာကြီးဖြတ်ရတယ်၊ လက်ကကြိုးပြတ်ပြီး ပြေသွားတာနဲ့ ခြေထောက်ကို တုတ်ထားတဲ့ကြိုးကို ဖြေပြီး ကျွန်တော် ပွင့်နေတဲ့တံခါးက အပြင်ကို တအားစွတ်ပြေးတယ်။ ဆရာ့ကားထဲမှာ သေနတ်ရှိမှန်း ကျွန်တော်သိလို့ သေနတ်ကိုယူပြီး သူတို့ကို ပြန်လာပစ်တာ သေနတ်က ကျွန်တော်ပစ်တာ ကျည်ဆန်မထွက်ဘူး"

"မင်း ... ငါ့တပည့်ဖြစ်ပြီး ညံ့သေးတယ်"

"ဟာ ... ဆရာကမှ ကျွန်တော့်ကို သေနတ်ပစ် သင်မထားတာ"

နှစ်ယောက်သား အိမ်ကိုလျှောက်ကြည့်သည်။ ထမင်းစားခန်းမှ မှန်ပြတင်းပေါက်ကို ကော်ကပ်ပြီး စိန်နှင့်ဖြတ်ခါ လက်လျှိုသွင်း မင်းတုံးကို ဖြုတ်ဝင်ကြခြင်း ဖြစ်သည်။ အိမ်ထဲရောက်ပြီးမှ ထွက်ပေါက်တံခါးကို အသင့်ဖွင့်ထားခြင်း ဖြစ်ပေမည်။

"မင်း ... ခြံတံခါးကို အထဲက သော့ခတ်မပိတ်ဘူးလား မောင်ရှိန်း"

"အထဲက သော့ခတ်လေ့မှ မရှိတာပဲဆရာ"

"အေး ... ဒါဆို နောက်ကို အမြဲခြံတံခါး အတွင်းက သော့ခတ်"

မှန်ပေါက်ပြတင်းကို ယာယီအားဖြင့် မောင်ရှိန်းက အထဲမှ သစ်သားချောင်းများကာလန့်ပြီး သံရိုက်ပိတ်လိုက်သည်။

ဇေယျာအောင်သည် ရဲသို့တိုင်ကြားသင့် မတိုင်ကြားသင့် စဉ်းစားသည်။ မိမိအနေနှင့် လူဆိုးများအကြောင်းကို ဘာမှ ဂဃနဏ မပြောနိုင်။ လူဆိုးတွေ၏ မျက်နှာကိုပင် မြင်ရမည်မဟုတ်။

ရဲကို မတိုင်တော့ဘဲ လူဆိုးခေါင်းဆောင် မိမိကို ပစ်ပေါက်ခဲ့သည့် ဓားမြှောက်ကို လက်ကိုင်ပဝါဖြင့် အုပ်ကိုင်ပတ်ထားပြီး စားပွဲအံဆွဲထဲ ထည့်ထားလိုက်သည်။ ဓားမြှောင်



လက်ကိုင်ရိုးတွင် မြွေတစ်ကောင်ပါးပြင်းထောင်နေပုံ ထွင်းထားသည်ကိုတွေ့ပြီး ခေါင်းထဲတွင် မှတ်ထားလိုက်သည်။

ဤလူဆိုးသုံးဦးသည် ထောက်ကြန့်အနီးတွင် ကိုခင်မောင်ဝင်းကို သတ်ခဲ့သည့် လူဆိုးသုံးဦးပေလား။

ဓားမြှောင်ကိုင်ကြခြင်းကို ထောက်လျှင် ကိုခင်မောင်ဝင်းကို ဓားမြှောင်နှင့် ထိုးခဲ့သည့်လူဆိုးများ ဖြစ်နိုင်လောက်သည်။

သူတို့သည် ခင်မောင်ဝင်းထံမှ တစ်ခုခုရလို၍ ကြောင့် ကိုခင်မောင်ဝင်းကို သတ်ခဲ့သည်။

ယခု ... မိမိထံမှ သူတို့ဘာလိုချင်ကြခြင်းပေနည်း။

❀ ❀ ❀

## (၅)

"လဲချင်လည်း အပိုင်လဲကွာ ဓေယျာအောင်"

"မင်းနာနေပါ့မယ် အောင်ရှိန်ရာ ... စဉ်းစဉ်းစားစားလဲ ပြောပါ"

ဓေယျာအောင်က သူ၏ အက်(စ်)အီးကားနှင့် မြေနီကုန်းမှ သူငယ်ချင်း အောင်ရှိန်၏ ဟွန်ဒါမော်တော်ဆိုင်ကယ် ဒီနေ့တစ်ရက် လဲစီးရန် ပြောကြားရင်း သူငယ်ချင်းနှစ်ယောက် နောက်ပြောင်ပြောဆိုနေကြခြင်း ဖြစ်ပါ၏။

မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ခဏတဖြုတ် လဲစီးကြမည်ဆိုမှ ဓေယျာအောင်သည် အောင်ရှိန်၏ ဟွန်ဒါမော်တော်ဆိုင်ကယ်ကို သေရှာကြည့်မိသည်။

ဟိုနေ့ညက ကိုခင်မောင်ဝင်း စီးခဲ့သည့် မော်တော်ဆိုင်ကယ်နှင့်အမျိုးအစားခြင်းရော ... အရောင်အသွေးချင်းရော တူညီနေသည်ကို ဓေယျာအောင် သတိထားမိသည်။

ဤမော်တော်ဆိုင်ကယ်ကို မိမိစီးသွားလျှင် ...



ဦးခေါင်းမျက်နှာကို ဖိုက်ဘာဦးထုပ် ဆောင်းထားပါက ကိုခင်မောင်ဝင်း၏ အပေါင်းအသင်းတစ်ချို့တွေ့လျှင် မိမိကို ကိုခင်မောင်ဝင်း ဟူ၍ပင် မှတ်တင်ကြမလား မပြောတတ်။

ယခု အောင်ရှိန်၏ မော်တော်ဆိုင်ကယ်နှင့် ခေတ္တလဲစီးခြင်းမှာ ဓေယျာအောင်သည် ယနေ့ ... နွေနွေတို့ အိမ်သို့ သွားလိုခြင်းကြောင့် ဖြစ်ပါ၏။

နောက်တစ်ချက်မှာ ... မနေ့ညက လူဆိုးတွေသည် မိမိကားအမျိုးအစားနှင့် နံပါတ်ကို သိရှိထားပုံရသည်။ မနေ့ညက မိမိအိမ်ကို သိရှိနေခြင်းမှာလည်း ကားနံပါတ်မှတစ်ဆင့် လိုက်စုံစမ်းပြီး သိရှိသွားခြင်း ဖြစ်နိုင်သည်။

နွေနွေတို့ လမ်းထဲသို့ မိမိ၏ အက်(စ်)အီးကားကြီး ယူမသွားချင်သည့်အပြင် ခင်မောင်ဝင်း ရှိစဉ်က မော်တော်ဆိုင်ကယ်နှင့်ပင် နွေနွေတို့အိမ်သို့ ဝင်ထွက်နေသည့် ပုံစံအတိုင်း မိမိသွားလိုခြင်းကြောင့် ဖြစ်ပါ၏။

ပထမတုန်းကတော့ ... ကိုခင်မောင်ဝင်း၏ကိစ္စသည် မိမိအဖို့ ပြီးပြီးရော ... ကျန်တာတွေ သက်ဆိုင်ရာရဲအဖွဲ့က ဆက်၍ဆောင်ရွက်ပလေ့စေတော့ဟု သဘောထားမိသည်။

ယခုမူ ... မနေ့ညက လူဆိုးသုံးယောက် မိမိအား စတင်လာရောက် ပတ်သက်လာပြီမို့ ပိုမိုစိတ်ဝင်စားလာသည်။ ရန်သူကိုပြန်၍ ခြေရာကောက်ချင်လာသည်။

ယင်းသို့ လုပ်ရမည့် အတွက်လည်း ဓေယျာအောင် စိတ်ထဲက ပျော်သလိုလို ရှိလာသည်။

နဂိုဗီဇနှင့် ဝါသနာကိုက အမဲလိုက်ချင်သည်။ စွန့်စားမှုတွေ လုပ်ချင်သည်။ စာရေးသည့် အချိန်မှလွဲပြီး အိမ်မကပ်ချင်၊ ဟိုဟိုဒီဒီတွေ သွားချင်လာချင်မိသည်။ ဤဗီဇနှင့် ဝါသနာကြောင့်လည်း အိန္ဒိယနှင့်ဓွာပြဲရခြင်းပင် မဟုတ်လား။

ဇေယျာအောင်သည် ဖိုက်ဘာဦးထုပ်ဆောင်း အောင်ရှိန်၏ မော်တော်ဆိုင်ကယ်စီးကာ နွေနွေဆီသို့ လာခဲ့တော့သည်။

ကမာရွတ် လှည်းတန်း လမ်းကျဉ်းလမ်းသွယ်လေးထဲ ဝင်ပြီး နွေနွေတို့အိမ် ခြံဝတွင် ရပ်လိုက်သည်။

"ဟော ... အစ်ကို"

နွေနွေသည် ကလေးတစ်ယောက်သဖွယ် ဝမ်းသာအားရ ခုန်ပေါက်ပြီး အိမ်ပေါ်မှ ပြေးဆင်းလာပြီး ခြံဝတွင် ဇေယျာအောင်အား ထွက်ကြိုသည်။

"အတော်ပဲ ... နွေနွေက အစ်ကို့ကို မျှော်နေတာ"

"တို့ကို နွေနွေက ဘာလို့ မျှော်နေတာလဲ"

"လာ ... အစ်ကို၊ အိမ်ပေါ်ကျမှ နွေနွေ ပြောပြမယ်။ မော်တော်ဆိုင်ကယ်ကို ခြံထဲအထိ ဝင်ပါလားအစ်ကို။ အစ်ကိုခင်မောင်ဝင်းတုန်းကလဲ သူ့မော်တော်ဆိုင်ကယ်ကို ခြံထဲအထိ ဝင်လေ့ရှိတယ်"

သူမတို့၏ ခြံတံခါးလေးသည် မော်တော်ဆိုင်ကယ် ဝင်နိုင်လောက်အောင်တော့ ကျယ်ပေသည်။

မော်တော်ဆိုင်ကယ် သွင်းပြီးနောက် အိမ်ပေါ်ဖျာချောလေးပေါ် ထိုင်သည်နှင့် နွေနွေကလည်း လာရောက်



ိုင်လိုက်သည်။ သူမ၏ လက်ထဲတွင် ကတ္တီပါအနက်ရောင် ြီးဆွဲရုံ့အိတ်လေးတစ်အိတ် ကိုင်ထားသည်ကိုလည်း တွေ့ သည်။

"ကဲ ... ဆို ... နွေနွေ တို့ကို ဘာတွေပြောချင်လို့ မျှော်နေတယ်ဆိုတာ"

"မနေ့က ရှစ်နာရီလောက်မှာ ကိုလှိုင်ဘွားဆိုတဲ့လူ နွေနွေတို့အိမ်ကို လာလည်တယ်အစ်ကို။ သူ့မှာ အဖော် တစ်ယောက်လည်းပါတယ်"

"နေဦး ... လှိုင်ဘွားဆိုတာက ဘယ်သူလဲ"

"ကိုလှိုင်ဘွားဆိုတဲ့လူက ကိုကိုသက်နဲ့ ရန်ဖြစ်ပြီး ... ကိုကိုသက်က ဓားနဲ့အထိုးခံလိုက်ရတဲ့လူပဲ ... အဲဒီလူကို နွေနွေ နာမည်သာ ကြားဖူးတာ၊ မနေ့ညကမှ အဲဒီ ကိုလှိုင်ဘွားဆိုတဲ့လူကို နွေနွေ မြင်ဖူးတာ"

"ဘာလဲ ... အဲဒီ လှိုင်ဘွားဆိုတဲ့လူက နွေနွေကို အန္တရာယ် ပေးသွားလို့လား"

"အန္တရာယ်တော့ မပေးဘူး အစ်ကို။ ဒါပေမယ့် နိုင့်ထက်စီးနင်း လုပ်သွားတဲ့ သဘောမျိုးတော့ ရှိတယ်"

"ဘယ်လို နိုင့်ထက်စီးနင်းလဲ"

"အိမ်ပေါ်တက်လာတာနဲ့ နင်တို့အိမ် တစ်အိမ်လုံး ငါရှာမယ်လို့ပြောပြီး သူ့လက်ထဲက ဓားမြှောင်ကို ကြမ်းပြင်မှာ စိုက်ပြလိုက်တယ်။ ဒါငါ့ကိုဓားနဲ့ထိုးတဲ့ သက်မင်းရဲ့အိမ်ပဲ။ သက်မင်း ထောင်ကျသွားတော့ ခင်မောင်ဝင်းက ဒီအိမ်ကို အလာများတယ်။ ပတ္တမြားညီ

နောင်ဟာ ဒီအိမ်မှာပဲ ရှိရမယ်တဲ့"

"ဘာရယ် နွေနွေ ... ပဏ္ဍုမြားညီနောင် ဟုတ်လား။ ဘာလဲ ... ပဏ္ဍုမြားညီနောင်ဆိုတာ"

"အဲဒါ ... နွေနွေ ဘယ်သိမလဲ အစ်ကို"

"ထားပါတော့ ... နွေနွေက ဒီလှိုင်ဘွားဆိုတဲ့လူနဲ့ သူ့အဖော်ကို ဘာလို့ တံခါးဖွင့်ပေးလဲ"

"ဖွင့်ပေးတာ မဟုတ်ဘူးအစ်ကို။ ပွင့်နေတဲ့ တံခါးက သူတို့ဝင်လာတာ။ နွေနွေ အပြင်သွားတဲ့ အခါမှာသာ မေမေက မျက်စိမကောင်းလို့ အိမ်တံခါးတွေ အတွင်းက မင်းတုံးထိုးပိတ်တာ။ နွေနွေရှိတဲ့ အချိန်မှာဆို တံခါးတွေ ဖွင့်ထားတာ"

"ဘာလို့ ဖွင့်ထားလဲ ...။ ကိုယ့်မှာ အမေမျက်စိမကောင်းနဲ့ ... ကိုယ်တိုင်ကလည်း အပျိုလေးပဲဟာ၊ တခါးအတွင်းပိတ်နေပေါ့"

"မကောင်းဘူးပေါ့အစ်ကို ... အဲဒီလိုနေရင် ဒီကောင်မက ဘယ်လောက်ချမ်းသာနေလို့ အိမ်တံခါး ပိတ်နေတာလဲ ... ဘာလဲနဲ့ အပြောခံရတယ်။ ရပ်ကွက်သဘောအရ သူ့အိမ်ကိုယ်ဝင် ကိုယ့်အိမ်သူဝင်နေမှ ခွင်ကျတာ"

နွေနွေ၏အပြောကို ကာလ ဒေသ ပယောဂအရ ဇေယျာအောင် ရင်ထဲက လက်ခံရပါ၏။

"နေဦး ... အဲဒီ လှိုင်ဘွားကို နွေနွေက လှိုင်ဘွားမှန်း ဘယ်လိုသိတာလဲ"





"သူက ငါ လှိုင်ဘွားတဲ့၊ နင့်အစ်ကို သက်မင်းက ငါ့ကို ဓားနဲ့ထိုးတာတဲ့ ... သက်မင်းရော ခင်မောင်ဝင်းပါ ဟိုတုန်းက ငါတို့နဲ့ တစ်ဖွဲ့ကည်းသားတွေတဲ့။ သက်မင်းနဲ့ ခင်မောင်ဝင်းက ငါတို့ကို သစ္စာဖောက်လို့ သက်မင်းနဲ့ငါ စကားများရန်ဖြစ်ပြီး ငါ့ကို သက်မင်းကဓားနဲ့ထိုးတာတဲ့"

"လှိုင်ဘွားနဲ့ အဖော်ပါလာတဲ့ လူကကော ဘယ်သူတဲ့လဲ"

"အဲ့ဒါတော့ နွေနွေ မသိဘူး အစ်ကို"

"ဒါဆို ဆက်ပြောပါဦး ... သူတို့နှစ်ယောက်အိမ်ထဲကို ရောက်လာပြီး ဘယ်လိုတွေ လုပ်တယ်ဆိုတာ"

"တစ်အိမ်လုံး မွှေနှောက်ရှာတာပဲအစ်ကို၊ အထူးသဖြင့် ကိုကိုသက်ရဲ့သေတ္တာကို အသေးစိတ်ရှာတယ်။ ဟောဒီ ကတ္တီပါအိတ်အနက်လေး သူတို့တွေ့သွားတယ်"

နွေနွေက သူမလက်ထဲတွင် ကိုင်ထားသော ကတ္တီပါအနက်ရောင် ရှုံ့အိတ်လေးကို ဇေယျာအောင်အား လှမ်းပေးသည်။

ဇေယျာအောင် ယူကြည့်ပါ၏။

အလွန်အသားကောင်းသော ရှေးကတ္တီပါသားဖြစ်ပါ၏။ အနက်ရောင်တောက်ပနေသည်။ အိတ်ကလေးထိပ်တွင် ပိုးကြိုးအနီလေး ဝိုက်တပ်ထားသည်။ ဖွင့်လိုလျှင် ပိတ်လိုလျှင် ယင်းပိုးနီကြိုးလေးကို ဆွဲ၍ပိတ်ဖွင့် ရှုံ့အိတ်လေးဖြစ်ပါ၏။

ယင်းသို့သော ကတ်ီပါအိတ်မျိုးကို ပဲခူးရှိ ဘိုးဘို
ဦးဘခက်အိမ်တွင် ခဏခဏ ဇေယျာအောင် တွေ့ဖူးသည်
ဘွားဘွား မကွယ်လွန်မီကဆိုလျှင် ထိုကတ္တီပါ ရှံ့အိတ်လေး
ထဲ ငွေစက္ကူများထည့်ပြီး သုံးစွဲတတ်ကြောင်းကိုပင် ဇေယျာ
အောင် သတိရမိသည်။

"ကဲ ... ဆက်ပြောပါဦး"

"အဲဒီ ကိုလှိုင်ဘွားဆိုတဲ့လူက ကတ္တီပါအိတ်လေးကို
တွေ့သွားပြီ ဒီအိတ်လေးထဲက ပစ္စည်းတွေ ဘယ်မှာ
လဲလို့ မေးတယ်။ နွေနွေက မသိမှမသိတာ မသိဘူး
လို့ပြောလိုက်တယ်။ ဒီကတ္တီပါအိတ်တောင် အခုမှမြင်
ဖူးတာ ကိုကိုသက်ရဲ့သေတ္တာကို နွေနွေတို့ ဘယ်တော့
မှမကိုင်ဘူးလို့ ပြောလိုက်တယ်။ ဒီတော့ သူတို့နှစ်
ယောက် အချင်းချင်းပြောကြတယ်၊ ဒီကောင်မလေး
ပြောတာ ဟုတ်နိုင်တယ်တဲ့။ သက်မင်းအနေနဲ့ မျက်စိ
မကောင်းတဲ့ သူ့အမေနဲ့ သိပ်ငယ်သေးတဲ့ သူ့ညီမလေး
ကို သူ့ကိစ္စတွေ ဘာမှပြောလေ့မရှိဘူး။ အပ်လေ့မရှိ
ဘူးတဲ့"

"ဒါဆို တော်သေးတာပေါ့ ... နွေနွေတို့ သားအမိကို
ရိုက်နှက်မမေး မစစ်ဆေးတာ"

"ဟုတ်တယ်အစ်ကို ... အဲဒီတော့ ကိုလှိုင်ဘွားနဲ့ပါလာ
တဲ့ အဖော်က ဒါဖြင့် ပတ္တမြားညီနောင် ဘယ်မှာလဲ။
ခင်မောင်ဝင်းရဲ့ ကိုယ်မှာရော မော်တော်ဆိုင်ကယ်မှာ
ရော ရှာလို့မှ မတွေ့တာတဲ့။ နောက်ပြီး ထောက်ကြန့်



ရဲစခန်းမှာ အပ်ခဲ့တဲ့ ပစ္စည်းတွေကလည်း ခင်မောင်
ဝင်းရဲ့ကိုယ်မှာ တို့ရှာရင်းဖွေရင်း ဘောကိုလွှင့်ပစ်တဲ့
ပစ္စည်းတွေချည်းပဲတဲ့။ အဲဒီတော့ ကိုလှိုင်ဘွားဆိုတဲ့
လူက ပြန်ပြောတယ် ... ဒါဆို ... ဟိုဇေယျာအောင်
ဆိုတဲ့ကောင်ပဲ ပတ္တမြားညီနောင်ကို တွေ့သွားတာ
ဖြစ်ရမယ်တဲ့"

"ဩ ... သူတို့က တို့နာမည်တောင် သိနေသလား
နွေနွေ ... ထုတ်ပြောသလား"

"ဟုတ်တယ်အစ်ကို။ ဒီနောက် ဇေယျာအောင်ကို
ကိုကိုသက် ထောင်မကျခင်ကတည်းက သိကျွမ်းတာ
လား၊ ဒါမှမဟုတ် ကိုကိုသက် ထောင်ကျပြီးမှ သေ
သွားတဲ့ ခင်မောင်ဝင်းနဲ့ အစ်ကိုဇေယျာအောင်ဟာ
ဆက်သွယ်ကြတာလားလို့ နွေနွေ့ကို မေးပြန်တယ်"

"နွေနွေက ... ဇေယျာအောင်ဆိုတာ ဘယ်သူလဲလို့
ပြန်မေးမိတယ်။ ဟုတ်တယ်လေ ... အဲဒီအချိန်ထိ
အစ်ကို့နာမည်ကို နွေနွေ တကယ်သိမှ မသိတာ။
အစ်ကိုက နွေနွေ့ကို အိမ်အထိ လိုက်ပို့ပေးပေမယ့်
အစ်ကို့နာမည် ဘယ်သူလဲ၊ အစ်ကိုဘယ်မှာနေလဲလို့မှ
မမေးမိတာ"

ဟုတ်ပေါ့ ... ဟိုနေ့က မိမိအိမ်ပြန်သည်အထိ
နွေနွေကို မိမိနာမည် မိမိအိမ်လိပ်စာ စသည်တို့ကို မပြောမိ
ပါ။

"ဒါဆို ... အခုပဲ နွေနွေ မှတ်ထား။ တို့နာမည် ...

ဇေယျာအောင်။ တို့လိပ်စာက စမ်းချောင်း မဟာမြိုင် လမ်း ခြံနံပါတ်(---)ပဲ ..."

တယ်လီဖုန်း နံပါတ်ကိုလည်း ပြောပြသည်။ နွေနွေက ကမန်းကတန်း သူမ၏ မှတ်စုစာအုပ်လေး ထဲမှ ကာ ရေးမှတ်ပါ၏။

"ကဲ ... ဆက်ပြောပါဦး ... လှိုင်ဘွားတို့က ဘာတွေ ဆက်ပြောသေးလဲ"

"နွေနွေက အစ်ကို့ကို ဆေးရုံကအပြန် ကားကြုံလိုက် စီးမှ ပထမဆုံး သိဖူးမြင်ဖူးတာလို့ အမှန်အတိုင်းပြော ဖြတယ်။ သူတို့နှစ်ယောက်လုံး နွေနွေတို့သားအမိ အခြေအနေကိုကြည့်ပြီး ယုံကြည်သွားပုံရတယ်။ နောက်ဆုံး သူတို့ပြောတာက သူတို့လိုချင်တဲ့ ပစ္စည်းဟာ ဇေယျာအောင်ဆီမှာပဲ ရှိရမယ်လို့ သူတို့အချင်းချင်း ပြောပြီး ... စိုက်ထားတဲ့ ဓားမြှောင်နုတ်ယူပြီး ပြန်သွား ကြတယ် အစ်ကို"

ဇေယျာအောင်သည် ဆက်စပ်ကြည့်သည်။

နွေနွေတို့အိမ်သို့ လှိုင်ဘွားတို့ ညဦးပိုင်း လာခဲ့ ပြီးမှ ညသန်းခေါင်ကျော် မိမိအိမ်သို့ တိတ်တိတ်ခိုးဝင်လာ ကြခြင်းဖြစ်မည်။

"နွေနွေ့ကို တို့မေးမယ်နော် ... မှန်မှန်ပြောမလား"

"အို ... သိပ်ကို မှန်မှန်ပြောတာပေါ့၊ ဘာလို့မှန် တော့မသိဘူး။ နွေနွေ့ရင်ထဲက အစ်ကို့ကို ခင်နေမိ တယ်။ ညကလဲ ... အစ်ကို့အကြောင်း စဉ်းစားနေမိတာ



သေသွားတဲ့ အစ်ကိုခင်မောင်ဝင်းအကြောင်းကိုတောင် မေ့သွားတယ်"

"အေး ... တို့မေးချင်တာကလဲ နွေနွေနဲ့ သေသွားတဲ့ ကိုခင်မောင်ဝင်းရဲ့ အကြောင်းပဲ။ နွေနွေနဲ့ ကိုခင် မောင်ဝင်းရဲ့ ခင်မင်မှုဟာ အတိုင်းအတာ ဘယ်လောက် ထိရှိခဲ့လဲ။ အဲဒါကို တို့သိချင်တယ်။ နွေနွေ မှန်မှန် ပြော"

"အတိုင်းအတာဆိုတာ ... အစ်ကိုဘာကိုပြောတာလဲ ဟင်"

နွေနွေ၏ ပြန်၍မေးသော မေးခွန်းကို ဇေယျာ အောင် ခေါင်းကုပ်မိရပါ၏။ မိမိကိုယ်ကိုလည်း ပြန်၍ အံ့သြမိသည်။

နွေနွေကို ဤသို့သောမေးခွန်း အဘယ်ကြောင့် မိမိ မေးလေမိသနည်း။ နွေနွေနှင့် ကိုခင်မောင်ဝင်းတို့ ဘယ် အတိုင်းအတာထိ ဘာတွေရှိခဲ့သည်ကော မိမိနှင့် ဘာဆိုင် သနည်း။ မိမိက ဘာကြောင့် သိချင်နေမိသနည်း။

"ဒီလိုလေ ... တို့မေးတာက ... ဟို ... ဟိုဟာလေ ကွယ် ... နွေနွေနဲ့ ကိုခင်မောင်ဝင်းတို့ ... အဲ ... အဲ ချစ်နေကြလား။ လက်ထပ်ကြဖို့ ... ရည်ရွယ်ခဲ့ကြသ လားဆိုတာပါ"

"အိုး ... တောက်တီးတောက်တဲ့ ... မဟုတ်ကဟုတ်က"

"အဲဒီစကားက ဘာကိုဆိုလိုတာလဲ ... ဘာသာပြန် ပြပါဦး"

"အစ်ကိုမေးတာက ဟုတ်မှ မဟုတ်တာ၊ အစ်ကိုခင်မောင်ဝင်းဟာ ... အစတည်းက ကိုကိုသက်ရဲ့ သူငယ်ချင်းမို့ အစ်ကိုလို့ပဲ ခင်ခဲ့တာ။ ကိုကိုသက် ထောင်ကျတော့ အစ်ကိုခင်မောင်ဝင်းကပဲ ထောက်ပံ့နေလို့ ကိုကိုသက်ကိုယ်စား ... အစ်ကိုတစ်ယောက်လို အားကိုးတယ် ... ဒါပဲ။ ဒီပြင် နွေနွေနဲ့ အစ်ကိုခင်မောင်ဝင်းကြားမှာ ... ဘာနှမ်းစေ့လေး တစ်စေ့တောင် မရှိဘူး။ ပြီးတော့ ... အစ်ကိုခင်မောင်ဝင်းမှာ ချစ်သူရှိနေပြီးသား။ သူတို့နဲ့ အဆင့်အတန်းတူတယ်တဲ့ နာမည်ကမသိဂီတဲ့၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံနံပါတ်(---)မှာနေတယ်။ ကဲ ... နွေနွေရဲ့ တောက်တီးတောက်တဲ့ဆိုတဲ့စကား အစ်ကို နားလည်နားရှင်းသွားပြီလား"

"အေး ... ဒါဆိုပြီးရော"

ဇေယျာအောင်မှာ ကိုယ့်ဟာကိုယ် ဘာမှန်းမသိဘဲ ... ရူးခနဲ သက်ပြင်းကြီးတစ်လုံး မှုတ်ထုတ်လိုက်မိပါ၏။

"ဒါဆို ... နောက်ထပ် တို့ ဆက်မေဦးမယ်"

"မေး ... အစ်ကိုမေးသမျှ နွေနွေ သိတာဆို အားလုံးဖြေမယ်"

"ကိုသက်မင်းဟာ ထောင်မကျခင်က ကိုခင်မောင်ဝင်းနဲ့ တွဲခဲ့တယ်နော်"

"သိပ်ကိုတွဲပါတယ် အစ်ကို"

"ငယ်သူငယ်ချင်း အနေမျိုး တွဲတာလား ... ဒါမှမဟုတ် လုပ်ငန်းနဲ့ ညီကာလဲ ... အစ်ကို့အဖို့လား"



"လုပ်ငန်းနဲ့ တွဲတာပဲဖြစ်မယ် အစ်ကို။ ဒီအရင် ကိုကိုသက် ကျောင်းသားဘဝက အစ်ကိုခင်မောင်ဝင်းကို သိတောင်မသိဘူးပဲ ဖြစ်မယ်။ နွေနွေ တစ်ခါမှ ကိုကိုသက် ကျောင်းသားဘဝက အစ်ကိုခင်မောင်ဝင်းနဲ့ တွဲတာ မတွေ့ဖူးဘူး"

"ဘာလုပ်ငန်းတွေလုပ်ပြီး သူတို့တွဲမိကြတာလဲ"

"အဲဒါတော့ နွေနွေ မသိဘူး ... ကိုကိုသက်က သူ့လုပ်ငန်းနဲ့ ပတ်သက်ပြီး နွေနွေကို မပြောနဲ့ ... မေမေ့ကိုတောင် ဘာမှဖွင့်ပြောတာ မဟုတ်ဘူး။ ပိုက်ဆံသာ မေမေ့လက်ထဲ အလုံအလောက် ပေးထားတာ။ နွေနွေ့အတွက်လည်း အင်္ကျီစ၊ ထဘီ၊ ခေါက်ထီး၊ လက်ကိုင်အိတ်ကအစ ကိုကိုသက်က ဝယ်လာပေးတာ"

"နွေနွေ့ကို ဝယ်ပေးတာ နိုင်ငံခြားဖြစ် ပစ္စည်းတွေလား"

"ဟုတ်တယ်အစ်ကို"

"ဒါဆို ... နွေနွေရဲ့အစ်ကို ကိုသက်ဟာ နိုင်ငံခြားပစ္စည်း မှောင်ခိုလုပ်တာ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ် အစ်ကို ... ကိုကိုသက် ခရီးတစ်ခါထွက်သွားရင် ဆယ်ရက် ... ဆယ့်ငါးရက် ... တစ်ခါတလေ တစ်လလောက် ကြာချင်ကြာတယ်။ ပြန်လာရင် ... နွေနွေအတွက် အဲဒီလိုပစ္စည်းတွေ ပါလာတာပဲ။ သူတို့အချင်းချင်း စကားပြောတဲ့အခါလဲ ... ဒီတစ်ခေါက်ဘယ်လို ... နောက်တစ်ခေါက်ကျရင် ... ဘယ်လိုလုပ်မယ်ဆိုတာမျိုးတွေ ပြောတတ်တယ်။ တောထဲမှာ

ထွက်ပြေးရတာမျိုးတွေလဲ ပြောတာ နွေနွေကြားတယ်"

ဟုတ်ပေမည်။ ဒါဆိုလျှင် ကိုသက်မင်းသည် ထောင်မကျမီက ဟိုဘက်နယ်စပ် နိုင်ငံများအထိ တောလမ်းခရီးဖြင့်သွားပြီး မှောင်ခိုလုပ်ငန်း လုပ်သည်ပဲ ဖြစ်ပေမည်။

"အဲဒီတုန်းက အခုသေသွားတဲ့ ကိုခင်မောင်ဝင်းနဲ့ နွေနွေရဲ့ကိုကိုသက် အလုပ်တွဲလုပ်နေပြီလား"

"ဟင့်အင်း ... တွဲတာမတွေ့သေးဘူး၊ ကိုကိုသက်တွဲတာ ... တရုတ်တွေ ကုလားတွေနဲ့ တွဲနေတာပဲ နွေနွေ တွေ့မိတယ်"

"နွေနွေရဲ့ကိုကိုသက်ဟာ ကိုခင်မောင်ဝင်းနဲ့တွဲမိပြီးတဲ့နောက်ကော တရုတ်တွေ ကုလားတွေနဲ့ တွဲသေးလား"

နွေနွေ စဉ်းစားပြီးမှ ဖြေပေသည်။

"ဟုတ်တယ် ...။ အစ်ကိုခင်မောင်ဝင်းနဲ့ တွဲမိတဲ့နောက် ... ကိုကိုသက်ဟာ တရုတ်တွေ ကုလားတွေနဲ့ တွဲတာ မတွေ့ရတော့ဘူး"

ဓေယျာအောင် ဆက်စပ်ပြီး ယခု နွေနွေ ပြောသမျှနှင့် တွေးကြည့်သည်။

ရေးတေးတေး ... ခွင်းဆက်လေးများ တွေးမိလာပါ၏။

ထိုသို့ရေးတေးတေး တွေးမိသည်နှင့် လှိုင်ဘွား ဆိုသူသည် အများကြီး စဉ်းစားသင့်သည်ဟု ဓေယျာအောင် ယူဆလာသည်။

မနေ့ညဦးပိုင်း ရှစ်နာရီလောက်က နွေနွေတို့



အိမ်သို့ လှိုင်ဘွားနှင့် သူ့အဖော် ရောက်လာပြီး ... ဝင်ရောက်မွှေနှောက် ရှာဖွေသွားသည်။

မိမိနှင့် ခင်မောင်ဝင်း ယခင်က ဆက်သွယ်မှု ရှိမရှိ နွေနွေ့အား မေးမြန်းသွားသည်။

ပြီး ... သူတို့ သိပ်လိုချင်နေသော ပစ္စည်းသည် ကိုခင်မောင်ဝင်း သေဆုံးပြီးနောက် မိမိထံတွင် ၎င်းပစ္စည်း ရှိနေလိမ့်မည်ဟု လှိုင်ဘွား တွက်ဆပုံရသည်။

ထို့ကြောင့် မနေ့ညက ညဦးနက်ပိုင်းတွင် မိမိ၏ မဟာမြိုင်လမ်းတိုက်အိမ်သို့ ဖောက်ထွင်းပြီး သူတို့လိုချင်သော ပစ္စည်းကို ရှာဖွေကြခြင်းဖြစ်မည်။

သူတို့လိုချင်သော ပစ္စည်းမှာ ပတ္တမြားညီနောင်ဟု နွေနွေထံမှ သိရသည်။

ညက မိမိအိမ်သို့ ဖောက်ထွင်းသူမှာ လှိုင်ဘွား ဆိုသူဖြစ်နိုင်ကြောင်းလည်း သဲလွန်စရပြီ။

"လှိုင်ဘွားရဲ့ နေရပ်လိပ်စာကို နွေနွေ သိလား"

"ဟင့်အင်း ... မသိဘူး အစ်ကို"

"ဒါဆို ... အဲဒီ လှိုင်ဘွားရဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြစမ်းပါ နွေနွေ"

နွေနွေပြောပြသည်။ အရပ်ငါးပေ လေး,ငါး လက်မခန့်ရှိမည်။

ဒါဆို ... သူလိုကိုယ်လို အရပ်အမောင်းမို့ ထူးခြားမှုမရှိ။ သိပ်ရှည်လွန်းလျှင် ဖြစ်စေ၊ သိပ်ပုလွန်းလျှင် ဖြစ်စေ၊ ထိုသို့ဆိုပါက ထူးခြားမှုရှိသည်။ ခြေရာကောက်

ရာတွင် တစ်ခွန်းတစ်စ ရနိုင်သည်။ ယခုတော့ သာမန်။

နောက်ထပ် နွေနွေပြောပြသမျှ လှိုင်ဘွား၏ မျက်နှာ မျက်လုံး နှာတံ ပါးစပ် စသည်တို့မှာလည်း ယေဘူယျဆန်လွန်းနေသည်။ သီးခြားပုံပေါ်မလာ။

"သြော် ... အစ်ကို"

"ပြော ... နွေနွေ"

"အဲဒီ ကိုလှိုင်ဘွားရုပ်က သူလိုကိုယ်လိုဆိုရင် သူနဲ့ ပါလာတဲ့ အဖော်ကတော့ ထူးခြားတာတစ်ခု နွေနွေ သတိထားလိုက်မိတယ် အစ်ကို"

"ပြော ... ဘယ်လိုထူးခြားလဲ"

"အဲဒီအဖော်က ... ညကြီးတောင် နေကာမျက်မှန် အမည်း တပ်ထားတယ်အစ်ကို"

"ဒါ ဆန်းသလား။ ကနေ့ တီဗီမှာ သီချင်းဆိုတဲ့ အဆိုတော်တွေတောင် နေကာမျက်မှန်ကြီး တပ်ပြီး ဆိုကြသေးတာ။ ဒါဖက်ရှင်တစ်မျိုးပေါ့"

"အဲဒီလိုမဟုတ်ဘူး အစ်ကို ... ပစ္စည်းတွေရှာတော့ အဲဒီလူက သူ့နေကာမျက်မှန်ကြီးနဲ့ အားရပုံမရဘူး။ သူ့မျက်မှန်ချွတ်ပြီးရှာတော့ ... သူ့ရဲ့ မျက်လုံးတစ်ဖက် ပျက်နေတာကို နွေနွေ တွေ့လိုက်တယ်"

"ဟုတ်လား ... အဲဒါ ထူးခြားတဲ့ သင်္ကေတပဲ။ ပြောစမ်း နွေနွေ ... အဲဒီလူ မျက်လုံးတစ်ဖက်ပျက်နေတာ ဘယ်ဘက်လား ညာဘက်လား"

"အဲ ..."



နွေနွေ ရုတ်တရက် ပြန်မဖြေတတ်။

ဗေယျာအောင်နှင့် မျက်နှာချင်းဆိုင် တည့်တည့်သို့ နွေနွေ နေရာပြောင်းလိုက်သေးသည်။

ပြီး သူမ၏ လက်ညှိုးလေးဖြင့် ...

"အဲဒီလို တည့်တည့်ဆိုရင် ဟောဒီဘက်ကမျက်လုံးပဲ အစ်ကို"

ဟု ပြောရင်း ဗေယျာအောင်၏ ဘယ်ဘက်မျက်လုံးကို သူမ၏ လက်ညှိုးလေးဖြင့်ထောက်၍ ပြောလိုက်သည်။

ဗေယျာအောင်သည် နွေနွေ၏ ပြသပုံကို ရယ်မောမိပါ၏။ ပြီး ... နွေနွေ ပြောပုံလေးမှာ ကလေးဆန်စွာဖြင့် ချစ်စဖွယ် ကောင်းလှသည်ဟုလည်း ရင်ထဲမှ မှတ်ချက်ချမိသည်။

ကောင်မလေး တမင်အပိုလုပ်ပြသည်မဟုတ်။ တစ်ခါတစ်ရံ ... မျက်နှာချင်းဆိုင်လူ၏ ... လက်ဝဲလက်ယာကို အပြောရခက်တတ်သည်။ သူမ၏ လက်ယာဘက်သည် မျက်နှာချင်းဆိုင်လူ၏ လက်ဝဲဘက် ဖြစ်နေပြီး ... သူမ၏ လက်ဝဲဘက်သည် မျက်နှာချင်းဆိုင်လူ၏ လက်ယာဘက် ဖြစ်နေသည် မဟုတ်လား။

ဖြုန်းခနဲဆို အပြောရခက်သော ကိစ္စတစ်ခုပင်။

နွေနွေက မျက်နှာချင်းဆိုင်လာပြီး လက်ညှိုးလေး ထောက်ပြသည်ကို ရယ်မောရင်း ... အနီးကပ် မျက်နှာချင်းဆိုင် နွေနွေအား မြင်မိတော့လည်း ဗေယျာအောင် ကြည့်လိုက်မိတော့သည်။

မြင်ခြင်းနှင့် ကြည့်ခြင်းမှာ ကွာခြားချက် ရှိပါ၏။

မြင်ခြင်းမှာ တမင်တကာ ကြည့်ခြင်း မဟုတ်ဘဲ သူ့ဟာသူ မြင်တွေ့ခြင်းသာ ဖြစ်သည်။

ကြည့်ခြင်းကျတော့ တမင်တကာပင် ကြည့်ပြီး မြင်တွေ့ရခြင်းဖြစ်သည်။

နွေနွေ့ကို ဖေယျာအောင် တမင်တကာ ကြည့်ခြင်းဖြစ်ပေတော့သည်။

တမင်တကာ အာရုံစိုက်ကြည့်မိသောကြောင့်ပေလားမသိ။ နွေနွေ၏ လိမ်းထားသော သနပ်ခါးနံ့လေးပင် ဖေယျာအောင် ရှူရှိုက်မိသည်။

ကောင်မလေး၏ ဆံပင်မှာ မည်းနက်တောက်ပ ရုံမက အုံကောင်းလှသည်။ နောက်နှင့်ဘေးသို့ ဖြာကျနေသော ဆံပင်အုံမှ ပခုံးကိုအုပ်ပြီး ကျောပြင်ကို ဖုံးလွှမ်းနေသည်။ ဖွာလျာနေသည်။

မျက်နှာလေးတွင် နိုင်ငံခြားမိတ်ကပ် ပေါင်ဒါ မရှိ။ သနပ်ခါးလေးသာ ကွက်တိကွက်ကြား ရှိနေသည်။

မျက်ခုံးမှာလည်း ဆံပင်ကဲ့သို့ပင် မည်းနက်တောက်ပပြီး ... ထူထူထဲထဲ ရှိလှသည်။ ငှက်တောင်ပံ ဖြန့်ထားသည့်နှယ် ... ကွေးကွေးဝိုက်ဝိုက်လေး ရှိနေခြင်းမှာ ... ပြုပြင်နုတ်ထားခြင်းမျိုး မဟုတ်ဘဲ ... သူမ၏ နဂိုအရှိအတိုင်း ဖြစ်ပါ၏။

မျက်တောင်မှာ ရှည်လျားပြီး အပေါ်သို့ပင် ပြန်ကော့တက်နေသည်။ ဓာတ်သိမဟုတ်လျှင် မျက်တောင်တု



တပ်ထားသည်ဟုပင် ထင်ကြမည်။

ဒီသူငယ်မ မျက်တောင်လေး ကော့နေလိုက်တာ မီးခြစ်ဆံတင်လို့ ရတယ်ဟု လူတွေပြောစမှတ်ပြုလောက်သော မျက်တောင်မျိုး နွေနွေတွင် သဘာဝအတိုင်း ရှိနေခြင်း ဖြစ်ပါ၏။

နွေနွေ၏ နှာတံလေးမှာ အရှေ့တိုင်းသူ၏ နှာတံ အလှမျိုးသာ ဖြစ်သည်။ အနောက်တိုင်း အမျိုးသမီးတွေ၏ နှာခေါင်းအလှကဲ့သို့ ချွန်မြနေခြင်းမျိုး မဟုတ်။ မချွန်လွန်း မလုံးလွန်းသော နှာတံနှင့် နှာသီးထိပ်လေး ဖြစ်ပါ၏။

နွေနွေ၏ အသားရောင်မှာ ဆံပင်၏ နက်မှောင်ခြင်း၊ မျက်ခုံးမျက်တောင်၏ နက်မှောင်ခြင်းတို့ကြောင့်လားတော့မသိ မျက်နှာလေးမှာ ဝင်းဝင်းပပလေး ရှိနေပါ၏။

ဖေယျာအောင်၏ မျက်နှာချင်းဆိုင် တည့်တည့်မှာပင် ဖေယျာအောင် ထိုင်သလို တင်ပလ္လင်ခွေလေး ထိုင်နေသော နွေနွေ၏ ရင်အစုံမှာ ခါးလေးကိုင်းပြီး ထိုင်နေစေကာမူ စို့စို့ပို့ပို့ ဝန်းဝန်းဝိုင်းဝိုင်းလေးသာ ရှိနေသည်။ တိမ်းခြင်း ငိုက်ခြင်း လုံးဝမရှိ။

ခါးကိုင်း ဗိုက်ကွေး ထိုင်နေစေကာမူ သူမ၏ ဝမ်းဗိုက်ဝယ် အထစ် အကြောင်းမရှိ။ ရှပ်ရှပ်ဟိုက်ဟိုက်လေးပင် ရှိနေပါလေ၏။

ဖေယျာအောင်အဖို့ ... ကြည့်သောသူ မြင်သည် ဆိုဘိသကဲ့သို့ ရှိနေတော့သည်။ ကြည့်လေမြင်လေ ဖြစ်နေသသ်။

နွေနွေသည် လှကိုလှသည်။ ချောကိုချောသည်။ ပျက်နှာကွက်ကွက်လေး ချောခြင်းလှခြင်းမျိုး မဟုတ်။ အချိုးအဆစ် ပြေပြစ်ကြော့ရှင်းပြီး တစ်ကိုယ်လုံးလှသော အလှ ... ချောသော အချောမျိုး ရှိနေပါ၏။

ဇေယျာအောင်သည် ဟိုစဉ်က တစ်ခါတစ်ရံ ... အိ၏အလှကို ကြည့်မိတတ်ပါ၏။

အိချောပုံလှပုံမျိုးမှာ အဖိုးတန်ပြီး လှပသော ဖန်အိုးထဲတွင် တမင်လှအောင် လက်နှင့်ကိုင်ပြီး ထည့်ပေးထားသည့် ပန်းပွင့်အလှမျိုး ဖြစ်သည်။ ဖန်အိုးအလှနှင့် ပန်းအလှပေါင်းစပ်ပြီးမှ လှခြင်းမျိုးဖြစ်သည်။

နွေနွေ၏အလှကျတော့ အပင်တွင် ငုံရာမှပွင့်လာပြီး နေဒဏ် လေဒဏ် မိုးဒဏ်တွေ ကြားကပင် ဝွားဝွားစွင့်စွင့် ပွင့်နေသည့် ပန်းအလှမျိုးဟု ဆိုရပေမည်။

ဇေယျာအောင်က သူမအား တအားကြီး ကြည့်နေတော့ ပထမ နွေနွေ အံ့အားလေးသင့်သွားသည်။

ပြီး ... သူမခေါင်းလေး ငုံ့သွားကာ သင်ဖျူးဖျူချောလေးကို သူမ၏ လက်သည်းလေးများဖြင့် ကုတ်ခြစ်နေမိပါ၏။

နွေနွေ အနေရ အထိုင်ရ ခက်သွားမှန်း ဇေယျာအောင် သတိထားမိလိုက်သည်နှင့် သူ့ဟာသူ ... သတိကို ပြန်ထိန်းချုပ်လိုက်သည်။ နွေနွေကို မကြည့်တော့ဘဲ မျက်နှာက တခြားသို့လွှဲကာ ... စကားဆက်ပြောလိုက်သည်။

"ကဲ ... ဆက်ပြောပါဦး နွေနွေ ... အဲဒီနှစ်ယောက်



မှာ တခြားဝိသေသ ထူးခြားတာ ဘာတွေ နွေနွေ မြင်မိသေးလဲ"

"သြော် ... အစ်ကို့ကိုလှိုင်ဘွားမှာ တစ်ခုရှိသေးတယ်"

နွေနွေသည် ယခုမှ တစ်ခုခုထပ်ပြီး သတိရသည့်[illegible]ဖြင့် ဇေယျာအောင်ကို ခေါ်လိုက်သည်။

"ဘာလဲ ... နွေနွေ"

"သူက ဓားမြှောင်နဲ့ ကြမ်းပြင်ကို စိုက်လိုက်တော့ ... သူ့ဓားမြှောင်ကိုင်တဲ့ ညာဘက်လက် လက်ဖျံအိုးမှာ တက်တူးထိုးထားတဲ့ အရုပ်တစ်ရုပ် ... နွေနွေ သေချာမြင်လိုက်သေးတယ်၊ သူက စပို့ရှပ်လက်စည်း ဝတ်ထားတော့ လက်ဖျံအိုး သေချာပေါ်နေတယ်"

"ဘာရုပ်လဲ နွေနွေ"

"ပါးပြင်းခွက်နေတဲ့ မြွေတစ်ကောင်ပဲ အစ်ကို ... အောက်ပိုင်းကတော့ ခွေနေတဲ့ အရုပ်ပဲ"

ဇေယျာအောင်က ခေါင်းညိတ် ထောက်ခံလိုက်[illegible]သည်။

ညက ... လူဆိုး မိမိကို ပစ်ပေါက်ပြီး ကျန်ခဲ့[illegible]သာ ဓားမြှောင်ရိုးတွင်လည်း အလားတူ မြွေဟောက်အပေါ်[illegible]ပြင်းကွက် ... အောက်ခွေနေသည့်ပုံရုပ် ပါရှိကြောင်း [illegible]ယျာအောင် တွေ့ခဲ့သည်။ လူဆိုးအဖွဲ့၏ သင်္ကေတရုပ်ပင်[illegible]ခံမည်။

"ကဲ ... လူဆိုးတွေအကြောင်းနဲ့ ကိုခင်မောင်ဝင်းအကြောင်းတော့ တို့ မေးစရာ မရှိတော့ဘူး။ နွေနွေနဲ့

ပတ်သက်တာတော့ တို့ နည်းနည်း ထပ်မေးမယ်။ တို့ မေးတာကို နွေနွေက ရင်ထဲမှာ တကယ်ရှိနေတဲ့အတိုင်း ဖြေနော်"

နွေနွေ ခေါင်းညိတ်ပြသည်။

"နွေနွေရဲ့ မေမေဟာ နွေနွေ စီစဉ်တဲ့အတိုင်း ဖြစ်နိုင်ပါ့မလား နွေနွေ"

"ဖြစ်တာပေါ့ အစ်ကို။ အခုလက်ရှိ အခြေအနေမှာ မေမေက ဒုက္ခိတပဲ။ အားကိုးတိုင်ပင်စရာဆိုလို့လဲ ... သမီး နွေနွေတစ်ယောက်ပဲ ရှိတော့တာ။ နွေနွေစီစဉ်တာကို မေမေ လက်ခံမှာပါ"

"တို့အမြင် ပြောပြမယ်။ လှိုင်ဘွားရဲ့ ရန်ဟာ ... နွေနွေတို့ သားအမိအတွက် နောက်ပိုင်းရန် မအေးဘူး။ အဲဒီ လှိုင်ဘွားတို့အဖွဲ့ပဲ ... မနေ့ညက သန်းခေါင်ကျော်မှာ တို့အိမ်ကို ဖောက်ဝင်ခဲ့တယ်။ သူတို့အဖွဲ့မှာ သုံးယောက်ပါတယ်"

ဇေယျာအောင်က မနေ့ညက အဖြစ်အပျက်အားလုံးကို နွေနွေအား ပြောပြလိုက်သည်၊

နွေနွေသည် ပါးစပ်လေး အဟောင်းသား။ ကြောက်လန့်သော မျက်နှာလေးနှင့် ဇေယျာအောင် ပြောပြသည်ကို နားထောင်နေပေသည်။ ဇေယျာအောင်က ဆက်ပြောပါ၏။

"သူတို့ပြောတဲ့ ... ပတ္တမြားညီနောင်ဆိုတာ ဘာမှန်းတော့ တို့မသိသေးဘူး။ သူတို့လိုချင်တဲ့ ပတ္တမြား





ညီနောင်ကို နွေနွေတို့ အိမ်မှာလဲ ရှာမတွေ့သွားဘူး၊ တို့အိမ်မှာလည်း ရှာမတွေ့ဘဲ သူတို့သုံးယောက် တို့ သေနတ်နဲ့ပစ်မှာ ကြောက်ပြီး ထွက်ပြေးသွားကြတယ်။ သူတို့အနေနဲ့ မကျေနပ်စရာ ... စိတ်ဆိုးစရာ ဖြစ်နေတာ အမှန်ပဲ"

နွေနွေ ခေါင်းညိတ်ပြပြန်သည်။

"ဒီတော့ ... ကိုခင်မောင်ဝင်းနဲ့ ပတ်သက်ခဲ့တဲ့ နွေနွေတို့ဆီ နောက်ထပ်တစ်ကျော့ ပြန်လာရင် နွေနွေတို့ သားအမိအပေါ်မှာ သူတို့ အကြမ်းဖက်ချင် ဖက်လာနိုင်စရာ ရှိနေတယ်"

"နွေနွေကြောက်တယ် အစ်ကို"

"အေး ... ရောက်ရှိနေတဲ့ အခြေအနေကတော့ ကြောက်စရာ ... စိုးရိမ်စရာ အခြေအနေပဲ။ ဒီအိမ်လေးနဲ့ ... ဒီနေရာဟာ နွေနွေတို့ သားအမိအတွက်-မလုံခြုံတော့ဘူး"

"နွေနွေတို့မှာ ဒီအိမ်ကလွဲပြီး တခြားနေစရာမှ မရှိတာ အစ်ကို"

"အဲဒါကို တို့စဉ်းစားမိတယ်။ ဒါကြောင့် နွေနွေတို့ သားအမိ ... တို့စမ်းချောင်း မဟာမြိုင်လမ်းကအိမ်ကို အန္တရာယ်စိတ်ချရတဲ့အထိ လိုက်နေဖို့ တို့ခေါ်ချင်တယ်။ တို့အိမ်က အကျယ်ကြီးပဲ။ နွေနွေတို့ သားအမိအတွက် သီးသန့်အခန်း ပေးနိုင်တယ်။ အိမ်မှာ တို့နဲ့ တို့တပည့် မောင်ရှိန်း နှစ်ယောက်ပဲ ရှိတယ် ... နွေနွေတို့ သား

အမိအတွက် အခုလောလောဆယ် လုံခြုံမှုရှိမယ်။ နောက်ပြီး ... နေ့စဉ် ကုန်ကျစရိတ်လည်း သက်သာသွားမယ်။ အခု တို့ပြောနေတာ ... ရင်ထဲကစေတနာ မေတ္တာသက်သက်နော်။ ရိုးရိုးသားသား ခေါ်တာဆိုတာ နွေနွေ့ရင်ထဲက နားလည်ထားပါ။ ယုံကြည်ထားပါ"

"အစ်ကို့စေတနာရော ... အစ်ကို့ရဲ့ ကိုယ်ကျင့်သိက္ခာရော ... နွေနွေ လုံးဝယုံပါတယ်အစ်ကို ... ဒါပေမယ့်"

နွေနွေ ဆက်မပြောဘဲ စကားကို ရပ်ထားရှာပေသည်။

"ဆက်ပြောလေ ... ဒါပေမယ့် ဘာဖြစ်လဲ"

"အစ်ကို့အတွက် ဘယ်ကောင်းမလဲ"

"တို့အတွက် ဘာမကောင်းတာလဲ"

"အဆင့်အတန်းချင်း သိပ်ကွာနေတယ် အစ်ကို။ အစ်ကို့ရဲ့အဆင့်၊ အစ်ကို့ရဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက အစ်ကိုနဲ့ တူညီတဲ့ အဆင့်ရှိသူတွေ၊ နွေနွေ တို့သားအမိကို အိမ်ခေါ်ထားတဲ့အတွက် အစ်ကို့မှာ နာမည်ထိခိုက်မယ်၊ ဂုဏ်သိက္ခာ ထိခိုက်မယ်။ နောက်ပြီး ... နွေနွေအတွက်လည်း မြေနိမ့်ရာလှံစိုက် လူတွေက အထင်သေး အမြင်သေးတွေ ဖြစ်မယ်အစ်ကို။ နဂိုကမှ ဖအေမရှိ၊ မအေခုက္ခိတ၊ အစ်ကိုထောင်ကျနဲ့ နွေနွေ့ကို အထင်သေးနေကြတာ"

ဒါတော့ ဟုတ်ပေ၏ဟု ဇေယျာအောင် ရင်ထဲက မှတ်ချက်ချမိတော့သည်။ တစ်အိမ်တည်း အတူနေ ခေါ်



ထားခြင်းဖြင့် မိမိကိုရော နွေနွေကိုပါ သူ့ပတ်ဝန်းကျင် သူ့အသိုင်းအဝိုင်းကရော အထင်လွဲ အထင်သေးနိုင်သည်။

ဇေယျာအောင် အလေးအနက် စဉ်းစားပါ၏။ အန္တရာယ်များနေသော သူတို့သားအမိအား ဒီအတိုင်း ဒီအိမ်မှာလည်း ဆက်၍မနေစေချင်သောဆန္ဒ ဇေယျာအောင်တွင် ပြင်းထန်နေသည်။

ဇေယျာအောင် နောက်ထပ် စဉ်းစားမိပြန်သည်။

"ဒါဆို ဒီလိုလုပ်။ ပဲခူးမှာ တို့ဘိုးဘိုးခက် ရှိတယ်။ ခြံကြီးဝင်းကြီးနဲ့ နှစ်ထပ်တိုက်အိမ်ကြီးပဲ။ အဲဒီမှာ နွေနွေတို့သားအမိ သွားနေ"

"အစ်ကိုကတော့ ရန်ကုန်မှာပဲ နေမှာလား"

"ဒါပေါ့ ... တို့ ဆုံးဖြတ်ပြီးပြီ နွေနွေ။ အခု ကိုခင်မောင်ဝင်းနဲ့ ပတ်သက်ပြီး ... ရန်သူက တို့ကို တိုက်ခိုက်နေပြီ။ ဒီတော့ ... အဲဒီရန်သူဟာ ဘယ်သူတွေလဲဆိုတာ တို့က သိအောင်ကြိုးစားရမယ်။ အခုတော့ ... ရန်သူက တို့ကိုသိနေတယ်။ တို့က ရန်သူကို အတိအကျ မသိရသေးတော့ ... တို့ဘက်က တစ်ပန်းရှုံးနေတယ်၊ ဒါကြောင့် တို့ ရန်ကုန်မှာပဲနေပြီး ရန်သူကို စုံစမ်းမယ်"

"အန္တရာယ် များလိုက်တာ အစ်ကိုရယ်၊ အစ်ကို့ကို နွေနွေ စိုးရိမ်တယ်"

"တို့ကို နွေနွေက စိုးရိမ်တယ် ဟုတ်လား"

ကောင်မလေးက ရင်ထဲရှိသည့်အတိုင်း လွှတ်ခနဲ

ပြောလိုက်ခြင်း ဖြစ်ဟန်တူပါ၏။

ဖေယျာအောင်က တို့ကိုစိုးရိမ်တယ် ဟုတ်လား ဟု ... ပြန်မေးလိုက်သည်တွင် သူမ၏ မျက်နှာလေး ရှ ယောင်သမ်းပြီး ခေါင်းလေးငုံ့သွားပေသည်။

တစ်ဦးအတွက် ကျန်တစ်ဦးက စိုးရိမ်ပါသည် ဆိုသည်မှာ ရင်ထဲက ဖြစ်ပေါ်လာသော သံယောဇဉ်စိတ် လေး အရင်းခံနေပြီ မဟုတ်ပါလား။

သို့သော် ... ချက်ချင်းပင် နွေနွေသည် ဦးခေါ် လေး ပြန်မော့လာပြီး ဖေယျာအောင်ကို မေးလိုက်သည်။

"ဒီလို လုပ်ရင်ကော အစ်ကို"

"ဘယ်လိုလုပ်ရင်လဲ နွေနွေ"

"အစ်ကိုပါ အန္တရာယ်ရှောင်တဲ့ သဘောလည်းပါသွ အောင် ... ပဲခူးက ဘိုးဘိုးအိမ်မှာ နွေနွေတို့သားအ လည်း အနေမစိမ်းဘဲ နေရဲထိုင်ရဲရှိမှာပေါ့။ နို့မို့ရ အစ်ကို့ဘိုးဘိုးက နွေနွေတို့ သားအမိကို ဘုမ ဘမသိနဲ့"

"မပူနဲ့ နွေနွေ ... စိတ်ချ။ တို့ဘိုးဘိုးက တို့ကိုသိ ချစ်တာ။ တို့နဲ့ပတ်သက်တဲ့ လူဆိုရင် ဘိုးဘိုး ဘယ်လိုမှ သူစိမ်းဆံမှာ မဟုတ်ဘူး။ ရဲရဲသာ နွေ တို့နေ။ တို့အနေနဲ့ ပဲခူးမှာလိုက်နေရင် ဘာထူးမလဲ အခု မဟာမြိုင်လမ်းအိမ်မှာ လိုက်နေသလိုပဲ ပတ်ဝန်း ကျင်တွေက ထင်ကြမှာပဲ။ နစ်နာစရာရှိရင် နွေနွေပဲ နစ်နာမယ်။ နွေနွေက အခုမှ တက်သစ်စ ဆယ်ကျော်



သက်အရွယ်လေးပဲ ရှိသေးတာ။ တို့ကြောင့် နွေနွေ့ကို ဘယ်လိုမှ မနစ်နာစေချင်ဘူး။ နောက်တစ်ချက်က တို့အနေနဲ့ ရန်သူကို ရှောင်ပြေးတဲ့ သတ္တိမရှိတဲ့လူ တစ်ယောက်လို့ ရန်သူက ထင်သွားမယ်။ တို့တစ် သက်မှာ သတ္တိမရှိတဲ့ လူပျော့လူညံ့တစ်ယောက် ဘယ် တော့မှ မဖြစ်စေရဘူး နွေနွေ"

နွေနွေ ဦးခေါင်းလေး ညိတ်ရပြန်သည်။ နွေနွေ့ ခမျာ ဖေယျာအောင် အကျိုးသင့် အကြောင်းသင့် ပြောပြသမျှ ခေါင်းညိတ်ရသည်မှာ ပုတ်သင်ညိုမလေး ဖြစ်နေပေပြီ။

"ဒါဆိုလဲ ... အစ်ကို့ သဘောပါ အစ်ကို"

"နက်ဖြန်မနက်ပိုင်းမှာပဲ တို့ကားနဲ့ နွေနွေတို့သားအမိ ကိုလာခေါ်မယ်။ နွေနွေ့ရဲ့ မေမေကို နွေနွေက အကျိုး အကြောင်း ပြောထားနှင့်နော်။ တို့အိမ်လိပ်စာနဲ့ ဖုန်း နံပါတ်ကို နွေနွေ မှတ်မိတယ်နော်"

ပုတ်သင်ညိုမလေး ခေါင်းညိတ်ပြပြန်ပါ၏။

"ဩော် ... ဒါထက် နွေနွေ့ရဲ့အစ်ကို ကိုသက်မင်းက ဘယ်ထောင်မှာလဲ"

"အစကတော့ ... အင်းစိန်ထောင်မှာပဲ အစ်ကို။ ပြီးခဲ့ တဲ့တစ်လလောက်က ကိုကိုသက်ကို တောင်ငူထောင် ပြောင်းပို့လိုက်တယ်လို့ အစ်ကိုခင်မောင်ဝင်းက ပြော တယ်။ အင်းစိန်ထောင်မှာကတည်းက နောက်ပိုင်း နွေနွေ့ကို လာမတွေ့နဲ့။ နွေနွေ့အတွက် ဂုဏ်ငယ် တယ် မလာနဲ့လို့ အမိန့်ပေးထားလို့ နွေနွေ သွားမ

တွေ့ရတော့ဘူး"

အင်း ... အလှမ်းဝေးပြန်ပြီဟု ... ဓေယျာအောင် စိတ်ထဲက မှတ်ချက်ချမိသည်။

အကယ်၍ ကိုသက်မင်း အင်းစိန်ထောင်တွင် ရှိပါက မိမိသွားတွေ့ပြီး မေးမြန်းရလျှင် ရန်သူမြွေဟောက် အဖွဲ့သည် မည်သူမည်ဝါနှင့် သူတို့၏ နေရပ်စခန်းကို သိနိုင်မည်။

ဒါတောင် ကိုသက်မင်းကို သွားတွေ့ပါက နေ့နေ့ကို ခေါ်သွားရဦးမည်။ မိမိဘာသာသွားလျှင် သူစိမ်း သက်သက်မို့ ကိုသက်မင်းက ဘာမှပြောမည်မဟုတ်ပေ။

နေ့နေ့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ကိုခင်မောင်ဝင်း၏ချစ်သူ မသီဂီအား သွားရောက်တွေ့ဆုံမေး မြန်းရန် တက္ကသိုလ်ရိပ်သာလမ်းသို့ မော်တော်ဆိုင်ကယ်ကို ဆက်၍ မောင်းလာခဲ့တော့သည်။



## (၆)

"ဟော ... ရှိ ... ရှိ ... ဒီမယ် မောင်ခင်မောင်ဝင်း"

ဓေယျာအောင်သည် သီဂီတို့ခြံထဲ ဝင်မည်အလုပ် တရှိုရှိုနှင့် သွားကြားလေသံအပြင် ... ဟော ဒီမှာဟု ကျိတ်၍ ခေါ်သံကြားရာသို့ လှမ်းကြည့်လိုက်သည်။

ဖိုက်ဘာဦးထုပ် ဆောင်းထားသဖြင့် မျက်နှာကို မမြင်ရ။ မော်တော်ဆိုင်ကယ်ကလည်း ကိုခင်မောင်ဝင်း စီးခဲ့ သော မော်တော်ဆိုင်ကယ်နှင့် အရောင်တူ၊ အသွေးတူ ဖြစ် နေသောကြောင့် မိမိကို ခင်မောင်ဝင်းဟု ယူမှတ်ခါ ခေါ်လိုက် သောအသံ ဖြစ်ပါ၏။ ပြီး ... ကိုခင်မောင်ဝင်းသည် သီဂီ တို့အိမ် လာနေကျမှန်းလည်း လေသံဖြင့် ခေါ်သူက သိနေပြီ ဖြစ်မည်။

ပုန်းလျှိုးကွယ်လျှိုးဖြင့် အသက်ငါးဆယ်ခန့် ဝဝ ဖိုင့်ဖိုင့်အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။ သူမသည် ခင်မောင်ဝင်း သေဆုံးသွားခြင်းကို သိသေးဟန်မတူဘဲ မိမိ

ကို ခင်မောင်ဝင်းဟုပင် မှတ်ထင်နေခြင်း ဖြစ်မယ်။

"မင်း … မော်တော်ဆိုင်ကယ်ကို စက်ပိတ်ထားလိုက် ကွယ့်။ နို့မို့ရင် စက်သံသူတို့ကြားသွားမှာ စိုးရတယ်"

ဇေယျာအောင် စိတ်ထဲတွင် တစ်ခုခုတော့ တစ်ခုခုပဲဟု သတိထားမိသည်။ ဘာတစ်ခုခုမှန်းသာ မသိသေး။

မော်တော်ဆိုင်ကယ်ကို သော့ပိတ် စက်ရပ်လိုက်သည်။

"အပေါ်မှာ သီဂီတို့ သားအမိ သားအဖ သုံးယောက်ကို ကြိုးနဲ့တုတ်ထားပြီး ရိုက်မောင်းပုတ်မောင်း လုပ်နေကြတယ်။ ဒေါ်ဖွား မီးဖိုပေါက်က တိတ်တိတ်လေး ဆင်းပြေးလာတာ။ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း … မင်းရောက်လာတာနဲ့ အတော်ပဲ"

"ဘယ်သူတွေက သီဂီတို့ကို ကြိုးနဲ့တုတ်ထားတာလဲ"

"လူဆိုးဓားပြတွေပေါ့။ ဟိုမှာလေ သူတို့စီးလာတဲ့ ကားအနီ အိမ်ရှေ့မှာ ရပ်ထားတာ"

ဇေယျာအောင် ချက်ချင်းသဘောပေါက်ပါ၏။ မြွေဟောက်အဖွဲ့ပင် ဖြစ်ရမည်။ သီဂီသည် ခင်မောင်ဝင်း၏ ချစ်သူဖြစ်သောကြောင့် သူတို့အလိုရှိနေသည့် ပတ္တမြားညီနောင်သည် သီဂီ့ထံတွင် ပေးထားနိုင်သည်ဟူသော တွက်ကိန်းဖြင့် လာရောက်ခါ ပတ္တမြားညီနောင်ကို ရှာဖွေခြင်းဖြစ်ပေမည်။

မြွေဟောက်အဖွဲ့သည် ကိုခင်မောင်ဝင်းနှင့် ပတ်သက်သူ မှန်သရွေ့ထံသို့ လိုက်လံပြီး ပတ္တမြားညီနောင်ကို ရှာဖွေခြင်း ဖြစ်ပေသည်။



မော်တော်ဆိုင်ကယ်ကို အပြင်မှာပင် ဒေါက်ထောက်ရပ်ထားပြီး သီဂီတို့အိမ်ဆီသို့ ပုန်းကွယ်ပြီး ဇေယျာအောင် ချဉ်းကပ်ခဲ့သည်။

အိမ်ရှေ့တံခါး ပွင့်နေစေကာမူ အိမ်ရှေ့တံခါးမှ ဝင်၍မဖြစ်။

ဒေါ်ဖွား ပြောပြချက်အရ ဒေါ်ဖွားပြေးထွက်လာခဲ့သော နောက်ဖေး မီးဖိုဘက် တံခါးပေါက်မှဝင်ရန် ဆုံးဖြတ်လိုက်သည်။

နောက်ဖေးမီးဖိုဘက်သို့ အိမ်မကြီးကို ဝိုက်၍ သွားရာတွင် မှန်ပြတင်းပေါက်များကို ဖြတ်သွားရာ၌ ကိုယ်ကို လေးဘက်နီးပါးကုန်းပြီး အထဲမှ မမြင်နိုင်အောင် သွားရသည်။

မှန်ပြတင်းပေါက်တစ်ခုမှ အထဲသို့ မြင်ရုံလေး မျက်လုံးတေ့၍ ကြည့်လိုက်သည်။

ဧည့်ခန်းတွင် သီဂီတို့ သားအမိ သားအဖ သုံးယောက်ကို ကြိုးနှင့်တုတ်ထားပြီး လူဆိုးတစ်ယောက်က စောင့်ကျပ်နေသည်ကို မြင်ရသည်။ လူဆိုးသည် ခေါင်းစွတ်တွေ ဘာတွေ စွတ်မထား။ သားရေဂျာကင်နှင့် ဘောင်းဘီဝတ်ထားသည်။

လူဆိုးက ကျောပေးထားသောကြောင့် လူဆိုး၏ မျက်နှာကိုတော့ မမြင်ရပေ။

ဓေယျာအောင် ဆက်ပြီးရွေ့လျားကာ နောက်ထပ် မှန်ပြတင်းတစ်ပေါက်မှ အထဲသို့ ချောင်းကြည့်ပြန်သည်။

အိပ်ခန်းတစ်ခန်း ဖြစ်ပါ၏။ ထိုအခန်းထဲတွင် လူဆိုးတစ်ဦးကို တွေ့ရပြန်ပါသည်။ ဒေါ်ဖွားပြောပြချက်အရ လူဆိုး(၃)ယောက်ဟုဆိုသည်။ ယခု နှစ်ယောက်ကို ဓေယျာအောင်ကို တွေ့ရပြီ။ သုံးယောက်လူစုံပြီး သူတို့လိုချင်သော ပစ္စည်းကို ရှာဖွေနေကြခြင်းဖြစ်မည်။

အိပ်ခန်း တစ်ခုလုံး အမှိုက်ပုံဖြစ်အောင် မွှေနှောက်ရှာဖွေထားသည်။ မွေ့ရာခေါင်းအုံးများကို ဓားဖြင့်ခွဲထားရာ မို့တွေ လဲတွေ ... တစ်ခန်းလုံး ဗရုပ္ပ ဖြစ်နေသည်။ ဗီရို၊ မှန်တင်ခုံတွေထဲမှထုတ်၍ ပစ်ချထားသော ပစ္စည်းတွေလည်း တစ်ပုံတစ်ပင်။

ဒါလောက်မြင်ရလျှင် အရိပ်အခြေကို ဓေယျာအောင် ရိပ်စားမိပြီ။

မီးဖိုဘက်သို့ ဓေယျာအောင် ကူးလာခဲ့ပြန်သည်။

နောက်ဖေးမီးဖိုတံခါး မစေ့တစ်စေ့ ပိတ်ထားသည်ကို တွေ့ရသည်။

ဓေယျာအောင် တံခါးတွင်ကပ်ပြီး နားစွင့်လိုက်သည်။ မီးဖိုထဲမှ အသံဗလံတွေ ကြားရသည်။ လူဆိုးတစ်ဦး မီးဖိုထဲတွင် ရှာဖွေမွှေနှောက်နေခြင်း ဖြစ်ရမည်။

ဒါဆို လူဆိုးသုံးယောက် သုံးနေရာတွင် လူခွဲပြီး ရောက်နေသည်။



တံခါးကို မဟာတဟာလေးဖွင့်ကာ မီးဖိုထဲသို့ ချောင်းကြည့်လိုက်သည်။ ကြောင်အိမ်တစ်ခုကို တံခါးဖွင့်ရှာနေသော လူဆိုးကိုတွေ့ရသည်။

ဓေယျာအောင်သည် ရုတ်တရက် လျှပ်တစ်ပြက်ဘိုက်ကွက်ဝင်လိုက်သည်။

ရိပ်ခနဲတံခါးကို ဖွင့်ပြီးသည်နှင့် ဓေယျာအောင်၏ ခြေတစ်ဖက်သည် မြားဦးလို လူဆိုးဆီသို့ စိုက်ဝင်လိုက်သည်။

လူဆိုးကလည်း အသံကြားသည်နှင့် ဓားမြှောင်ကိုင်ကာ ပြန်လှည့်ရာ လူဆိုးအတွက် စက္ကန့်ပိုင်းနောက်ကျသွားပေပြီ။ ဓေယျာအောင်၏ မြားဦးစိုက် ခြေဖဝါးသည် လူဆိုး၏ ရင်ဝတည့်တည့်ကြီးထဲသို့ ဝင်သွားပေတော့သည်။

လူဆိုးမှာ ပက်လက်ကြီး လဲကျသွားပါ၏။

လဲကျသော လူဆိုးအားခွကာ ဓေယျာအောင် ဘယ်ပြန်ညာပြန် လက်သီးထပ်ဝင်ရာ လူဆိုးငြိမ်ကျသွားသည်။ လူဆိုးလက်ထဲမှ ဓားမြှောင်ကို ဓေယျာအောင်ယူပြီး ပတ်တာပ်ရပ်လိုက်သည်။

ညှိခန်းဘက်မှ ပြေးဝင်လာသော လူဆိုးနှင့် ဘမင်းစားခန်းထိပ်တွင် ရင်ဆိုင်တွေ့သည်။

သူ့မှာ ကိုယ်ဓားဖြင့် ရင်ဆိုင်ပြီး တိုက်ခိုက်ရသည်။ တစ်မိနစ်ပင် မကြာလိုက်။ လူဆိုး၏ ဓားကိုင်လက်ကို ဓေယျာအောင်က နောက်ပြန်လိမ်ချိုးထားနိုင်တော့သည်။ လူဆိုးလက်မှ ဓားလွတ်ချပြီး လူဆိုးအား နောက်မှသိုင်းပြီး

လက်ထဲမှဓားဖြင့် လူဆိုးလည်ပင်းကို ထောက်ထားလိုက်သည်။

အိပ်ခန်းထဲမှလူဆိုး ပြေးထွက်လာပြီး အချင်းအရာကို တွေ့မြင်သွားသည်။

"ဟာ ... ဒီကောင် ဇေယျာအောင်"ဟု နောက်ဆုံးထွက်လာသည့် လူဆိုးခေါင်းဆောင်က နှုတ်မှရေရွတ်လိုက်သည်။

ဇေယျာအောင်အား ခေါင်းဆောင်လူဆိုးက သိနေပုံရသည်။

"ဟေ့လူ ... ခင်ဗျားလက်ကဓားကို အောက်ချလိုက်။ မချရင် ခင်ဗျားအဖော်ရဲ့ လည်ပင်းထဲကို ကျုပ်ဓားထိုးသွင်းလိုက်မယ်"

ဇေယျာအောင် လူဆိုးခေါင်းဆောင်ကို လှမ်းပြောလိုက်သည်။

လူဆိုးခေါင်းဆောင်က လက်ထဲမှဓားမြှောင်ကို မချသည့်အပြင် ကြိုးနှင့်တုတ်ထားသည့် သီဂီကို ဆွဲထူကာ သူ့ဓားဖြင့် သီဂီ၏ ရင်ဘတ်ကို ထောက်ထားလိုက်သည်။

"ငါ့တပည့်ကို မင်းကလွှတ်လိုက် ဇေယျာအောင်။ မလွှတ်ရင် ဟောဒီ အမျိုးသမီး ရင်ထဲကို ငါ့ဓားထိုးသွင်းလိုက်မယ်။ အမျိုးသမီးနဲ့ မင်းလက်ထဲကကောင်နဲ့အသက်ချင်း လဲချင်လဲလေ။ ငါတို့အဖွဲ့ထဲမှာ အဲဒီလိုတပည့်ကောင်းတွေ တစ်ပုံကြီးရှိတယ်။ ဒီကောင်သေသွားကော ငါတို့အဖို့ မမှုဘူး။ ဟောဒီအမျိုးသမီး



မသေစေချင်ရင်သာ မင်း ... ငါ့တပည့်ကို လွှတ်လိုက်"

စဉ်းစားစရာပင်။

သီဂီလို အမျိုးသမီးနှင့် ဒီတစ်ပဲခြောက်ပြားလူဆိုးကောင်နှင့် အသက်ချင်း မလဲသင့်။

နောက်ထပ်တစ်ခု စဉ်းစားသည်မှာ လက်ထဲမှလူဆိုးကို လွှတ်ပေးသည်နှင့် မိမိကို သူတို့ကပြန်၍ သတ်မည်လား။

သတ်မည်မဟုတ်သေး။ သူတို့လိုချင်နေသော ...တ္တမြားညီနောင် မရမချင်း မိမိကို အသေသတ်မည် မဟုတ်...ု ဇေယျာအောင် တွက်လိုက်မိသည်။

သီဂီမှာ လူဆိုးခေါင်းဆောင် လက်ထဲတွင် ငိုယို...ပြီး သနားစရာ။

သီဂီ၏ မိဘနှစ်ပါးကလည်း သမီးအတွက် ...း ရိမ်လွန်ပြီး ဇေယျာအောင်အား မျက်စိသူငယ်ကိုယ်စီဖြင့် ...ှမ်းကြည့်နေကြသည်။ သီဂီကိုရော ... သူမ၏ မိဘတွေကို ...ရော ... ကြိုးတုတ်ထားရုံမက ပါးစပ်များတွင် ပလတ်စတာ...ပ်ထားသဖြင့် ဖွင့်ဟပြီး မပြောနိုင်ကြရှာပေ။ သူတို့သမီးသီဂီ လူဆိုးလက်မှ အသက်ဘေး လွှတ်မြောက်ရေးအတွက် ...ဇယျာအောင်အား မျက်လုံးကိုယ်စီ အကြည့်ဖြင့် တောင်းပန်...နေကြသည်။

ဇေယျာအောင်သည် လက်ထဲမှ လူဆိုးကို လွှတ်...းလိုက်ပါ၏။

လွှတ်သွားသည်နှင့် တပည့်လူဆိုးသည် သူလွှတ်

ချထားရသည့် ဓားမြှောင်ကို ကောက်ယူကာ ဖေယျာအောင် အားထိုးရန် ဟန်ပြင်သည်။

"ဟော့ကောင် ဘယ်ကျော် မလုပ်နဲ့။ နောက်ကိစ္စတွေ ရှိသေးတယ်"

ဘယ်ကျော်ဆိုသည့် တပည့်လူဆိုးအား ခေါင်းဆောင်လူဆိုးက ဟန့်ထားလိုက်သည်။ ဘယ်ကျော်မှာ တန့်ခနဲ ရပ်သွားပါ၏။

"မီးဖိုထဲကကောင် ခံသွားရပြီထင်တယ်။ ဟော့ကောင် ဘယ်ကျော် မီးဖိုထဲကကောင်ကို သွားထုတ်ခဲ့ ... ငါတို့သွားမယ်"

ဘယ်ကျော် မီးဖိုထဲ ဝင်သွားသည်။

ခေါင်းဆောင်လူဆိုးက သီဂီကို ဓားထောက်ထားပြီး ဆွဲခေါ်ရင်း ဖေယျာအောင်အား လှမ်းပြောလိုက်သည်။

"ဒီမယ် ... ဖေယျာအောင်၊ ငါ့အထက်က လူကြီးတွေက မင်းကို ဘာမှမလုပ်နဲ့ဦးလို့ အမိန့်ပေးထားလို့ ... မင်းအသက်မသေသေးတာမှတ်ပါ။ မင်း ... ကျပ်ကျပ်သတိထား။ ဒီအမျိုးသမီးကို ငါတို့ကားဆီအထိ ခေါ်သွားမယ်။ မင်းထပ်ပြီး အနှောင့်အယှက် လုပ်လာရင် အမျိုးသမီးကို ဓားနဲ့ထိုးသတ်ခဲ့မယ် ... မင်းဘာမှဆက်ပြီး မနှောင့်ယှက်ရင် အမျိုးသမီးကို ငါတို့သွားတာနဲ့ လွှတ်ပေးခဲ့မယ် ... ဒါပဲ"

ပြောပြောဆိုဆို ... သီဂီကို ဒရွတ်ဆွဲခေါ်ဆောင်သွားသည်။



ဘယ်ကျော်က မီးဖိုထဲမှ လူဆိုးကို တွဲခေါ်ပြီး နောက်မှ လိုက်သွားသည်။

သူတို့အားလုံး မြို့ပြင်တွင် ရပ်ထားခဲ့သည့် ဆလွန်းကားအနီပေါ်တက်ပြီး မောင်းအထွက်မှာပင် သီဂီကို ဆောင့်တွန်းထားခဲ့သည်။

ဖေယျာအောင် သီဂီရှိရာသို့ ပြေးလာကာ ပါးစပ် ပလတ်စတာ ခွာပေးသည်။ တုတ်ထားသော ကြိုးတွေကို ဖြေပေးသည်။

"ဖေဖေ ... မေမေ"

သီဂီကိုတွဲကာ ... အိမ်ထဲသို့ ပြန်ဝင်လာခဲ့သည်။ အိမ်ထဲတွင် ဒေါ်ဖွားရောက်နှင့်နေပြီး သီဂီ၏ ဖေဖေနှင့် မေမေ့ကို ကြိုးဖြေပေးနေသည်ကို တွေ့ရသည်။

သီဂီ ပြေးသွားပြီး သူမ၏ဖေဖေနှင့် မေမေ့ကို ကူညီကြိုးဖြေပေးသည်။

ထိုအခါကျမှ ဒေါ်ဖွားသည် ဖေယျာအောင်၏ နက်ဘာဦးထုပ် ချွတ်ထားသော မျက်နှာကို ကြည့်မိကာ ... အံ့သြစွာ ပြောလိုက်သည်။

"ဟင် ... မောင်ခင်မောင်ဝင်းလဲ မဟုတ်ဘူး"

ဖေယျာအောင်က ဒေါ်ဖွားအား ပြုံးပြပြီး ပခုံး တွန့်ပြလိုက်မိသည်။

သီဂီ၏ ဖေဖေကလည်း ဖေယျာအောင်ကိုကြည့်ပြီး စကားစတင် ပြောပေးသည်။

"ဟုတ်ပါ ... မောင်ရင်ဟာ ဘယ်သူမှန်းတော့ ဦးတို့

မသိတာ အမှန်ပဲ။ ဒါပေမယ့် မောင်ရင့်ကို ဦးတို့ကသိပ် ကျေးဇူးတင်နေမိပါတယ်။ မောင်ရင်သာ ရောက်မလာရင် လူဆိုးသုံးယောက်က ဦးတို့မိသားစုကို ဘာဆက်လုပ်ကြဦးမလဲ မသိဘူး"

"ကျွန်တော်က ဇေယျာအောင်ပါ ... ကိုခင်မောင်ဝင်း မဆုံးခင်က ခဏလေး သူနဲ့ပတ်သက်လိုက်မိတဲ့သူပါ။ ကိုခင်မောင်ဝင်းရဲ့ အကြောင်းကို ဦးတို့လည်း ကြား ပြီးသား ဖြစ်မှာပါ"

"ကြားပြီးပါပြီ ... သမီးသီဂီဆီကို မောင်ခင်မောင်ဝင်း ရဲ့ညီမ လွင်လွင်စီက ဖုန်းဆက်ပြီး ဖြစ်တဲ့အကြောင်း တွေ ပြောပါတယ်။ ကဲ ... ထိုင်ပါ မောင်ဇေယျာအောင်"

အားလုံး ဧည့်ခန်းဆက်တီ ကုလားထိုင်များပေါ်တွင် ထိုင်ကြသည်။

"မဖွားရေ ... အားလုံးအတွက် လိမ္မော်ရည်လေး လုပ်ပါကွယ်။ နှလုံးခုန် ရင်တုန်တာတွေ သက်သာသွားအောင်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဒေါ်ဖွားသည် ထမင်းစားခန်း ရေခဲသေတ္တာဆီသို့ ထွက်သွားသည်။ ဒေါ်ဖွားသည် ဤအိမ်မှ စားဖိုမှူးဖြစ်ဟန်တူပါ၏။

"ဦးနာမည်က ဦးမြင့်ထူးပါ။ အငြိမ်းစား ပါမောက္ခ ဦးဇနီးက ဒေါ်ကလျာတဲ့၊ ခင်မောင်ဝင်းတို့အမေ ဒေါ်မေစီနဲ့ ခင်မင်ကြတယ်၊ ဒေါ်မေစီရဲ့ခင်ပွန်း မကွယ်





လွန်မီကတည်းက ခင်မင်လာကြတဲ့ လူရင်းတွေပဲ၊ ဟောဒါ ဦးတို့ရဲ့သမီး သီဂီပါ"

ဇေယျာအောင်ကလည်း သူ့ကိုယ်သူ ပြန်၍မိတ်ဆက်ပါ၏။

"ခုချိန်ထိတော့ ... ကျွန်တော်က ဆောက်လုပ်ရေးရုံးက အေအီးပါ။ ဒါပေမယ့် နက်ဖြန်တနင်္လာနေ့ကစပြီး အေအီးအလုပ်က ထွက်တော့မှာပါ။ အခုနေတာက စမ်းချောင်း မဟာမြိုင်လမ်း အိမ်နံပါတ်မှာပါ"

ထို့နောက် ဇေယျာအောင်က မိမိ ပဲခူးမှ မိုးချုပ်ပြန်လာစဉ် သောက်ကြန့်အနီး၌ ကိုခင်မောင်ဝင်းကို တွေ့ပုံမှ အဆုံးအထိ ပြောပြလိုက်သည်။

"အဲဒါ ... ကျွန်တော် ကိုခင်မောင်ဝင်းနဲ့ ပတ်သက်ပြီး စုံစမ်းရင်း ... သီဂီနဲ့ ကိုခင်မောင်ဝင်းရဲ့ ခင်မင်မှုကိုပါ ကြားရတယ်။ ဒါကြောင့် သီဂီ့ဆီမှာ ကိုခင်မောင်ဝင်းအကြောင်း မေးချင်လို့ လာခဲ့ရာက ဒေါ်ဖွားခြံဝက ဆီးပြောလို့ ကျွန်တော်ဝင်ပြီး လူဆိုးတွေနဲ့ တိုက်ခိုက်တာပါ"

"အင်း ... မောင်ဇေယျာအောင်ကြားတာ မမှားပါဘူး။ မောင်ခင်မောင်ဝင်းနဲ့ ဦးတို့ရဲ့သမီး သီဂီဟာ ငယ်ငယ်လေးတည်းက မိဘချင်းခင်မင်တော့ သူတို့လည်း ငယ်သူငယ်ချင်းတွေပေါ့လေ ...။ အဲ ... ကြီးလာပြီး အရွယ်ရောက်လာကြတော့လည်း နောက်ထပ်ခင်မင်မှုတစ်မျိုးနဲ့ ဆက်ပြီးခင်မင်ကြတယ် ဆိုပါတော့ကွယ်။

အဲ ... တစ်ခုခက်တာက မောင်ခင်မောင်ဝင်း ဟာ
ပညာရေးမှာ စိတ်မဝင်စားဘူး၊ တက္ကသိုလ်ရောက်ပြီး
ဒုတိယနှစ်မှာပဲ ကျောင်းဆက်မတက်ဘဲ စီးပွားရေး
ဖြတ်လမ်းတွေ လုပ်ခဲ့တယ်"

"ဘယ်လို စီးပွားရေး ဖြတ်လမ်းလဲ ဦး"

"ကျောက်မျက်ရတနာတွေကို မှောင်ခိုပြီး နိုင်ငံခြား
ခိုးထုတ်ရောင်းတဲ့ ဖြတ်လမ်းလေ။ မောင်ခင်မောင်ဝင်း
ရဲ့ဖခင် ဦးဘုန်းဝေက ကျောက်မျက်ရတနာမှာ သိ
ကျွမ်းကျင်တယ်။ အဲဒီပညာကို သူ့သား ခင်မောင်ဝင်း
ကရလိုက်တယ်။ ဒါကြောင့် မောင်ခင်မောင်ဝင်းက
ပြည်တွင်းအနှံ့မှာ ဈေးချောင်ချောင်နဲ့ ကျောက်မျက်
ရတနာတွေကို လိုက်ဝယ်ပြီး နိုင်ငံခြားကို အမြ
အစွန်းများများ ခိုးထုတ်တာတွေ လုပ်လာတယ်"

"အဲဒီအလုပ်ကို မသီဂီက ကိုခင်မောင်ဝင်းကို မဟ
တားဘူးလား"

ဖေယျာအောင်က သီဂီ့ဘက်လှည့်ပြီး မေးလို
ခြင်း ဖြစ်ပါ၏။

သီဂီက လေးလေးစားစားပင် ပြန်ဖြေပါ၏။

"သီဂီတားတာမှ ပြင်းပြင်းထန်ထန် တားပါတယ်
ဒါပေမယ့် ... ကိုဝင်း ... အဲ ... ကိုခင်မောင်ဝင်း
မလိုက်နာပါဘူး။ သူ့ဆင်ခြေက တက္ကသိုလ်က
ရပြီးပေမယ့် ... အိမ်ထောင်တစ်ခုကို ထည်ထည်
ဖြစ်အောင် ထားနိုင်နေနိုင်တာမှ မဟုတ်တာတဲ့။



သူလုပ်နေတဲ့ အလုပ်က သိန်းပေါင်းအများကြီး ငွေတွေ
ပက်ခနဲရနိုင်တယ်တဲ့။ ဒီလုပ်ငန်းမှာလည်း သူကကျွမ်း
ကျင်ပြီးသားလို့ ဆင်ခြေပေးပြီး လုပ်မြဲလုပ်တော့တာ
ပဲ"

ဒေါ်ဖွားက လီမွှော်ရည်များ ယူလာသည်။

အားလုံး လီမွှော်ရည်သောက်ရင်း စကားဆက်
ပြောသည်။ ဖေယျာအောင်က သူ၏ ထင်မြင်ယူဆချက်ကို
ပြောပြသည်။

"ဒါဆိုရင်တော့ မြွေဟောက်အဖွဲ့လို့ပဲ ဆိုပါတော့။
အဲဒီလူဆိုးအဖွဲ့နဲ့ ပတ်သက်တဲ့ ကျောက်မျက်ရတနာ
ကိစ္စတစ်ခုခု ကိုခင်မောင်ဝင်း လုပ်ခဲ့တာဖြစ်မယ်။
ဘာလို့လဲဆိုတော့ လူဆိုးအဖွဲ့ဟာ ကိုခင်မောင်ဝင်း
သေဆုံးပြီးတဲ့နောက် ကိုခင်မောင်ဝင်းနဲ့ ပတ်သက်သူ
မှန်သမျှဆီမှာ ပတ္တမြားညီနောင်ကို လိုက်ရှာနေတယ်။
အခုလဲ ကိုခင်မောင်ဝင်းဟာ မသေခင်က မသီဂီနဲ့ပတ်
သက်ခဲ့တာမို့ ... မသီဂီဆီမှာ အဲဒီပတ္တမြားညီနောင်
အပ်ထားမလားဆိုတဲ့ အထင်နဲ့ လာရှာတာဖြစ်မယ်"

"ဘာလဲကွယ့် ... ပတ္တမြားညီနောင်ဆိုတာ" ဟု
သီဂီ၏ဖေဖေ ဦးမြင့်ထူးက မေးလိုက်သည်။

ဒေါ်ကလျာက ထင်မြင်ချက် ပေးပါ၏။

"ပတ္တမြားညီနောင်ဆိုတာ အရွယ်တူ အသွေးတူ တစ်
လုံးထက်ပိုတဲ့ ပတ္တမြားတွေကို ဆိုလိုတာဖြစ်လိမ့်မယ်
ထင်တယ်။ ညီနောင်ဆိုကတည်းက ... ညီအစ်ကို နှစ်

ယောက် … ဒါမှမဟုတ် သုံးယောက် လေးယောက် ယူဆရင် ပတ္တမြားညီနောင်ဆိုတာ ပတ္တမြားသွေး ရည်တူ အရွယ်တူ သုံးလေးလုံးကိုများ ဆိုလိုတာလား

ဇေယျာအောင်က ဒေါ်ကလျာ၏ ယူဆချက် ထောက်ခံခေါင်းညိတ်မိသည်။

ယင်းပတ္တမြားညီနောင်သည် မြွေဟောက်အဖွဲ့ ပတ်သက်နေသဖြင့် ခင်မောင်ဝင်းကို အမိဖမ်းကာ ရှာဖွေ လက်လွှန်သွားခြင်းဖြစ်မည်။ ဒီနောက်တော့ ခင်မောင် ကိုယ်တွင် မတွေ့ရသောကြောင့် ခင်မောင်ဝင်းနှင့် ပတ်သ သူ မှန်သရွေ့တွင် လိုက်လံရှာဖွေနေခြင်း ဖြစ်ပေမည်။

"ဒါဆိုရင်တော့ … ဒီကောင်တွေအဖွဲ့ဟာ မောင် မောင်ဝင်းရဲ့ မိခင် ဒေါ်မေစီတို့အိမ်ကိုလည်း သွား မယ် ထင်တယ်"

"ဒီရက်အတွင်းမှာတော့ ဒေါ်မေစီအိမ်ကို သူတို့ မှာမဟုတ်ဘူး။ ကိုခင်မောင်ဝင်း ရက်လည်တဲ့ ဒေါ်မေစီအိမ်မှာ အသုဘကိစ္စနဲ့ လူတွေရှိနေမှာ ကျွန်တော်တောင် ဒေါ်မေစီနဲ့ လွင်လွင်စီဆီ သွား မလို့။ ဒါပေမယ့် … သူတို့သားအမိ သောက နေချိန်မို့ တောင်မေးမြောက်မေးတွေ မမေးသင့် ထင်လို့ စောင့်နေတာ"

သူတို့အားလုံး ဇေယျာအောင်၏စကားကို ညိတ် ထောက်ခံကြပါ၏။

"ဦးကို ကျွန်တော် တစ်ခုမေးပါရစေ။ အခု



သုံးယောက် ဦးအိမ်ကိုလာပြီး သောင်းကျန်းသွားတဲ့ အတွက် ရဲအဖွဲ့မှာ ဦး တိုင်ချက်ဖွင့်မလားဟင်"

"အဲဒါကို ဦးစဉ်းစားနေတယ်။ မောင်ဇေယျာအောင် ကော ဘယ်လိုသဘောရသလဲ"

"ရဲကို အမှုဖွင့်လိုက်ရင် ဒီလူဆိုးတွေ လှို့ပြီးနောက် ကိုဓားဆုတ်သွားမှာပဲ။ ခြေရာဖျောက် ယာယီပျောက် သွားမှာပဲ။ ဒါပေမယ့် … သူတို့ရန်ကတော့ အေးသွား မှာမဟုတ်ဘူး။ မသိဂိလက်ထဲမှာ ပတ္တမြားတွေရှိနေ တယ် ထင်နေသရွေ့ ထပ်ပြီး သူတို့နှောင့်ယှက်နေဦး မှာပဲ"

"အင်း … ဒါလဲ စဉ်းစားစရာပဲ"

"နောက်တစ်ချက်က … နယ်မြေရဲစခန်းကို တိုင်တာ နဲ့ ကျွန်တော်ရောက်လာပြီး လူဆိုးတွေနဲ့ သတ်ပုတ်တဲ့ အကြောင်း ထည့်ပြောရမှာပဲ"

"အဲဒါလဲ … ဟုတ်တယ်လေ"

"ဒီလိုပါ … ကျွန်တော်က ကိုခင်မောင်ဝင်းကို တွေ့ တဲ့အချိန်မှာ ကိုခင်မောင်ဝင်း အသက်ရှိသေးတယ်။ ထောက်ကြန့်ရဲစခန်းမှာတိုင်ပြီး ကိုခင်မောင်ဝင်းကို အင်းစိန်ဆေးရုံ ပို့ခဲ့တယ်၊ ကိုခင်မောင်ဝင်း သေဆုံး သွားတယ်။ ဒီကိစ္စကို ထောက်ကြန့်ရဲကတစ်ဆင့် … အင်းစိန် စီအိုင်ဒီအဖွဲ့က လွှဲပြောင်းယူပြီး ဆက်စုံစမ်း နေတယ်၊ ကျွန်တော် စိတ်ကူးတာက အင်းစိန်စီအိုင်ဒီ စုံထောက်အဖွဲ့နဲ့ ကျွန်တော်သွားတွေ့ပြီး မြွေဟောက်

အဖွဲ့ လှုပ်ရှားသမျှ ပြောပြမယ်။ စုံထောက်အဖွဲ့နဲ့ ကျွန်တော် တိုင်ပင်ပြီး ဒီမြွေဟောက်တစ်ဖွဲ့လုံးကို ဖမ်းမိအောင် ကျွန်တော် ဆောင်ရွက်မလားလို့ပါ"

"အဲဒါ သိပ်ကောင်းသားပဲ။ အခု နယ်မြေရဲစခန်းမှာ ဦး အမှုဖွင့်လဲ လူဆိုးတွေအကြောင်း ဦးအနေနဲ့ရေရေ ရာရာ ဘာမှပြောမပြနိုင်ဘူး၊ ဦးအိမ်ကို ဓားပြဝင်တိုက်တယ် ပြောရအောင်လဲ ... ဘာပစ္စည်းမှ ယူမသွားကြဘူး၊ အမှုဖွင့်ရင်တောင် အကြောင်းကြောင်း ဦးတိုင်ချက်ဖွင့်ရမှာ။ နောက်ပြီး ... လူဆိုးတွေအနေနဲ့ မောင်ဓေယျာအောင် ပြောသလို ... ခဏငြိမ်နေပြီး အဲဒီနောက်မှာ ဦးတို့ကို ရန်ပြန်လုပ်မှာသေချာတယ်။ လုပ်ပါ မောင်ဓေယျာအောင် ဆန္ဒရှိတဲ့အတိုင်း လုပ်ပါ။ ဦး အမှုမဖွင့်တော့ဘူး"

"နောက်တစ်ချက်က ကျွန်တော် မသီဂီကို တစ်ခု လောက် မေးချင်တယ်။ မေးတော့ မမေးအပ်ကဲ့ မေးခွန်းပဲ။ ဒါပေမယ့် ကျွန်တော်က တကယ့်အစစ်အမှန်ကို သိချင်လို့ပါ"

"မေးပါ ကိုဓေယျာအောင်။ သီဂီ ဖြေနိုင်တာဆိုရင် အမှန်အတိုင်း ဖြေပါ့မယ်"

"ကိုခင်မောင်ဝင်းက မသီဂီကို သူ မဆုံးခင်က ... ပစ္စည်းတစ်ခုခု ... အဲလေ ... ပတ္တမြားပဲ ဆိုပါတော့ သိမ်းထားဖို့ ပေးခဲ့တာများ ရှိသလား"

သီဂီသည် တွေဝေခြင်းပင် မဖြစ်ဘဲ ဦးခေါင်း



ကို ချက်ချင်းယမ်းပြလိုက်သည်။

"ဘာဆို ... ဘာမှ ပေးမထားခဲ့ဘူး။ တကယ်လို့ ပေးတောင် သီဂီက လက်ခံမှာမှ မဟုတ်တာ။ ဒီအလုပ်ကို သီဂီကိုယ်တိုင်က သူ့ကို အပြင်းအထန် ကန့်ကွက်ထားတာပဲ။ ဥပဒေမကင်းတဲ့ ပစ္စည်းမျိုး သီဂီက ဘယ်လက်ခံမလဲ"

"ဒါလောက်သိရရင် ကျေနပ်ပါပြီ။ ကျေးဇူးတင်ပါတယ်"

ထို့နောက် ဓေယျာအောင်သည် အားလုံးကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

မော်တော်ဆိုင်ကယ် စီးရင်းပင် ဓေယျာအောင် ဆက်စဉ်းစားသည်။

ပတ္တမြားညီနောင် နွေနွေ့ထံတွင် မရှိ။

သီဂီထံတွင်လည်း မရှိ။

ဒါဆို ပတ္တမြားညီနောင် ဘယ်မှာရှိနေမည်နည်း။

တစ်နေရာပဲ ကျန်တော့သည်။ ကထိက ဒေါ်မေစီနှင့် လွင်လွင်စီထံတွင် ဖြစ်ပါ၏။

သီဂီတို့အိမ်တွင် ရင်ဆိုင်ခဲ့ရသော လူဆိုးသုံးယောက်ကို ဓေယျာအောင် ပြန်တွေးကြည့်သည်။

သူတို့သုံးယောက်စလုံး ခေါင်းစွပ် စွပ်မထားသောကြောင့် သူတို့မျက်နှာတွေကို ဓေယျာအောင် မြင်ခဲ့သည်။

သူတို့မျက်နှာတွေကို ရှေးမဆွက ဓေယျာအောင် မမြင်စဖူးခဲ့။ မျက်နှာစိမ်းတွေ ဖြစ်ပါ၏။

သူတို့သုံးယောက်စလုံး လက်ဖျံလက်မောင်းတွင် မြွေဟောက်ပုံ တက်တူးထိုးထားသည်ကိုလည်း မတွေ့ရ။

ဒါဆို ... နွေနွေတို့အိမ် လာသွားသော လက်ဖျံတွင် မြွေဟောက်တက်တူး ထိုးထားသည့် လှိုင်ဘွားဆိုသူ ... ယခုသုံးယောက်တွင် မပါဝင်။

မျက်စိတစ်ဖက် ပျက်နေပါသည် ဆိုသူလည်း မပါဝင်။

သို့သော် မိမိအိမ်သို့ ခေါင်းစွပ်တွေဖြင့် လာခဲ့သူ ဘယ်ကျော်ဆိုသူတော့ ယခုသုံးယောက်တွင် ပါဝင်နေပြန်သည်။

တွက်ကြည့်လျှင် လှိုင်ဘွား၊ မျက်စိတစ်ဖက်ပျက်နှင့် ယခု သုံးဦးဆိုပါ မြွေဟောက်အဖွဲ့ထဲမှ ငါးဦးရေတွက်ရပေပြီ။

လှိုင်ဘွားသည် သူတို့ထဲတွင် ခေါင်းဆောင်ကြီးပေလား။

သီဂိုကို ဓားနှင့်တော့ထားသူက ပြောသွားသည်။ သူတို့တွင် ကိုင်းဖျားကိုင်းနား တပည့်မျိုးတွေ အများကြီးရှိသည်ဟူ၍။

ဒါဆို ... ပင်စည်ရေသောက်မြစ်သည် မည်သူပေနည်း။

ပဏ္ဍမြားညီနောင်သည် မည်မျှအထိ တန်ခိုးကြီးမားသဖြင့် သူတို့သဲသဲမဲမဲ လိုက်နေကြပေသနည်း။

နောက်တစ်ခု သတိထားမိသည်မှာ သူတို့သည်



ခင်မောင်ဝင်းနှင့် ပတ်သက်သူ မှန်သရွေ့ကို အသေမသတ်ပေ။

ပတ်သက်သူ သေသွားလျှင် ပဏ္ဍမြားညီနောင် လုံးဝလမ်းစပျောက်သွားမည်ကို သူတို့ စိုးရိမ်ကြောင်း ထင်ရှားပါ၏။

* * *

## (၇)

"လာဗျို့ ... ကိုဧယျာအောင် ... ချက်ချင်းကိုပေါက်ချလာတာပဲလား။ ကျုပ်ဖုန်းဆက်တာ နာရီဝက်တောင် မပြည့်သေးဘူး"

စီအိုင်ဒီအဖွဲ့ စုံထောက်အရာရှိ ဦးမင်းဆွေ အခန်းသို့ ဝင်လိုက်သည်နှင့် ဦးမင်းဆွေက ဖော်ရွေစွာ ဆီးကြိုနှုတ်ဆက်ခြင်း ဖြစ်ပါ၏။

ဧယျာအောင်က စားပွဲရှေ့ရှိ ညှော်ထိုင်ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဦးမင်းဆွေက ဆက်၍ပြောသည်။

"ဖုန်းဆက်တော့ ... ခင်ဗျားတာပည့်နဲ့ တွေ့တယ် ... ဆရာရောက်ရောက်ချင်း ပြောလိုက်ပါ့မယ်တဲ့ ... ကိုဧယျာအောင် စမ်းချောင်း မဟာမြိုင်လမ်းကနေပြီး ဒီကို နာရီဝက်မပြည့်ခင် ရောက်လာတယ်နော်"

ဦးမင်းဆွေက သူဖုန်းဆက်သည်ကို မောင်ရှိန်းကပြောသဖြင့် မိမိရောက်လာသည်ဟု ထင်နေသည်။



တကယ်တော့ သီဂီတို့အိမ်မှ ဒီကိုတန်းလာခြင်း ဖြစ်ပါ၏။ ဒါကို ဦးမင်းဆွေ သိက္ခာကျမည်စိုး၍ ဧယျာအောင်က ရှင်းမပြတော့ပေ။ ချော်လဲရောထိုင် နေလိုက်ပါ၏။

"ဒီလိုဗျ ... စားတန်းလန်းနဲ့ ဆေးရုံရောက်လာပြီး သေသွားတဲ့ ... ကိုခင်မောင်ဝင်းရဲ့ ရင်ဘတ်ကစားကို ယူပြီး ... လက်ဗွေပုံစံရုံးမှာ စစ်ဆေးကြည့်တယ်။ အဲဒီကရတဲ့ လက်ဗွေပုံစံနဲ့ တစ်ခါ ကျုပ်တို့ဆီမှာ ရှိထားတဲ့ လူဆိုးစာရင်းဝင် ကောင်တွေရဲ့ လက်ဗွေပုံစံနဲ့ တိုက်ပြီးရှာကြည့်တယ်။ ရာဇဝင်လူဆိုးထဲကတော့ ဟုတ်ပုံမရဘူး။ အဲဒီလက်ဗွေပုံစံနဲ့ လူဆိုးရှာမတွေ့ဘူး ဒီတော့ လမ်းစပျောက်သလို ဖြစ်နေတယ်"

ဦးမင်းဆွေသည် ရာထူးအရ ဦးတပ်ခေါ်ရသော်လည်း အသက်သုံးဆယ်သာသာမျှသာ ရှိဦးမည်။ ဖော်ရွေသော ဆက်ဆံမှု ရှိပါ၏။ လုပ်ငန်းကျွမ်းကျင်သည့် သဏ္ဍာန်လည်း ရှိသည်။

"ထောက်ကြန့်က ရဲကြပ်ကြီး တင်ပြချက်အရ ... ကိုဧယျာအောင်ဟာ ခရီးကြို လမ်းကြို ခင်မောင်ဝင်းကို လူဆိုးတွေက ဓားနဲ့ထိုးတာကိုတွေ့ပြီး ဝင်ကယ်တယ်။ ပြီး ထောက်ကြန့်ရဲစခန်းမှာ အကြောင်းကြားပြီး အင်းစိန်ဆေးရုံ ပို့ပေးတယ်ဆိုတာ ကျုပ်တို့သိထားတယ်။ ဒီတော့ ... ဟိုတုန်းက ခင်မောင်ဝင်းနဲ့ ကိုဧယျာအောင် ဘာမှပတ်သက်ခဲ့တာ မဟုတ်လို့ သာမန်သက်သေထားပြီး ... နောက်မှ စစ်မေးချက်ယူမယ်လို့

ကျုပ်က ယူဆထားတာ။ ခင်မောင်ဝင်းရဲ့ မိခင် ဒေါ်မေစီနဲ့ သူ့သမီး လွင်လွင်စီကိုတော့ အသုဘတန်းလန်းမှာ အားနာနာနဲ့ပဲ ကျုပ်သွားပြီး စစ်ဆေးမေးမြန်းချက်တွေ ယူသေးတယ်"

"ဘာထူးခြားချက်တွေ့လဲ ဦးမင်းဆွေ"

"ဒေါ်မေစီနဲ့ လွင်လွင်စီတို့က ဂုဏ်သရေရှိ ရိုးရိုးသားသားတွေပဲ။ ခင်မောင်ဝင်းဟာ ဥပဒေမကင်းတဲ့ အလုပ်တွေလုပ်တယ် ဆိုတာကလွဲပြီး တခြားတိတိကျကျ တွေတွေထူးထူး ဘာမှမပြောနိုင်ကြဘူး။ ဒါကြောင့် ကိုဇေယျာအောင်နဲ့ တွေ့ပြီးမေးရရင်တော့ ထူးထူးခြားခြားလေးတွေ သိရမလားလို့ ဖုန်းဆက်ခေါ်ရတာပါ"

"ဟုတ်ကဲ့ ... ကျွန်တော့်ကိုယ်တိုင် ကိုခင်မောင်ဝင်း အမှုကို ကိုင်တွယ်တဲ့ စီအိုင်ဒီစုံထောက်အဖွဲ့နဲ့ တွေ့သင့်ပြီလို့ ယူဆပြီးသားပါ။ ကိုခင်မောင်ဝင်းသေဆုံးပြီးမှ ကျွန်တော့်ကို လာပတ်သက်တာတွေကလည်း များလာပြီလေ"

ဇေယျာအောင်က နွေနွေနှင့် တွေ့ခဲ့သည်မှအစ ခင်မောင်ဝင်းကို ခွဲစိတ်ကုသခဲ့သော ဆရာဝန်နှင့် တွေ့ခဲ့ပုံ၊ မိမိ၏ မဟာမြိုင်လမ်းအိမ်သို့ လူဆိုးသုံးဦး ဝင်မွှေပုံ၊ နွေနွေတို့အိမ်သို့ လှိုင်ဘွားဆိုသူနှင့် သူ့အဖော် ဝင်ရောက်ရှာမွှေပုံ၊ ယနေ့ တက္ကသိုလ်ရိပ်သာလမ်းနေ သီဂီတို့အိမ်ရောက်ရှိ၍ မိမိရောက်သွားပြီး လူဆိုးသုံးဦးနှင့် တွေ့ဆုံပြောကြားတိုက်ခိုက်ရပုံတွေကိုပါ ဦးမင်းဆွေအား အားလုံးပြောပြလိုက်သည်။



"အား ... အခု ကိုဇေယျာအောင်ဆီက အမှုနဲ့ပတ်သက်ပြီး အဖိုးတန်သတင်းတွေ အများကြီး ရတာပဲ။ ဒီလောက် ရင်ဆိုင်ပွဲတွေနဲ့ တွေ့တာတောင် ကိုဇေယျာအောင်က သက်ဆိုင်ရာနယ်မြေရဲစခန်းမှာ မတိုင်ကြားပဲကိုး"

"သက်ဆိုင်ရာ နယ်မြေရဲစခန်းမှာ တိုင်ကြားဖို့ ကျွန်တော် နားလည်ပါတယ် ဦးမင်းဆွေ။ ဒါပေမယ့် ... အဖြစ်အပျက်တွေက ဆက်တိုက်ကြီး ဖြစ်နေတယ်။ သောကြာနေ့ညက ကိုခင်မောင်ဝင်းကို လမ်းပေါ်မှာ တွေ့တယ်။ စနေနေ့မနက် အင်းစိန်ဆေးရုံမှာ နွေနွေနဲ့တွေ့တယ်။ စနေနေ့ညမှာပဲ လူဆိုးသုံးယောက် ကျွန်တော့်အိမ်ကို ဝင်မွှေတယ်၊ ဒီနေ့တနင်္ဂနွေမနက်ပိုင်းမှာ သီဂီတို့အိမ်မှာ တိုက်တိုက်ဆိုင်ဆိုင် လူဆိုးတွေနဲ့ ကျွန်တော်ထပ်တွေ့တယ်၊ အခု သီဂီတို့အိမ်က ထွက်လာတာနဲ့ ဦးမင်းဆွေဆီ ကျွန်တော် တန်းလာခဲ့တာပဲ"

"ဪ ... ဒါဆို ... ကိုဇေယျာအောင် မဟာမြိုင်လမ်းက အိမ်ကိုတောင် ပြန်မရောက်သေးဘူးပေါ့ ... ဟုတ်လား"

ဇေယျာအောင် ခေါင်းညိတ်ပြသည်။

"မနေ့ညက လူဆိုးသုံးယောက် ကျွန်တော့်အိမ်မှာ ဝင်မွှေလို့ သတ်ပုတ်ပြီးတဲ့ နောက်ပိုင်း ရဲစခန်းကိုတိုင်ဖို့ ကျွန်တော် သတိရတယ်။ ဒါပေမယ့် ရဲကြပ်ကြီး ကိုညိုက ဒီကေ့(စ်)ကို စီအိုင်ဒီ စုံထောက်အဖွဲ့က

လွှဲပြောင်းကိုင်ထား ပြီလို့ ပြောထားတာကြောင့်ရော၊ ကျွန်တော်ကိုယ်တိုင်က ရန်သူဟာ ကျွန်တော့်ကိုပါ တိုက်ရိုက်ထိပါးလာပြီမို့ ဆက်ပြီး စုံစမ်းချင်တာရော ကြောင့် ဦးမင်းဆွေတို့စီအိုင်ဒီစုံထောက်အဖွဲ့နဲ့တွေ့ပြီး ညှိနှိုင်းတိုင်ပင်မယ်လို့ စိတ်ကူးထားလို့ နယ်မြေရဲစခန်း တွေမှာ အမှုမတိုင်သေးတာပါ”

“ကောင်းတယ် ... ကိုဇေယျာအောင် စိတ်ကူး မှန်တယ်၊ ကိုဇေယျာအောင်က လူဆိုးတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့လူပဲ ... ဆက်လုပ်ပါ။ ရှင်းရှင်းပြောရရင် ခုအတိုင်းဆို ကိုဇေယျာအောင်ကို တယ်ကြက်အဖြစ်နဲ့ ကျွန်တော် ထားမယ်။ ကျွန်တော်တို့နောက်က ရှိုဒိုးလိုက်မယ်၊ ကိုဇေယျာအောင်က ကျွန်တော်တို့အဖွဲ့ကို ကူညီပေးတဲ့ သဘောပေါ့ဗျာ”

“ရတယ် ဦးမင်းဆွေ။ ကျွန်တော်ကိုယ်တိုင်က သိပ် စိတ်ဝင်စားနေပြီလေ။ ကိုခင်မောင်ဝင်း အသက်ထွက်ခါနီး ဆရာဝန်ကိုပြောသွားတဲ့ “ဝူးဝေါဝေါ”ဆိုတာ ဘာအဓိပ္ပာယ်လဲ။ ပတ္တမြားညိုနောင်ဆိုတာ ဘာကိုရည်ညွှန်းသလဲဆိုတာတွေ ကျွန်တော်သိပ်သိချင်နေတယ်”

ထို့နောက် ... ဦးမင်းဆွေနှင့် ဇေယျာအောင်တို့ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြသည်။

မွန်းလွဲ(၂)ချက်တီးပြီးမှ ဇေယျာအောင် မဟာမြိုင်လမ်း သူ့အိမ်သို့ မော်တော်ဆိုင်ကယ်နှင့် ပြန်လာခဲ့သည်။

❖ ❖ ❖



## (၈)

မိမိ၏ မဟာမြိုင်လမ်း ခြံဝင်းတိုက်အိမ် ပေါ်တီကိုအောက်တွင် မိမိ၏ အက်(စ်)အီးကား ရပ်ထားသည်ကိုတွေ့ရသည်။

ဘယ့်နှယ့် ... မိမိကားနှင့် အောင်ရှိန်၏ မော်တော်ဆိုင်ကယ် ခေတ္တလဲစီးထားပါလျက် မိမိ၏ကားသည် အဘယ်ကြောင့် အိမ်ပြန်ရောက်နေပေသနည်း။

မော်တော်ဆိုင်ကယ်ကို မိမိကားနောက်မှာပင် ရပ်ပြီး စက်ပိတ်ဒေါက်ထောက်ခါ အိမ်ထဲသို့ ဝင်လိုက်သည်။

လား ... လား။

သူငယ်ချင်း အောင်ရှိန်သည် ဆက်တီဆိုဖါထက်တွင် မျောက်ထိုင်,ထိုင်ပြီး လဒမှိုင်၊ မှိုင်နေသည်ကို တွေ့ရသည်။

မောင်ရှိန်းက အောင်ရှိန်အားတွင် ရပ်နေပြီး သူ့ဆရာ ဝင်ရောက်လာသည်ကို ပြုံးပြသော်လည်း မောင်ရှိန်း

လည်း မျက်စိမျက်နှာမကောင်းပေ။

"ယောကောင် ... အောင်ရှိန်။ ဘယ်လိုလဲကွ။ ငါ့ကား ကြီး စီးရတာ ငြိမ့်နေတာပဲ မဟုတ်လား"

"ဟော ... အေး ... ငြိမ့်ပါ ... ငြိမ့်ပါ။ ငြိမ့်ကာမှဘယ် လောက် ငြိမ့်သလဲဆိုရင် တစ်ချီတည်း အဝီစိရောက် သွားသလား အောက်မေ့ရအောင် ငြိမ့်သွားတယ် ဧယျာ အောင်ရေ"

"ဟ ... မင်းဟာက ဘာလဲ။ ပြောပုံကြီးက အောက် ကလီအာ ဆန်လိုက်တာ အောင်ရှိန်"

"ဒီမှာကြည့်လကွာ ... ဧယျာအောင်"

အောင်ရှိန်က သူ၏အင်္ကျီလက်မောင်းစကို ပင့်ပြ သည်။ လက်မောင်း သုံးနေရာတွင် ဆေးပြာတွေ လိမ်းထား သည်ကို တွေ့ရသည်။

"ငါ့ကို စီးကရက်မီးနဲ့ ထိုးတာလေ"

"ဟ ..."

"မဟာနဲ့ ဧယျာအောင်။ ငါ့ခေါင်းကို ဒီမယ် ... စမ်း ကြည့်ဦး"

ဧယျာအောင်က အောင်ရှိန် ဆံပင်ဖြိုပြသော နေရာကို သူ့လက်ဖြင့် စမ်းကြည့်သည်။

ဆီးဖြူသီးခန့် ဘုလုံးတက်နေသည်ကို တွေ့ရ၏။

"အဲဒါ ငြိမ့်တာတွေလေ။ မင်းကားကြီး ငါစီးပြီး ငြိမ့် သွားတာ"





ဧယျာအောင် ဆိုဖာတစ်လုံးပေါ် ထိုင်ချလိုက် သည်။

"ပြောပါဦး အောင်ရှိန် ... မင်းဟာက အရင်းမရှိ အဖျားမရှိနဲ့ ဒဏ်ရာတွေပြ ပြောနေတာ ငါဘာမှနားမ လည်ပါလား အောင်ရှိန်"

"အေး ... ပြောမယ်။ ငါက မင်းထားခဲ့တဲ့ မင်းကား ကို အပျင်းပြေစီမ်ခံရင်း ကန်တော်ကြီး တစ်ပတ်မောင်း မယ်ဆိုပြီး ထွက်လာတယ်။ စီမ်နဲ့ ဖြည်းဖြည်းမောင်း လာတာ နတ်မောက်လမ်းဘက် လူရှင်းတဲ့နေရာကို ရောက်တော့ နောက်က ပါဇလစ်ကာကားတစ်စီးက ကျော်တက်ပြီး ရှေ့ကပိတ်ရပ်တယ်။ ငါက ကားရပ်ပေး ရတာပေါ့။ အဲဒီ ပါဇလစ်ကာကားပေါ်က အကောင်သုံး ကောင် ဆင်းလာတယ်။ ဘာမှစကားတစ်လုံး မပြော ခင် ငါ့ခေါင်းကို ဓားမြှောင်နဲ့ ခေါက်တယ်။ ငါမိုက် ခနဲ မူးသွားတယ်။ အဲဒီနောက် ငါ့ကိုအလယ်မှာထား ပြီး တစ်ယောက်က မောင်းတယ်။ ဒီပြင်တစ်ယောက် က ငါ့နံကြားမှာ ဓားထောက်ထားတယ်။ ငါ့မျက်လုံး နှစ်ဖက်ကို အဝတ်စီးပြီး ပိတ်ထားတယ်။ အဲဒီနောက် သူတို့ပဲ ကားကို ဆက်မောင်းတယ်၊ ဆယ့်ငါးမိနစ် လောက်မောင်းပြီး ခြံဝင်းတစ်ခုထဲက နှစ်ထပ်တိုက် တစ်ခုထဲရောက်မှ ငါ့မျက်နှာ ပိတ်စည်းထားတဲ့ အဝတ် ကို ဖြုတ်တယ်။ အဲဒီတိုက်ထဲ ငါ့ကိုခေါ်သွားတယ်။ ထမင်းစား ကုလားထိုင်မှာ ထိုင်ခိုင်းပြီး ငါ့ခြေတွေ

လက်ချောင်းတွေကို ကြိုးနဲ့တုတ်တယ်။ နောက်ပြီးတော့ ငါ့
စစ်လားမေးလားတွေ လုပ်တော့တာပဲ"
"ဘာတွေစစ် ... ဘာတွေမေးတာလဲ"
"ဇေယျာအောင်ဟာ မင်းနဲ့ ဘယ်လိုပတ်သက်သ
တဲ့။ ဇေယျာအောင်က မင်းကို ပစ္စည်းတစ်ခု ပေးထား
တယ် မဟုတ်လားတဲ့။ ငါက မင်းနဲ့သူငယ်ချင်း
တဲ့အကြောင်း၊ ဒီနေ့ မင်း ငါ့ဆီလာပြီး မော်တော်ကား
နဲ့ ငါ့မော်တော်ဆိုင်ကယ် ခဏလဲစီးရအောင်လို့
တယ်၊ ငါ့ကို မင်းက ဘာပစ္စည်းမှ မပေးဘူးဆို
မယုံဘဲ ထပ်တလဲလဲမေးပြီး ထပ်တလဲလဲ စီးက
မီးနဲ့ ထိုးမေးတာပဲ ဇေယျာအောင်။ ကျန်တဲ့နှစ်ယော
က မင်းအက်(စ်)အီးကားကြီးထဲမှာ မွှေနှောက်ရှာ
တယ်။ ကားကုရှင်တွေ ဓားမြှောင်နဲ့ခွဲပြီး အထဲ
နှိုက်ရှာတဲ့အထိပဲ။ ကားတစ်စီးလုံး သူတို့ထိုးခွဲထား
တာ မွနေတာပဲ"
"အေး ... ငါသဘောပေါက်ပြီ အောင်ရှိန်၊ ဒီကော
တွေ ငါ့နောက်ကို လိုက်နေတဲ့ကောင်တွေပဲ။ ငါ့က
ကို မင်းမောင်းတော့ မင်းနဲ့ငါဟာ ပတ်သက်တဲ့လူ
ဆိုပြီး မင်းကို အကြမ်းနည်းနဲ့ စစ်ဆေးတာပဲ။ ငါ
မိသွားလဲ ... သူတို့ဒီလိုပဲ လုပ်ကြမှာ။ သူတို့လိုချင်
ပစ္စည်း ငါ့ဆီမှာဖြစ်ဖြစ် ... ငါနဲ့ပတ်သက်တဲ့ လူ
ဖြစ်ဖြစ် ရှိရမယ်လို့ သူတို့တွက်ထားကြတယ်"
"မင်းကွာ ... မရှင်း မရှင်းနဲ့ ... ကြားထဲက ဘုမ



ဘမသိ ငါခံလိုက်ရတာပေါ့"
"ဆောရီးပဲ အောင်ရှိန်။ ဒါထက် မင်းနဲ့ဒီကောင်သုံး
ကောင် ဘယ်အချိန်က တွေ့တာလဲ အောင်ရှိန်"
"မွန်းလွဲ တစ်နာရီလောက်ကပဲကွ။ ငါ ထမင်းစား
သောက်ပြီး ကန်တော်ကြီးဘက် မောင်းထွက်လာတာ"
မွန်းလွဲ တစ်နာရီလောက်တွင် ဇေယျာအောင်
သည် စုံထောက်အရာရှိ ဦးမင်းဆွေနှင့် စကားပြောနေချိန်
ဘက် ဖြစ်ပါ၏။ ဒါဆို ... သူတို့သုံးယောက်သည် သီဂီ
အိမ်မှ ထွက်ခွာသွားပြီးသောအချိန် ဖြစ်ပေသည်။
သီဂီတို့အိမ်သို့ မိမိ မော်တော်ဆိုင်ကယ်နှင့်
အကြောင်း သူတို့မသိပေ။ သီဂီတို့ခြံထဲ မိမိမဝင်မီ အဝတွင်
ဖွားနှင့်တွေ့ပြီး မော်တော်ဆိုင်ကယ်ကို ခြံဝရှိ သစ်ပင်
းတစ်ပင်အောက်တွင် ရပ်ထားခဲ့ခြင်းကြောင့်ပင်။
သီဂီတို့အိမ်သို့ သူတို့လာစဉ်က ဆလွန်းကား
ရောင်နှင့် ဖြစ်သည်။ ယခု အောင်ရှိန်နောက်သို့ လိုက်
င်းမှာ ပါဗလစ်ကာကား ဖြစ်နေသည်။ ထောက်ကြန့်အနီး
ခင်မောင်ဝင်းနှင့် တွေ့စဉ်ကလည်း လင့်ရိုဗာကားနှင့်
နေသည်။
ဤကားအားလုံးသည် ခိုးစီးသောကားများ ဖြစ်
ငြင့် ကားနံပါတ်နှင့် လိုက်၍လည်း ရမည်မဟုတ်ပေ။
အောင်ရှိန်အား လူဆိုးတွေ စီးလာသော ပါဗလစ်ကာကား
ကြောင်း မမေးတော့ပေ။
"ဒီမယ် အောင်ရှိန် ... သူတို့သုံးကောင်ရဲ့ ရုပ်နဲ့ပုံစံ

တွေကို မင်းမှတ်မိလား"

"မှတ်မိတယ်"

"သူတို့ တစ်ယောက်ချင်းဆီမှာ ထူးခြားချက်တစ်ခု ကော မင်းတွေ့သလား"

"တွေ့တယ်။ ငါ့ကို စီးကရက်မီးနဲ့ ထိုးတဲ့ကောင် လက်ဖျံအိုးမှာ မြွေဟောက်ပါးပြင်းထောင်နေတဲ့ မင်ထိုးထားတာ ငါတွေ့တယ်"

ထိုသူသည် လှိုင်ဘွားဖြစ်ကြောင်း ဖေယျာအော သိလိုက်ပါ၏။

"နောက်တစ်ယောက်က နေကာမျက်မှန်မည်း တပ် တယ်။ မင်းကားထဲ ဝင်ရှာမယ်ဆိုပြီး မျက်မှန်ချ လိုက်တော့ မျက်စိတစ်ဖက် ပျက်နေတာကိုလည်း တွေ့လိုက်တယ်"

ဒါဆို ... နွေနွေ၏အိမ်သို့ လာသွားသော လှိုင်ဘွားနှင့် ငရမန်ကန်းပင် ဖြစ်မှန်း ဖေယျာအောင် သိပါ

"ဒီမယ် အောင်ရှိန် ... မင်းကို ဘယ်နေရာ ဘယ် နဲ့ ဘယ်အိမ်ကို ခေါ်သွားတယ် ဆိုတာကိုကော မသိဘူးလား သူငယ်ချင်း"

"သိတယ်"

"မင်းကို မျက်လုံးအဝတ်စည်းပြီး ခေါ်သွားတာ

"အေး ... အသွားတုန်းကတော့ ငါ့ကို မျက်နှာအ စည်း ပိတ်ခေါ်သွားတာပဲ။ အပြန်ကျတော့ အလာတုန်းက စည်းထားတဲ့အဝတ် သူတို့ရှာမ



ဘူး။ အလွယ်တကူ လက်ကိုင်ပဝါခေါက်ပြီး ငါ့မျက်လုံးကို စည်းတာ မမိတမိနဲ့မို့ ငါမြင်ရတယ်"

"ဒါဆိုသူတို့က မင်းကို ဘယ်ခေါ်သွားတာလဲ အောင်ရှိန်"

"ဘောက်ထော်၊ ပြည်တော်အေးလမ်းထဲ ခေါ်သွားတာ"

"အဲဒီခေါ်သွားတဲ့ ခြံနဲ့အိမ်ကော မင်း မှတ်မိလား"

"သိပ်မှတ်မိတာပေါ့"

"ဒါဆို ဟုတ်ပြီ"

ဖေယျာအောင်သည် တယ်လီဖုန်းကို ကောက်ကိုင်ပြီး စုံထောက်အရာရှိ ဦးမင်းဆွေထံသို့ အကျိုးအကြောင်း ပြောပြလိုက်သည်။

ဦးမင်းဆွေက သူ့အဖွဲ့နှင့် ချက်ချင်းလိုက်လာမည်ဟု အကြောင်းပြန်ပါ၏။

မိနစ်လေးဆယ်အတွင်းမှာပင် ဦးမင်းဆွေနှင့် အဖွဲ့ ရောက်လာသည်။ သူတို့ရဲကားနှင့် ရောက်လာခြင်း ဖြစ်သည်။

ဖေယျာအောင်၏ မော်တော်ကား ကူရှင်အပေါက် အပြဲပေါ်တွင် မောင်ရှိန်းက စောင်တွေ အိပ်ရာခင်းတွေ ဖုံးအုပ်ပြီး ဖေယျာအောင်နှင့်အတူ အောင်ရှိန် လိုက်ပါလာခဲ့သည်။ အောင်ရှိန်က ရှေ့မှ လမ်းပြရင်း မောင်းခဲ့ရာ ဦးမင်းဆွေ၏ ရဲကားက နောက်မှ လိုက်ပါခဲ့သည်။

ဘောက်ထော် ပြည်တော်အေးလမ်း ခြံအမှတ် (--)သို့ ရောက်ခဲ့ကြသည်။

"ဒီခြံပဲ ဖေယျာအောင်"

မဝင်သေးဘဲ အပြင်မှ ခြံထဲသို့ အခြေအနေ ကြည့်လိုက်သည်။

"ဦးမော်မော်"

ခြံတံခါး အုတ်တိုင်တစ်ဖက်တွင် ဦးမော်မော်ဟု ပလတ်စတစ်အနီခံတွင် အဖြူစာလုံးဖြင့် ဆိုင်းဘုတ်ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ခြံတံခါး ပွင့်နေသဖြင့် ဖေယျာအောင်၏ ကားကပင် ရှေ့မှ ဝင်ရောက်လိုက်သည်။ နောက်မှ ဦးမင်းဆွေ၏ ရဲကား လိုက်ဝင်ပါ၏။

နှစ်စီးစလုံး တိုက်အိမ်၏ ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။

ကောင်မလေးတစ်ယောက် အထဲမှ ထွက်လာပါ၏။ အသက်(၁၈)နှစ်အရွယ်ခန့်ရှိသည်။ ရှပ်အင်္ကျီပွပွကို ဝတ်ထားပြီး ဒူးဆစ်ခန့် အမွေးဖွာနေသည့် အပြာရောင် ဖြူဖတ်ဖြူရော် ဂျင်းဘောင်းဘီ ဝတ်ထားသည်။

"ပါပါရေ ... ဒီမှာ ဧည့်သည်တွေ"

ကောင်မလေး အော်ပြောသည်နှင့် အထဲမှ အမျိုးသားကြီးတစ်ဦး ထွက်လာသည်။ ခန္ဓာကိုယ် ဝဖိုင့်သည့် အသားဖြူသည်။ ဥပဓိရုပ် သန့်သည်။ အိမ်ဝတ် စွပ်ကျယ် အကောင်းစား ဝတ်ထားသည်။ ချည်ချောပလေကပ် အပြာကွက် ဝတ်ထားသည်။

ရုပ်ကိုမြင်ရုံနှင့် မြန်မာမဟုတ်ဘဲ ကုလားကပြား



မှန်း သိသာသည်။ အသားဖြူသော ကုလားကားမျိုးထဲက ဖြစ်ပါ၏။

"သြ ... ဧည့်သည်တွေပါလား။ ရဲကားလည်း ပါလာသကိုး ... အထဲကိုကြွကြပါ"

ဦးမင်းဆွေပင် ခေါင်းဆောင်ပြီး ရှေ့မှဝင်သည်။ ဖေယျာအောင်တို့က နောက်မှ လိုက်ဝင်ပါ၏။

ဧည့်ခန်းတွင် မွေးပွကော်ဇောခင်းထားသည်။ အိစက်နေသော ဆိုဖာကြီးတွေရှိသည်။ အဖိုးတန်အရုပ်များ ထားရှိသည့် ရှိုးကေ့(စ်)ရှိသည်။ တီဗီနှင့် အောက်စက်တွေ ရှိသည်။

"ဟော့ကောင် ... ဖေယျာအောင်"

"ဘာလဲ ... အောင်ရှိန်"

"ငါ့ကို ခေါ်လာတုန်းက ဒီအခန်းထဲမှာ ဘာမှမရှိဘူးကွ။ ဟော(လ်)ကြီးသက်သက်ပဲ။ စားပွဲတစ်လုံးနဲ့ ပလတ်စတစ်ထိုင်ခုံတွေပဲရှိတယ်"

"ဟေ"

"နောက်ပြီး ... ဒီကောင်မလေးရော ... ဒီအမျိုးသားကြီးရော ငါမတွေ့ဘူး"

အောင်ရှိန်ပြောသည်ကို ဦးမင်းဆွေလည်း ကြားလိုက်ပေသည်။

ဖိတ်ခေါ်ချက်အရ ဆိုဖာအသီးသီးတွင် ထိုင်ကြသည်။ ရဲကြပ်ကြီးနှင့် ရဲသားတွေက အသင့်အနေအထားဖြင့် မတ်တတ်ရပ်နေကြပါ၏။

"ဦးလေးနာမည် ဘယ်လိုခေါ်ပါသလဲ"

"ဦးမော်မော်ပါ"

"ဇနီးကကော"

"ဒေါ်ယဉ်ယဉ်ပါ။ ဟောဒါက သမီးအငယ်ဆုံး ရိုစီမော်ပါ"

"ဒီပြင်ကော သားသမီး ရှိသေးလား"

"ရှိပါတယ် ... ရိုစီ့အထက် နှစ်ယောက်ရှိသေးတယ်။ ဒါပေမယ့် ... အိမ်ထောင်ကွဲတွေပါ။ ဒီမှာလဲ မနေကြဘူး၊ နိုင်ငံခြားမှာ ရောက်နေပါတယ်"

"ဘယ်နိုင်ငံတွေ ရောက်နေလဲ"

"သားကြီး ပီတာက ဗန်ကောက်မှာ။ သားလတ် သောမတ်(စ်)ကတော့ စင်ကာပူမှာပါ"

"ဦးမော်မော်က ဘာလူမျိုးလဲ"

"အင်္ဂလိုအင်ဒီယန်း ကပြားဆိုပါတော့၊ ဒါပေမယ့် မြန်မာပြည်မွေး၊ မြန်မာပြည်မှာကြီးတာပါ။ အက်(စ်) အာ(ရ်)စီ မဟုတ်ပါဘူး။ နိုင်ငံသားမှတ်ပုံတင်ပါ၊ မြန်မာလို့ ခေါ်နိုင်ပါတယ်"

"ဦးမော်မော်ရဲ့ အလုပ်အကိုင်ကကော"

"သဃ်န်းကျွန်းဘက်မှာ ဒန်အိုးစက် ရှိပါတယ်။ ရွှေ သာလမ်းထဲမှာ ရွှေဆိုင်ဖွင့်ထားပါတယ်။ အဲဒီရွှေဆိုင် ကလည်း ဒီသမီးအငယ်ဆုံး ရိုစီအတွက် ဖွင့်ပေးထား တာပါ။ သိပ်ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး"

ဦးမင်းဆွေက သူ၏လက်ပတ်နာရီကို ကြည့်



လိုက်ပြီး ဆက်၍မေးသည်။

"အခု ညနေလေးနာရီခွဲရှိပြီ။ နေ့ခင်း မွန်းတည့်ပိုင်းနဲ့ မွန်းလွဲပိုင်းလောက်က ဦးမော်မော်တို့ မိသားစု အိမ်ပိတ်ပြီး အပြင်တွေ ဘာတွေသွားသေးလား"

"ဟင့်အင်း ... ဒီကနေ့ တနင်္ဂနွေနေ့မို့ အလုပ်တွေ ပိတ်တယ်လေ။ ဒန်အိုးစက်ရုံလည်းပိတ်တယ်။ မိုးလင်းတည်းက ခုချိန်ထိ ကျွန်တော်တို့ ဘယ်မှမသွားဘဲ အိမ်မှာပဲ နားတဲ့ရက်ပါ"

"ရွှေဘုံသာလမ်းက ရွှေဆိုင်ကော ပိတ်သလား"

ဦးမော်မော် ရယ်လိုက်သေးသည်။

"ရွှေဘုံသာလမ်းဆိုင်ကတော့ ပိတ်ချင်တဲ့နေ့ပိတ်ပြီး ဖွင့်ချင်တဲ့နေ့ ဖွင့်တယ်လေ။ တစ်ခါတလေ သမီးငယ် ရိုစီက ဖွင့်ထားတဲ့ကြားက သူ့သူငယ်ချင်းတွေ ရောက်လာပြီး လျှောက်လည်ကြစို့လို့ဆိုရင် ချက်ချင်းဆိုင်ပိတ်ပြီး သူငယ်ချင်းတွေနဲ့ လျှောက်လည်ချင်လည်တာ။ ဒီလို တနင်္ဂနွေဆို ရိုစီက ဆိုင်ပိတ်ပြီး သူငယ်ချင်းတွေနဲ့ ထွက်လည်နေကြပါ။ ခုနကမှ ရိုစီပြန်လာတာ"

ဦးမင်းဆွေနှင့် ဇေယျာအောင်သည် သတင်းပေး အောင်ရှိန်ကို ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။

အောင်ရှိန်ခမျာ အူကြောင်ကြောင်မျက်နှာ ဖြစ်နေပါ၏။

ဤမြနှင့် ဤတိုက်အိမ်ထဲသို့ လူဆိုးသုံးဦးက အောင်ရှိန်ကို ခေါ်လာနှိပ်စက်မေးမြန်းသည်ဟု ဆိုသည်။

ယခု ဤအိမ်ထဲဝယ် ဦးမော်မော်တို့က တနင်္ဂနွေနားရက်မို့ မိုးလင်းတည်းက ခုချိန်ထိ ဘယ်မှမသွားဘဲ အိမ်မှာပင် နားနေကြသည်ဟု ပြောသည်။

အောင်ရှိန် အပြောအရ ဤဧည့်ခန်းမှာ ဟောလ်ကြီးဖြစ်သည်ဟု ဆိုသော်လည်း ယခုမူ … မွေးပွကော်ဇောတွေ ဆိုဖာကြီးတွေ ရှိုးကေ့(စ်)ကြီးတွေဖြင့် ခမ်းနားထည်ဝါသော အိမ်ထောင်ပရိဘောဂတွေနှင့် ဧည့်ခန်းကြီး ဖြစ်နေသည်။

"ကဲ … ဦးမော်မော်ရော … ရီစီရော … ဒေါ်ယဉ်ယဉ်ရော … ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ။ အခုလို ကျွန်တော်တို့ ရောက်လာတာ အနှောင့်အယှက် ဖြစ်တယ်ဆိုလဲ ခွင့်လွှတ်ပါ"

"ရပါတယ် …။ ရဲအရာရှိအနေနဲ့ ဒီလိုပဲ ဘယ်အိမ်မဆို တာဝန်အရ ဝင်ထွက်ခွင့်ရှိတာပဲ။ အဲ … ကျွန်တော်အံ့ဩတာက ကျွန်တော့်အိမ်ကို တန်းတန်းမတ်မတ်ဝင်လာပြီး အခုလို မေးတာမြန်းတာဟာ … ဘာအကြောင်းကြောင့်လဲ ဆိုတာကိုပဲ အံ့ဩနေမိတာပါ"

ဦးမင်းဆွေက ပခုံးတွန့်ပြရင်း ပြန်ဖြေလိုက်ပါ၏။

"မှားယွင်းမှု တစ်ခုလို့ပဲ သဘောထားလိုက်ပါ ဦးမော်မော်။ ကဲ … ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ"

အားလုံး ပြန်ခဲ့ကြသည်။

ကားများ ရပ်ထားရာ နေရာသို့အရောက်တွင် ရှေ့မှ ရောက်နှင့်နေသော ရဲကြပ်ကြီးက သူ့ဆရာ ဦးမင်းဆွေ



နားသို့ကပ်ပြီး တစ်ခုခု ပြောပြပြီး သူ၏လက်ထဲမှ ပစ္စည်းတစ်ခုကိုလည်း ဦးမင်းဆွေလက်ထဲ ပေးလိုက်သည်။

ရဲကြပ်ကြီး ပေးသောပစ္စည်းကို ဦးမင်းဆွေက ထုတ်ယူပြီး သူ၏ဘောင်းဘီအိပ်ထဲသို့ ထည့်လိုက်ပါ၏။

ဘာပစ္စည်းမှန်း ဘယ်သူမှ မမြင်လိုက်ရပေ။

ဦးမော်မော်နှင့် ဒေါ်ယဉ်ယဉ်က ကားများဆီအထိ လိုက်ပို့နှုတ်ဆက်ပါ၏။

ဦးမင်းဆွေ၏ ရဲကားက ရှေ့မှမောင်းထွက်သည်။ ဓေယျာအောင်က နောက်မှ လိုက်ပါခဲ့သည်။

"မင်းကွာ … မသေချာဘဲနဲ့များ ဟုတ္တိပတ္တိ ခေါ်လာရတယ်လို့ …။ ဦးမင်းဆွေတို့ကို အားနာစရာ။ အိမ်ရှင် ဦးမော်မော်လင်မယားကိုလဲ အားနာစရာ"

"ဟ … ငါသေချာမှတ်မိတယ်ကွ ဓေယျာအောင်။ ငါ့ကိုခေါ်လာတာ ဒီခြံနဲ့ဒီအိမ် အစစ်ကွ"

"တော်စမ်းပါ အောင်ရှိန်ရာ။ မျက်စိအပိတ်ခံထားရပြီး မမြင်မကန်းနဲ့ မင်းရမ်းတုတ်တာ"

"ဟောကောင် ငါမမှားဘူးကွ"

"လာသေးတယ် … ငါမမှားဘူးဆိုတာ"

သူငယ်ချင်းနှစ်ယောက် အချီအချ အကြိတ်အနယ် ပြောနေစဉ်မှာပင် ရှေ့မှ ဦးမင်းဆွေ၏ကား ရပ်လိုက်သဖြင့် ဓေယျာအောင်ကလည်း နောက်မှရပ်လိုက်သည်။

ဦးမင်းဆွေ ဆင်းလာပါ၏။

"ကဲ … ကျုပ် အင်းစိန်ရုံး ပြန်တော့မယ်။ ဒီကပဲ

လမ်းခွဲကြစို့။ ကိုဧယျာအောင်နဲ့ကျုပ် လူမြင်ကွင်းမှာ တစ်ပူးတွဲတွဲနေလို့ မကောင်းဘူး"

"အေးဗျာ ... ဒီကောင် အောင်ရှိန် မသေမချာ မရေမရာနဲ့ ... ဦးမင်းဆွေကို ကျွန်တော် အားနာတယ်"

ဦးမင်းဆွေက ပြုံးလိုက်ပါ၏။

"ကိုအောင်ရှိန် မမှားဘူး ကိုဧယျာအောင်၊ အခုဟာက ကျုပ်တို့အားလုံး မျက်လှည့်ပြတာ ခံလိုက်ရတာ"

"ဦးမင်းဆွေပဲ ဦးမော်မော်ကို ပြောခဲ့တာပဲ။ ဒါဟာ ... မှားယွင်းမှု တစ်ရပ်ပါလို့လေ"

"အဲဒီလို ပြောတုန်းကတော့ ပြောသင့်လို့ ပြောလိုက်တာပဲ။ ဒါပေမယ့် ... ဒီမှာကြည့် ကိုဧယျာအောင်"

ဦးမင်းဆွေက သူ့သောင်းဘီအိပ်ထဲမှ ပစ္စည်းတစ်ခု ထုတ်ယူပြီး ပြသလိုက်သည်။

"ရဲကြပ်ကြီး ရှာတွေ့တာလေ။ ကိုဧယျာအောင်ရဲ့ မော်တော်ကားက အပိုင်းအစလေး တစ်ခုပဲ။ ဦးဖော်ဖော်ရဲ့တိုက်ရှေ့ ပေါ်တီကိုအောက်မှ ပန်းအိုးပင်တစ်ပင် ကွယ်နေတဲ့ ဒီကူရှင်စ,ကို တွေ့တာ။ ဒီကူရှင်စဟာ ကိုဧယျာအောင်ရဲ့မော်တော်ကားကူရှင်တွေကို ဓားနဲ့ခွဲပြီး ထွက်လာတဲ့ကူရှင်စလို့ ယူဆနိုင်တယ်။ လွင့်ကျသွားတဲ့ ကူရှင်စတွေကို သူတို့ ပြန်ကောက်သိမ်းပေမယ့် ဒီကူရှင်စက ပန်းအိုးနဲ့ကွယ်ပြီး သူတို့မမြင်လို့ ကျန်နေခဲ့တာ ဖြစ်နိုင်တယ်"

ဧယျာအောင် ခေါင်းညိတ်ပြပါ၏။



ဦးမင်းဆွေက ကားပြတင်းပေါက်တွင် ဦးခေါင်းသွင်းပြီး ဧယျာအောင်၏ နားတစ်ဖက်သို့ ကပ်ပြီးပြောလိုက်သည်။

"ဒီမယ် ကိုဧယျာအောင် ... ဦးမော်မော်ဆိုတဲ့နာမည်ကို ခင်ဗျားပါးစပ်ပိတ်ပြီး ဝမ်းခေါင်းသံနှင့် ရွတ်ကြည့်စမ်း။ 'ဝူးဝေါ်ဝေါ်'လို့ အသံထွက်နိုင်တယ် မဟုတ်လား"

ဧယျာအောင် အံ့သြစွာ မျက်လုံးပြူးပြီး နားထောင်နေမိသည်။

"ကဲ ... ကျွန်တော် သွားမယ်။ ကျုပ်ဆီ ခင်ဗျားမလာနဲ့။ အကြောင်းထူးရင် ဖုန်းဆက်။ လိုအပ်ရင် ကျုပ်လာခဲ့မယ်။ အဲ ... ခင်ဗျားကား ဆက်မောင်းပြန်ရင်း ခုနကျုပ်ပြောတဲ့ အာမထိ,လျှာမထိကို ရွတ်ကြည့်ပေတော့"

ဦးမင်းဆွေ သူ့ကားဖြင့် ပြန်မောင်းသွားသည်။

ဧယျာအောင် ကားမောင်းရင်း အာမထိ,လျှာမထိကို ရွတ်ကြည့်သည်။

ဦးမော်မော် ... ဝူးဝေါ်ဝေါ်။

## (၉)

"မောင်ရှိန်းရေ ..."
"ဗျာ ... ဆရာ"
"ငါ့ကားကူရှင်တွေကို ကနေ့ညတွင်းချင်း အပြီးချု
ချင်တယ် ... ရနိုင်မလား"
"ရတော့ရနိုင်တယ်။ ဒါပေမယ့် ဆရာ ..."
"ဒါပေမယ့် ဘာဖြစ်လဲ ... ပြော"
"ပြောရမှာ နှစ်ခုတောင်ဆရာ"
"ပြော ... ပထမတစ်ခုက ဘာလဲ"
"သူ့နဂိုအော်ရီဂျင်နယ် ပုံစံတော့ ချက်ချင်းမရနိုင်ဘူ
ဆရာ။ ရိုးရိုးသားရေအုပ် မြောင်းဖော်လောက်ပဲ
မယ်"
"ရတယ် ... ကိစ္စမရှိဘူး။ မြန်မြန် ညတွင်းချင်းရရင်
ပြီးရော"
"နောက်ထပ် ဆရာအော်ရီဂျင်နယ်ပုံစံအတိုင်း ပြန်ချ



ရင် အခုအားချင်းချုပ်ထားတာ ပြန်ဖျက်ရမှာ နှမြော
စရာကြီး ... နောက်ပြီး ... ညတွင်းချင်း အပြီးချုပ်ဆို
ရင် ရိုးရိုးဆိုပေမယ့် အမြန်ကြေးနှုန်းနဲ့တောင်းမှာ။
ဆရာ ပိုက်ဆံတွေ အလဟဿ ကုန်သွားမယ်"
"ရတယ် ... ကိစ္စမရှိဘူး။ အခု ငါ့မှာအချိန်မရဘူး။
အခုအားချင်းချုပ်တဲ့ ကူရှင်ကိုပဲ နှစ်လ သုံးလလောက်
သုံးပြီးမှ အော်ရီဂျင်နယ် ပြန်ချုပ်မယ်။ အမြန်ကြေး
ဘယ်လောက်ကျကျ သွားချုပ်ကွာ။ ကဲ ... ဒုတိယ
အချက်ကိုပြော"
"ရပါတယ် ... တာမွေထဲမှာ အိမ်ဆိုင်ကျွန်တော့်မိတ်
ဆွေရှိပါတယ်။ အပြီးကျွန်တော် ထိုင်စောင့်ယူမယ်ဆို
ရင် ... သိပ်မိုးချုပ်ညဥ့်နက် ဖြစ်သွားမယ်ဆရာ။
ဆရာ့မှာ အဖော်မရှိ ဖြစ်သွားမယ်။ မနေ့ညကကောင်
တွေ ထပ်လာချင် လာမှာ"
"ငါ့အတွက် စိတ်ချ။ ငါ့သေနတ်ထဲ ကျည်ဆန်အပြည့်
ထည့်ထားတယ်။ အပိုကျည်နှစ်ကပ်မှာလည်း ကျည်
ဆန်အပြည့်ပဲ။ ငါ့လက်ကို မင်းသိတယ် မဟုတ်လား။
တစ်ယောက်ကို တစ်တောင့်ပဲ။ လူဆိုးနှစ်ဆယ်လောက်
လာလဲ ငါမမှုဘူး"
"ဒါဆို ... ကျွန်တော်သွားမယ်လေ"

ဖေယျာအောင်က ငွေအလုံအလောက် ထုတ်ပေး
လိုက်သည်။ မောင်ရှိန်း ကားမောင်းထွက်သွားပါ၏။

ဖေယျာအောင်တစ်ယောက်တည်း ကျန်ခဲ့ရာ ...

စာရေးစားပွဲတွင် ပြီးကာနီးဆဲဆဲ စာမူကော်ပီတွေကို လှမ်းကြည့်မိသည်။

သို့သော် ... လောလောဆယ်တွင် စာရေးချင်စိတ်လုံးဝမရှိ။

ဒရင်းဘက် ပက်လက်ကုလားထိုင်တွင်ထိုင်ရင်း လောလောဆယ် တွေ့ကြုံနေရသည်များကို ပြန်စဉ်းစားသည်။

အောင်ရှိန်မမှား။ မိမိတို့အားလုံး မျက်လှည့်ခြင်း ခံလိုက်ရသည်ဟု ဦးမင်းဆွေ ပြောပြသည်။

အဓိပ္ပာယ်မှာ အောင်ရှိန်ကို လူဆိုးသုံးယောက် က တကယ်ပင် ဦးမော်မော်၏ ခြံနှင့်တိုက်အိမ်သို့ ခေါ်သွားခြင်းဖြစ်သည်။ ဧည့်ခန်းကို ဟော(လ်)အဖြစ် ပြောင်းလဲထားခြင်း ဖြစ်မည်။ အောင်ရှိန်ကို ပြန်လွှတ်မှ ဧည့်ခန်းကို နဂိုပုံမှန်အတိုင်း ပြန်လည်ထားရှိခြင်း ဖြစ်မည်။

ဒါကိုပင် မျက်လှည့်ပြသည်ဟု ဦးမင်းဆွေက ဆိုလိုခြင်း ဖြစ်မည်။

နောက်ဆုံး ဦးမင်းဆွေက ဦးမော်မော်၏အမည်ကို အာမထိ လျှာမထိ အာခေါင်သံနှင့် ခေါ်ကြည့်ခိုင်းသည်။

ဝူးဝေါ်ဝေါ်ဟု ထွက်လာနိုင်သည်။ ကိုခင်မောင်ဝင်းသည် အသက်မထွက်မီ ဝူးဝေါ်ဝေါ်ဟု သုံးကြိမ်သုံးခါ ပြောခဲ့သည်။

ဦးမော်မော်သည် စဉ်းစားစရာ ဖြစ်လာသည်။

ဦးမင်းဆွေကိုယ်တိုင် ဦးမော်မော်အား မသင်္ကာ ရသည်။ ဦးမင်းဆွေ မည်သို့ ဆက်လက်ဆောင်ရွက်ပေမည်





သည်း။ ထူးခြားမှု ရှိလာလျှင် ဦးမင်းဆွေက မိမိထံသို့ ဖုန်း ဆက်လိမ့်မည် ထင်ပါ၏။

နွေနွေ။

နွေနွေ၏အကြောင်း ခေါင်းထဲသို့ ရောက်လာ န်သည်။

နက်ဖြန် နွေနွေတို့ သားအမိကို ပဲခူးမှဘိုးဘိုးထံ ပေးရမည်။

ထို့ကြောင့် ညတွင်းချင်း ကားကျွရှင်တွေ အပြီ ်ခိုင်းခြင်းဖြစ်သည်။ ဒီအတိုင်းဆိုပါက နွေနွေတို့သားအမိ းပေါ်ထိုင်ရသည်မှာ ကသိကအောက်ဖြစ်မည် စိုးရိမ်သော ကြောင့် ဖြစ်ပါ၏။

နွေနွေအကြောင်း စဉ်းစားလိုက်လျှင် ဘာကြောင့် မသိ၊ ဇေယျာအောင် ရင်ထဲတွင် ယခင်က တစ်ခါမျှ မခံ ရဖူးသော ခံစားမှုတစ်မျိုး အလိုလို ခံစားရသည်။ တရှိန်း ခံစားရသော ခံစားမှုမျိုး ဖြစ်ပါ၏။ ပြီး ... ဒီကောင်မ း နွေနွေ၏ ရုပ်သဏ္ဌာန်ကို မျက်စိထဲ အလိုလို မြင်ယောင် မိသည်။ ပြီး ... ကရုဏာနှင့် အကြင်နာစိတ်တွေ သူ့ ဲ့လို ဖြစ်ပေါ်လာသည်။

တစ်မျိုးကြီးပါပေ။ ရှေးမဆွက အမျိုးသမီးနှင့် သက်ပြီး မခံစားရဘူးသော ခံစားမှုမျိုး ခံစားရခြင်း ဖြစ် ၏။

ကလင် ... ကလင် ... ကလင် ...။

ဖုန်းမြည်သံ ထွက်လာသည်။ ဦးမင်းဆွေထံမှ

ဖုန်းကိုမျှော်နေသည်မို့ ဖုန်းဆီသို့ ထ,ပြေးကာ ကောက်ယူနားထောင် ပြောကြားလိုက်သည်။

"အမိန့်ရှိပါ ... ကျွန်တော် ဇေယျာအောင်ပါ"

"ဪ ... မောင်ဇေယျာအောင် အိမ်မှာပဲ ရှိနေသကိုး။ အန်ကယ်က အိမ်ပြန်မရောက်သေးရင် မောင်ရှိန်းကို မောင်ဇေယျာအောင်လာရင် ပြန်ဆက်ပါလို့ မှာမည်ပါ။ အခုတော့ တိုက်ရိုက်တွေ့ရတာ ကောင်းတာပေါ့လေ"

အိ၏ဖခင် ဦးဘဝိုင်းကိုယ်တိုင် မိမိထံသို့ဖုန်းဆက်ကြောင်း ဇေယျာအောင် သတိပြုလိုက်ပါ၏။

"ဟုတ်ကဲ့ပါအန်ကယ် ... အမိန့်ရှိပါ"

"နက်ဖြန်တနင်္လာနေ့ ... မောင်ဇေယျာအောင် ရုံးတက်ဖို့ အန်ကယ် သတိပေးချင်တာပါ"

ဇေယျာအောင် သက်ပြင်းချမိပါ၏။

"ကျွန်တော် ... ရုံးမတက်တော့ပါဘူး အန်ကယ် ... အလုပ်က နုတ်ထွက်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ"

"မောင်ဇေယျာအောင် စဉ်းစားသင့်တယ်နော်၊ ယတိပြတ် မဆုံးဖြတ်သင့်ဘူး"

"ကျွန်တော် ယတိပြတ် ဆုံးဖြတ်ပြီးပါပြီ"

"အေးပေါ့လေ ... ဒါကတော့ လူငယ်တစ်ယောက်ရဲ့ အတွေးအခေါ်အပိုင်းပေါ့။ အလုပ်ထဲမှာ စိတ်မဝင်စားဘူး၊ လုပ်ချင်တဲ့ဆန္ဒ မရှိဘူးဆိုလည်း ထွက်လိုက်တာပဲကောင်းပါတယ်"



"အန်ကယ် အခုလို ကျွန်တော့်ကို နားလည်ပေးတာ ကျေးဇူးတင်ပါတယ်"

"အေး ... အန်ကယ် မောင်ဇေယျာအောင်အတွက် နောက်တစ်ခု စဉ်းစားမိသေးတယ်။ ဘာပဲဖြစ်ဖြစ် ... မောင်ဇေယျာအောင်ရဲ့ မိဘတွေ ကွယ်လွန်သွားပြီးတဲ့ နောက်ပိုင်းမှာ မောင်ဇေယျာအောင်ကို ဆက်လက်စောင့်ရှောက်ဖို့ အန်ကယ်မှာ တာဝန်ရှိနေတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အန်ကယ့်မှာ ဂျပန်၊ ဗန်ကောက်၊ အမေရိကား အဆက်အသွယ်တွေ ရှိတယ်။ ကုမ္ပဏီကြီးတွေပေါ့လေ။ အဲဒီတစ်ခုခုမှာ မောင်ဇေယျာအောင် ရှိုးကျော့(ပ်)ပေါ့လေ လုပ်ပါလား။ အန်ကယ် စွမ်းဆောင်ပေးနိုင်တယ်။ မောင်ဇေယျာအောင်က ဘီအီးဘွဲ့ရထားတော့ မခဲယဉ်းဘူး"

"ဟာ ... မဖြစ်ဘူးအန်ကယ်။ ကျွန်တော် မြန်မာပြည်ကလွဲပြီး တခြားဘယ်တိုင်းပြည်မှာမှ နေလို့ရမှာမဟုတ်ဘူး။ ယဉ်ကျေးမှုချင်းလဲမတူ၊ ဓလေ့စရိုက်ချင်းလဲမတူ၊ ပေါင်းသင်းဆက်ဆံရေးလည်း မတူတော့ ကျွန်တော် မနေတတ်ဘူး။ နောက်ပြီး ဖေဖေနဲ့ မေမေ ကျန်ခဲ့တဲ့ အိုးအိမ်ပစ္စည်းတွေကို ထားခဲ့ပြီး ကျွန်တော် ဘယ်သွားနိုင်မှာလဲ အန်ကယ်"

"အင်း ... ဒါလဲဟုတ်တာပဲ။ ဒါဆို သွားလိုက်ပြန်

လိုက် နိုင်ငံခြားသင်္ဘော လိုက်ပါလား၊ အကောင်း
လိုင်းရအောင် အန်ကယ်လုပ်ပေးမယ်။ ဘီအီးဘွဲ့ရပြီး
သားဆိုတော့ သင်္ဘောမှာ အဆင့်မြင့် အင်ဂျင်နီယာ
ရာထူး ရမှာပါ။ ဒါဆို ... မောင်ဇေယျာအောင်
စွန့်စားစား လုပ်ချင်တာတွေ ဒေသန္တရ ဗဟုသုတတွေ
လည်း ရတာပေါ့။ မောင်ဇေယျာအောင်ရဲ့ ဝါသနာ
နဲ့လည်း ကိုက်ညီတာပေါ့"

"ကျွန်တော် ရှာချင်တဲ့ ဒေသန္တရဗဟုသုတက ပြည်ပ
မဟုတ်ပါဘူး အန်ကယ်။ ကိုယ့်ပြည်တွင်းက ပြည်နယ်
တွေ ... အစွန်အဖျားနေရာတွေမျိုးပါ။ ဒါတွေက
ကျွန်တော်စာရေးတဲ့ နေရာမှာ အထောက်အကူရပြီး
ကိုယ့်ပြည်တွင်း ဒေသအကြောင်းတွေ အများပြည်သူ
သိနိုင်တာပါ။ နိုင်ငံခြားသင်္ဘောလည်း ကျွန်တော်
မလိုက်ချင်ဘူး အန်ကယ်။ အန်ကယ်ရဲ့ လုပ်ပေးချင်တဲ့
ဆန္ဒနဲ့ စေတနာကိုတော့ ကျွန်တော် လှိုက်လှိုက်လှဲလှဲ
ကျေးဇူးတင်ပါတယ်။ လေးစားပါတယ် အန်ကယ်"

တစ်ဘက်မှ အန်ကယ်ဦးဘဝိုင်း၏ သက်ပြင်း
ချသံကို ဖုန်းထဲကပင် ဇေယျာအောင် ကြားရပါ၏။ ထို့နောက်
အိတ်၏မိခင် ဒေါ်တင်တင်အိ လက်သို့ တယ်လီဖုန်းပေးလိုက်
သည်ပဲဖြစ်မည်။ ဖုန်းထဲမှ ဒေါ်တင်တင်အိ အသံ ထွက်ပေါ်
လာပါ၏။

"အဲ ... မောင်ဇေယျာအောင်"

"ဟုတ်ကဲ့ပါအန်တီ ... ပြောပါ"



"မင်းက မင်းအန်ကယ် ပြောတာတွေ တစ်ခုမှလက်မခံ
ပါလားကွယ်"

"အဲဒါအတွက် ကျွန်တော် စိတ်မကောင်းပါဘူးအန်တီ။
ကျွန်တော် ဝါသနာပါတဲ့ အလုပ်ကို ကျွန်တော်
မလုပ်ချင်လို့ပါ။ အထူးသဖြင့် လခစားအလုပ်ဆိုရင်
ကျွန်တော် ဘာလခစား အလုပ်မှ မလုပ်ချင်တာပါ"

"မင်းဖေဖေနဲ့ မေမေသာ ရှိနေသေးရင်တော့ မင်းဘွဲ့
ရပြီးတဲ့နောက် ရာထူးရာခံနဲ့ အလုပ်တစ်ခုခု လုပ်စေ
ချင်မှာပဲနော်"

"အဲဒါ ... အန်တီမှားသွားပြီ။ ဖေဖေရော မေမေရောက
ကျွန်တော် ဆယ်တန်းအောင်တဲ့နှစ်မှာ မင်းတက္ကသိုလ်
က ဘွဲ့ရအောင် ဆက်သင်။ ဘွဲ့ရပြီးရင် မင်းလုပ်ချင်
တဲ့အလုပ်ကို လုပ်လို့ ပြောခဲ့ပါတယ် အန်တီ"

"တယ်ခက်နေပါလား မောင်ဇေယျာအောင် ... မင်း
အဲဒီစာရေးဆရာအလုပ်ကလွဲပြီး တခြားအလုပ် မလုပ်
တတ်လို့လား"

"မလုပ်ချင်တာပါ အန်တီ။ ကျွန်တော့်ရဲ့ဝါသနာကိုက
စာရေးဆရာပဲ လုပ်ချင်တဲ့ဝါသနာမို့ပါ"

"ဒါဆို ... သမီးအိနဲ့ မင်းလက်ထပ်ကြဖို့ကိစ္စ ဘယ်လို
လုပ်မလဲ"

"ကျွန်တော် အဆင်သင့်ပါပဲ အန်တီ။ အန်တီနဲ့အိ
ကြိုက်တဲ့အချိန်မှာ လက်ထပ်ဖို့စီစဉ်ပါ"

"အခုပုံစံနဲ့သာ ဆိုရင်တော့ ... အန်တီရော သမီးအိရော

ကြိုက်တဲ့အချိန်ဆိုတာ ရောက်လာမှာ မဟုတ်တော့ဘူး ကွယ်"

"ဗျာ ... အဲဒါ ဘာပြောတာလဲအန်တီ"

"မောင်ဧယျာအောင် အနေနဲ့ ခုနအန်ကယ်ပြောတဲ့ အလုပ်တစ်ခုခုကို လက်မခံဘဲ စာရေးဆရာပဲ လုပ်မယ်ဆိုရင်တော့ အိန့် လက်ထပ်ဖို့ကိစ္စမှာ အန်တီ သဘောမတူနိုင်ဘူး။ အိကိုယ်တိုင်ကလည်း သဘောမတူဘူး၊ ဒါကြောင့် မင်းအန်ကယ်ကိုယ်တိုင် မင်းရဲ့ နောက်ဆုံးအဖြေကို မေးတာ"

ဧယျာအောင်သည် ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းမိပါ၏။ သူတို့မိသားစုအားလုံးသည် ရာထူးရာခံနှင့် လခစားအလုပ်ကိုမှ တန်ဖိုးရှိသည်ဟု ယူဆထားသူများပါတကား။

"ဒါဆိုလဲ ဟုတ်ကဲ့ပါ အန်တီ။ တကယ်တော့ အိန့် ကျွန်တော် လက်ထပ်ဖို့ကိစ္စမှာ အန်တီတို့ဘက်က မိဘရော အိကပါ ဖျက်လိုက်တာပဲ၊ ဒါပေမယ့် ကျွန်တော်ကတော့ အန်တီနဲ့ အန်ကယ်ကို ဦးလေးအဒေါ်ရင်းလို၊ အိကို ညီမလေးတစ်ယောက်လို ဆက်ပြီး ..."

ဧယျာအောင်၏ စကားပင် မဆုံးလိုက်ပါချေ။ တစ်ဘက်မှ ဂလောက်ဆိုသည့် ဖုန်းချသံကို ဧယျာအောင် ကြားလိုက်ရပါ၏။

ဧယျာအောင် တယ်လီဖုန်းကို ညင်သာစွာပင် ပြန်ချထားလိုက်ပြီး ...။

လွတ်လပ်ပြီ ... လွတ်လပ်ပြီ



ငါတို့ လွတ်လပ်ပြီ။

အောင်သပြေကို ဆွတ်ခါတည် ...

ငါတို့ကိုင်ဆောင်မည်။

ဟူပင် သီချင်းလေးကို အသံနေ အသံထားဖြင့် ဧယျာအောင် ဆိုလိုက်ပါလေ၏။

ဒရင်းဘက်(ဒ်)ဆီသို့ ပြန်လျှောက်လာကာ စိတ်လက်ပေါ့ပါးစွာ ပစ်ထိုင်ပစ်လှဲချလိုက်တော့သည်။

မောင်ရှိန်း ပြန်အလာကိုစောင့်ရင်း အောက်စက်ထဲသို့ အခွေသွင်းကာ ကြည့်နေလိုက်ပေတော့သည်။

မောင်ရှိန်းသည် သူ့ဆရာကြည့်တတ် ကြိုက်တတ်သော အခွေမျိုးကိုရှာပြီး ငှားပေးထားလေ့ရှိသည်။ အငှားဆိုင်ကို မောင်ရှိန်း ဘယ်လောက်ပေါင်းသင်းပြီး မီးသေထားသည်မသိ။ တစ်ခါတရံ ဧယျာအောင် မကြည့်ဖြစ်ဘဲ သုံး၊လေးရက် ကြာသည်အထိ အခွေကို ပြန်မအပ်ဘဲ ထားပေးလေ့ရှိပေသည်။

မောင်ရှိန်းသည် မိမိအား ချစ်လည်းချစ်သည်။ ကျိုးလဲကျိုးနွံသည့် အလွန်အလိုက်သိသည်။ မိမိကို အစ်ကိုရင်းတစ်ယောက်လိုလည်း သံယောဇဉ်ရှိသည်၊ အားကိုးသည်။

မောင်ရှိန်းတွင် ဖခင်အရင်း မရှိရှာတော့။

မိခင်ကလည်း နောက်အိမ်ထောင်ပြုသောကြောင့် ပထွေးနှင့် နေရရှာသည်။

လွန်ခဲ့သော(၂)နှစ်ခန့်က လမ်းပေါ်တွင် မောင်ရှိန်းအား ပထွေးက မတ်တပ်တံမြက်စည်းရိုးဖြင့် မတရားရိုက်

ရှက်နေသည်ကို ကားနှင့်ဖြတ်သွားရင်း ဓေယျာအောင် ကြုံရ သည်။

ပထွေးက ရပ်ကွက်လူမိုက်လမ်းလူမိုက်ဖြစ်သည်။

အရက်မူးနေသည့် ပထွေးက မယားပါသား လူပျိုကောင်အား မတရား အနိုင်ကျင့် ရိုက်နှက်နေသည်ကို ရပ်ကွက်လူများပင် ဝင်၍မဖျင်ရဲ။

ဓေယျာအောင် ဒါမျိုးကျတော့ မကြည့်ရက်နိုင်၊ မတရား တားမြစ်လျှင် ဓေယျာအောင် ဝင်ရောက်တတ်သည်မှာ ဝယ်ကျင့်။

ဓေယျာအောင် ကားရပ်ပြီး ဝင်၍ ဖျန်ဖြေသည်။

လူမိုက်ပထွေးက ဝင်ရောက်ဖျန်ဖြေသော ဓေယျာအောင်က ဝင်ရှုပ်ရမလားဆိုပြီး သူလက်ထဲမှ တံမြက်စည်းရိုးနဲ့ ရိုက်ရန် အားထုတ်သည်။

ဒီလောက် လူမိုက်လုပ်လာမှတော့ ဓေယျာအောင်ကမခံဘဲ လက်သီးတစ်ချက် လက်ဝါးစောင်းတစ်ချက် ပေးထည့်လိုက်ရာ ပထွေးအရက်သမားလူမိုက်မှာ ဖင်ထိုင်ပက်လက် ဖြစ်သွားတော့သည်။

နိုင်သူကို ဖြဲခြောက်ပြီး ကိုယ်က အရှုံးပေးရသူကျတော့ ထိုင်ရှိခိုးမတတ်ဆိုသည့် ပထွေးလူစား ဖြစ်ပါ၏။

ဓေယျာအောင်ကို ပြန်မလုပ်ရဲတော့ပဲ ထွက်ပြေးသွားသည်။

မောင်ရှိန်းမှာ ငိုယိုပြီး ပထွေးအိမ်တွင် ဆက်နေပါက ပထွေးပြန်လာလျှင် ထပ်ပြီးအရိုက်ခံရမည်ကို ဓေယျာအောင်အား သနားစဖွယ် ပြောသည်။ လမ်းကလူတွေကလည်း မောင်ရှိန်းပြောသည်မှာ ဟုတ်မှန်ကြောင်း ဝိုင်းထောက်ခံပြောသည်။

ဓေယျာအောင်သည် ချက်ချင်း ရပ်ကွက်အကြီးအကဲလူကြီးများရှေ့တွင် မိမိ၏နေရပ်လိပ်စာပေးပြီး မောင်ရှိန်း၏ ဆန္ဒအလျှောက် ခေါ်လာခဲ့သည်မှစပြီး မောင်ရှိန်းသည် ဓေယျာအောင်၏ အာနေဝါဘိက ဖြစ်ခြင်းပါပေ။

မောင်ရှိန်းသည် (၈)တန်းကို (၂)နှစ်ဆက်ကျပြီး ကျောင်းထွက်ရသည်။ ဓေယျာအောင်က ညကျောင်းတက်ပြီး ဆက်၍ဖြေဖို့ ပြောသော်လည်း မောင်ရှိန်းကိုယ်တိုင်က ကျောင်းမနေချင်သူ ဖြစ်သဖြင့် ပြောမရပေ။ ကျောင်းမှထွက်ပြီးနောက် အိမ်အလုပ်တွေကို လုပ်ရသဖြင့် အိမ်လုပ်ငန်း၊ ထမင်းဟင်းချက်လုပ်ငန်းတွင် မောင်ရှိန်း ကျွမ်းကျင်ပြီးသား။

ဓေယျာအောင်နှင့် မောင်ရှိန်းသည် တိုက်တိုက်ဆိုင်ဆိုင် အံဝင်ခွင်ကျ ဖြစ်သွားပါ၏။

ဓေယျာအောင်သည် ရှေးမဆွက ထမင်းစားချိန်တွင် အပြင်ထွက်ပြီး ဆိုင်မှာစား။ အဝတ်ဟောင်းများပင်မင်းဆိုင်ပေး ဘဝဖြင့် နေခဲ့သည်။

မောင်ရှိန်း ရောက်လာမှ အိမ်ထမင်း အိမ်ဟင်းစား ဖြစ်သည်။ အဝတ်ဟောင်းဆို လျှော်ဖွတ် မီးပူတိုက်ပြီးသား ဖြစ်နေသည်။ မိမိတိုက်အိမ်ဆိုလည်း ယခင်ကလို ရှုပ်ပွမနေတော့ အမြဲသန့်ရှင်းနေသည်။

ကြာလာတော့ မောင်ရှိန်းနှင့် ဓေယျာအောင်

ကြာလေ သံယောဇဉ် ဖြစ်လေပဲပေါ့။

ဇေယျာအောင်သည် အခွေထိုးပြီး ဓာတ်လမ်းကို ကြည့်နေရင်း ... ဟိုစဉ်းစား ဒီစဉ်းစား ဖြစ်နေစဉ်မှာပင် အခွေဓာတ်လမ်းက ဇေယျာအောင်အား စိတ်ဝင်စားလာစေတော့သည်။

ဓာတ်လမ်းလေးမှာ ...။

အသက်(၁၈)နှစ်ရွယ် ကောင်မလေးသည် မိဘမဲ့ နိုကိုးရာ မရှိတော့သဖြင့် သီလရှင်ကျောင်းတွင် ခိုကပ်နေရသည်။

တစ်နေ့သောအခါ သီလရှင်ကျောင်းသို့ အလှူဒါန လာပြုသော အသက်(၃၅)နှစ်ရွယ် သန်းကြွယ်သူဌေး လူပျိုကြီးတစ်ဦးက သီလရှင်ကျောင်းတွင် နိုကိုးရာမဲ့ လာနေသည့် ကောင်မလေးကို တွေ့သွားသည်။

ကောင်မလေးက ရုပ်ချောသည်။ ဆယ်ကျော်သက်အရွယ်၏ အပြုအမူ အပြောအဆိုနှင့် လှုပ်ရှားပုံလေးတွေက ချစ်စရာကောင်းသည်။

ဇေယျာအောင်သည် ဓာတ်လမ်းထဲကကောင်မလေးကိုကြည့်ရင်း သူ၏ မျက်စိထဲတွင် အလိုလို နွေနွေကို မြင်လာမိသည်။

ရုပ်ချောလှပုံရော၊ ဆယ်ကျော်သက် အပြောအဆို အပြုအမူ လှုပ်ရှားမှုလေးတွေရော ဆင်းရဲနွမ်းပါးပုံရော နွေနွေနှင့် ဓာတ်လမ်းထဲက ကောင်မလေး သိပ်တူနေသည်။

ဓာတ်လမ်းထဲတွင် သန်းကြွယ်သူဌေးလူပျိုကြီး



က သက်ဆိုင်ရာအကြီးအကဲများ ရှေ့မှာပင် ကောင်မလေးကို တရားဝင်သမီးအဖြစ် မွေးစားလိုက်သည်။

ကောင်မလေးသည် သန်းကြွယ်သူဌေး၏ တရားဝင်မွေးစားသမီး ဖြစ်သွားသည်။ ပြီးနောက် ... သူဌေးအသိုက်အဝန်းတွင် ကျင်လည်ရတော့သည်။ နဂိုထဲက ပင်ကိုယ်ရုပ်ချော ချစ်စရာကောင်းသည့် ကောင်မလေးမှာ သူဌေးသမီး အရှိန်အဝါဖြင့် လူချမ်းသာလောကတွင် ထင်ရှားထင်ပေါ်လာတော့သည်။

လူချမ်းသာများ၏ သားတွေက ကောင်မလေးထံ ချဉ်းကပ်လာကြသည်။

ဤနေရာတွင် သူဌေးလူပျိုကြီး နေရာတွင် သရုပ်ဆောင်သော မင်းသားကြီးက သရုပ်ဆောင် ပြောင်မြောက်လှသည်။

ကောင်မလေးကို သူ့ရင်ထဲက ချစ်နေသည်။ သို့သော် ... သမီးအဖြစ် မွေးစားထားသောကြောင့် သူ့သိက္ခာကို သူစောင့်စည်းထားသည်ကို သရုပ်ဆောင်ပုံမှာ ကြည့်ရသူပရိသတ် ရင်မောဘွယ် ကောင်းလှသည်။

ကောင်မလေးကလည်း မွေးစားဖခင် လူပျိုကြီး၏ မိမိအပေါ် ကြင်နာမှု၊ အလိုလိုက်မှု၊ ချစ်ခင်မှုတွေကြောင့် သူမလေး၏ ရင်ထဲတွင် ကျိတ်ပြီးချစ်နေသည်။ လူပျိုကြီးက သိက္ခာစောင့်ပြီး သူမအား ချစ်ရေးမဆိုသည်ကို ရင်ထဲတွင် မခံချိ မခံသာလေး ဖြစ်နေသည်။

ကောင်မလေးသည် တမင်ရွဲ့ပြီး ရွယ်တူတန်းတူ

သူဌေးသားတစ်ယောက်နှင့် တွဲပြသည်။

လူရှိုကြီး ကျိတ်၍ခံစားရသည်။

နောက်ဆုံးတွင် နှစ်ယောက်စလုံး ရင်ထဲတွင် ကျိတ်မှိတ်ခံစားနိုင်စွမ်း မရှိတော့ဘဲ ပေါက်ကွဲကာ ချစ်ကြိုက်သွားသည့်ဇာတ်လမ်း ဖြစ်ပါ၏။

ဇာတ်လမ်းအပြီးတွင် ဇေယျာအောင် သက်ပြင်းကြီး ချမိသည်။

နွေနွေကိုပဲ မျက်စိထဲ မြင်ယောင်နေမိသည်။ အိပ်ငိုက်ခြင်းပင် မရှိဘဲ မျက်စိကြောင်နေသည်။

မောင်ရှိန်း ပြန်လာသည်အထိ ငုတ်တုတ် ထိုင်နေမိသည်။

ကရှင်တွေ ချုပ်ပြီးသွားသည်။ ကျသင့်ငွေမှပို သောငွေကို မောင်ရှိန်းက ပြန်ပေးသည်။

ဇေယျာအောင် အိပ်ရာဝင်ခဲ့ပါ၏။

အိပ်ပျော်သွားသောအခါ ဇေယျာအောင်တွင် အိပ်မက်လှလှလေး မက်ပေသည်။

ရေပြင်ကျယ်ကြီးထဲတွင် သူနှင့်နွေနွေ နှစ်ယောက်တည်း လှေငယ်တစ်စီးဖြင့် အဆုံးအစမရှိ လျှော်ခတ်သွားနေကြသည့် အိပ်မက်ဖြစ်ပါ၏။

လှေလေးပေါ်မှာပင် နွေနွေနှင့် မိမိတို့ ချစ်ခင်သွားကြသည်။

အိပ်မက်သည် ရှိုမြိန်လှပါတကား။



## (၁၀)

"အစ်ကို"

ဇေယျာအောင် ရောက်သွားသည်နှင့် နွေနွေ ပြေးဆင်းလာကာ ဇေယျာအောင်၏ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်ပြီး အိမ်ပေါ်သို့ ခေါ်ယူသည်။ အိမ်ပေါ်ရောက်သည်နှင့် နွေနွေသည် ငိုချလိုက်ပါလေတော့သည်။ သူမ၏ ငိုနေသော မျက်နှာကို လက်ဝါးလေးနှစ်ဖက် အုပ်ထားသည်။

အမိပျောက်နေသော သားငယ်သည် ဖြုန်းခနဲ အမိကို ပြန်တွေ့သည်နှင့် ဝမ်းနည်းပက်လက် ငိုချလိုက်သည့် ပုံစံမျိုးပင်။

"ဟ ... ဘာလို့ငိုတာလဲ နွေနွေ ... တကတည်း ... ကလေးလေးကျနေတာပဲ"

ငိုသံလေးနှင့် နွေနွေ ပြန်ပြောသည်။

"ညက နွေနွေတို့အိမ်ကို သူခိုးဖောက်တယ် အစ်ကို"

"ဟင်"

"ဟိုမှာကြည့်ပါလား အစ်ကို"

ဟုတတ်ပေသည်။ အိမ်ဘေး သစ်သားပြတင်းပေါက်ကို ဆေးလက်မပတ်လည်ခန့် စတုဂံပုံစံ ဖောက်ထားသည်ကို တွေ့ရသည်။

ကြံစည်သည်မှာ ... သစ်သားပြတင်းပေါက်ကို လက်ဝင်သာအောင် ဖောက်ပြီးနောက် လက်ထိုးသွင်းပြီး မင်းတုံးဖြုတ်၊ ပြတင်းပေါက်ဖွင့်ကာ အထဲသို့ လူဝင်နိုင်ရန် ဖောက်ခြင်းဖြစ်မည်။ အပြင်မှနေ၍ ပြတင်းပေါက်ကို မတ်တပ်ရပ်ဖောက်နိုင်သော အနေအထားရှိနေသည်။

"ရပ်ကွက်မှာ မီးကင်းစောင့်တဲ့ ဦးသာလှိုင်ကြီးက တွေ့တာ။ အိမ်ဖောက်နေတာ လူနှစ်ယောက်တဲ့အစ်ကို။ ဦးသာလှိုင်ကြီးက သူခိုး,သူခိုးလို့ အော်တယ်၊ အရပ်ထဲက လူတွေ အိမ်တံခါးတွေဖွင့်ပြီး လာတာနဲ့ သူခိုးနှစ်ယောက် ထွက်ပြေးကြတယ်"

"တစ်ယောက်မှ မမိလိုက်ဘူးလား"

"ဟင့်အင်း ... ဦးဘာလှိုင်ကြီး အော်တာနဲ့ သူခိုးနှစ်ယောက်လုံး လမ်းထိပ်ကို ထွက်ပြေးကြတာတဲ့။ လမ်းထိပ်မှာ သူတို့စီးလာတဲ့ မှန်ကားအနီရောင်က စက်နှိုးပြီး အသင့်စောင့်နေတယ်"

"မှန်ကားအနီ ... ဟုတ်လား"

"မြင်လိုက်တဲ့လူတွေက မှန်ကားအနီလို့ ပြောကြတာ အစ်ကို"

သီဂီတို့အိမ်သို့ လာစဉ်ကလည်း ဆလွန်းကား



အနီရောင်မှန်း ဇေယျာအောင် သတိထားခဲ့သည်။ ယင်းဆလွန်းကား အနီသည် ခိုးလာသောကား မဖြစ်နိုင်။ သူတို့ကိုယ်ပိုင်ကား ဖြစ်နိုင်သည်။ ခိုးလာသောကား ဆိုပါက သူကိုတစ်ကြိမ်တစ်ခါသုံးပြီးသည်နှင့် လမ်းပေါ်တွင် ဒီအတိုင်းထားပစ်ခဲ့မည်။ ယခုမှု ... သီဂီတို့အိမ် လာသည်ကရော ဆလွန်းကားအနီပင် ဖြစ်နေသည်။ ယေဘုယျအားဖြင့် သာမန်လူတွေသည် ဆလွန်းကားကို မှန်ကားဟုခေါ်ကြသဖြင့် သူများပြောစကားအတိုင်း နွေနွေက မှန်ကားအနီရောင်ဟု ပြောခြင်း ဖြစ်ပါ၏။

"တစ်ယောက်လောက်မိလိုက်ရင် သိပ်ကောင်းမှာ"

"မိဖို့ ဘယ်လွယ်မလဲ အစ်ကို ... ဦးသာလှိုင်ကြီးအော်မှ လူတွေက အိမ်တံခါးဖွင့်တုန်း သူခိုးနှစ်ယောက်က ထွက်ပြေးတာ။ ပြီးတော့ အသင့်စက်နှိုးထားတဲ့ သူတို့ကားပေါ် တက်မိတာနဲ့ မောင်းထွက်သွားတာ"

နွေနွေ ပြောသည့်အတိုင်း ဆိုပါက သူခိုးလူဆိုးအားလုံး သုံးယောက်ဖြစ်မည်။ အိမ်ဖောက်သူက နှစ်ယောက်၊ ကားပေါ်တွင် စက်နှိုးစောင့်သူက တစ်ယောက်။

မြွေဟောက်အဖွဲ့သည် အလုပ်လုပ်ရာတွင် သုံးယောက်လုပ်သည်ချည်းကိုလည်း ဇေယျာအောင် သတိထားမိလိုက်မိပြန်သည်။ ဒါကိုလည်း မြွေဟောက်အဖွဲ့၏ သင်္ကေတတစ်ခုဟု ဇေယျာအောင် မှတ်ယူလိုက်သည်။

မြွေဟောက်အဖွဲ့သည် ပတ္တမြားညီနောင်ကို နိုင်မည်ထင်သော နေရာတိုင်းတွင် ရှာဖွေခဲ့ရာ ... ရှာမတွေ့

သည်နှင့် ကိုခင်မောင်ဝင်း သေဆုံးပြီးနောက် ဇေယျာအောင် အများဆုံး ဝင်ထွက်သွားလာနေသည့် နွေနွေတို့အိမ်အား နောက်ထပ်မကျေပွဲ လာရောက်ရှာဖွေလိုသဖြင့် အိမ်ကိုဖောက် ထွင်းခြင်းဖြစ်မည်။

နွေနွေတို့ သားအမိ ကံကောင်းသွားသည်။ အကယ်၍ အိမ်ဖောက်ထွင်းပြီး အိမ်ထဲရောက်လာလျှင် ဒီ တစ်ခါတော့ နွေနွေတို့ သားအမိကို သက်ညှာမည်မထင်။ ရက်ရက်စက်စက် လုပ်လိမ့်မည်ဟု ထင်မြင်ယူဆနိုင်ပေသည်။

နွေနွေ ပြောပြနေစဉ်အတွင်း နွေနွေ၏မိခင် သည် ရှိုက်သံငိုသံ မထွက်ဘဲ မျက်ရည်တွေ စီးကျနေရှာသည်။ ကျိတ်၍ငိုခြင်း ဖြစ်ပါ၏။ ဒါကိုမြင်ရသော ဇေယျာအောင် မှာ ရင်ထဲတွင် နင့်ခနဲ ခံစားရသည်။

"ကဲ ... တို့သွားကြစို့ နွေနွေ"

"နွေနွေတို့ အဆင်သင့်ပဲအစ်ကို"

လက်ဆွဲအိတ် နှစ်အိတ်နှင့် ပလတ်စတစ်ခြင်း တစ်လုံးသာ ရှိပေသည်။

ဇေယျာအောင်က နွေနွေ၏ မိခင်ဆီသွားကာ လက်မောင်းမှကိုင်၍ ထူမတွဲခေါ်ရင်း ..."

"ဘာမှအားမငယ်နဲ့ ဒေါ်ဒေါ်။ ကျွန်တော်အတတ်နိုင် ဆုံး ကူညီမယ်။ ဒေါ်ဒေါ် ဘာမဆို စိတ်အေးအေးသာ ထား"

"သမီး"

မိခင်ကြီးက သမီးကို ခေါ်လိုက်ပြ ...





"အိမ်ကို သော့ခတ်နော်။ သော့ကို ကိုသာလှိုင်ကြီး လက်မှာပဲ အပ်ထားခဲ့။ ကိုသာလှိုင်က စောင့်ရှောက် ပေးထားပါ့မယ်လို့ မေမေ့ကို ပြောပြီးသား"

"ဟုတ်ကဲ့ပါ မေမေ"

"ဘုရားစင်ပေါ်က မေမေရဲ့ ဘုရားကိုယ်တော်ကော သမီး ပင့်ပြီးပလား"

"ပင့်မယ်မေမေ ...။ ဘုရားကို ဆွဲအိပ်တွေ ပလတ်စတစ် အိတ်တွေနဲ့ ထည့်ပြီးပင့်ရင် မသင့်တော်ဘူးထင်လို့ ရင်ခွင်ပိုက် ပင့်သွားမလို့ မေမေ"

"အေး ... အေး။ ကောင်းတယ်သမီး"

နွေနွေက ဘုရားစင်ပေါ်မှ ရွှေဆင်းတု တင်ပလ္လင် နှဘုရားကိုယ်တော်အားပင့်ပြီး သူမ၏ မိခင်လက်သို့ ပေး ပ်သည်။ နွေနွေ၏မိခင်က တယုတယ လေးလေး စားစားပင် ရားဆင်းတုတော်အား ရင်ခွင်ပိုက်ထားသည်။ နွေနွေက မ၏မိခင်ကို တွဲခေါ်နေသဖြင့် ဇေယျာအောင်က နွေနွေတို့ သင့်ထားရှိသည့် ဆွဲအိတ်နှစ်အိတ်ကို တစ်ဖက်စီ ဆွဲကိုင် က်သည်။

"အယ် ... အစ်ကို ... အိတ်တွေကို မဆွဲပါနဲ့ ... နွေနွေ ရဲကြီးလိမ့်မယ်။ ဆွဲအိတ်ထဲမှာ မေမေနဲ့ နွေနွေရဲ့ ထဘီတွေ ထည့်ထားလို့ပါ အစ်ကို"

"ဘာဖြစ်လဲ ပါတော့ကော။ ထဘီဆိုတာ အမျိုးသမီး တွေဝတ်တော့ ထဘီပေါ့။ အခန်းဆီစလုပ်ရင် အခန်း ဆီးပေါ့။ ဒီအဝတ်စကိုပဲ ခေါင်းပေါင်း,ပေါင်းရင်

ခေါင်းခေါင်းပေါ့။ ဒီတော့ ဘာဖြစ်လဲ။ ဒါတွေ တို့
အယုံအကြည် မထားဘူး နွေနွေ"

ဇေယျာအောင် ဆွဲမြဲဆွဲလာခဲ့သည်။

အစ်ကိုကတော့ တကယ့်ဇွတ်ကြီးပဲ။

ဇေယျာအောင်က ရှေ့မှထွက်လာပြီး နွေနွေ၏ လက်ကို ဆွဲခြင်းတစ်ဖက် မိခင်ကိုတစ်ဖက်တွဲကာ နောက်မှလိုက်လာသည်။

အိမ်ပေါက်ဝတွင် ပက်လက်ကုလားထိုင်ဖြင့် ထိုင်ပြီး ဆေးပေါ့လိပ်ကြီး သောက်နေသော ဦးသာလှိုင်ကြီးအား နွေနွေက လှမ်းပြောလိုက်သည်။

"ဦးသာလှိုင်ကြီး ... စိတ်ချသွားမယ်နော်"

"စိတ်ချ ... နင့်အိမ်မှာ ခိုးစရာပစ္စည်း အဖိုးတန် ဘာမှမရှိဘူး။ ညကအိမ်ဖောက်တဲ့ သူခိုးဟာ အိမ်နံပါတ်မှားပြီး ကြံတာ"

ပြောရင်း ဦးသာလှိုင်ကြီးက ရယ်ပေသေးသည်။

"ဒါတော့ဒါပေါ့ ... ဒါပေမယ့် ကိုယ့်အိမ်ဆိုတော့ စိတ်ချရအောင် မှာရသေးတာပေါ့ ဦးသာလှိုင်ကြီးရဲ့"

"အေးပါ ... အေးပါ။ နင့်အိမ်အတွက် စိတ်ချသွား၊ နင်တို့သားအမိသာ သူတော်ကောင်းအစစ်နဲ့ တွေ့ပါစေလို့ ငါကဆုတောင်းပေးရမှာပါ နွေနွေ"

ဇေယျာအောင်ကိုကြည့်ရင်း ဦးသာလှိုင်ကြီး၏ ပြောလိုက်ခြင်း ဖြစ်ပါ၏။

ဦးသာလှိုင်ကြီး စကားမှာ အနှောင့်မလျှော့



အသွားမလွတ်သောစကား ဖြစ်နေပါ၏။

ဒါလည်း ဦးသာလှိုင်ကြီးကို အဆိုးမဆိုသာပေ။ ခေတ်အဆက်ဆက်တွင် ငွေရှင်ကြေးရှင် အမျိုးသားတွေက နွမ်းပါးသော မိန်းမပျိုလေးတွေအား ရွှေငွေပစ္စည်းဥစ္စာတို့ဖြင့် ဖြားယောင်းပြီး ခြေမဟော်တင်ခဲ့သည့် သာဓကများက ရှိနေသည် မဟုတ်လား။

ဇေယျာအောင်က ဦးသာလှိုင်ကြီး ထိုင်နေသည့် ရှေ့တည့်တည့်တွင် အိတ်တစ်ဖက်စီဆွဲရင်း မားမားကြီး ရပ်လိုက်သည်။ ပြီး ... ပြောလိုက်သည်။

"နွေနွေ ခေါ်သလိုပဲ ကျုပ်ခေါ်လိုက်မယ် ... ဒီမယ် ဦးသာလှိုင်ကြီး"

"ဝေး ..."

"မြန်မာစကားပုံတွေ အများကြီး ရှိတယ်ဗျ။ မြွေမှန်ရင် တွင်းဝင်ဖြောင့်တယ်တဲ့။ လမ်းဆုံးရင် ရွာတွေ့တယ်တဲ့။ ရွှေအကြောင်း ဖရောင်းမှသိ လူအကြောင်း ပေါင်းမှသိတဲ့၊ လူချင်းတူပေမယ့် အသက်ရှူချင်းကွဲသတဲ့။ အဲဒီစကားပုံတွေကို ဦးသာလှိုင်ကြီး ကြားဖူးမှာပါနော်"

"သိပ်ကြားဖူးတာပေါ့ကွာ"

"ဒါဆို ... ဒီမယ် ဦးသာလှိုင်ကြီး၊ နွေနွေအတွက် စိတ်ချ။ နွေနွေ့ကို ကျုပ်လက်ဖျားနဲ့တောင် မတို့ဘူး။ မတရား ဘာမှမလုပ်ဘူး။ မေတ္တာစေတနာသက်သက် စိတ်နဲ့ ကူညီတာသက်သက် သိလား"

"သိဘူးလေကွာ ... နွေနွေတို့ သားအမိက ဘုန်း
ဘမသိနဲ့ မောင်ရင့်နောက် လိုက်သွားတော့
အကြောင်းမှန်း မသိနဲ့"

နွေနွေက ဆတ်ဆတ်လေး ဝင်ပြောပါ၏။

"အို ... နွေနွေတို့ သားအမိက အကြောင်းမခိုင်လုံ
လိုက်မတဲ့လား။ အကြောင်းရှိလို့ပေါ့ ... ဦးသာလှိုင်
ကြီးရဲ့"

"စောင့်ကြည့်ပေါ့ ဦးသာလှိုင်ကြီး။ ကျွန်တော်ခုနရှင်
ပြတဲ့ စကားပုံတွေဟာ နောက်ဆုံးကျရင် အဖြေ
လာမှာပါ"

"သာခုပါမောင်ရာ ... သာခုပါ။ အခုတော့ သာခု
ခွန်းပဲ ခေါ်ထားဦးမယ်။ နောက်ဆုံးတစ်ခွန်း ကျန်
တာကိုတော့ ခေါ်ချိန်ရောက်တော့မှ ခေါ်တော့မယ်ကွာ"

ဇေယျာအောင် ပြုံးလိုက်ပါ၏။

တော်တော်လာတဲ့ ဦးသာလှိုင်ကြီးပါပေ။

မော်တော်ကား ရှိရာသို့ ဆက်လာခဲ့ကြသည်
သားအမိနှစ်ယောက်ကို နောက်ကူရှင်ခန်းတွင် ထိုင်စေ
မောင်းထွက်လာခဲ့သည်။

ကမာရွတ် မီးပွိုင့်တွင် မီးနီသဖြင့် ကားရပ်စေ
ပြုစဉ် ဇေယျာအောင် ချိတုံချတုံစဉ်းစားတာက တစ်ခုရှိနေသည်

လက်ဝဲဘက် ချိုးကွေ့လျှင် ပဲခူးသို့သွားရာလမ်း
လက်ယာဘက်ကွေ့လျှင် မိမိအိမ် မဟာမြိုင်သို့ သွားရာလမ်း

တမဟုတ်ချင်း ဆုံးဖြတ်ပြီး ဇေယျာအောင်သည်



အိမ်ကိုသွားသည့် လက်ယာလမ်းဘက် ယူလိုက်တော့သည်။

အကြောင်းမူ နွေနွေတို့အိမ်သို့ ညကဖောက်ထွင်း
ဝင်ရောက်ရန်လာသည့် လူဆိုးတွေသည် ဆလွန်းကားအနီနှင့်
ဖြစ်ကြောင်း ဦးမင်းဆွေထံသို့ ချက်ချင်းဖုန်းဆက်လိုသော
ကြောင့်ဖြစ်သည်။ တခြားပိုက်ဆံပေးဖုန်းနှင့် မဆက်ချင်၊
ဘားတွင် လူစိမ်းတွေရှိမည်။ ထို့ကြောင့် မိမိအိမ်မှ ဖုန်းဖြင့်
ပြောပြလိုခြင်း ဖြစ်ပါ၏။

မဟာမြိုင်လမ်းအိမ်သို့ ရောက်လာသည်။

"လာ ... ဒေါ်ဒေါ်ရော ... နွေနွေရော ... ခဏဆင်း
ပါလား။ ဒါ ကျွန်တော့်အိမ်ပဲ။ ကျွန်တော် တယ်လီဖုန်း
ပြောစရာရှိလို့ ... ခဏလေး"

"မဆင်းတော့ဘူး အစ်ကို။ မေမေ့ကို တွဲချ ... တွဲတင်
နဲ့ ... မေမေ ပင်ပန်းမယ်"

"ဒါဆို ကားထဲမှာပဲ ခဏစောင့်နော်"

ဇေယျာအောင် တိုက်ပေါ်သို့ တက်သွားတော့
သည်။

နွေနွေသည် ကားထဲမှပင် အစ်ကိုဇေယျာအောင်
၏ ခြံဝန်းနှင့် အဆောက်အဦတွေကို အမှတ်မထင် ကြည့်
ခြင်းမျိုးဖြင့် စောင့်ရင်း ကြည့်မိသည်။

ကားဂိုဒေါင် တန်းလျားဆီသို့ မျက်စိရောက်သွား
သည်။ ဂိုဒေါင်အောက်တွင် ကားနှစ်စီး ချောင်ချောင်ထားနိုင်
သောက်သည်။ ဘေးလေ့ကားဖြင့် အပေါ်ထပ်သို့ တက်နိုင်
ခင်းနိုင်သည်။ ကားထားရာ အောက်ထပ်မှာ အုတ်တက်ထား

သော်သည်း အပေါ်ထပ်မှာ ပျဉ်ဖြစ်သည်။ ဝရန်တာလေးနှ
သပ်သပ်ရပ်ရပ်လေး ရှိပါ၏။

"မေမေ"

"ဘာလဲ သမီး"

"ခြံထဲမှာရှိတဲ့ ကားဂိုဒေါင်ကိုကြည့် မေမေ ... မြင်ရ
လားဟင်"

"အင်း ... မှုန်ဝါးဝါးပဲ မြင်တယ်။ အဲဒါဘာဖြ
သမီး"

"သမီး ... ပဲခူးမှာ သွားမနေချင်ဘူး မေမေ။ အစ်ကို
ကတော့ သူ့တိုက်ထဲမှာနေဖို့ ပြောပေမယ့် ... အဲ
လိုနေရင် လူတွေက အစ်ကို့ကိုရော ... သမီးကိုပ
မဟုတ်က ဟုတ်က သွားပုပ်လေလွင့် ပြောကြမယ်
ဒီတော့ ... အဲဒီကားဂိုဒေါင် အပေါ်ထပ်မှာပဲ နေပ
ရစေလို့ အစ်ကို့ကို ပြောချင်တယ် မေမေ။ အစ်ကိုတို
နဲ့ ကားဂိုဒေါင်က တစ်ခြံတည်း ဖြစ်ပေမယ့် အလှမ်း
လည်းကွာတယ်။ ဒီမှာနေရင် သမီးတို့အိမ်လေးက
လည်း မကြာမကြာ သွားကြည့်နိုင်တယ်။ ကားဂိုဒေါင်
ဆိုပေမယ့် အခု သမီးတို့နေတဲ့အိမ်ထက် အများကြီ
ပိုသားနားသေးတယ်။ အဲဒါ တကယ်လို့ အစ်ကိုက
နေခွင့်ပေးရင် မေမေ နေနိုင်ပါ့မလားဟင်"

"နေပါတယ် သမီးရယ် ... မေမေ့အဖို့ သမီးနဲ့အတူ
နေရရင် ပြီးရောပါ။ ဘယ်မှာနေရ နေရပါ သမီ"

"ဪ ... သူများကားဂိုဒေါင်ပေါ်မှာ နေရလို့ အောင



ကျတယ်ထင်ပြီး မေမေ စိတ်ဆင်းရဲမှာ စိုးလို့ပါ"

"ရပါတယ်သမီး ... ဘဝဆိုတာ ဒီလိုပဲပေါ့ ... နိမ့်တုံ
မြင့်တုံ ရှိစမြဲပဲ။ ကားဂိုဒေါင် အပေါ်ထပ်က မေမေ
တို့အိမ်ထက်တောင် သားနားသေးတယ်ဆို။ ခြံကြီးက
လည်း အရိပ်အာဝါသတွေနဲ့ တိတ်တိတ်ဆိတ်ဆိတ်
ရှိနေတာ ... မေမေ့အဖို့ တရားထိုင် တရားမှတ်လို့
တောင် ပိုကောင်းသေး"

ဧယျာအောင် ပြန်ဆင်းလာပြီး ပဲခူးသွားရန်
ကားပေါ် ပြန်တက်သည်။

"အစ်ကို ... ကားစက်မနှိုးပါနဲ့ဦး။ နွေနွေ ပြောစရာရှိလို့"

"ပြော ... ဘာပြောချင်လဲ"

"ဟောဟို ... ကားဂိုဒေါင်တန်းလျား အပေါ်ထပ်မှာ
ဘယ်သူနေလဲဟင် အစ်ကို"

"ဘယ်သူမှ မနေဘူး။ ဖေဖေနဲ့ မေမေ ရှိတုန်းကတော့
ဒရိုင်ဘာလင်မယား နေကြတယ်။ အခု တို့ကျတော့
ဒရိုင်ဘာမထားလို့ ဘယ်သူမှ နေမယ့်သူ မရှိဘူး။
မောင်ရှိန်းကိုလဲ တို့တိုက်ထဲမှာပဲ အခန်းပေးပြီး အတူ
နေတယ်။ နေပါဦး ... နွေနွေက ဘာလို့ မေးနေတာလဲ"

"နွေနွေတို့သားအမိ အခုအခိုက်အတန့်မှာ ... အဲဒီ
ဂိုဒေါင်တန်းလျား အပေါ်ထပ်မှာပဲ နေချင်တယ်အစ်ကို။
ပဲခူးမှာ သွားမနေပါရစေနဲ့လား"

"ဟာ ... မဟုတ်တာ ... ဘယ်ကောင်းမလဲ"

"နွေနွေ တကယ်ပြောနေတာပါ အစ်ကို။ ဒီမှာနေတော့

အစ်ကိုနဲ့ နီးနီးနားနား နေရလို့ နွေနွေတို့သားအမိ ပိုပြီး အားရှိတာပေါ့"

"ဒါဆိုလဲ … တိုက်ပေါ်မှာပဲနေပေါ့။ နွေနွေတို့သားအမိအတွက် အခန်းကျယ်ကြီး ရှိပါတယ်။ သီးသီးသန့်သန့်နေလို့ ရပါတယ်။ တစ်ယောက်အိပ် ခုတင်နှစ်လုံး ချပေးမယ်။ တို့အနေနဲ့ နွေနွေတို့ သားအမိကို ကားဂိုဒေါင်တန်းလျားမှာ မထားရက်ပါဘူးကွာ"

"အစ်ကိုစေတနာ နွေနွေ သိပ်နားလည်ပါတယ် အစ်ကို …။ အစ်ကိုရဲ့ သိက္ခာသမာဓိကိုလည်း နွေနွေ ချွင်းချက်မရှိ ယုံကြည်ပြီးသားပါ။ ဒါပေမယ့် တိုက်ထဲမှာ အတူမနေသင့်လို့ပါ။ အမိုးတစ်ခုတည်း အောက်မှာ ညအိပ်ညနေ အတူနေတယ်ဆိုတော့ အစ်ကို့သိက္ခာထိခိုက်မှာစိုးလို့ပါ။ အပြင်ဘက် ကားဂိုဒေါင်မှာ နွေနွေတို့နေတော့ အထိုက်အလျောက် အစ်ကို့ကို တလွဲမထင်စေဘူးပေါ့ အစ်ကို။ အကဲ့ရဲ့ လွတ်တာပေါ့"

ဇေယျာအောင် စဉ်းစားသည်။

ဇေယျာအောင်၏ ရင်ထဲတွင် ပဲခူးမသွားတော့ဘဲ ဒီမှာပဲ နေချင်သည်ကို ရင်ထဲက အလိုလို ကျေနပ်မိသည်။

"အင်းလေ … တို့အနေနဲ့ကတော့ ဒေါ်ဒေါ် ဂုဏ်ငယ်မှာစိုးလို့ ပြောနေတာပါ။ ဂိုဒေါင်မှာ နေဖို့ကတော့ ဘာခက်တာမှ မဟုတ်တာ"

"ရပါတယ် မောင်ဇေယျာအောင်ရယ်။ မောင်ဇေယျာအောင်ရဲ့ စေတနာနဲ့ စိတ်နေသဘောထားကို ဒေါ်ဒေါ်



အကဲခတ်မိပြီးသားပါ။ သိပ်ကို ကျေးဇူးတင်ပါတယ်။ သာဓုကွယ် … သာဓု … သာဓု …"

ဇေယျာအောင် ကားပေါ်မှ ပြန်ဆင်းသည်။

"မောင်ရှိန်းရေ … ဟေး … မောင်ရှိန်း"

"လာပြီဆရာ"

မောင်ရှိန်း အပြေးထွက်လာသည်။

"မင်း ငါ့ကားကိုယူသွား။ မြေနီကုန်းဈေးထဲမှာ အလုပ်သမားတွေရှိတယ်။ အလုပ်သမား သုံးယောက်ခေါ်လာခဲ့။ နောက်ပြီး မင်းကိုယ်တိုင် ကြပ်မတ်ဦးစီးပြီး ကားဂိုဒေါင်အပေါ်ထပ်ကို သန့်ရှင်းအောင် ရှင်းလင်း။ တို့စတိုခန်းထဲမှာ ခုတင်အပိုတွေ မွေ့ရာခေါင်းအုံးအပိုတွေ ရှိတယ်မဟုတ်လား"

"အများကြီး ရှိပါတယ်ဆရာ"

"အေး … ဟောဒီ နွေနွေတို့ သားအမိအတွက် အကောင်းဆုံးတွေရွေးပြီး ပရိဘောဂ အပြည့်အစုံ ဂိုဒေါင်မှာ ဆင်ပေးလိုက် မောင်ရှိန်း"

"ရတယ်ဆရာ … အားလုံး နှစ်နာရီအတွင်း ပြီးသွားအောင် ကျွန်တော် လုပ်ပေးမယ်"

"ဒါဆို ကားပေါ် ဆွဲအိတ်နဲ့ ခြင်းတွေချထားပြီး မင်းကားယူသွားတော့။ လာ … နွေနွေ … ဒေါ်ဒေါ်ရော အိမ်ထဲမှာဝင်ပြီး အနားယူရင်း မောင်ရှိန်းကို စောင့်တာပေါ့။ မောင်ရှိန်း အားလုံးလုပ်သွားလိမ့်မယ်"

မောင်ရှိန်းက ကားထဲမှ ဆွဲအိတ်တွေ ချပေးသည်။

"ဟာ ... အိပ်တော့ ... နွေနွေ ချုပါမယ်"

"ရတယ် နွေနွေ ... ဒေါ်ဒေါ်ကိုသာတွဲပြီး အိမ်ထဲ ခေါ်ပေတော့"

ဘုရားကို ရင်ခွင်ပိုက်ထားသည့် နွေနွေ၏ မေမေအား ဇေယျာအောင် တစ်ဖက်၊ နွေနွေတစ်ဖက်တွဲပြီး ဧည့်ခန်းဆိုဖာတွင် ထိုင်စေသည်။

"နွေနွေကိုကော ဘာစားပြီးခဲ့လဲ"

"စောစောထပြီး ပဲပြုတ်နဲ့ထမင်းကြော် စားခဲ့တယ် အစ်ကို"

"ဒါဆို ... တစ်ခုခု ထပ်စားပေါ့ ...။ မီးဖိုထဲမှာ အစုံရှိမယ်ထင်တယ်။ မောင်ရှိန်းက ဘာမဆို ဝယ်ထားတတ်တယ်။ ခုလောက်ဆို ထမင်းတွေ ဘာတွေတောင် မောင်ရှိန်း ချက်ထားပြီးပြီ ထင်တယ်။ ဒီအိမ်အကြောင်း သိအောင် နွေနွေကို လိုက်ပြထားမယ် ... လာ။ နောက်ဆို နွေနွေနဲ့ မောင်ရှိန်းပဲ ချက်ရပြုတ်ရမှာ။ နေ့ခင်းပိုင်းဆို ... ဒေါ်ဒေါ်နဲ့ နွေနွေ ဒီအိမ်ပေါ်မှာပဲ လာနေပေါ့။ ညကျမှ ပြန်အိပ်။ နေ့ပိုင်းဆို တို့က အိမ်ကပ်လေ့ မရှိဘူး။ အပြင်သွားတာများတယ်။ လာ .. လာ ... ထမင်းစားခန်း၊ ရေချိုးခန်းတွေ အားလုံးပြထားမယ်"

"မေမေ ... ခဏထိုင်နေဦးနော်"

နွေနွေသည် ဇေယျာအောင် ခေါ်ရာသို့ လိုက်သွားပေသည်။



ထမင်းစားခန်းတွင် ဖော်မီကါ အစိမ်းနုရောင် ဆုံလည်ထမင်းစား စားပွဲရှိလို့ ... အစိမ်းရောင် သားရေဖုံး ထမင်းစားကုလားထိုင် လေးလုံးချထားသည်။

"ဟောဒီမှာ ... နွေနွေကြိုက်တာ ယူစား။ ဒေါ်ဒေါ်ကိုလည်း နေ့ခင်းနေ့လယ် ဖျော်တိုက်ချင်တိုက် ... ပုလင်းဖောက်တိုက်ချင်တိုက် ... အအေးစုံရှိတယ်"

ရေခဲသေတ္တာ ဖွင့်ပြပြီး ဇေယျာအောင်က ပြောပြနေသည်။

"လာ ... မီးဖိုထဲ သွားကြည့်ရအောင်"

မီးဖိုမှာ အမိကာနစ်ဖိုတွဲ လျှပ်စစ်မီးဖို ဖြစ်သော်လည်း မီးပျက်လျှင် အသင့်သုံးရန် ဂက်(စ်)မီးဖိုလည်း ထားရှိပေသည်။ မီးဖိုဆိုစေကာမူ ဖျာခင်းအိပ်နိုင်လောက်အောင် သန့်ရှင်းပါ၏။

နံရံကပ် ဗီရိုကို ဖွင့်ပြသည်။ အထဲတွင် ဟောလစ်၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီ စသည့်ဘူးများ စီစီရီရီ ရှိနေပါ၏။

"ဒေါ်ဒေါ် အားရှိအောင် ဟောလစ်တို့ မိုင်လိုတို့ ဖျော်တိုက်ပါ နွေနွေ"

နွေနွေသည် မျက်လုံးလေး ကလယ် ကလယ် အဝိုင်းသားနှင့် ဇေယျာအောင်အား ကြည့်နေပါ၏။

မိမိတို့သားအမိ အပေါ်တွင် အစ်ကိုဇေယျာအောင်၏ ထားရှိသော စေတနာမှာ နွေနွေ၏ ရင်ဝယ်သိမ့်သိမ့်ခါစေပါ၏။

အပြင်ဘက်တွင် မောင်ရှိန်း မော်တော်ကားနှင့် ပြန်ရောက်လာသံ ကြားရသည်။

"ဟော ... အစ်ကို ... ကိုမောင်ရှိန်း ပြန်လာပြီ ... ဂိုဒေါင်ရှင်းလင်းရာမှာ ... နွေနွေ ဝင်မလုပ်ရင် ဘယ်ကောင်းမလဲ အစ်ကို"

ပြောပြောဆိုဆို နွေနွေသည် အပြင်ထွက်ရန် အလောတကြီးလေး ခြေလှမ်းလိုက်သည်နှင့် မောင်ရှိန်း ချက်ပြုတ်ရန် တန်းလန်းချထားခဲ့သော ဒန်အိုးတစ်ခုအား ဂလုံဂလွမ် ခလုတ်တိုက်မိတော့သည်။

"အို ... အမေ့"

နွေနွေသည် ခလုပ်တိုက် အရှိန်ဖြင့် လဲပြိုမယောင် ယိမ်းယိုင်သွားသည်နှင့် ဇေယျာအောင်က လဲမှားစိုးပြီး နောက်မှထိန်းကိုင်လိုက်မိသည်။

နွေနွေ၏ ခန္ဓာကိုယ်လေးမှာ ဇေယျာအောင်၏ ရင်ခွင်ကျယ်ကြီးထဲသို့ ရောက်ရှိသွားပါ၏။

ဖိုနှင့်မ အထိအတွေ့သည် နှစ်ဦးစလုံးအား ရင်ဒိတ်ဒိတ်ခုန် သွားတော့သည်။

ကြက်သီးမွေးညင်းတွေ ထောင်ထ,လာအောင် နှစ်ဦးစလုံး တရှိန်းမြမြ ခံစားလိုက်ရပေတော့သည်။

တဒင်္ဂလောက်တော့ နှစ်ဦးစလုံး အမွေ့အပိုက်တွေဖြင့် မေ့သွားကြသည်။

သည့်နောက်တော့ ...။

ဟင် ... အစ်ကိုဟု မောဟိုက်သံလေးနှင့် ရွတ်



င်း ... ဇေယျာအောင့် ရင်ခွင်ထဲမှ နွေနွေ ရုန်းထွက်လိုက်သည်။

ဇေယျာအောင်မှာလည်း သူ၏ ရင်ခွင်ထဲမှ နွေနွေ ုန်းထွက်ရေရွတ်လိုက်မှ သတိရပြီး ချက်ချင်းလွှတ်ပေးလိုက်တော့သည်။

"တို့ ... နွေနွေ လဲကျသွားမှာစိုးလို့ လှမ်းထိန်းလိုက်တာပါနော်။ တကယ်ဘုရားစူး မိုးကြိုးပစ်ပါ။ တို့ကို တလွဲမထင်ပါနဲ့"

"အိုး ... ဘာမှန်းလဲ မသိဘူး။ အစ်ကို့ကို နွေနွေက ဘာပြောမိလို့လဲ"

ပြောပြောဆိုဆိုပင် ကောင်မလေးသည် အိမ်ရှေ့သို့ ဂမူးရှူးထိုးလေး ထွက်သွားပါတော့၏။

ငင်းနေ့တွင် မောင်ရှိန်းနှင့် နွေနွေ ခေါင်းဆောင်ြီး ကားဂိုဒေါင်တန်းလျားပေါ်တွေ သန့်ရှင်းစေပြီး ဘုရားစင်အစ ... အိပ်ရာအပြည့်အစုံ၊ စာရေးစားပွဲ၊ ညှော်ထိုင်ကုလားထိုင်၊ မှန်တင်ခုံစသည့် အိမ်ဆောင်ပစ္စည်း အပြည့်အစုံ ခင်းကျင်းပြီး လှပတင့်တယ်သော နွေနွေတို့ သားအမိအတွက် ာယီဂေဟာလေး တည်ဆောက်ကြတော့သည်။

ဇေယျာအောင်ကတော့ သန့်ရှင်းရေးနှင့် ခင်းကျင်းလုပ်ကိုင်နေရာသို့ မသွားပေ။

သူ့စိတ်က သိပ်ကိုသွားချင်ပါ၏။

သို့တစေ ဇေယျာအောင် ရင်ခုန်ခြင်း မပျောက်သေး။

မီးဖိုထဲတွင် ကောင်မလေး နွေနွေအား မတော်တဆလေး ဖွေ့ပိုက်မိသည်ကို ပြန်၍ပြန်၍ ထပ်တလဲလဲ စဉ်းစားမိလေတိုင်း ဧယျာအောင် ရင်ခုန်နေဆဲ ဖြစ်ပါ၏။

တကယ်တော့ ... ဧယျာအောင်အဖို့ အမျိုးသမီးများနှင့် အတွေ့အကြုံ သိပ်အစိမ်းကြီးလည်း မဟုတ်ခဲ့ပါပေ။

ရန်ကုန်စက်မှုတက္ကသိုလ်တွင် ခြောက်နှစ်ခွဲလောက် တက်ခဲ့သူဖြစ်သည်။ ပြီး ... ဧယျာအောင်၏ ရုပ်နှင့်ခန္ဓာပုံစံကိုက အမျိုးသမီးများ နှစ်သက်စေလောက်သည်။ မိဘကလည်း အထိုက်အလျောက် ချမ်းသာကြွယ်ဝသည်။ ပြီး ... တက္ကသိုလ်များတွင် ဧယျာအောင်၏ အားကစားနှင့် ကာယပြိုင်ပွဲများတွင် ထင်ရှားခဲ့သူလည်း ဖြစ်ခဲ့သည်။

ဒီတော့လည်း တက္ကသိုလ် နေခဲ့စဉ်တစ်လျှောက်ဝယ် တကယ့်ချောပေ့လှပေ့ဆိုသည့် ကျောင်းသူများနှင့် တွဲခဲ့သည်မှာ အများကြီး။ ကိုယ့်ကျောင်းသားအချင်းချင်းပင် မနာလိုဝန်တိုစေအောင် တွဲခဲ့ဖူးသည်။

ထိုတွဲခဲ့သည်များမှ ဧယျာအောင်ကသာ ချစ်ခွင့်ပန်မည် လက်ထပ်မည် ဆိုပါက အသင့်ခေါင်းညိတ်ကြလေမည်သာ။

ခက်သည်က ဧယျာအောင်သည် အမျိုးသမီးတွေနှင့် တွဲလို့သာ တွဲခဲ့သည် ဘယ်အမျိုးသမီး အပေါ်တွင် ရင်မခုန်စဖူးခဲ့ပါပေ။

ပြီး ... တစ်နေ့နေ့တွင် အိနှင့် လက်ထပ်ရမည် ဆိုသည့် သိစိတ်က ဧယျာအောင်ကို လွှမ်းမိုးထားသည်



ယင်းကြောင့် ဘယ်အမျိုးသမီးနှင့်တွဲတွဲ နှုတ်၏ ျူးလွန်ခြင်း၊ ကိုယ်၏ကျူးလွန်ခြင်းမျိုး မရှိခဲ့။

အိနှင့်လည်း ရုပ်ရှင်ရုံ မှောင်ထဲတွင် အတူတွဲ ြည့်ခဲ့သည်များ ရှိခဲ့သည်။ ပြီး ... ဟိုဟိုဒီဒီ အိနှင့်အတူ ွား အတူလာများလည်း ရှိခဲ့သည်ပင်။

သူမ၏အိမ်မှာဖြစ်စေ ... မိမိ၏အိမ်မှာဖြစ်စေ ်ယောက်တည်း အိနှင့် လွတ်လွတ်လပ်လပ် အခွင့်အရေး ေတွလည်း ရခဲ့သည်။ သို့တိုင်အောင် ဧယျာအောင် ရင် ုန်ခဲ့။ ရင်ခုန်ခြင်း ဆိုသည်မှာ ရင်ထဲ နှလုံးသားကိုက ာမန်မနေတော့ဘဲ လှုပ်ရှားလေမှ ရင်ခုန်ခြင်း မဟုတ်လား။

နွေနွေ။

ဒီကောင်မလေးနှင့်ကျတော့ ဘာကြောင့်များ ယျာအောင် ခဏ,ခဏ ရင်ခုန်နေရဘိသနည်း။

ကဲ ... ဒါဆို ... နွေနွေ့ကို မိမိ ချစ်နေမိပြီလား။

ဒါကျတော့လည်း ပြောရခက်သေးသည်။

နွေနွေနှင့် တွေ့ဆုံသည်မှာ စနေ၊ တနင်္ဂနွေ၊ နေ့လာ ... သုံးရက်တင်းတင်းကြီးပင် မပြည့်တတ်သေး။

အချစ်ဆိုသည်မှာ ဤမျှအချိန်ကာလ တိုတို င်းတောင်းလေး အတွင်း၌ ဖြစ်ပေါ်လာသတဲ့လား။

ဒါဆို ... အချစ်ဆိုသည်မှာ မည်၍မည်မျှ န်ကာလတွေ ကြာညောင်းလာမှ ဖြစ်ပေါ်ရမည်ဟူသော ်မှတ်ချက်ကော ရှိလို့လား။

ကြားဖူးနားဝအရ ဆိုလျှင် အချစ်တွင် အချိန်

ကန့်သတ်ချက် မရှိပါလေ။ တိုတောင်းသော အချိန်တွင် မချစ်ရ။ ကြာညောင်းမှ ချစ်ရမည်ဟူလည်း ကန့်သတ်ချက် ရှိသည် မဟုတ်ပါလေခဲ့။

တချို့ ... မီးရထားပေါ်ကျမှတွေ့ပြီး ခရီးတစ်ထောက်သွားရင်း ချစ်မိသွားကြသည်။ သင်္ဘောစီးရင်း၊ ဘတ်စ်ကားစီးရင်းပင်လည်း ချစ်သွားကြသည်မျိုးတွေ ရှိကြသည်။

ဖေယျာအောင်မှာ ဘယ်တုန်းကမှ အလေးအနက် မထားခဲ့ဖူးသော အချစ်အကြောင်းကို ယခုအလေးအနက်ကြီး ကိုပင် စဉ်းစားတွေးတော နေမိပါ၏။

"ဆရာ"

"ဟိတ်"

မောင်ရှိန်း မိမိအနီးသို့ ရောက်လာသည်ပင် အတွေးကြော နှစ်မျောနေသဖြင့် မသိလိုက်။ မောင်ရှိန်းက "ဆရာ"ဟု ကပ်ခေါ်လိုက်မှ ဖြန့်းခနဲ လန့်သွားပြီး ဟောဟု ထူးရမည့်အစား "ဟိတ်"ဟု ပြန်အော်လိုက်မိသည်။

"ဘာလဲကွ မောင်ရှိန်း ... မင်းဟာက အလန့်တကြားနဲ့"

"ခါတိုင်းလိုပဲ ကျွန်တော်လာတာပါဆရာ၊ ဆရာဘာသာ လန့်သွားတာပါ"

"ကဲပါ ... မင်း ဘာပြောစရာရှိလဲ"

"ဂိုဒေါင်ခန်း အားလုံးရှင်းပြီးပြီ၊ နေရာချထားပြီးပြီ ဆရာ။ အဆင့်မြင့် တည်းခိုခန်းလေးလား ... ဘော်ဒါ ဆောင်လေးလား အောက်မေ့ရတယ်"

"မင်းက အဆင့်မြင့်တည်းခိုခန်းတို့ ဘော်ဒါဆောင်တို့





မှာ တည်းခဲ့နေခဲ့ဖူးလို့လား"

"ဟာ ... ဆရာကလဲ ... ကျွန်တော် မတည်းခဲ့ မနေခဲ့ဖူးပေမယ့် မြင်ဖူးတွေ့ဖူး နေတာပဲဆရာ"

ဖေယျာအောင် ပြုံးမိပါ၏။

"တကယ်ပဲ ဆရာ ... မနွေနွေဟာ ပြောလို့ပြောတာ မဟုတ်ဘူး ... တကယ့်ကို တော်တယ်ဆရာ"

"ဟ ... ဘာတွေ လာတော်နေတာလဲ"

"အိမ်ထောင် အသန့်အရှင်း။ ပရိဘောဂ အထားအသိုတွေပေါ့ဆရာ။ အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေဆိုတာ အဖိုးတန်တာ၊ မတန်တာ ပဓာနမဟုတ်ဘူး။ သူ့နေရာနဲ့သူ ကြည့်ကောင်းအောင် ထားတတ်ရင် ကြည့်ကောင်းပြီး ကျက်သရေရှိတာပဲ။ အခု ဂိုဒေါင်မှ ပို့တဲ့ ပရိဘောဂတွေက ခပ်ဟောင်းဟောင်းတွေပဲ ဆရာ။ မနွေနွေက အားလုံးတိုက်ချွတ်ဆေးကြောပြီး သူ့နေရာနဲ့သူ အံဝင်ခွင်ကျထားလို့ သိပ်ကြည့်ကောင်း သွားတယ်။ အဲဒါကြောင့် မနွေနွေတော်တယ်လို့ ကျွန်တော်က ပြောတာပါဆရာ။ နောက်ပြီး ... မနွေနွေဟာ တကယ့်ကိုလှတယ် ချောတယ်ဆရာ။ ချောတယ်လှတယ်ဆိုတာမှ နဂိုရှိလို့ နဂိုင်းထွက်တဲ့ အချောအလှမျိုးဆရာ"

"ဟကောင် ... မောင်ရှိန်း ... မင်းဟာက မွှန်းလှချည်လားကွ"

ဖေယျာအောင် ပြုံးဖြီးဖြီးကြီးနှင့် ပြန်မေးသည်။

လူ၏ မနောသဘာဝသည် မိမိကိုယ်တိုင်က ယူဆထားသောအချက်ကို အခြားလူက ထပ်တူထပ်မျှ အယူအဆနှင့် သာ၍ပြောလျှင်လည်းကောင်း၊ မိမိ မြတ်နိုးသော ပစ္စည်းတစ်ခုကို သူတစ်ပါးကပါ မြတ်နိုးလှသည် ဆိုလာလျှင်လည်းကောင်း ပီတိဖြစ်ရစမြဲ။ ကျေနပ်ရစမြဲ။

ယခု မောင်ရှိန်းက နွေနွေ တော်ကြောင်းနှင့် နွေနွေ၏ ရုပ်အလှအချောကို မွမ်းနေသည်ကို ကြားရခြင်းသည် မိမိရင်ထဲခံစားချက်နှင့် ကိုက်ညီနေသဖြင့် ပီတိဖြစ်သွားရတော့သည်။

မောင်ရှိန်းက ဆက်ပြောသည်။

"တန်းလျားကို သန့်ရှင်းရေးလုပ်တော့ အားလုံး ရေဆေးရတယ်စရာ"

"နေဦးကွ ... တန်းလျားအပေါ်ထပ်မှာ ရေမသုံးတာ ကြာလှပြီပဲ။ ဘုံဘိုင်ခေါင်းတွေက ရေကောထိုက်ရဲ့လား မောင်ရှိန်း"

"အဲဒါပေါ့ဆရာ ... မနွေနွေက ရေဘုံဘိုင်ခေါင်းဖွင့်ပြီး ပထမဆုံး ရေခံတယ်လေ။ ဘုံဘိုင်က မသုံးတာကြာတော့ ပထမ ဗလွတ်ဗလွတ်နဲ့ လေတွေလိုက်ပြီးမှ ... ရွှံ့ခနဲ ရေတွေပန်းထွက်တယ်ဆရာ။ ဘုံဘိုင်ခေါင်းကို ရေခံရင်း ငုံ့ကြည့်နေတဲ့ မနွေနွေ တစ်ကိုယ်လုံးကို ရေတွေပန်းပြီး ရွှဲရွှဲစိုသွားတာပဲ"

"ဟ ... မောင်ရှိန်းရ ... မင်းစကားက ဘာလဲကွ ... အဆက်အစပ်လဲ မရှိဘဲနဲ့ ရေဘုံဘိုင်ခေါင်းက ရေတွေ



ပန်းထွက်တာနဲ့ ... နွေနွေ အရမ်းလှတာ ဘာဆိုင်လဲ"

"ဟာ ဆရာ ... သိပ်ကိုဆက်စပ်ပြီး ... သိပ်ကိုဆိုင်တာပေါ့ ဆရာ။ ဝတ်ထားတဲ့ အဝတ်ကို ရေစိုရင် ... အဝတ်ရေစိုဟာ အသားကိုဝင်ကပ်တာ ထုံးစံပေါ့ဆရာ။ အဲဒီလို အသားဝင်ကပ်တော့ မိန်းမတွေရဲ့ ပင်ကိုယ်အရှိနဲ့ ပင်ကိုယ်ခန္ဓာအလှ ပေါ်လွင်လာတာပေါ့။ မနွေနွေဟာ တကယ်ဆရာ ... ရုပ်လှရုံမကဘူးပင်ကိုယ်ခန္ဓာလည်း သိပ်အချိုးကျပြီး လှတယ်။ ဗိုလ်ချုပ်ဈေးတချို့ဆိုင်ကြီးတွေထဲမှာ မှန်ဗီရိုနဲ့ ထည့်ထားတဲ့ လက်ရာမြောက် နတ်မိမယ် ပန်းပုရုပ်အတိုင်းကို အချိုးကျတာ ဆရာ"

"မောင်ရှိန်းရယ် ... မင်းမျက်စိက တယ်လဲစူးရှလိုက်ပါလား"

"ပင်ကိုယ်သဘာဝကို ပြောပြတာပါဆရာ ... သန့်ရှင်းရေး လုပ်တယ်ဆိုတော့ ပင်ပန်းတယ်။ ပင်ပန်းရင် ချွေးထွက်စမြဲပဲ။ ချွေးထွက်ပြီဆိုရင် ဝတ်ထားတဲ့ အကျီကလည်း အသားဝင်ကပ်တယ်၊ မျက်နှာမှာလည်း သနပ်ခါး မိတ်ကပ် လိမ်းထားတောင် ချွေးထွက်ရင် ဘာမှမရှိတော့ဘဲ နဂိုအရှိအတိုင်း အသားရောင်ပေါ်လာတယ်။ မနွေနွေရဲ့ နှာသီးထိပ်မှာရော ပါးပြင်မှာရော မေးစေ့လည်တိုင်မှာရော ချွေးသီးချွေးဥလေးတွေ ထွက်နေတာကို မျက်နှာသုတ်ပဝါနဲ့ သုတ်လိုက်တော့ သူ့နဂိုအသားရောင်ဟာ စိုပြီးဝင်းနေတာပဲဆရာ။ ဆံပင်

အုံရော မျက်တောင်နဲ့ မျက်ခုံးရော မည်းနက်နေတော့ ပြူဝင်းတဲ့ မျက်နှာလေးဟာ ပိုပြီး ပေါ်လွင်လာသလား မသိဘူးဆရာ"

"မသိဘူးဆရာ ... မသိဘူးဆရာနဲ့ မင်းပြောပြတဲ့ အလှဘွဲ့တွေဟာ ဘာကျန်သေးလဲ။ အကုန်အစင်ပါခဲ့လား မောင်ရှိန်းရာ။ ငါစာရေးဆရာတောင် မင်းအရှဲ့ သလောက် အမျိုးသမီးအလှကို မဖွဲ့နိုင်ဘူး"

"တကယ်ပါဆရာ ... ကျွန်တော့်လက်ထဲမှာ ကင်မရာ သာရှိရင် မနွေနွေ သန့်ရှင်းရေးလုပ်လို့ ပေါ်ထွက်လာတဲ့ ရုပ်နဲ့ကိုယ်အလှကို ဓာတ်ပုံရိုက်ပြီး ခေါင်းစီးပေး တပ်ပြီး ဓာတ်ပုံပြိုင်ပွဲတောင် ဝင်လိုက်ချင်မိတယ်"

"မင်းက ဓာတ်ပုံကို ဘယ်လိုခေါင်းစီး တတ်မှာလဲ မောင်ရှိန်း"

**"ပင်ကိုယ်အလှ ... ဒီလိုမ လို့လေ"**

အားပါးပါး ... မောင်ရှိန်းရယ်ဟုသာ ဇေယျာအောင်မှာ ညည်းတွားသံနှင့် ရွတ်ထုတ်လိုက်မိပေတော့သည်။

မောင်ရှိန်း၏ စကားတို့သည် ဇေယျာအောင်အဖို့ မီးလောင်ရာ လေပင့်မျိုး ဖြစ်စေပါ၏။

နဂိုကတည်းက ရင်ထဲတွင် နွေနွေအား ချစ်မိချင်သည့် ဓာတ်ခံရှိနေရာ မောင်ရှိန်း၏ ချီးမွမ်းစကားတို့သည် ဇေယျာအောင်၏ ဘဝင်ကို လေစတ်သည်ထက် ပိုမိုစတ်လာစေပါတော့သည်။



(၁၁)

ယခုရက်အတွင်း ငြိမ်ချက်သား ကောင်းလှသည်။

တနင်္လာ၊ အင်္ဂါ။ ဗုဒ္ဓဟူးနေ့အထိ ရန်သူ၏ လှုပ်ရှားမှု လုံးဝမရှိပေ။

ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်ခြင်းပေလား။

မုန်တိုင်းကျကာနီး လေငြိမ်နေခြင်းမျိုးလား။

စုံထောက်အရာရှိ ဦးမင်းဆွေထံမှလည်း လူမလာ သတင်းမကြား ဖြစ်နေသည်။ ဦးမင်းဆွေကလည်း ငြိမ်နေသည်ပင်။

တစ်ခုတော့ရှိသည်။ ဘောက်ထော် ပြည်တော် အေးလမ်း ဦးမော်မော်အိမ်သို့ သွားပြီးနောက် ဦးမင်းဆွေသည် ဦးမော်မော်ကို သင်္ကာမကင်း ဖြစ်ခဲ့သည်။

ဦးမော်မော် အပေါ်တွင် ဦးမင်းဆွေသည် တိတ်တဆိတ် ချောင်းမြောင်းနေခြင်းပေလား။

တနင်္လာနေ့မနက်က နွေနွေတို့ သားအမိအား

ပဲခူးပို့ကာနီး အိမ်ကိုဝင်၍ အဲဒီညက နွေနွေတို့အိမ်သို့ ဆလွန်းကားနီလေးနှင့် သူခိုး(၃)ဦး ဖောက်ထွင်းရန် ကြံစည်ခြင်းကို ဦးမင်းဆွေထံ ဖုန်းဆက်လို၍ ပြန်လာပြီး ဖုန်းဆက်ပြောသေးသည်။

အဲ … အဲဒီလို ဖုန်းဆက်ခြင်းအတွက် တန်းတော့ ကောင်းသွားပါ၏။

အကယ်၍သာ ဦးမင်းဆွေထံ ဖုန်းဆက်စရာ အကြောင်းမရှိလျှင် နွေနွေ့ကို ပဲခူးသို့ တန်းမောင်းတန်းသို့ ဖြစ်သွားချိမ့်မည်။

ယခုတော့ ဖုန်းဆက်ရန် အိမ်ပြန်လာမိသည့်အတွက် နွေနွေတို့သားအမိ မိမိခြံထဲက ဂိုဒေါင်တန်းလျားမှာပင် နေဖြစ်သွားသည်။

ဖုန်းဆက်ဖို့ ပြန်လာခြင်းကပင် ဟန်ကျသွားသေးသည်။

နွေနွေ လာရောက်နေထိုင်သည်ကို ဇေယျာအောင် ပျော်ရွှင်ကျေနပ်နေပါ၏။

ထမင်းဟင်း စားသောက်ရသည်မှာလည်း ယခင် မောင်ရှိန်းလက်ရာနှင့် မတူပါလေ။

နွေနွေသည် နံနက်စောစော ဇေယျာအောင် အိပ်ရာမှမထမီ မိမိတိုက်အိမ်ဘက်သို့ ကူးလာသည်။

ကော်ဖီဖျော်သည်။ ကြက်ဥ မကျက်တကျက် ကြော်သည်။ ဝက်အူချောင်းကို ဆီနှင့်ကြော်သည်လည်းမဟုတ် မီးကင်သည်လည်း မဟုတ်ဘဲ အိုကင်းကပ် လူးလိမ့်ထားပြီး



ဝက်အူချောင်းမှ ထွက်လာသည့် အဆီနှင့် ပြန်ကြော်သည်မှာ နီရဲရွှကြွပ်နေသည်။ ပေါင်မုန့်ကို မီးကင်ပြီး ချက်ချင်းထောပတ်သုတ်သောကြောင့် မီးကင်အပူငွေ့ဖြင့် ပေါင်မုန့်ကင်ထဲသို့ ထောပတ်များ စိမ့်ဝင်သွားသည်မှာ ရိုးရိုးသုတ်သည်ထက် ပိုမိုစားကောင်းသည်။

သို့သော် …

မိမိအိပ်ရာမှ ထချိန်တွင် နွေနွေသည် တိုက်အိမ်ပေါ်တွင် မရှိပါလေတော့။ လုပ်ကိုင်ပေးပြီးသည်နှင့် ဂိုဒေါင်တန်းလျားသို့ ပြန်သွားသည်။

နွေနွေ၏မိခင်ကတော့ အိပ်ရာမှ စောစောထပြီး တန်းလျားခန်း သူမ၏ ဘုရားစင်ဝယ် သောက်တော်ရေလဲ၊ ဘုရားမီးပူဇော်၊ အမွှေးတိုင်ထွန်း၊ ဘုရားရှိခိုး၊ တရားမှတ် နေ့စဉ် ပြုမူသည်။

ဇေယျာအောင် စိတ်ထဲဝယ် အားလပ်သည့် တစ်နေ့တွင် နွေနွေ၏မိခင်အား မျက်စိအထူးကုသမားတော် ဆရာဝန်ထံ သွားရောက်ပြသပြီး ကုသပေးဖို့ကိုပါ ရည်ရွယ်ထားပြီး ဖြစ်ပါ၏။

မောင်ရှိန်း ဈေးဝယ်ပြီး ပြန်လာပြီ ဆိုပါက နွေနွေသည် တိုက်အိမ်သို့ ပြန်လာသည်။ မောင်ရှိန်းနှင့်အတူ နွေနွေ ချက်ပြုတ်ပေးသည်။ ချက်ပြုတ်ပေးပြီးသည်နှင့် နောက်ဘက်မီးဖိုပေါက်မှပင် ဆင်းကာ တန်းလျားသို့ ပြန်သွားသည်။

ထမင်းစားပြီဆိုလည်း … မောင်ရှိန်းက ဇေယျာအောင်ကို အလျင်ခူးခတ်ပြီး ထမင်းပွဲပြင်ပေးသည်။

ပထမဆုံးနေ့ ထိုသို့ မိမိအတွက် ထမင်းပွဲပြင်သည်နှင့် ဇေယျာအောင်က မောင်ရှိန်းကို မေးသည်။

"နွေနွေတို့ သားအမိကောကွ"

"ဆရာစားပြီးမှ သူတို့စားမယ်တဲ့ ဆရာ"

နွေနွေသည် မိမိအား ခပ်ရှောင်ရှောင်လေးနေမှန်း ဇေယျာအောင် ရိပ်မိသည်။

တနင်္လာနေ့က မီးဖိုထဲဝယ် ခလုတ်တိုက်ရာမှ မိမိက မွေ့ဟယ် ပိုက်ဟယ် ဖြစ်ခဲ့သည်ကို နွေနွေ ရှက်သွားပြီး မိမိနှင့် မျက်နှာချင်းဆိုင်ရန် ဝန်လေးနေသည်မျိုးလည်း ဖြစ်ကောင်းဖြစ်မယ်။

နွေနွေ့ အစိမ်းသက်သက် ဆယ်ကျော်သက် ကောင်မလေး မပြောနှင့် ...

ယောကျ်ားသား မိမိကိုယ်တိုင် ထိုသို့ဖြစ်ပြီးနောက် နွေနွေ့ကိုပြန်၍ မျက်နှာချင်းဆိုင်ရန် မျက်နှာပူမိသည်။ အန်းနေသည်။

ထို့ကြောင့်လည်း မိမိကိုယ်တိုင်ကလည်း ခပ်ရှောင်ရှောင်လေး နေပေးလိုက်သည်။ နောက်တစ်ချက်မှာ ကိုယ့်အရိပ်လာခိုသဖြင့် တင်စီးသည့်ဟု မိမိအပေါ် နွေနွေ ထင်သွားမည် စိုးရိမ်သည်လည်း ပါဝင်ပါ၏။

သည်လိုနှင့် ဗုဒ္ဓဟူးနေ့သို့ ရောက်လာသည်။

ဇေယျာအောင်သည် ထမင်းစားပွဲတွင် နံနက်ပိုင်း ကော်ဖီသောက်ရင်း ရန်သူများ ငြိမ်နေခြင်းနှင့် ဦးမင်းဆွေက မိမိကို မဆက်သွယ်ခြင်းတွေအတွက် စဉ်းစားသည်။



ဒီနောက် နွေနွေသည်ပင် ခေါင်းထဲရောက်လာပြီး နွေနွေ့ အကြောင်း စဉ်းစားမိပြန်သည်။

ယခုရက်အတွင်း နွေနွေနှင့် ခပ်စိမ်းစိမ်း နေရသည်မှာ ရင်ထဲတွင် တနုံ့နုံ့ဖြင့် ဝေဒနာတစ်မျိုး ခံစားရသလို ရှိနေသည်။ အနာဝမပေါ်ဘဲ အတွင်း၌ သွေးစု ပြီတည်သော အရာကဲ့သို့ နာနာကျင်ကျင်လေး ရင်ထဲတွင် ခံစားနေရပါ၏။

"ဆရာ ... ကျွန်တော် ဈေးသွားမလို့။ ဆရာဘာမှာဦးမလဲ။ ဘာဟင်းစားမလဲ ဆရာ။ မနွေနွေကတော့ ကျွန်တော့်ကို မှာထားတယ်။ ဝက်သားကောင်းကောင်း သုံးထပ်သား ဝယ်ခဲ့ပါတဲ့။ ဝက်သားကို ပုန်းရည်ကြီးနဲ့ အဆိမ့်ဆိပြန်ချက်မယ်တဲ့ ဘူးသီးဟင်းခါး ရေတံကောင်းလေးနဲ့ ချက်မယ်တဲ့ အဒီပေြ ... ရောက်သီးသုတ်မယ်တဲ့၊ ငါးခူငါးပိကောင်နဲ့ ရေတံသီးကြွပ်ကြွပ်လေးကြော်မယ်တဲ့။ အဲဒါတွေ ဝယ်ပေးပါလို့ မှာထားတယ်ဆရာ။ မနွေနွေက ပြောသေးတယ်။ အစ်ကိုကို ကြည့်ရတာ ငှငှငေါင်ငေါင်နဲ့ ထိုင်းထိုင်းမှိုင်းမှိုင်းကြီးဖြစ်နေလို့ ပွင့်သွားအောင် အဲဒီလိုတွေ ချက်ကျွေးချင်တာတဲ့"

"ဘာကွ ... နွေနွေက ငါ့ကို ငှငှငေါင်ငေါင် ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေတယ် ပြောသလား"

"အခုမနက် ကော်ဖီဖျော် ပေါင်မုန့်ကင်ရင်း ပြောသွားတာဆရာ"

"အေး ... နွေနွေပြောတဲ့အတိုင်းသာ အားလုံးဝယ်ခဲ့

နွေနွေချက်တာဆိုရင် ဘာမဆို ကောင်းမှာပဲ"

"ဟုတ်ကဲ့ ... ဒါဆို ကျွန်တော်သွားမယ်ဆရာ"

"နေဦးကွ ... မောင်ရှိန်း"

"ဘာမှာချင်လို့လဲဆရာ"

"မှာစရာ ဘာမှမရှိဘူး၊ မင်းကို မေးစရာရှိနေတာ"

"ဟုတ်ကဲ့ ... မေးပါဆရာ"

"အဲ ... ဟို ... ဟိုလေကွာ ... မင်းနဲ့ ... နွေနွေ တော့ ... နေ့တိုင်းချက်ရင်း ပြုတ်ရင်း တွေ့ကြ ပြောကြတွေ ရှိနေတာပဲ။ အဲ ... အဲ ... နွေနွေက မင်း ကို ငါ့အကြောင်းတွေ မပြောဘူးလား"

ဟီးခနဲ မောင်ရှိန်း ရယ်ချလိုက်ပေသည်။ ... ကတည်းက မေးရမှာကို ခပ်ရှက်ရှက်ဖြစ်ပြီး ထစ်ထစ်ငေ ငေါ့ ဖြစ်ရသည့်အထဲ ... မောင်ရှိန်းက မေးခွန်းအဆုံး၌ ဟီး ခနဲ ရယ်ချသည့်အတွက် ဒီကောင် ငါ့ကို သရော်တာလား ဟူသော အတွေးပေါက်သွားပြီး နားရင်းတီးချင်စိတ် ဖြစ်ပေါ်လာမိသည်။

"ဟေ့ကောင် မောင်ရှိန်း ... မင်းက ဘာလို့ ငါမေး တာကို ဟီးခနဲ ရယ်ချလိုက်တာလဲ ... ဟေ"

"ဩော် ... ဆရာ ...။ မနွေနွေကလည်း အခု ဆရာ မေးတဲ့ မေးခွန်းမျိုး ထပ်တူထပ်မျှ မေးလေ့ရှိတာကို တိုက်ဆိုင်နေလို့ ကျွန်တော်ရယ်မိတာပါဆရာ"

"ဟေ ... ဘယ်လို တိုက်ဆိုင်တာလဲ။ ဘယ်လိုထပ် တူထပ်မျှလဲကွ မောင်ရှိန်း"



"မိုးလင်းလို့ မနွေနွေ မီးဖိုထဲရောက်လာပြီး ကျွန်တော့် ကို တွေ့တာနဲ့ အစ်ကိုက နွေနွေ့အကြောင်း ပြောလား။ ဘာပြောလဲဟင်လို့မေးတာ လူချင်းတွေ့တာနဲ့ ဂွတ်မော နင်း နှုတ်ဆက်တဲ့အတိုင်း နေ့တိုင်း မပျက်မကွက်မေး တာ တိုက်ဆိုင်တယ်လို့ ကျွန်တော် ပြောတာပါ"

"ဩော် ... ဩော် ... နွေနွေက ငါ သူ့အကြောင်း ဘာတွေပြောလဲလို့ နေ့တိုင်းမေးသတဲ့လား"

"မေးတယ်ဆရာ ... မနက်လာလဲ မေးတယ်။ ညနေ လာလဲမေးတယ်"

ဇေယျာအောင်၏ မျက်နှာကြီးမှာ အလိုလို ဖြီးဖြီးကြီး ဖြစ်သွားပါလေ၏။

"သူမေးတော့ မင်းက ဘာပြန်ပြောလဲ"

"ဆရာက တနင်္လာနေ့ကတော့ မနွေနွေကို ဂိုဒေါင် တန်းလျားမှာ သန့်ရှင်းရေးလုပ်ပြီး ... နေရထိုင်ရတာ အဆင်ပြေရဲ့လားလို့မေးတယ်။ အဲဒီနောက်တော့ ... မနွေနွေအကြောင်း ဘာမှမမေး မပြောတော့ဘူးလို့ ကျွန်တော် ပြောလိုက်တယ်ဆရာ"

"အဲဒီတော့ ... နွေနွေက ဘာပြန်ပြောလဲ"

"မျက်နှာချက်ချင်း ညှိုးသွားတယ်ဆရာ၊ နောက်ပြီး အိမ်ခေါင်းရင်းဘက် ဘုရားစင်ရှိရာကို လက်အုပ်လေး ချီပြီး သူ့ပါးစပ်က ဘဝဆက်တိုင်း မိန်းမသားမဖြစ် ရပါစေနဲ့။ ဆင်းရဲသူ မဖြစ်ရပါစေနဲ့လို့ ဆုတောင်း တယ်။ ပြီးတော့ မနွေနွေက ကျွန်တော့်ကို ဆက်ပြော

သေးတယ်"

"ဘာပြောလဲ"

"ဩော် ... မိန်းမသားဘဝဆိုတာ ကိုယ်ရင်ထဲ နှလုံးထဲမှာ ရှိနေတာကို ထုတ်မပြောရဲတဲ့ ဘဝတဲ့။ နောက်ပြီး လောကမှာ ပစ္စည်းဥစ္စာ ငွေကြေးချို့တဲ့နွမ်းပါးဆင်းရဲသူဘဝဟာ အရာရာမှာ သိမ်ငယ်လွန်းတယ်တဲ့။ ဒါကြောင့် နောင်ဘဝတွေမှာ မိန်းမသား မဖြစ်ရပါလို၏။ ဆင်းရဲသူ မဖြစ်ရပါလို၏လို့ ဘုရားမှာဆုတောင်းတာတဲ့ဆရာ"

ဖေယျာအောင် တစ်ချီတည်း ငိုင်ကျသွားပါလေ၏။

"ကျွန်တော် သွားရတော့မလားဆရာ"

"နေဦးကွ ... မင်းရပ်နေရတာ ညောင်းရင် ကုလားထိုင်မှာ ထိုင်လေကွာ။ ငါပြောချင်တာ မေးချင်တာတွေ ကျန်သေးလို့"

မောင်ရှိန်းသည် ထမင်းစားကုလားထိုင် အလွတ်တစ်လုံးတွင် ကျို့ကျို့ယို့ယို့ ဝင်ထိုင်လိုက်သည်။

"မင်းက ငါ့ထက် အသက်ငယ်ပေမယ့် ဘဝအတွေ့အကြုံနဲ့ အပြင်လောက ဆက်ဆံရေးတွေမှာ ပိုပြီးဗဟုသုတ ရှိပုံပဲ။ မင်းကို ငါမေးမယ် မောင်ရှိန်း။ မင်းမှာ ချစ်သူရှိလား။ ငါပြောတဲ့ ချစ်သူဆိုတာ အပျော်တမ်းစိတ်ကစားပြီး စိတ်သာယာမှုအတွက် ချစ်တာမျိုးမဟုတ်ဘဲ ရင်ထဲနှလုံးထဲက ယိုစိမ့်ထွက်လာတဲ့ အချစ်မျိုးနဲ့ ချစ်ရတဲ့ ချစ်သူကိုပြောတာနော်"



"အင်း ... ရှိခဲ့ဖူးပါတယ် ဆိုပါတော့ ဆရာ"

"ရှိခဲ့ဖူးပါတယ် ဆိုတာက ... အခုတော့ မရှိတော့ဘူးလို့ မင်းဆိုလိုသလား"

"ဟုတ်ကဲ့ ... အခု မရှိတော့ပါဘူးဆရာ"

"ဘာလို့လဲကွ။ မင်းချစ်သူ ကောင်မလေးက မင်းအပေါ် သစ္စာဖောက်သွားလို့လား"

"အဲဒီလို မဟုတ်ပါဘူးဆရာ။ ကျွန်တော်ကိုယ်တိုင်က သူ့ကို အဆက်ဖြတ်ပစ်လိုက်တာပါ"

"ဟေ"

"နေ့နေ့ ဘုရားတိုင်တည်ပြီး ညည်းသလိုပဲပေါ့ဆရာ။ လောကကြီးမှာ ငွေကြေးဆင်းရဲသူတွေဟာ အရာရာမှာ သိမ်ငယ်လွန်းတယ်တဲ့ဆရာ။ အဲဒီအတိုင်းပါပဲ ကျွန်တော်က အိမ်မှာ ပထွေးနဲ့နေရပြီး အိမ်အလုပ်မီးဖိုချောင်အလုပ်တွေ ကျုံးလုပ်နေရတဲ့ဘဝ။ ကျွန်တော့်ချစ်သူ စမ်းစမ်းကတော့ သူ့မိဘက ကြွယ်ပိုးကြွယ်ဝ မဟုတ်ပေမယ့် စမ်းစမ်းကို အိမ်အလုပ် မလုပ်စေရဘဲ ကျောင်းမှန်မှန်တက် စာကိုကျက်ပုံစံမျိုးရှိတယ်။ အဲဒီမှာ ကျွန်တော်နဲ့စမ်းစမ်း ကွာဟချက်တွေ ဖြစ်လာတာပဲ။ နောက်ဆုံး ... စမ်းစမ်း ဆယ်တန်းရောက်တဲ့အချိန်မှာ ကျွန်တော်က ရှစ်တန်းနှစ်ခါကျနဲ့ ကျောင်းထွက်ရတယ်ဆရာ။ အဲဒီအချိန်ကစပြီး ကျွန်တော် မီးဖိုချောင်ကိုလုံးလုံး ပထွေးက သွင်းလိုက်တာပဲ"

"ဒါတော့ မင်းက စာမေးပွဲဆက်တိုက်ကျတာကိုးကွ"

"ဟုတ်ပါတယ်ဆရာ ... ယေဘူယျအားဖြင့် စာမေးပွဲကျပြီဆိုရင် ဖြေတဲ့ကျောင်းသားညံ့လို့လို့ ပြောကြစမြဲပါ။ ဒါပေမယ့် ကျွန်တော် ကျရတာကတော့ ..."

"ဆက်ပြောလေကွာ မောင်ရှိန်း"

"ကျောင်းက ပြန်လာတာနဲ့ ထမင်းချက်ရတယ်။ အမေက လမ်းထိပ်မှာ မုန့်ဟင်းခါးနဲ့ အုန်းနို့ခေါက်ဆွဲရောင်းတယ်။ ညရှစ်နာရီလောက်ကျမှ ဆိုင်သိမ်းတယ်။ နောက်တစ်နေ့ ဆိုင်ရောင်းဖို့အတွက် မုန့်ဟင်းခါးဟင်း၊ အုန်းနို့ခေါက်ဆွဲဟင်းတွေ ချက်ရတယ်။ နေ့တိုင်း ... ကျွန်တော် သန်းခေါင်ကျော်မှ နားရတယ်။ မနက်ငါးနာရီလောက် ပြန်ထပြီး အမေဆိုင်ထွက်ဖို့ လမ်းထိပ်ကို ပစ္စည်းတွေ ထမ်းပို့ပေးရတယ်။ ဆိုင်ခုံခင်းပေးရတယ်၊ အမိုးအကာ လုပ်ပေးရတယ်။ အိမ်ရောက်တာနဲ့ ထမင်းအိုး တယ်ပေးရတယ်။ ဒီတော့ ကျွန်တော့်မှာ စာကျက်ချိန် ဝေးလို့ အိပ်ချိန်တောင် နေ့တိုင်း လုံလောက်အောင် မရဘူးဆရာ။ ဒီတော့လည်း ဒီစာမေးပွဲ ဘယ်လိုအောင်တော့မှာလဲ"

"အင်း ...။ စိတ်ဝင်စားစရာပဲ။ အဲဒီတော့ မင်းချစ်သူ စမ်းစမ်းနဲ့ မင်းဘာတွေ ဆက်ဖြစ်သလဲ"

"ဖြစ်ရိုးဖြစ်စဉ်ပေါ့ဆရာ။ ကျွန်တော်တို့အိမ်နဲ့စမ်းစမ်းတို့အိမ်က လမ်းမျက်နှာချင်းဆိုင်လေ။ အဖေမသေခင်ကတော့ အမေကဆိုင်ထွက်ဖို့မှ မလိုတာ။ အဖေက



ကောင်းကောင်း ရှာကျွေးနိုင်တယ်၊ ကျွန်တော့်ကိုလည်း အိမ်အလုပ် ဘာမှမလုပ်စေဘဲ ကျောင်းတက်ရတယ်။ စမ်းစမ်းနဲ့ ကျွန်တော် ကလေးဘဝကတည်းက တစ်ကျောင်းတည်း တစ်တန်းတည်း အတူတူ နေလာခဲ့တာပါ။ ခုနစ်တန်း ရောက်ကြတဲ့နှစ်မှာ စမ်းစမ်းအပျို ကျွန်တော် လူပျိုဖြစ်လာတယ်။ အဲဒီကတည်းက စမ်းစမ်းနဲ့ကျွန်တော် ရည်းစားချစ်သူတွေ ဖြစ်သွားတယ်။ ရှစ်တန်းအထိ ကျွန်တော်စာမေးပွဲ တစ်ခါမှမကျခဲ့ဘူး။ အဲ ... ရှစ်တန်းတက်တဲ့နှစ်မှာ အဖေဟာ ရုတ်တရက်ဆုံးသွားတယ်။ အဲဒီကစပြီး ... အိမ်အလုပ်တွေကို ကျွန်တော်ဝင်ကူရပြီလေ။ အဖေဆုံးသွားတော့ ဌာနဆိုင်ရာဆုကြေးတွေရတယ်။ အဲဒီ ငွေအရင်းအနှီးနဲ့ အမေက ဆိုင်ဖွင့်တာပဲ။ အဲဒီနှစ်မှာပဲ ရှစ်တန်းပထမနှစ်ကျတာပဲ။ နောက်တစ်နှစ် ကျွန်တော်ဆက်တက်လို့ နှစ်ဝက်လောက်မှာ အမေက အခုပထွေးနဲ့ နောက်အိမ်ထောင်ပြုလိုက်တယ်။ ပထွေးက အမေ့ကို လုပ်မကျွေးတဲ့အပြင် ဈေးရောင်းလို့ရတဲ့ ငွေထဲက အရက်နေ့တိုင်းသောက်တယ်။ အဲဒီနောက်တော့ ဆရာမြင်ခဲ့တဲ့အတိုင်း မယားပါသား ကျွန်တော့်ကို အနိုင်ကျင့်တာပဲဆရာ။ အဲဒီနှစ်မှာလည်း ကျွန်တော်ရှစ်တန်းစာမေးပွဲ ထပ်ကျပြန်တယ်။ ကျောင်းကထွက်ပြီး အိမ်အလုပ် ဆိုင်အလုပ်ကို လုပ်ပေးတဲ့ကြားကပဲ ပထွေးက ကျွန်တော့်ကို ရိုက်နှက်တယ်။ အဲဒီမှာ ဆရာနဲ့တွေ့ပြီး

ဆရာ့ဆီ ကျွန်တော်ပါလာခဲ့တာပဲ။ ဆရာ့ဆီရောက်ပြီး တဲ့နောက် ကျွန်တော် မနက်ဈေးဝယ်သွားတဲ့အခါ စမ်းစမ်းက ကျွန်တော့်ကို လာတွေ့ပါတယ်။ ဒီနေ့ စမ်းစမ်း ဆယ်တန်းအောင်သွားပြီဆရာ။ တက္ကသိုလ် ကို စမ်းစမ်း ဆက်တက်မယ်တဲ့"

"ဒါဆို ... စမ်းစမ်းက မင်းအပေါ် သစ္စာရှိသားပဲကွ"

"ဘာလုပ်တော့မလဲဆရာ ... ကျွန်တော်လိုကောင်ကို စမ်းစမ်းယူရင် စမ်းစမ်းဘဝဟာ သိပ်နာသွားမှာပေါ့။ ဒါကြောင့် ... ကျွန်တော်ကပဲ စမ်းစမ်းကို လုံးဝအတွေ့ မခံတော့ဘဲ အဆက်ဖြတ်လိုက်တယ်"

"အင်း ... မင်းအဖြစ်က ရင်နာကြေကွဲစရာပါလား မောင်ရှိန်။ ဒါဆိုမင်းက မင်းချစ်သူ စမ်းစမ်းကိုငဲ့ညှာ ပြီး မင်းရဲ့နှလုံးသားကို စတေးလိုက်တဲ့ သဘောပေါ့"

"အဲဒီလို ပြောရင်ရမလားပဲ ဆရာ"

"ဒါဆို ... မင်းကို ငါကပြောင်းပြန်တစ်ခု ပြန်မေးမယ်။ မင်းက သိပ်ချမ်းသာတဲ့ လူတစ်ယောက် ဖြစ်နေပြီး စမ်းစမ်းက ဆင်းရဲတယ် ဆိုပါတော့။ ဒါဆို မင်းရဲ့ နှလုံးသားထဲက ချစ်နေပါတယ်ဆိုတဲ့ စမ်းစမ်းကို မင်း လက်ထပ်နိုင်ပါ့မလား"

"သိပ်ကို လက်ထပ်တာပေါ့ဆရာ။ ကျွန်တော်နဂိုတည်း က စမ်းစမ်းကို သိပ်ချစ်ခဲ့တာပဲဟာ။ ကျွန်တော် စမ်းစမ်းကို ဖြတ်ရတာက ကျွန်တော့်မှာ အိမ်ထောင် ဦးစီးဘဝနဲ့ ဝင်ငွေမရှာနိုင်ဘူး။ နေ့မယားက အားကို



နိုင်လောက်တဲ့လူ မဟုတ်လို့ အဆက်ဖြတ်ပစ်ရတာပဲ ဆရာ။ ကျွန်တော်သာ ချမ်းသာတဲ့လူဆိုရင် စမ်းစမ်း ကို လက်ထပ်ခြင်းအားဖြင့် သူ့ဘဝကို မြှင့်ပေးရာ ရောက်တာမို့ စိတ်ရောကိုယ်ပါ လက်ထပ်လိုက်မှာပေါ့ ဆရာ"

"အေး ... ငါသဘောပေါက်ပြီ။ မင်းဈေးဝယ် နောက်ကျ တော့မယ်။ သွားပေတော့ မောင်ရှိန်"

မောင်ရှိန် ထွက်သွားသည်။

ဇေယျာအောင်သည် ထမင်းစားစားပွဲမှာပင် ဆက်ထိုင်နေပြီး မောင်ရှိန် ပြောသွားသည့် စကားတွေကို အပြန်အလှန် သုံးသပ်ကြည့်သည်။

မိမိနှင့် နွေနွေကို ပုံပမာထားပြီး မောင်ရှိန်ပြော သွားသည့် စကားတွေနှင့် နှိုင်းယှဉ်ကြည့်မိသည်။

မိမိသာ နွေနွေကို လက်ထပ်လိုက်ပါက နွေနွေ့ ဘဝကိုမြှင့်တင်ပေးရာ ရောက်မည်။

မိမိ၏ရင်ထဲ နှလုံးထဲကလည်း နွေနွေ့ကို ချစ် မိနေပြီ။

အစကလိုအပ်နေပြီမှာ နွေနွေက မိမိအား သူမ ၏နှလုံးသားမေတ္တာဖြင့် ပြန်ချစ် မချစ် သိရန်သာလိုတော့သည်။

မောင်ရှိန် ပြောပြချက်အရဆိုလျှင် နွေနွေသည် မောင်ရှိန်အား မိမိအကြောင်း နေ့တိုင်းမေးသည်ဟု ဆိုသည်။

ကောင်မလေး ရင်ထဲကိုက မိမိကို စိတ်ဝင်စား နေပြီလား။

"အဲတော့ ..."

နွေနွေ၏ အာမေဋိတ်သံလေး မမျှော်လင့်ဘဲ စဉ်းစားနေခိုက်မှာပင် ကြားလိုက်ရသဖြင့် နွေနွေ့ အသံထွက်လာရာသို့ ဓေယျာအောင် ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ဒီအချိန်ဆို နေ့စဉ် မောင်ရှိန်း ဈေးဝယ်ပြီး ပြန်ရောက်နေပြီဖြစ်သော အချိန်ဖြစ်ပါ၏။ ယနေ့ မိမိက မောင်ရှိန်းကို ဈေးမသွားမီ အချိန်အကြာကြီး အမေးအမြန်း အပြောအဆိုတွေ များသောကြောင့် မောင်ရှိန်း ဈေးသွားရ တော်တော် နောက်ကျသွားသည်။

နွေနွေက မောင်ရှိန်းပြန်ရောက်ပြီထင်ပြီး ထမင်းဟင်း ချက်ပြုတ်ပေးရန် နောက်ဖေးပေါက်မှ ဝင်လာခဲ့စဉ် ယခုအချိန်ထိ ထမင်းစားခန်းထဲ၌ ငုတ်တုတ်ကြီး ရှိနေသည့် မိမိကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် သူမ၏နှုတ်မှ "အဲတော့"ဟု အာမေဋိတ်သံလေး ထွက်သွားခြင်း ဖြစ်ပါ၏။

"လာလေ ... နွေနွေ"

"ကိုမောင်ရှိန်း ပြန်မရောက်သေးဘူးလား အစ်ကို"

"မရောက်သေးဘူး။ ဒီကောင် ဒီနေ့ဈေးသွားတာ တော်တော်နောက်ကျတယ်"

"ဒါဆို ... တော်ကြာမှ နွေနွေတစ်ခေါက် ထပ်လာတော့မယ်"

နွေနွေက မီးဖိုပေါက်မှ ပြန်ထွက်ရန် နောက်သို့ ပြန်လှည့်လိုက်သည်။



"နွေနွေ"

ဓေယျာအောင်က အသံခပ်ကျယ်ကျယ်နှင့်ပင် လှမ်းခေါ်လိုက်သည်။ နွေနွေ့ခမျာ တုန့်ခနဲ ခြေလှမ်းရပ်သွားပါ၏။

"လာထိုင်ပါလား နွေနွေ"

"နွေနွေ ကော်ဖီသောက်ပြီးပြီ အစ်ကို၊ ဆေးမေကိုလည်း တိုက်ပြီးပြီ။ နွေနွေ တန်းလျားကို ခဏပြန်ဦးမယ်။ ကိုမောင်ရှိန်းလာမှ နွေနွေ ပြန်လာခဲ့မယ်"

"ခဏထိုင်ပါဦးလို့ တို့ပြောနေတယ်လေ"

နွေနွေ မလွန်ဆန်ရဲပါ။ ဖြည်းလေးသော ခြေလှမ်းလေးဖြင့် ပြန်ဝင်လာပြီး ကုလားထိုင်တွင် မထိုင်ဘဲ သူမ၏ ဝမ်းဗိုက်ရှပ်ရှပ်လေးကို စားပွဲဘောင်နှင့်မှေးပြီး လာရပ်ပါ၏။

"ထိုင်ပါလား နွေနွေ။ အခုတလော နွေနွေက တို့ကို ရှောင်ဖယ်ဖယ် လုပ်နေလို့ တို့ရင်ထဲမှာ ဘယ်လိုကြီးတစ်မျိုးခံစားနေရမှန်း မသိဘူး"

နွေနွေက ဘာမှတော့ ပြန်မပြော။ ဓေယျာအောင်က ထိုင်စေချင်မှန်းသိ၍ ထမင်းစားကုလားထိုင် တစ်လုံးတွင် ထိုင်လိုက်ပေသည်။

"ပြောပါ နွေနွေ ... အခုရက်အတွင်း နွေနွေက တို့ကို ဘာလို့ ရှောင်နေတာလဲ"

"ရှောင်တယ်တော့ ဘယ်ဟုတ်မလဲ အစ်ကို"

"ဒါဖြင့် ... ဘာလို့ တို့ကို မျက်နှာချင်း မဆိုင်တာလဲ"

နွေနွေ သက်ပြင်းလေး ချသည်။ မျက်နှာသော
လည်း ညှိုးသောင်သမ်းနေသည်။

"အစ်ကိုဟာ နွေနွေတို့ သားအမိရဲ့ ကျေးဇူးရှင်ပါ"

"အဲဒါ ... ဘာဖြစ်လဲ"

"နွေနွေဟာ အစ်ကို့လမ်းကြောင်းမှာ အနှောင့်အယှက်
မဖြစ်သင့်ဘူး။ ဆူးခလုတ် မဖြစ်သင့်လို့ပါ"

"ဘာရယ် နွေနွေ ... တို့ရဲ့လမ်းကြောင်း ဟုတ်လား
ဘာလမ်းကြောင်းကို ပြောတာလဲ"

"မမအိဆိုတာ ရှိတယ်တဲ့။ လူကြီးမိဘချင်း သဘောတူ
ထားပြီးသားတဲ့၊ ရုပ်သိပ်ချောတယ်။ ပိုက်ဆံသိပ်ချမ်း
သာတယ်၊ တက္ကသိုလ်က ဘွဲ့ရပြီးသားတဲ့"

"သြ ... သြ ... မောင်ရှိန်း ပြောပြပြီးပြီး ထင်တယ်"

"ကိုမောင်ရှိန်းက ပြောတာမဟုတ်ပါဘူး။ နွေနွေက
ကိုမောင်ရှိန်းကို ဇွတ်အတင်းမေးလို့ သူက ပြောရတာ
ပါ။ အဲဒီ မမအိနဲ့ အစ်ကိုဟာ အခုလတ်တလောအချိန်
မှာတော့ ကသောင်ကနင်း ဖြစ်နေပုံပဲလို့ ကိုမောင်ရှိန်း
ကပြောပါတယ်"

"ဒါဆို နွေနွေ နားထောင် တို့ပြောပြမယ်"

ဟု အစချီပြီး ... ဟိုကျောင်းသားဘဝ မိမိနှင့်
မိဘများ မကွယ်လွန်မီကအစ အိနှင့် ဖြစ်ခဲ့သမျှ အမှန်အကန်
တွေကို နောက်ဆုံးအခြေအနေထိ နွေနွေ့အား ပြောပြလိုက်
သည်။

"အခု လတ်တလော ကသောင်ကနင်းဖြစ်တဲ့ သဘော



မဟုတ်ဘူး နွေနွေ။ အိနဲ့တို့ဟာ သူ့မိဘအပါအဝင်
လက်ထပ်ဖို့ကိစ္စ အပြီးအပိုင် ချုပ်ငြိမ်းသွားပြီ"

ဇေယျာအောင် ပြောပြသမျှ နွေနွေက နားထောင်
ပေသည်။ ဘာတစ်ခွန်းမျှ ပြန်မပြောပေ။

"တို့ပြောတာ ယုံရဲ့လား နွေနွေ"

"အစ်ကိုဟာ ... ဘယ်သူ့ကိုပဲဖြစ်ဖြစ် မလိမ်တတ် ...
မညာတတ်မှန်း နွေနွေ နားလည်ထားပါတယ် အစ်ကို"

"စကားကို မရှုပ်နဲ့ နွေနွေ။ အခု တို့မေးတာက အိနဲ့
ပတ်သက်ပြီး တို့ပြောပြတာကို နွေနွေ ယုံရဲ့လားလို့
မေးနေတာ"

"ယုံပါတယ်၊ သိပ်ကို ယုံပါတယ် အစ်ကို"

"ဒါဆိုရင် တို့ပြောတော့မယ် ... ဇာတ်ရှည်ပြောနေရင်
မလေးနက်ဘူး၊ တို့ရင်ထဲရှိတဲ့အတိုင်း တည့်တည့်ကြီး
ပြောမယ် ...

"နွေနွေ့ကို တို့ချစ်တယ်"

အရည်လဲ့သော မျက်ဝန်းစုံကြီးဖြင့် နွေနွေသည်
ဇေယျာအောင်အား စိုက်ကြည့်နေပါ၏။

အံ့ဩသွားသော အမူအရာမရှိ၊ အို ... ဟင် ...
စသည့် ဟန်အမူအရာမရှိ။

နွေနွေသည် ပကတိ တည်ငြိမ်နေပါ၏။

"တို့ကို နွေနွေက တစ်ခုခု ပြန်ပြောပါလား။ တို့သိပ်
ကို ကြားချင်နေတယ်"

"ဘာပြန်ပြောရမှာလဲ အစ်ကို"

"တို့ကို ... နွေနွေက ပြန်ချစ်တယ်ဆိုလဲ ချစ်တယ်ပေါ့။ မချစ်နိုင်ရင်လဲ မချစ်နိုင်ဘူးပေါ့ ... အဲဒါ တန်ခုခုပြောလေ"

နွေနွေက ဣန္ဒြေရရလေးပင် ပြန်ပြောသည်။

"ဟိုတစ်လောတုန်းက နွေနွေ အိမ်ကနေပြီး လမ်းထိပ်ကို မေမေ့အတွက် အချိုအချဉ်လေးဝယ်ဖို့ ထွက်ခဲ့တယ်။ အဲဒီအချိန်မှာပဲ လမ်းမကြီးပေါ်မှာ တိုက်တိုက်ဆိုင်ဆိုင် မြင်ကွင်းတစ်ခု တွေ့မိတယ် အစ်ကို"

"ဘာမြင်ကွင်းလဲ နွေနွေ"

"အရှိန်နဲ့ မောင်းလာတဲ့ ကားတစ်စီးဟာ ရှေ့ဘီးတစ်ဖက်ကျွတ်သွားပြီး ကျန်ခဲ့တဲ့ မော်တော်ကားသံဝိုင်းဘီးကြီးက ကတ္တရာလမ်းပေါ်မှာ အရှိန်မသေဘဲ ဒရွတ်တိုက်ဆွဲပြီး မီးတွေပွင့်သွားတယ် အစ်ကို"

"အဲဒါ ဘာဖြစ်လဲ ... မော်တော်ကား ရှေ့ဘီးက ရုပ်ကျိုးရင် ဒီလိုပဲ ဖြစ်တတ်တာပဲ"

"နွေနွေ သေချာငေးကြည့်မိတယ်။ မော်တော်ကားသံဘီးကြီးကတော့ ဘာမှမဖြစ်ဘဲ ကတ္တရာလမ်းကြီးမှာသာ သံဘီးဖိဒဏ်ဆွဲဒဏ်ကြောင့် စွတ်ကြောင်းအရှည်ကြီးဒဏ်ရာ ဖြစ်သွားတယ်"

ဇေယျာအောင် ပြုံးလိုက်မိပါ၏။

"ဒါဆို ... နွေနွေ ပြောချင်တာက တို့ကို နွေနွေက ချစ်တော့ချစ်တယ်။ ဒါပေမယ့် နွေနွေ့ကို လက်ထပ်လိုက်ရင် တို့ဘဝမှာ စွတ်ကြောင်းဒဏ်ရာကြီးနဲ့ မှာ



သွားမှာ စိုးရိမ်တယ်၊ ဒါကြောင့် တို့ကို နွေနွေချစ်ပေမယ့် ရှောင်နေတယ်ပေါ့ ... ဟုတ်လား နွေနွေ"

နွေနွေ ငြိမ်နေပါ၏။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာ ရောက်နေပါ၏။

ဇေယျာအောင်သည် မတွန့်မဆုတ်တော့ဘဲ စားပွဲပေါ်တင်ထားသည့် နွေနွေ၏ လက်ဖဝါးလေး နှစ်ဖက်ကို ဆွဲကိုင်လိုက်သည်။

"ပြော ... နွေနွေ ... တခြားဟာတွေ အားလုံးဘေးချိတ်။ တစ်ခုတည်းပဲမှန်မှန်ပြော။ တို့ကို နွေနွေ ပြန်ချစ်သလား"

နွေနွေ ဟန်မဆောင်ပေ။ အပိုမာယာတွေမရှိ။ ကလေးငယ်တစ်ယောက် ခေါင်းညိတ်သည့်နှယ် ... ညိတ်ပြလိုက်ပေသည်။

"ဒါဆိုပြီးရော ... ကိုခင်မောင်ဝင်း ကိစ္စပြီးတာနဲ့ နွေနွေ့ကို တို့ တရားဝင် လက်ထပ်မယ်။ အခုလတ်တလော ကျိုးလန့်စာစားဖြစ်မယ်။ ဒီအတောအတွင်းမှာ တို့ အနေအတိုင် မလွန်ကဲအောင် နေမယ်။ ဒါလဲ အနေအထိုင် လွန်ကဲသွားရင် နွေနွေ့စိတ်ထဲ တို့ကို အထင်လွဲမှာစိုးလို့"

ပြောရင်းပင် ဇေယျာအောင်သည် နွေနွေ့ကို ပွေ့ပိုက်ပြီး ပါးချင်းကပ်ထားလိုက်မိသည်။

ဒီလောက်တော့ ရှိမည်ပဲပေါ့ ... ချစ်ကြပြီပဲဟာ။

❀ ❀ ❀

## (၁၂)

"ဟေး ... မောင်ဖေ ... လူလေး"

"ဟာ ... ဘိုးဘိုးခက် ... ဘိုးဘိုး"

မဟာမြိုင်လမ်းရှိ ဖေယျာအောင်၏ ခြံထဲသို့ အသက်ခြောက်ဆယ်ကျော် ပုဂ္ဂိုလ်ကြီးတစ်ဦး ပါဂျရိုကားသစ်ကို ကိုယ်တိုင်တစ်ယောက်တည်း မောင်းဝင်လာပြီး အိမ်ရှေ့ ရောက်သည်နှင့် ကားရပ်အောက်ဆင်းပြီး အထဲသို့ လှမ်းခေါ်ခြင်း ဖြစ်ပေသည်။

တိုက်အိမ်ထဲမှ ဖေယျာအောင် ထွက်ပြီး ပဲခူးဘိုးဘိုးခက်ကို တွေ့သည်နှင့် ပြေးဆင်းလာကာ အတင်းဖက်ပိုက်ပြီး မြေးအဘိုး ဝမ်းသာအားရ နှုတ်ဆက်ကြပေသည်။

ပုဂ္ဂိုလ်ကြီးသည် အသက်ခြောက်ဆယ်ငါးနှစ် ရှိစေကာမူ လက်ထဲတွင် တုတ်ကောက်မကိုင်၊ မားမားမတ်မတ် သွက်သွက်လက်လက် လှုပ်ရှားသော ပုဂ္ဂိုလ်ကြီးဖြစ်ပေ၏။ အရပ်အမောင်းကြီးကလည်း ခြောက်ပေမပြည့်တောင်



အနည်းဆုံး ငါးပေဆယ်လက်မတော့ ရှိပေမည်။

"ကြည့်စမ်း ... ဘိုးဘိုး ရန်ကုန်လာတာ ကျွန်တော့်ဆီ ဖုန်းမဆက်ဘူး။ ဖုန်းဆက်ရင် ကျွန်တော် လာမှာပေါ့၊ အခုတော့ ဘိုးဘိုးကိုယ်တိုင် ပဲခူးနဲ့ရန်ကုန် မောင်းလာရတာ ပင်ပန်းမှာပေါ့။ ကျွန်တော့်ကို တွေ့ချင်လို့ဆိုလဲ ဖုန်းဆက်ရင် ကျွန်တော် ဘိုးဘိုးဆီ ချက်ချင်းလာမှာ"

"မဟုတ်ဘူး လူလေးရ။ ဘိုးဘိုးကိုယ်တိုင် ရန်ကုန်ကို လာရမယ့်ကိစ္စမို့ လာရတာ။ ရန်ကုန်ဘဏ်ကို လာတာ လေကွာ"

"ရန်ကုန်ဘဏ်မှာ ဘိုးဘိုး ငွေအပ်လို့လား။ ပဲခူးဘဏ်မှာပဲ အပ်တာပဲဟာ"

"အေး ... ရန်ကုန်ဘဏ် ကိစ္စကို လူလေးမပြောနဲ့ လူလေးရဲ့ ဖေဖေနဲ့ မေမေတောင် မသိဘဲ ကွယ်လွန်သွားကြတာ။ လူလေး ဆယ်နှစ်သား အရွယ်တည်းက လူလေးအတွက် ဘဏ်မှာ ငွေငါးသိန်း ဘိုးဘိုးက ငွေသေအပ်ထားခဲ့တယ်။ တစ်ပြားမှ ပြန်မထုတ်ဘူး။ နှစ်စဉ်ရတဲ့ ငွေတိုးကို အရင်းပြန်ထားပြီး ဆက်စုဆက်အတိုးရ အရင်းပိုများ ပုံစံနဲ့ ထားခဲ့တာလေ။ နှစ်ထပ်တိုးစနစ်ပေါ့ကွာ။ ဒီလိုနဲ့ အခု တစ်ဆယ့်ငါးနှစ်ရှိသွားပြီ။ လာမယ့် သီတင်းကျွတ်မှာ လူလေး အသက်အစိတ်ပြည့်တော့မယ်။ လူလေးအနေနဲ့ အသက်အစိတ်ပြည့်ရင် ကိုမြင့်ထူး မကလျာရဲ့သမီး အိနဲ့ လက်ထပ်ကြတော့မယ် မဟုတ်လား။ ဒါကြောင့် ...

လူလေးအသက် အစိတ်ပြည့်တဲ့နေ့မှ အပ်ငွေတွေထုတ်ယေ်လို့ ဘဏ်ကို ဖုန်းဆက်တယ်။ ဘဏ်က ဘိုးဘိုးကိုယ်တိုင် လာခဲ့ပါဆိုလို့ လာခဲ့တာပဲ လူလေးရဲ့အခုဆို ဘဏ်မှာရှိတဲ့ငွေ တစ်ဆယ့်ငါးသိန်းလောက်ရှိနေပြီ။ အဲဒါ ... အားလုံး လူလေးကို ဘိုးဘိုးက လက်ဖွဲ့ငွေအဖြစ် ပေးမလို့။ အေး ... ပဲခူးမှာ ဘိုးဘိုးပိုင်ဆိုင်သမျှလည်း လူလေးကိုပဲ အမွေလွှဲပေးဖို့ အကျိုးတော်ဆောင် ရှေ့နေနဲ့ တိုင်ပင်ထားသေးတယ်"

"အဲဒါတွေ ... ထားလိုက်ပါ ဘိုးဘိုးရာ ...။ ဘိုးဘိုး ရန်ကုန်ရောက်ရောက်ချင်း ကျွန်တော့်ဆီကို ဘာလို့ မလာတာလဲ"

"ဟာ ... ဘိုးဘိုးက ပဲခူးက မနက်ရှစ်နာရီလောက်က ထွက်လာတာ။ အေးအေး မှန်မှန်ပဲ မောင်းလာလို့ ရန်ကုန်ကို ဆယ်နာရီမှဝင်တယ်။ ဘဏ်ဖွင့်ပြီမို့ ဘဏ်ကိုအရင်ပြေးရတယ်။ နောက်ပြီး လူလေးဆီလာလည်း ဆယ်နာရီဆို လူလေးအလုပ်သွားပြီ အိမ်မှာမရှိတော့ဘူးလို့ ဘိုးဘိုး တွက်တယ်လေ"

"ကျွန်တော် အလုပ်ထွက်လိုက်ပြီ ဘိုးဘိုး"

"အေး ... သိခဲ့တယ်။ ဘဏ်ကထွက်လာပြီးတဲ့နောက် ကိုမြင့်ထူး မကာလျာနဲ့ အိတို့အိမ်ကို ဘိုးဘိုး ဝင်ခဲ့သေးတယ်လေ။ အဲဒီအိမ်ရောက်တော့ လူလေးအလုပ်ထွက်တဲ့အကြောင်း ဘိုးဘိုးသိတယ်"

"ကျွန်တော့်ကို မကျေနပ်တာတွေကော ဘိုးဘိုးကို



ပြောမပြဘူးလား"

"အင်း ... ပြောသားပဲ"

ဘိုးဘိုး ပြောပုံမှာ အေးအေးဆေးဆေးသာ ဖြစ်ပေသည်။

"ဒီအလုပ်မှာ စိတ်မဝင်စား‚ မပျော်ပိုက်ဘူးဆိုလဲ ဒီပြင် နိုင်ငံခြားအလုပ်၊ နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာ အလုပ်တွေ စီစဉ်ပေးတော့လည်း လူလေးက ငြင်းတယ်တဲ့။ ဘာမဟုတ်တဲ့ စာရေးဆရာ အလုပ်ကိုပဲ လုပ်မယ်ဆိုလို့ သူတို့သမီးအိနဲ့ လက်ထပ်ဖို့ကိစ္စတောင် သူတို့ဘက်က ရုပ်သိမ်းလိုက်တယ်လို့ ပြောတယ်"

"မတတ်နိုင်ဘူး ဘိုးဘိုး။ အိနဲ့လက်ထပ်ဖို့ ကိစ္စမှာ ကျွန်တော် ဘိုးဘိုးကိုရော ကွယ်လွန်သွားတဲ့ ဖေဖေနဲ့ မေမေကိုရော ကျွန်တော်ကတိပေးထားတာ ကျွန်တော် ဖျက်ကွက်တာ မဟုတ်ဘူးနော်။ ကျွန်တော် မမှားဘူး ဘိုးဘိုး"

"အေး ... လူလေးမမှားပါဘူး။ သူတို့သားအမိသားအဖ သုံးယောက်လုံးက စိတ်တူသဘောတူ လက်ထပ်ဖို့ကိစ္စ ရုပ်သိမ်းတာပဲ။ သူတို့က ရာထူးရာခံနဲ့လခစားအလုပ်ကိုမှ အထင်ကြီးကြသကိုးကွယ့်။ ဘိုးဘိုးအမြင်ကိုယ်တိုင်က လူလေးတို့ တက္ကသိုလ်က ဘွဲ့တစ်ခုရပြီးရင် ရတဲ့ဘွဲ့နဲ့ ထိုက်တန်တဲ့ လခစားအလုပ်ကတော့ ရမှာပဲ။ ဒီလိုရလို့လဲ လခစားရာထူးမှာ လုပ်နေတဲ့သူတွေ တစ်ပုံတစ်ပင်ကြီးပေါ့ကွာ။အေး ... စာရေး

ဆရာတစ်ယောက် ဖြစ်လာဖို့ဆိုတာကတော့ ဘယ်တက္ကသိုလ်မှာမှ သင်လို့မရဘူး။ ဝါသနာရယ်၊ ပါရမီရယ်၊ စန်းရယ် တိုက်ဆိုင်မှု သုံးခုရှိမှ အောင်မြင်တဲ့ စာရေးဆရာ ဖြစ်လာတာ။ လူတစ်သောင်းမှ တစ်ယောက်၊ လူတစ်သိန်းမှာ တစ်ယောက် စာရေးဆရာ ဖြစ်လာဖို့မှ မလွယ်တာ"

"ဟာ ... ဘိုးဘိုးက အယူအဆ သိပ်ခေတ်တာပဲ။ ဒါဆို အိန္ဒြိကျွန်တော် လက်ထပ်ဖို့ ပျက်ပြားသွားတဲ့ အတွက် ဘိုးဘိုးက ကျွန်တော့်ကို အပြစ်မတင်၊ မဆူမကျိန်းဘူးပေါ့နော်"

"ဘာလို့ အပြစ်တင် ဆူကျိန်းရမှာလဲ။ လူလောကမှာ မမှားတာပဲ။ ကိုယ်လိုရာ ကိုယ်သွားဖို့ ကိုယ်လိုချင်တဲ့ ဘက်ကို ဆွဲလှည့်ဖို့ ဆိုတာက နဖားကြိုးတပ်ထားတဲ့ နွားကိုသာ လုပ်လို့ရမှာပေါ့ကွာ။ လူလေးက ကိုယ်ပိုင် ဦးနှောက်နဲ့ လူသားတစ်ယောက်ပဲဟာ"

ဗေယျာအောင် အရမ်းကြီး ပျော်သွားပါ၏။

"ဝမ်းသာလိုက်တာ ဘိုးဘိုးရာ ... ကျွန်တော်က အိန္ဒြိ လက်ထပ်ဖို့ကိစ္စ ပျက်ပြားသွားတာကို ဘိုးဘိုး အပြစ် တင်မှာ၊ ဆူမှာ အရမ်းစိုးရိမ် အရမ်းကြောက်နေတာ အခုတော့ အိုကေပဲပေါ့ ဘိုးဘိုး။ ဒါဆို ဘိုးဘိုး စောင့်ကြည့်နော် ... ကျွန်တော် ပြမယ်"

ဗေယျာအောင်သည် ပြောပြောဆိုဆိုပင် မီးဖိုဘက် ဆီသို့ လှမ်းအော်ခေါ်လိုက်သည်။



"နွေနွေရေ ... ခဏ ... နွေနွေ"

ဘိုးဘိုးခက်သည် သူ့မြေးချစ် ဘာတွေလုပ်မလဲ ဟု ဆိုဖာကို ကျောမှီကာ သွေးအေးအေးပုံစံဖြင့်ပင် မီးဖိုဘက်သို့ လှမ်းကြည့်နေပါ၏။

နွေနွေ ထွက်လာပါ၏။ ဘာမှ ထူးကဲသော အဖီးအလိမ်း အခြယ်အသ မရှိရုံမက မီးဖိုထဲတွင် လုပ်ထား ကိုင်ထားသောကြောင့် တကယ့် ကပိုကယိုလေး ဖြစ်နေသည်။

"လာ ... နွေနွေ ... အဲဒါ ပဲခူးက တို့ဘိုးဘိုးပဲ။ ထိုင် နွေနွေ ... ဘိုးဘိုးနဲ့ မိတ်ဆက်ပေးချင်လို့"

တစ်ဆက်တည်းပင် ဗေယျာအောင်သည် သူ့ ဘိုးဘိုးခက်ဘက်သို့ လှည့်ပြောပြန်သည်။

"ဘိုးဘိုး ... သူ့နာမည်က နွေနွေတဲ့။ မိခင်က မုဆိုးမ မျက်စိအား မကောင်းဘူး၊ မျက်စိရောဂါရှိနေတယ်။ လူချမ်းသာထဲကလဲ မဟုတ်ဘူး။ သူတို့သားအမိ အနွံ့ရာယ်တစ်ခုနဲ့ တွေ့မှာမို့ ... ပထမတော့ ပဲခူးက ဘိုးဘိုးအိမ်ကို ပို့ထားဖို့ပဲ။ နောက်တော့ ကျွန်တော့် ခြံထဲက ကားဂိုဒေါင်အပေါ်ထပ် တန်းလျားမှာပဲ သန့် ရှင်းပြီး ခဏထားပေးလိုက်တယ် ဘိုးဘိုး"

ဘိုးဘိုးခက်သည် မြေးချစ် ဗေယျာအောင် ပြောပြသမျှ နားစိုက်ထောင်ရင်း ဘာတစ်ခွန်းမှ ပြန်မပြောသေးဘဲ နွေနွေ့ကိုသာ စိုက်ကြည့်နေပေသည်။

ဗေယျာအောင်က ဘိုးဘိုးခက်ကို ဆက်၍ပြော ပြပြန်သည်။

"ဘိုးဘိုးဆီက ကျွန်တော်နောက်ဆုံးအခေါက် မိုးချုပ်မှ ပြန်လာတဲ့နေ့ကပေါ့ ဘိုးဘိုး။ ထောက်ကြန့်နားမှာ လူတစ်ယောက်ကို တခြားလူသုံးယောက်က အရှေ့ အနိုင်ကျင့် နေတာတွေ့လို့ ကျွန်တော် ဝင်ပြီးကာယ် တယ်"

"အေး ... ဒါ လူလေးရဲ့ ပင်ကိုယ်စိတ်ဓာတ်ပဲ"

"အဲဒီ ကျွန်တော်ကယ်လိုက်တဲ့လူဟာ ကိုခင်မောင်ဝင်း တဲ့။ အင်းစိန်ဆေးရုံထိ ကျွန်တော် ပို့ပေးတယ်။ ဒါပေမယ့် ဆေးရုံရောက်ပြီး ခွဲစိတ်ကုသပေးတဲ့နောက် သေဆုံးသွားတယ်၊ အဲဒါတွေ ပြောပြရင်တော့ ဇာတ်လမ်းက အရှည်ကြီးပဲ ဘိုးဘိုး ... နောက် အေးအေး ဆေးဆေး ဘိုးဘိုးကို ပြောပြမယ်။ အခုလိုရင်းကိုပဲ ပြောမယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး နွေနွေကို ကျွန်တော်စပြီး သိခဲ့တာပဲ။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ပဲ ... နွေနွေ့မှာ အန္တရာယ်ရှိလာတယ်။ ဒါကြောင့် ... ပထမ နွေနွေတို့ သားအမိကို သူတို့အိမ်မှာ မထားရဲဘဲ ပဲခူးက ဘိုးဘိုးဆီ ပို့မလို့။ နောက်တော့ အစီအစဉ် ပြောင်းသွားပြီး ကျွန်တော့်ခြံထဲက ကားကိုဒေါင်တန်း လျားအပေါ်မှာ ခဏထားတာပဲ ဘိုးဘိုး"

ဘိုးဘိုးက နွေနွေ့ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်ကို နွေနွေက ဘိုးဘိုးအား ဘာမှမပြောဘဲ ပြုံးရုံလေးသာ ပြုံးပြသည်။

ဓေယျာအောင်က သူ၏ဘိုးဘိုးကို တစ်ခုခု



ထပ်ပြောရန် ...

"ဒီမှာ ဘိုးဘိုး"ဟု ခေါ်လိုက်သည်။

"လူလေးက ဒီလုံမလေး နွေနွေကို လက်ထပ်မယ်လို့ ပြောမလို့ မဟုတ်လား လူလေး"

"ဟာ ... ဘိုးဘိုးကလဲ တပ်အပ်ကြီးကို ပြောချလိုက် ပါလား"

ဓေယျာအောင်ရော နွေနွေပါ ဘိုးဘိုးကို အံ့သြ ရပါ၏။

"အင် ... ကြည့်သောသူ မြင်၏ဆို မဟုတ်လားလူလေး။ ဒီလုံမလေး နွေနွေနဲ့ ပတ်သက်ပြီ လူလေးပြောတဲ့အသံ။ လူလေးရဲ့ မျက်နှာမှာ ဖြစ်ပေါ်နေတဲ့ အမူအရာ။ လူလေးရဲ့ မျက်လုံးကိုရော လုံမလေးရဲ့ မျက်လုံးကိုရော ဘိုးဘိုး ကြည့်တာနဲ့ လူလေးနဲ့ လုံမလေးနွေနွေ တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိနေပြီဆိုတာ ဘိုးဘိုး မြင်တာပဲ"

"ကဲ ... ဒါဆို ... နွေနွေနဲ့ ကျွန်တော် လက်ထပ်ဖို့ ကိစ္စမှာ ဘိုးဘိုးက ဘယ်လိုလဲ"

"ဘယ်လိုမှ မလဲဘူး လူလေး"

"ဟာ ... ဘိုးဘိုးကလဲ ..."

"နားထောင်ပါ လူလေး။ လူလေးရဲ့ဖေဖေ ရန်နိုင်တုန်းက လူလေးရဲ့မေမေ ရည်မွန်ကို လက်ထပ်ချင်လို့ မိဘဖြစ်တဲ့ ဘိုးဘိုးကို ရန်နိုင်က ဘယ်လိုသဘောရလဲ လို့ မေးတယ်။ အဲဒီတုန်းကလဲ ရန်နိုင်ကို ဘိုးဘိုးက

ဘယ်လိုမှမလဲဘူးလို့ပဲ ပြောလိုက်ခဲ့တယ် လူလေး။ အေး ... ဒါပေမယ့် ရန်နိုင်လူလေးရဲ့ဖေဖေက ရည်မွန်လူလေးရဲ့မေမေကို လက်ထပ်ရော ဘိုးဘိုးက မိဘတို့ ဝတ္တရားရှိတဲ့အတိုင်း တာဝန်ကျေအောင် လုပ်ပေးလိုက်တယ်"

"ဒါဆို ... ဘိုးဘိုးနဲ့ဘွားဘွားက ဖေဖေဦးရန်နိုင်တုန်းကလဲ ဆန္ဒမပါဘဲ ... မေမေ ဒေါ်ရည်မွန်နဲ့ ဝတ္တရားရှိလို့ လက်ထပ်ပေးလိုက်တာဆိုတဲ့ သဘောမျိုးကြီးပါလား။ အခု ကျွန်တော် ဘိုးဘိုးရဲ့မြေး လက်ထပ်ကျတော့လည်း နွေနွေနဲ့ လက်ထပ်တာကို ဘိုးဘိုးဆန္ဒတော့မပါဘူး။ ဒါပေမယ့် မင်းလက်ထပ်ချင်ထပ်ဆိုတဲ့ သဘောမျိုးကြီးပဲ"

ဘိုးဘိုးက ရယ်လိုက်ပါ၏။ ယခု အသက်ခြောက်ဆယ့်ငါးနှစ် အရွယ်ထိ ဘိုးဘိုးသည် သွားတစ်ချောင်းမှ မကျိုးသေး။ စာဖတ်သည့်အခါ မျက်မှန်တပ်ပြီး ဖတ်သည်ကလွဲပြီး အခြားမဲ့၌ မျက်မှန်မတပ်ပေ။ နားကလေး မလေးမကာ ပါးလိုက်သည်မှ လှစ်နေအောင်ပါးသည်။ ငယ်စဉ်ကယခုအထိ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်လုံးမသောက်၊ အားကစားနှင့် ကာယပညာကိုသာ အလေးထားပြီး လိုက်စားခဲ့သောကြောင့် ဖြစ်ပေမည်။

"လူလေးမှားမှာပေါ့။ လူလေးအဖေ ရန်နိုင်တုန်းကရော အခုလူလေးကိုရော ... လက်ထပ်တဲ့ကိစ္စမှာ ဘိုးဘိုး လျစ်လျူရှုထားတဲ့ သဘောမှ မဟုတ်တာ။ ဘိုးဘိုး





ဘယ်လိုမှမလဲဘူးလို့ ပြောတဲ့အထဲမှာ ရန်နိုင်တုန်းကရော ... အခုလူလေးကျတော့ကော တကယ့် ဘိုးဘိုးရဲ့ စေတနာမေတ္တာနဲ့ ဒီစကားကို ပြောတာ"

"ဘိုးဘိုးရဲ့ စေတနာမေတ္တာတွေနဲ့ ဘယ်လိုမှ မလဲဘူးဆိုတာကြီးကို ဘိုးဘိုးပဲ ရှင်းပြပါဦး"

"ရာသက်ပန် အတူပေါင်းသင်းသွားရမှာက ကာယကံရှင်နှစ်ဦးပဲ။ ဒီတော့ သားရန်နိုင်တုန်းကလဲ သူမေတ္တာရှိတာ သူယူပလေ့စေ။ အခု လူလေးကျတော့လည်း လူလေးမေတ္တာရှိတဲ့သူကို ယူပလေ့စေ ... ဘိုးဘိုး လူလေးအပေါ်မှာ ဘယ်လိုမလဲဘူး။ အဲဒီသဘောကိုပြောတာ။ အဲဒါ ဘိုးဘိုးရဲ့ စေတနာနဲ့မေတ္တာပဲပေါ့။ အဲ တစ်ခုတော့ ရှိတယ်ပေါ့ကွာ။ သားရန်နိုင်တုန်းက ဘိုးဘိုးနဲ့ဘွားဘွား ရည်မွန်းသဘောတူထားတဲ့ မိန်းကလေးရှိတယ်။ ဒါပေမယ့် လူလေးရဲ့ဖေဖေ ရန်နိုင်က ရည်မွန်နဲ့ကိုမှ လက်ထပ်ချင်တယ်ဆိုတော့လည်း ကာယကံရှင် သားရန်နိုင်ရဲ့ သဘောပဲပေါ့ကွာ။ အခုလည်း မြေးလေး လူလေးရဲ့ သဘောပေါ့ကွာလို့ပဲ ဘိုးဘိုး ပြောချင်တယ်"

"ဘိုးဘိုး ပြောပုံကြီးက ဘိုးဘိုးသဘောတူတယ်ကွလို့ ဟက်ဟက်ပက်ပက် ပုံစံမျိုးမှ မဟုတ်တာ"

"အေး ... အဲဒါတော့ လူလေးမှန်တယ်။ လုံမလေး နွေနွေကို ဘိုးဘိုးက အခုမှ ရုတ်တရက် မြင်ဖူးရုံပဲ ရှိသေးတယ်လူလေး မိနစ်ပိုင်းပဲ ရှိသေးတယ်။ လုံမ

လေးရဲ့ ဥပဓိရုပ်ကို ကြည့်ခြင်းအားဖြင့် တော်ပါတယ် ဒါပေမယ့် ပေါက်ဖွားလာတဲ့ မိဘမျိုးရိုးတို့။ အကျင့် သိက္ခာတို့ ဘိုးဘိုး ဘာတစ်ခုမှ မသိသေးတာ။ တစ်ခု တည်း ဘိုးဘိုးသဘောတူတယ်ကွလို့ ဘိုးဘိုးဘယ် ပြောပါ့မလဲ လူလေးရယ်။ အဲ … လူလေးကို ဘိုးဘိုး ကတစ်ခုတော့ မေးချင်တယ်"

"မေးပါဘိုးဘိုး"

"ကိုမြင့်ထူးနဲ့ မကလျာရဲ့သမီး အိက သူ့အနေနဲ့ စာရေးဆရာကတော် ဘဝတော့ အရောက်မခံနိုင်ဘူး ဒါကြောင့် လက်ထပ်ဖို့ကိစ္စကို ဖျက်သိမ်းတယ်လို့ ပြောခဲ့တာဟာ လူလေးနဲ့ ဟောဒီ လုံမလေး တွေ့ဆုံ မေတ္တာရှိကြပြီးမှလား၊ မတွေ့ဆုံ မေတ္တာမရှိကြခင်က လား"

"ဟာ … ဘိုးဘိုး … နွေနွေဆိုတာ ဖြူသလား မည်း သလား ကျွန်တော် မမြင်ဘူးရသေးတဲ့ သောကြာနေ့ မနက်က ကျွန်တော့်ဆီ အိရောက်လာပြီး … စာရေး ဆရာကတော် အဖြစ်မခံနိုင်ဘူးဆိုပြီး … လက်ထပ်ဖို့ ရုပ်သိမ်းသွားတယ်။ ဖျက်သိမ်းသွားတယ်။ ကျွန်တော် စိတ်တောင်မကောင်း ဖြစ်ရသေးတယ်။ အဲဒီနေ့ ကြာသပတေးနေ့ညက ဆေးရုံတင်ပေးခဲ့တဲ့ ကိုမောင် မောင်ဝင်းဆီ ကျွန်တော်သွားတယ်။ အဲဒီဆေးရုံမှာ နွေနွေကို ကျွန်တော် ပထမဆုံး စပြီးမြင်ဖူးရတာပါ ဘိုးဘိုး"



"အေး … ဒါဆို လူလေးဘက်က မမှားဘူး။ တကယ် လို့ ဒီလုံမလေးနဲ့ တွေ့ပြီးမှ အိနဲ့ အခြေအတင်ဖြစ် ပြီး လက်ထပ်ဖို့ ဖျက်သိမ်းရုတ်သိမ်းတာ ဆိုရင်တော့ လူလေးဘက်က မမှန်ကန်ဘူးလို့ ဘိုးဘိုး ယူဆရမှာပဲ"

"ဟာ … ဘိုးဘိုး … ဒါဆို သေချာတယ်၊ နွေနွေကို ကျွန်တော် လုံးဝမသိမမြင်ဘူးခင် အိက ဖျက်သိမ်း သွားတာ"

ဘိုးဘိုး ခေါင်းညိတ်ပါ၏။ ယင်းကိစ္စရှင်းသွားမှ ဘိုးဘိုးက နွေနွေဘက်သို့လှည့်ကာ မေးခွန်းတွေ မေးတော့သည်။

"ဘိုးဘိုး မေးမယ်နော်။ ဒီအဘိုးကြီး စပ်စုလိုက်တာ လို့ မထင်နဲ့ … လူလေးရဲ့ဘိုးဘိုး လူလေးရဲ့အုပ်ထိန်း သူအဖြစ် ဘိုးဘိုးက မေးသင့်တယ် ထင်တာကို မေး မှာပါ"

"မေးပါ ဘိုးဘိုး။ ဘာပဲမေးမေး နွေနွေ ဖြေနိုင်တာ ဆိုရင် အမှန်အတိုင်း ဖြေမှာပါ"

"ဒါဆို … လုံမလေးရဲ့အဖေက ဘယ်သူလဲ။ လုံမလေး ရဲ့အမေက ဘယ်သူလဲ"

"နွေနွေ့ရဲ့ ဖေဖေ့နာမည်က ဦးလွှမ်းဝေတဲ့။ မေမေ့ နာမည်က ဒေါ်စောမာလာတဲ့။ ဖေဖေ ဦးလွှမ်းဝေ ဆုံး သွားတာကတော့ ကြာပါပြီ။ လွန်ခဲ့တဲ့ လေးနှစ်လောက် ကတည်းကပါ ဘိုးဘိုး။ အခုတော့ မေမေဒေါ်စောမာလာ ပဲ ရှိပါတယ်"

ဘိုးဘိုးသည် နွေနွေ ပြောပြသည့်အဆုံးတွင် မျက်နှာနှစ်ဖက် ပင့်သွားသည်။ တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားသည့်သဏ္ဌာန် မျက်နှာတွင် ပေါ်လာသည်။ ပြီး –

"စောမာလာ ... လှမ်းဝေ ... စောမာလာ"ဟု ဘိုးဘိုးနှုတ်မှ အပြန်ပြန် ရေရွတ်လေသည်။

ပြီးနောက် ...

"ဟဲ့ ... နင့်အမေ စောမာလာဟာ မန္တလေးသူ မဟုတ်လား။ စောမာလာရဲ့ မိဘတွေကကော ဘယ်သူတွေတဲ့လဲ"

နွေနွေ ခေါင်းခါပြသည်။

"နွေနွေ မသိဘူးဘိုးဘိုး။ နွေနွေ မှတ်မိသလောက် ပြောရရင် နွေနွေ ငါးနှစ်,ခြောက်နှစ်သမီးအရွယ်မှာ ဖေဖေနဲ့မေမေဟာ ရန်ကုန်မှာပဲနေကြတယ်။ ဖေဖေက တီးဝိုင်းတွေမှာ စန္ဒရားတီးတဲ့အလုပ်နဲ့ နွေနွေတို့ကို လုပ်ကျွေးခဲ့တာလည်း နွေနွေ မှတ်မိတယ်"

"လုံမလေးရဲ့ မေမေ စောမာလာကို လုံမလေးရဲ့အဘိုး အဘွားတွေ ဘယ်သူတွေလဲ ဘယ်မှာနေကြလဲလို့ လုံမလေးက မေးမကြည့်ဘူးလား"

"ခဏ,ခဏ နွေနွေက မေမေ့ကို မေးဖူးခဲ့ပါတယ်။ နွေနွေ မေးမိတဲ့ အခါတိုင်း မေမေက နွေနွေကို အဲဒါ တွေ မေးရမလားဆိုပြီး ရိုက်တယ်။ မေမေက သူ့မိဘ တွေအကြောင်း ဘယ်တော့မှ မမေးနဲ့လို့လဲ ပြောတယ်။ မေးမိတိုင်း မေမေ စိတ်ဆိုးတယ်။ ဖေဖေကလဲ မေမေ



မကြိုက်မှန်းသိလို့ နွေနွေတို့ကို မပြောရဲဘူး။ မေမေက ကလေးတွေကို သူ့အဘိုးအဘွားအကြောင်း ဘာတစ်ခွန်းမှ မပြောနဲ့လို့ ဖေဖေ့ကို တစ်ချက်လွှတ်အမိန့် ထုတ်ထားတယ် ဘိုးဘိုး"

"ဟာ ... ဒါဆို ... ဟုတ်လောက်တယ်။ ကဲ ... လူလေး ရော ... လုံမလေးရော ... လုံမလေးရဲ့ မေမေ ... စော မာလာကို သွားခေါ်ခဲ့စမ်း"

ဇေယျာအောင်က အံ့သြစွာပြန်မေးသည်။

"ဘာလို့လဲ ဘိုးဘိုး"

"သွားခေါ်မှာ ခေါ်စမ်းလူလေး။ စောမာလာဟာ ဘယ်သူဘယ်ဝါဆိုတာ ဘိုးဘိုးမျက်စိနဲ့ တပ်အပ်မြင် ချင်လို့"

"ဒါဆို ... လာ ... နွေနွေ"

ဇေယျာအောင်က နွေနွေ့ကိုခေါ်ကာ ... ဂိုဒေါင် တန်းလျားအပေါ်ထပ်သို့ လာခဲ့ကြသည်။

နွေနွေက သူမ၏မေမေအား ... ဘိုးဘိုးပြောသမျှတွေ ပြန်ပြောပြပြီး ဘိုးဘိုးက မေမေ့ကို တွေ့ချင်သဖြင့် လာခေါ်ကြောင်း ပြောပြသည်။

"နေဦးသမီး ... အဲဒီ မောင်ဇေယျာအောင်ရဲ့ ဘိုးဘိုး ဆိုတာ ဘယ်သူလဲ။ နာမည် ဘယ်လိုခေါ်သလဲ"

နွေနွေ ဘာဖြေရမှန်း မသိသောကြောင့် ဇေယျာ အောင်ကဝင်၍ အဖြေစကား ပြောပေသည်။

"ဘိုးဘိုးနာမည်က ဦးဘခက်ပါ ဒေါ်ဒေါ်"

ဘိုးဘိုးနာမည်ကို ပြောပြသည်နှင့် ဒေါ်စောမာလာ၏ မျက်နှာမှာ ညှိုးနွမ်းသော အသွင်သို့ ချက်ချင်းပြောင်းသွားတော့သည်ကို ဇေယျာအောင်ရော နွေနွေပါ သတိထားလိုက်မိသည်။

"ဩော် ... ဩော် ... မောင်ဇေယျာအောင်ရဲ့ အဘိုးက ဦးဘခက်ပေကိုး။ ဒါဆို မောင်ဇေယျာအောင်ရဲ့ ဖခင်ဟာ ဦးရန်နိုင် မိခင်က ဒေါ်ရည်မွန်ပေါ့ ဟုတ်လား"

"ဟာ ... ဟုတ်တယ် ဒေါ်ဒေါ် ... ဖေဖေရော မေမေရော ရေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားတာ သုံးနှစ်ကျော်သွားပြီ။ ဖေဖေနဲ့မေမေကို ဒေါ်ဒေါ်က သိမှ သလားဟင်"

"အင်း ... သိတယ်လည်း မဟုတ်။ မသိဘူးလည်း မဟုတ် ဆိုပါတော့ကွယ်"

"အိုး ... မေမေ့စကားက တစ်မျိုးကြီးပါလား ... ကဲ မေမေ ... အစ်ကို့ဘိုးဘိုးက မေမေ့ကို တွေ့ချင်တာ လိုက်ခဲ့ပါ မေမေ"

နွေနွေ၏ မေမေသည် အားတက်သရော ရှိပုံမရပေ။ သမီးနွေနွေက အတင်းဆွဲခေါ်သည်ကို လိုက်လျောသည့် အနေနှင့်လည်းကောင်း၊ ဇေယျာအောင် ကျေးဇူးရှင်ကိုယ်တိုင် လာခေါ်သည်ကြောင့်လည်းကောင်း လိုက်လျောရသည့် သဏ္ဌာန် ပေါ်လွင်ပြီး လိုက်ပါခဲ့လေသည်။

နွေနွေက တစ်ဖက် ... ဇေယျာအောင်ကတစ်



ဖက် တွဲပြီး ဘိုးဘိုးနှင့်မျက်နှာချင်းဆိုင် ဆိုဖာတွင် ထိုင်လိုက်စေပါ၏။

ဘိုးဘိုးကပင် စကားစပြောသည်။

"ဟဲ့ ... စောမာလာ ... နင်မျက်စိမကောင်းပေမယ့် နားတော့ ကောင်းတာပဲ ... ငါ့အသံကို နင်မှတ်မိရဲ့လား စောမာလာ"

"ဟုတ်ကဲ့ ... မှတ်မိပါတယ် ဘဘခက်"

"အေး ... ဟုတ်တယ် ... ငါဟာ ... ရန်နိုင့်အဖေ ဘခက်ပဲ။ ငါဟာ ... နင့်မိဘတွေဖြစ်တဲ့ သဏ္ဍနဲ့ ကြေးမုံရဲ့ အရင်းနှီးဆုံး မိတ်ဆွေမှန်း နင်သိတယ်နော် စောမာလာ"

"မှတ်မိပါတယ် ဘဘခက်"

"နင် ... သိပ်မိုက်တယ် စောမာလာ"

"ကျွန်မအပြစ်နဲ့ကျွန်မ အခုအချိန်ထိ ဖေဖေဦးသဏ္ဍနဲ့ မေမေ ဒေါ်ကြေးမုံကို ရှောင်နေခဲ့ပါတယ် ဘဘခက်"

"နင်ထားတဲ့ မာနဟာ မာနအမှားကြီးပဲ စောမာလာ။ တလွဲဆံပင်ကောင်း ဖြစ်ခဲ့တယ်။ နင် ... လွမ်းဝေနဲ့မိုးရာလိုက်ပြေးတော့ သဏ္ဍနဲ့ကြေးမုံဟာ နင့်ကို သမီးမိုက်ဆိုပြီး စိတ်ဆိုးခဲ့တာတော့ အမှန်ပဲ။ သတင်းစာအစောင်စောင်တွေထဲက နင့်ကို သမီးအဖြစ်က စွန့်လွှတ်တယ်၊ အမွေပြတ်ကြော်ညာတယ်၊ ဒါတွေလည်း မှန်တယ်"

ဇေယျာအောင်နှင့် နွေနွေတို့ တစ်ဦးကိုတစ်ဦး အံ့သြစွာ ကြည့်မိကြသည်။ ဘိုးဘိုးခက်နှင့် ဒေါ်စောမာလာ

တို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက ရင်းနှီး သိကျွမ်းခဲ့သည်ကို ခန့်မှန်းမိသောကြောင့် ဖြစ်ပါ၏။

"အဲဒီသတင်းစာတိုက်မှာ ဖေဖေနဲ့မေမေ ကြော်ညာထ် သမျှ ... ကျွန်မဖတ်ပြီး အငိုကြီး ငိုခဲ့ရပါတယ် ဘဘ ခက်။ ဖေဖေနဲ့ မေမေ သမီးဖြစ်တဲ့ ကျွန်မကို နားမ လည်ကြဘူး။ ကျွန်မဟာ ဘာဖြစ်လို့ ကိုလွမ်းဆေ နောက်ကို ခိုးရာလိုက်ပြေးရတယ်ဆိုတာ ဖေဖေနဲ့မေမေ နားလည်မပေးကြဘူး။ ကျွန်မကို ခွင့်မလွှတ်ဘဲ ရက် စက်ခဲ့ကြတယ် ဘဘခက်"

"အေး ... မိဘဆိုတာ ဘယ်မိဘမဆို ယေဘုယျအား ဖြင့် ဒီအတိုင်းပဲ။ ဒါပေမယ့် ... သက္ကနဲ့ကြေးမှုံဟာ နင့်အပေါ် ဒေါသပြေပျောက်သွားတော့ နင့်ကို မြန်မာ ပြည် တစ်ပြည်လုံး လှူလွှတ်ပြီး အနှံ့ရှာခဲ့သေးတယ်။ သတင်းစာ တစ်စောင်စောင်ကပဲ နင့်ကို ခွင့်လွှတ် ကြောင်းနဲ့ မိဘဆီ ပြန်ခဲ့ဖို့အကြောင်း ထည့်သေးတယ်။ အဲဒါတွေကော နင်မသိဘူးလား"

"ကျွန်မကို သေခန်းပြတ် အမွေပြတ် သတင်းစာတွေ ထဲမှာ ထည့်ကြော်ညာတဲ့ အချိန်ကစပြီး ကျွန်မဘာ သတင်းစာမှ မဖတ်တော့ပါဘူး ဘဘခက်။ ကျွန်မမှာ သားတစ်ယောက် သမီးတစ်ယောက်လဲ ကိုလွမ်းဝေနဲ့ အိမ်ထောင်ကျပြီးတဲ့နောက် ထွန်းကားခဲ့ပြီလေ။ အခု ကျွန်မသားကြီး မောင်သက်မင်းက ကျွန်မကို လုပ် ကိုင်ကျွေးမွေးရင်း ထောင်ကျသွားတယ်။ ကိုလွမ်းဝေ



လဲဆုံးသွားပါပြီ"

"အင်း ... သက္ကနဲ့ကြေးမှုံလည်း ပြီးခဲ့တဲ့ သုံးနှစ် လောက်ကပဲ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြ ပြီ စောမာလာ"

"ဟင် ... ဖေဖေနဲ့ မေမေ ကွယ်လွန်သွားကြပြီ ... မရှိ တော့ဘူး ဟုတ်လား။ အဲဒါ ကျွန်မ လုံးဝမသိဘူး ဘဘခက်။ သတင်းစာ မဖတ်တာကြာပြီကိုး။ မျက်စိ အားမကောင်းလို့ မဖတ်တာလဲပါတယ် ဘဘခက်"

ဒေါ်စောမာလာသည် သူ၏မိဘနှစ်ပါး ကွယ် လွန်သွားကြောင်း ယခုမှသိရပြီး ချုံးပွဲချ ငိုချလိုက်ပေတော့ သည်။

ဖွေဖွေက သူမ၏မိခင်ကို တယုတယ ပိုက်ထွေး ထားပြီး မအောင့်တော့ သူပါ မျက်ရည်တွေ ဝိုင်းလာပေတော့ သည်။

"ကဲ ... စောမာလာ ... မိဘဆုံးသွားတာကို ကြေကွဲ တာတော့ ကြေကွဲပေါ့လေ။ ဒါပေမယ့် ... ခုလောက် ဆို သက္ကနဲ့ကြေးမှုံ အရိုးတောင် ဆွေးလောက်ပါပြီ။ ငိုမနေနဲ့ နင်သိပ်ပင်ပန်းမယ်။ မျက်စိလည်း မကောင်း ဘူးဆို။ အေး ... နင် စိတ်ကြီး မာနကြီးပြီး မိဘနဲ့ ခွဲနေခဲ့တာလဲကြာပြီ။ နင့်သားနဲ့သမီးလေးတွေမှာ မဆင်းရဲသင့်ပဲ ဆင်းရဲရရှာတယ်။ နင့်အမေ ကြေးမှုံက တစ်နှစ်စောပြီး ဆုံးခဲ့တယ်။ နောက်နှစ် နင့်အဖေသက္က ဆုံးကာနီး ငါ့ကိုကြေးနန်းရိုက်ခေါ်လို့ ငါသွားခဲ့တယ်။

အဲဒီမှာ တာရားဝင် အကျိုးတော်ဆောင်ရှေ့နေနဲ့ နင်တို့ရဲ့ မှန်လေးခားတန်းက ခြံနဲ့ တိုက်အိမ်ကြီးရော၊ ကြွေးမှုရဲ့ စိန်ရွှေလက်ဝတ်ရတနာတွေရော ... ဘဏ်မှာ အပ်ထားတဲ့ ငွေသိန်းနှစ်ဆယ်လောက်ရော ငါ့ကိုလွှဲပြောင်းပေးအပ်သွားတယ်။ နောက်ပြီး သတ္တကငါ့ကို သေသေချာချာ မှာသွားတယ်၊ ဒီပစ္စည်းတွေအားလုံး သမီးစောမာလာကို တွေ့အောင်ရှာပြီး အမွေပေးလိုက်ပါတဲ့။ တကယ်လို့ နင်သေသွားပြီဆိုလဲ နင်ကပေါက်ဖွားတဲ့ သူ့မြေး ဘယ်နှစ်ယောက်ကိုပဲဖြစ်ဖြစ် အညီအမျှ ခွဲဝေပေးပါတဲ့။ သတ္တလွှဲပြောင်းသွားသမျှ ငါ့ဆီမှာ အားလုံးရှိတယ်။ ခားတန်းက ခြံနဲ့တိုက်အိမ်ကြီးကိုလည်း သတ္တဆုံးပြီးတဲ့နောက် ငါအစောင့်ငှားပြီးထားတယ်၊ နှစ်စဉ်လည်း အဲဒီခြံနဲ့ တိုက်အိမ်ကြီးကို ငါပြုပြင်ပေးထားတယ်။ ကဲ ... နင်တို့သားအမိတွေ ဘာမှ မပူကြနဲ့တော့။ ချမ်းသာပြီ။ ကြည့်စမ်း ... နင့်သမီးလေး လုံမလေး နွေနွေ ခေါ်ရာ ဘယ်လောက်သနားစရာကောင်းလဲ။ နင်တို့အမွေပစ္စည်းတွေ ငါအားလုံးတာရားဝင် ပြန်လွှဲပေးမယ် စောမာလာ”

ဘိုးဘိုးသည် ဒေါ်စောမာလာကို ပြောအပြီးတွင် သူ၏မြေးချစ် ဇေယျာအောင်ဘက်လှည့်ကာ ပြောပြန်သည်။

“ကြည့် ... လူလေး ... လောကကြီးဟာ ဘယ်လောက်ဆန်းကြယ်သလဲ၊ သံသရာက ကရွတ်ကင်းလျှောက်သို့ တစ်ပတ်လည်တယ်ဆိုတာ လက်တွေ့သင်ခန်းစာ



တောင်ယူသင့်တယ်။ သတ္တဆုံးသွားကတည်းက ဘိုးဘိုး စောမာလာကို စုံစမ်းရှာဖွေခဲ့တယ်။ ဘယ်မှာမှ သတင်းမရခဲ့ဘူး။ အခုတော့ မယ်တော့တော့ လူလေးနဲ့ လက်ထပ်မယ့် လုံမလေး နွေနွေ အဖြစ်နဲ့ စောမာလာကို မမျှော်လင့်ဘဲ ဖြွန်းခနဲ ပြန်တွေ့ရတယ်။ ဘယ်လောက်ဝမ်းသာစရာကောင်းလဲ။ ကဲ ... လူလေးကို ဘိုးဘိုးက လှိုက်လှိုက်လှဲလှဲကြီး ဟက်ဟက်ပက်ပက်ကြီး ပြောတော့မယ်။ လုံမလေး နွေနွေနဲ့ လူလေးလက်ထပ်မှာကို ဘိုးဘိုးကြီး သဘောတူတယ်ဟေ့ ... သဘောတူတယ်။ ကျေကျေနပ်နပ်ကြီးကို သဘောတူတယ်။ ကဲ လူလေး ကျေနပ်ပြီ မဟုတ်လား”

ဇေယျာအောင်သည် အဘိုးကို အားရပါးရကြီး ဖက်ကာ နှလုံးပီတိ မျက်နှာကြီးနှင့် ရယ်မောရွှင်မြူးသွားပါ၏။

နွေနွေကလည်း သူမ၏ မိခင်ကိုဖက်ခါ ရွှင်မြူးမျက်နှာလေးနှင့် ပြုံးရယ်နေလေသည်။

“လူလေးနဲ့ လုံမလေး နွေနွေတို့ စောမာလာကို ပြန်ပို့ပေးလိုက်ပါ။ စိတ်လွတ်ကိုယ်လွတ် အနားယူပါစေ။ စောမာလာအဖို့ အခုအချိန်မှာ ဝမ်းနည်းဝမ်းသာ ဖြစ်နေရှာမှာပါ။ စောမာလာကလည်း စိတ်ချမ်းချမ်းသာသာ နေပေတော့။ နင့်မျက်စိကို နင့်သမက်လောင်း လူလေးက အကောင်းဆုံးသမားတော်နဲ့ ပြန်ကုပေးလိမ့်မယ်။ ဘာမှမပူနဲ့တော့ ... နင်ရတဲ့ အမွေတွေဟာ နင်တို့သားအမိအားလုံး လူချမ်းသာဖြစ်သွားပြီ။ ဘယ်သူ့

ကိုမှ အောက်ကျစရာ မလိုဘူး။ သိမ်ငယ်စရာမလိုဘူး။ ကဲ ... သွားပြီးအနားယူပေတော့ စောမာလာ"

ဇေယျာအောင်နှင့် နွေနွေသည် အလာတုန်းက ကဲ့သို့ပင် တစ်ဖက်စီတွဲကာ ဒေါ်စောမာလာကို ပြန်ပို့ပေးပြီး ပြန်လာခဲ့ကြသည်။

"ဘိုးဘိုး"

"ပြော ... လူလေး ဘာပြောချင်လဲ"

"နွေနွေရဲ့မေမေ ဒေါ်စောမာလာ ပြောတဲ့ စကားထဲမှာ အတိတ်တစ်ခုခု ရှိနေတယ်လို့ ကျွန်တော် အကဲဖမ်းမိတယ်။ နွေနွေတို့အမေ ကိုလွမ်းဝေနောက်ကို နိုးရာလိုက်ပြေးရတာကို သူ့မိဘတွေက ဘာလိုဒီလိုလိုက်ပြေးရတယ်ဆိုတာကို နားမလည်ကြဘူး၊ သူ့ကိုခွင့်မလွှတ်ဘူး၊ ရက်စက်ကြတယ်လို့ ပြောသွားတယ်။ အဲဒီစကားတွေဟာ အတိတ်က နာကြည်းစရာ တစ်ခုခုကို ညွှန်းပြီးပြောတာလို့ ကျွန်တော် ရိပ်မိတယ်။ အဲဒါ ဘာလဲဟင် ဘိုးဘိုး"

"အင်း ..."

ဘိုးဘိုးက အင်း ဆိုသည့်အသံကို အရှည်ကြီး ဆွဲလိုက်သေးသည်။

"ပြောရရင်တော့ လူလေးစာရေးဆရာတစ်ယောက်အဖို့ စိတ်ပိုင်းဆိုင်ရာ ကြေကွဲစရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်လောက်တယ်လူလေး။ စောမာလာရဲ့ မိဘဖြစ်တဲ့ သက္ကနဲ့ ကြေးမုံဟာ ဘိုးဘိုး ဘွားဘွားတို့နဲ့ သိပ်ရင်း



နှီးခဲ့ကြတယ်။ မိဘချင်း ရင်းနှီးခင်မင်ကြတော့ သက္က ကြေးမုံရဲ့သမီး စောမာလာနဲ့ လူလေးရဲ့ဖေဖေ ဘိုးဘိုးရဲ့ သား ရန်နိုင်တို့ကလည်း ခင်မင်ကြတယ်ပေါ့ကွာ။ အေး ... စောမာလာက ရန်နိုင်ကို သိပ်ချစ်သိပ်ခင်တယ်လို့ [illegible]မှာပဲ။ ဘိုးဘိုးဘွားဘွားနဲ့ သက္ကကြေးမုံလင်မယားကလည်း တစ်နေ့ကျရင် သားရန်နိုင်နဲ့ သူတို့သမီး စောမာလာကို လက်ထပ်ပေးဖို့ ဆန္ဒကြီးမားစွာ ရှိခဲ့ကြတယ်။ အဲဒီတုန်းက ဘိုးဘိုးဘွားဘွားတို့လည်း မန္တလေးမှာ နေကြတာကိုး။ စောမာလာဟာ တစ်နေ့ကျရင် သူ့ရင်ထဲက သိပ်ချစ်နေတဲ့ လူလေးအဖေ ရန်နိုင်ကို လက်ထပ်ရမှာလို့ တစ်ထစ်ချ စွဲလမ်းယုံကြည်ထားတယ်။ ဒါပေမယ့် ... ဖူးစာဆိုတာ အခက်သားပဲ လူလေး"

ဘိုးဘိုးက စကားကို တစ်ထောက်နားသည်။ နွေနွေ့ကို ကြင်နာသော အကြည့်ဖြင့် ကြည့်နေသည်။

"ဘာလို့ခက်တာလဲ ဘိုးဘိုး"

"မင်းဖေဖေ ရန်နိုင်က စီးပွားရေးလုပ်ငန်းလုပ်လို့ သွားရင်းလာရင်း မင်းမေမေ ရည်မွန်နဲ့ ပူးပေါင်းလုပ်ကိုင်ရင်း တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိသွားကြတယ်"

"မေမေက နွေနွေတို့ မေမေဒေါ်စောမာလာကို မေတ္တာရှိတဲ့အကြောင်း ဖွင့်ပြောထားပြီးသားလား ဘိုးဘိုး"

"မပြောထားဘူးလူလေး။ ပြောထားစရာလည်း မလို

တဲ့ သဘောရှိနေတာပဲ။ လူကြီးချင်းကိုယ်စီက တစ်နေ့ကျရင် ရန်နိုင်နဲ့စောမာလာကို လက်ထပ်ပေးမယ်ဆိုတာ သူတို့သိနေကြတာပဲ။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလဲ ဒီလိုပဲ နားလည်ထားကြတယ်။ အဲဒီအခြေအနေကြားထဲက ရန်နိုင် ရည်မွန်ကိုပဲ လက်ထပ်ချင်တယ်လို့ ဘိုးဘိုးနဲ့ ဘွားဘွားကို ဖွင့်ပြောတယ်"

"ဘိုးဘိုးနဲ့ဘွားဘွားက သဘောတူလိုက်သလား"

"ရန်နိုင် ဖွင့်ပြောလာတာကို ဘိုးဘိုးက ခေါင်းလဲမညိတ်ဘူး၊ ခေါင်းလဲမခါဘူး။ ဗိုနဲ့မချစ်တယ် မေတ္တာရှိတယ် လက်ထပ်တယ်ဆိုတာက အဲဒီဗိုနဲ့မရဲ့ ကိုယ်ပိုင်အခွင့်အရေးလို့ ဘိုးဘိုး သတ်မှတ်တယ်။ ခံယူတယ်။ ဒါကြောင့် ... ရန်နိုင်နဲ့ ရည်မွန်ကို ဘိုးဘိုးမိသားဖသားပီပီ လက်ထပ်ပေးလိုက်တယ်"

"ဒါဆို ... ဘိုးဘိုးကတော့ ငယ်ငယ်တည်းက ခံယူချက် ယူဆချက်တွေ ပြင်းထန်လို့ ထားပါတော့။ ဘွားဘွားအနေနဲ့ကကော ... ဖေဖေနဲ့မေမေ ကိစ္စမှာ သဘောတူတယ်၊ သဘောမတူဘူးဆိုတဲ့ လေသံမထွက်ဘူးလား ဘိုးဘိုး"

ဘိုးဘိုးသည် မျက်နှာကြက်ကို မော့ကြည့်သည်။ လေပူသက်ပြင်းကြီးတစ်လုံး မှုတ်ထုတ်သည်။ ပြောရင်း ... ကွယ်လွန်သွားပြီဖြစ်သော ဘွားဘွားကို သတိရလွမ်းဆွတ်သွားသည် ထင်ပါ၏။

"လူလေးရဲ့ ဘွားဘွားအကြောင်းကို လူလေးသိခဲ့ပါ



တယ်လေ။ ဘိုးဘိုးရဲ့ဆန္ဒဟာ ဘွားဘွားရဲ့ဆန္ဒပဲအမြဲဖြစ်ခဲ့တယ် မဟုတ်လား။ ဘိုးဘိုးက မညီးတယ်ဆိုရင် ဘွားဘွားက လိုက်မညီးတာပဲ။ ဘိုးဘိုးဖြူရင် ဘွားဘွားဖြစ်တယ်။ ဘွားဘွားဟာ ကွယ်လွန်သွားတဲ့အထိ ငါးပိရည်ဖျော်ထဲမှာ ကြက်သွန်ဖြူ ထည့်မသွားဘူး လူလေး"

"ဗျာ ... ငါးပိရည်ဖျော်ထဲ ကြက်သွန်ဖြူ ဘွားဘွားကသေတဲ့အထိ ထည့်မသွားဘူးဆိုတာ ဘိုးဘိုး ဘာကိုရည်ရွယ်ပြောတာလဲဟင်"

"ဟဲ ... ဟဲ ... ဟဲ"

ဘိုးဘိုး ဆက်မပြောခင် ရယ်လိုက်သေးသည်။

"လူလေးရဲ့ဘွားဘွားက ဘိုးဘိုးနဲ့ အိမ်ထောင်မကျခင် အပျိုတုန်းက ထမင်းစားရင်း ငါးပိရည်ဖျော်ထဲကို ကြက်သွန်ဖြူမီးဖုတ်ကို ထောင်းထည့်ပြီး အမြဲစားလေ့ရှိတယ်၊ အင်မတန်လည်း အဲဒါကို နှစ်သက်တယ်။ ဘိုးဘိုး ကြက်သွန်ဖြူအနံ့ဟာ ပြင်လွန်းလို့ မနှစ်သက်ဘူး။ ဘိုးဘိုးနဲ့ လက်ထပ်ပြီး အိမ်ထောင်ကျကတည်းက သူအင်မတန် နှစ်သက်တဲ့ ကြက်သွန်ဖြူကို ငါးပိရည်ဖျော်ထဲ မထည့်တော့ဘဲ ကွယ်လွန်တဲ့အထိ ဘိုးဘိုးရဲ့ဆန္ဒကို လိုက်လျောသွားခဲ့ရှာတယ်။ အဲဒါကိုပြောတာပါ လူလေး။ ဒီတော့ ... ရန်နိုင်က ရည်မွန်ကို လက်ထပ်တဲ့ကိစ္စမှာ ဘိုးဘိုးက မိသားဖသားပီပီ လက်ထပ်ပေးခဲ့တာကို ဘွားဘွား ကန့်ကွက်စကားလဲ မပြော

ဘူး။ ဆောက်ခံစကားလည်း မပြောဘူး။ ဘိုးဘိုးလှစ်တာကို ငြိမ်နေလိုက်တယ်"

ဘိုးဘိုးသည် အလွန်စိတ်ဓာတ်ပြင်းထန်သူ တစ်ယောက် ဖြစ်သော်လည်း ဘွားဘွားအကြောင်းပြောရင်း မျက်ရည်ပင်ဝိုင်းလာရှာပါ၏။

"ဒါဆို ... ဒေါ်စောမာလာအကြောင်း ဆက်ပြောပြပါ ဘိုးဘိုး"

"အေး ... ရန်နိုင် ရည်မွန်နဲ့ကို လက်ထပ်လိုက်တာကို သဏ္ဍာန်နဲ့ကြေမှု လင်မယားကတော့ ဘိုးဘိုးနဲ့ နားလည်မှု ရှိပါတယ်၊ ဒီကိစ္စမျိုးဟာ လှစ်မ်လို့မရဘူး၊ ကံစီမံရာပဲ သူတို့နဖူးစာပဲလို့ ခံယူလိုက်ပါတယ်။ ဒါပေမယ့် ... ကျိတ်ပြီး ပြင်ပြင်းထန်ထန် ခံစားရတာက စောမာလာပဲ။ သူကလေးဘဝတည်းက ချစ်ခင်လာခဲ့တဲ့ ရန်နိုင်ကို နာကြည်းတယ်။ ပတ်ဝန်းကျင်ကို ရှက်တယ်။ ခံပြင်းစိတ် နာကြည်းစိတ် ပြင်းထန်တာနဲ့အမျှ လက်စားချေလိုတဲ့ စိတ်တွေ ကြီးမားတယ်။ ဒါကြောင့် ရန်နိုင်နဲ့ရည်မွန် လက်ထပ်ပြီး သုံးလအကြာမှာပဲ သူ့ကို စောင်းတီးသင်ပေးနေတဲ့ စောင်းဆရာ မောင်လွမ်းဝေနဲ့ ခိုးရာလိုက်ပြေးတယ်။ စောမာလာရဲ့မိဘ သဏ္ဍာန်ကြေးမှုက သမီးစောမာလာကို စိတ်ဆိုးတယ်။ မောင်လွမ်းဝေက ဂုဏ်ငယ်လို့ ဆင်းရဲလို့ စိတ်ဆိုးတာမျိုး မဟုတ်ဘူး။ မိဘကို ဖွင့်ပြောရင် မောင်လွမ်းဝေနဲ့ လက်ထပ်ပေးစားမှာပဲ။ အေး ... မျိုးရိုးအစဉ်အလာမှာ





သမီးမိန်းကလေး ခိုးရာလိုက်ပြေးတာမျိုး မရှိစေရဘူး။ ဒီလိုလုပ်တာဟာ မိဘကို အရှက်ခွဲတာ၊ အိုးမည်းသုတ်တာ ဆိုတဲ့ အယူအဆကြောင့် စိတ်ဆိုးတာပါ။ ဒါကြောင့် သတင်းစာကနေပြီး သေခန်းပြတ် အမွေပြတ်ဆိုတာကို ဖြန်းခနဲ ဒေါသစိတ်နဲ့ ကြော်ငြာလိုက်တာ"

နွေနွေက ဘိုးဘိုး၏ စကားကို ဝင်ရောက်ထောက်ခံ ပြောလိုက်သည်။

"ဟုတ်မယ်ဘိုးဘိုး နွေနွေ သိတတ်တဲ့အရွယ် ရောက်လာတော့ သတိထားမိတယ်။ ဖေဖေ ဦးလွမ်းဝေကသာ မေမေ့ကို သိပ်ချစ်၊ သိပ်အလိုလိုက်တာ။ မေမေကတော့ ဖေဖေ့အပေါ်မှာ မယားဝတ္တရားမပျက်တာကလွဲပြီး နှစ်နှစ်ကာကာ ရှိပုံမရဘူး။ ဖေဖေကတော့ သနားစရာပါ။ မေမေက သေဆိုသေ ... ရှင်ဆိုရှင် နေသွားတာပါ"

"အင်း ... စောမာလာ သိပ်စိတ်ကြီးတယ်။ တကယ်တမ်း မိဘကို ဖွင့်ပြောရင် မိဘက မောင်လွမ်းဝေနဲ့ တင့်တောင့်တင့်တယ် လက်ထပ်ပေးမယ်မှန်းလဲ ... စောမာလာ သိပုံရပါတယ်။ ဒါပေမယ့် ... စောမာလာက သူ့မိဘကို ဖွင့်ပြောရင် သူကိုယ်တိုင်က မောင်လွမ်းဝေကို ချစ်ခင်နှစ်သက်တာလို့ ရန်နိုင်ကစပြီး ပတ်ဝန်းကျင်က ထင်သွားတာမျိုး မခံယူချင်ဘူး။ ရန်နိုင်ကို နာနာကြည်းကြည်း အရွဲ့တိုက်ချင်တာရယ်၊

စောမာလာရဲ့ ခံပြင်းစိတ်။ နာကြည်းစိတ် အရွဲ့တိုက်
ချင်တဲ့စိတ်ကို သူ့မိဘ သက္ကနဲ့ကြေးမုံက နားမလည်ဘူး။
သဘောမပေါက်ဘူး။ ဒါကြောင့် စိတ်ဆိုးပြီး သတင်းစာ
က အမွေပြတ် ကြော်ညာလိုက်တာ။ အေးလေ ...
စောမာလာ စိတ်ကြီးတာတွေဟာ တကယ့်ခံရတာက
တော့ သူ့သားသမီး လုံမလေးနွေနွေတို့ မောင်နှမပေါ့။
ဒါထက် လုံမလေး ဖေဖေ မောင်လွမ်းဝေကကော
ဘယ်လို ဆုံးပါးကွယ်လွန်သွားတာလဲ"

"ဖေဖေက တီးဝိုင်းငှားတဲ့ နေရာတွေကို လိုက်ပြီးတီး
ရပါတယ် ဘိုးဘိုး။ ရသမျှ ပိုက်ဆံကိုလည်း တစ်ပြား
မကျန် မေမေ့ကို အပ်ပါတယ်။ နောက်ဆုံး နယ်
ဘက်က မင်္ဂလာဆောင်တစ်ခုက တီးဝိုင်းငှားလို့လိုက်
သွားရင်း ဖေဖေတို့စီးတဲ့ကား ချောက်ထဲကျမီးလောင်
ပြီး ဖေဖေသေဆုံးသွားတာပါ ဘိုးဘိုး။ အဲဒီနောက်
တော့ ကိုကိုသက်က နွေနွေကိုတော့ ကျောင်းဆက်နေ
နိုင်ပြီး သူက စီးပွားရှာ ထောက်ပံ့ရင်း နောက်ဆုံး
ထောင်ကျသွားတာပါ"

"အင်းပေါ့လေ ... ပြီးခဲ့တာတွေ ပြီးခဲ့ပြီလို့ပဲ မှတ်
လိုက်ပေါ့။ အခု လူလေးနဲ့ လုံမလေး နွေနွေ လက်
ထပ်ပေးဖို့ရယ် စောမာလာ ပိုင်ဆိုင်ခွင့်ရတဲ့ အမွေတွေ
အားလုံး လွှဲပြောင်းပေးဖို့ရယ် အားလုံး ဘိုးဘိုးစီစဉ်
ပေးမယ်။ လုံမလေး နွေနွေတို့ သားအမိ ဘိုးဘိုးကား
နဲ့ပဲ ပဲခူးကို လိုက်ခဲ့ကြပေတော့"



နွေနွေက ဇေယျာအောင်ကို လှမ်းကြည့်သည်။
ဇေယျာအောင်က ပြန်အကြည့်နှင့် မျက်လုံးချင်း ဆုံမိပါ၏။

ချစ်ကြပြီမို့ မခွဲချင်ကြပေ။

အကင်းပါးသော ဘိုးဘိုးက သူတို့နှစ်ယောက်
အကဲကို ဖမ်းမိပါ၏။

"ဘာလဲ ... လုံမလေးကလဲ ခွဲပြီးမလိုက်ချင်။ လူလေး
ကလဲခွဲပြီး မထည့်ချင် ဖြစ်နေကြသလား။ ဒါကလွယ်
လွယ်လေးပဲ။ လူလေးပါ ဘိုးဘိုးနဲ့ လိုက်ခဲ့ပေါ့ကွာ"

"ကျွန်တော်လိုက်လို့ မဖြစ်သေးဘူး ဘိုးဘိုး။ နောက်
ပြီး နွေနွေနဲ့ ချက်ချင်းလက်ထပ်လို့လဲ မဖြစ်သေးဘူး။
နွေနွေတို့ သားအမိမှာရော ... ကျွန်တော့်မှာရော
အန္တရာယ်တွေ ရှိနေတယ်။ အဲဒီအန္တရာယ်တွေ ပြီးဆုံး
ကင်းရှင်းသွားမှ နွေနွေနဲ့ လက်ထပ်မလားလို့"

"ဆိုပါဦး ... လူလေးတို့ရဲ့ အန္တရာယ်က ဘယ်လို
အန္တရာယ်တွေမို့လဲ"

ဇေယျာအောင်က ခင်မောင်ဝင်းနှင့် ပတ်သက်ခဲ့
သော အကြောင်းအရာ အားလုံး အတိုချုံး၍ အစအဆုံး
ဘိုးဘိုးအား ပြောပြလိုက်သည်။

အဆုံးတွင် ဘိုးဘိုး ခေါင်းညိတ်သည်။

"ဒါဆိုရင်တော့ လူလေးကတော့ ဒီမှာပဲနေခဲ့။ စော
မာလာနဲ့ လုံမလေး နွေနွေကတော့ ဘိုးဘိုးနဲ့အတူတူ
ပဲခူးကို လိုက်ခဲ့သင့်တယ်။ သက္ကနဲ့ကြေးမုံ ထားခဲ့တဲ့
အမွေတွေကို တရားဝင် လွှဲပေးရာမှာ စောမာလာကိုယ်

တိုင် လိုက်ရမယ်မဟုတ်လား။ စောမာလာလိုက်ရင် လုံမလေး နွေနွေက စောမာလာကို ပြုစုဖို့ လိုက်ရမယ်။ နောက်တစ်ချက်ရှိတာက စောမာလာကို ခေါ်သွားပြီး လုံမလေးကို ဒီမှာထားခဲ့မယ်ဆိုလည်း လက်မထပ်ကြ သေးခင် မသင့်တော်ဘူး။ လူအကဲ့ရဲ့ မလွတ်ဘူး။ နောက်ထပ်တစ်ချက် ရှိသေးတာက ဒီခြံထဲက ကိုဆောင်း တန်းလျားမှာ ဆက်နေရင် စောမာလာရော လုံမလေး နွေနွေရော ဂုဏ်ငယ်မယ်။ ဘိုးဘိုးရဲ့ ပဲခူးအိမ်မှာ လိုက်နေခြင်းအားဖြင့် ဂုဏ်ရှိတယ်။ ဘိုးဘိုးကိုယ်တိုင် ကလဲ ... စောမာလာနဲ့ လုံမလေးကို အမွေဆက်ခံမယ့် ဂုဏ်သရေရှိ သားအမိလို့ ပတ်ဝန်းကျင်က အသိအမှတ် ပြုစေချင်တယ်။ ဘိုးဘိုးအိမ်မှာ လိုက်နေမှ ပတ်ဝန်း ကျင်က အသိအမှတ်ပြုမှာပေါ့ လူလေး"

ဟုတ်၏။ ဘိုးဘိုးပြောသမျှ အမှန်တွေချည်း ဖြစ်နေပါ၏။

ဇေယျာအောင်က နွေနွေဘက်လှည့်ပြီး ခေါင်း ညိတ်ပြလိုက်သည်။

"ဟုတ်တယ် နွေနွေတို့ သားအမိ ဘိုးဘိုးနဲ့လိုက်သွား နှစ်ရက်၊သုံးရက်အတွင်း ဦးမင်းဆွေနဲ့ တိုတိုင်ပင်ပြီး ပဲခူးကို တို့လိုက်လာမယ်။ နောက်ပြီး နွေနွေကိုခေါ် ပြီး တောင်ငူကိုသွားမယ်။ တောင်ငူရောက်က နွေနွေ ရဲ့အစ်ကို ကိုသက်မင်းကို အစ်ကိုသွားတွေ့မယ် ... အဲဒါ နွေနွေပါမှ ကောင်းမယ်"



နွေနွေ ခေါင်းညိတ်ပြရပါလေတော့သည်။

"တွေ့လား ဘိုးဘိုး ... နွေနွေကလည်း ဘွားဘွားလို ပါပဲနော်။ ကျွန်တော့်ဆန္ဒဟာ သူ့ဆန္ဒ ဖြစ်စေတာပဲ။ ဒါပေမယ့် ဘိုးဘိုး ..."

"ဘာလဲကွ လူလေးရ"

"ကျွန်တော်ကတော့ ကြက်သွန်ဖြူကြိုက်တယ်၊ ငါးပိ ရည်ထဲ ကြက်သွန်ဖြူ မီးဖုတ်တောင်းထည့်ရင် ပိုတောင် ကြိုက်သေးတယ် ဘိုးဘိုးရဲ့"

ဘိုးဘိုး၏ ရယ်မောသံကြီး ဟိန်းထွက်လာပါ၏။

❀ ❀ ❀

## (၁၃)

ဦးမင်းဆွေထံ ဇေယျာအောင် ဖုန်းဆက်သည်။ ဦးမင်းဆွေ ဧည့်သည်တစ်ဦးနှင့် စကားပြောနေခိုက်မို့ ဖုန်း ကိုင်ပြီး ခဏ ဇေယျာအောင် စောင့်ရသည်။

ဖုန်းစောင့်ရင်းပင် နွေနွေတို့ နေသွားသည့် တန်းလျားကို လှမ်းမြင်မိရာက နွေနွေကို သတိရမိသည်။ ချစ်မိပြီဆိုတော့လည်း ခွဲခွာချိန်တွင် လွမ်းရပေသား။

နွေနွေတို့ သားအမိသည် ဘိုးဘိုးနှင့် လိုက်သွား ရာတွင် အဝတ်အစားပင် များများစားစား ယူမသွား ကြ မြန်မြန်ပြန်ခဲ့မည်ဆိုသည့် သဘောပင်။

အဲ ... တစ်ခုတော့ ရှိသည်။

နွေနွေ၏မိခင် ဒေါ်စောမာလာသည် ညအိပ်ညနေ သွားရသောကြောင့်လား မသိ၊ သူမ၏ ဘုရားစင်မှ သူမကိုး ကွယ်နေသော ဆင်းတုတော်ကိုတော့ ရင်ခွင်ပိုက်ပြီး သူမနှင့် အတူ ပင့်ဆောင်သွားပေသည်။



"ဗဲ ... ကိုဇေယျာအောင်လား ပြော ... ဘာတွေပြော စရာရှိလာလို့ ဆက်တာလဲ။ ကျုပ်ဧည့်သည်တစ်ယောက် နဲ့ စကားပြောနေလို့ ကြာသွားတာ ခွင့်လွှတ်ပါဗျာ"

"ရပါတယ်။ ကျွန်တော့်ကို ဦးမင်းဆွေက မဆက် သွယ်နဲ့လို့ မှာထားပေမယ့် ... အခု နက်ဖြန်ဆိုရင် ကျွန်တော် တောင်ငူသွားမှာမို့ ဆက်တာပါ၊ တောင်ငူ ထောင်ထဲက ကိုသက်မင်းကို သွားတွေ့မလို့ပဲ ဦးမင်း ဆွေ"

"ဟဲ ... ဟဲ ... ကိုဇေယျာအောင် တောင်ငူသွားမယ် ဆိုတာ တစ်ချက်ခုတ် နှစ်ချက်ပြတ် မဟုတ်လား"

"ဦးမင်းဆွေ ဘာကို ရည်ရွယ်ပြောတာလဲဗျာ"

"နွေနွေ မနေ့က ပဲခူးလိုက်သွားတယ်လေဗျာ ... ကိုဇေယျာအောင် လွမ်းနေပြီ မဟုတ်လား။ ဒါကြောင့် နက်ဖြန် ပဲခူးမှာ နွေနွေ့ကို ဝင်ခေါ်ပြီး တောင်ငူသွား မှာ မဟုတ်လား"

"ဟာ ... ဦးမင်းဆွေက မနေ့က နွေနွေ ပဲခူးလိုက် သွားတာတောင် သိနေပါလား"

"နွေနွေတို့ သားအမိကို တနင်္လာနေ့က ခင်ဗျားခေါ် သွားတာရော၊ မဟာမြိုင်လမ်းက ခင်ဗျားခြံ ကားဂိုဒေါင်အပေါ်ထပ်မှာ နေစေတာရော၊ ခင်ဗျားဘိုးဘိုး ရောက်လာပြီး ဘတ်စ်ကားစီး ဆောင်ရွက်သွားတာရော၊ အပြန်မှာ နွေနွေတို့ သားအမိကို ခင်ဗျားဘိုးဘိုး ခေါ် သွားတာရော၊ ကျွန်တော် အားလုံးသိပါတယ်။ ကိုဇေ

ယျာအောင်ကို ကျွန်တော် မေ့မထားပါဘူး၊ အမြဲတမ်း ကျွန်တော့်စုံထောက်တွေ အရပ်ဝတ်နဲ့ ကိုဇေယျာအောင်ရဲ့ ပတ်ဝန်းကျင်မှာ ရှိပါတယ်"

"အေးဗျာ ... ကျွန်တော့်မှာ ယုန်ထောင် ကြောင်မိ ဖြစ်နေတယ်။ ကိုခင်မောင်ဝင်းကိစ္စနဲ့ ပတ်သက်ပြီး နွေနွေတို့ သားအမိကို စိုးရိမ်လို့ ကျွန်တော် အိမ်ခြံထဲမှာ ခေါ်ထားတယ်။ မနေ့က ပဲခူးကဘိုးဘိုး လာသွားတော့ နွေနွေရဲ့အမေ ဒေါ်စောမာလာကို မမျှော်လင့်ဘဲ တွေ့သွားတယ်။ ဒေါ်စောမာလာဟာ ဘိုးဘိုးရဲ့ငယ်ပေါင်းမိတ်ဆွေ ဦးသက္ကနဲ့ ဒေါ်ကြေးမုံရဲ့သမီး ဖြစ်နေတယ်။ ဦးသက္ကတို့ ဒေါ်ကြေးမုံတို့ မကွယ်လွန်မီကတည်းက အဆက်အသွယ် ပြတ်နေကြတာလေ။ ဒေါ်စောမာလာ ခံစားရမယ့် အမွေတွေအားလုံး ဦးသက္ကက ဘိုးဘိုးကို အပ်ထားပြီး သူ့သမီး ဒေါ်စောမာလာကိုရှာပြီး ပေးလိုက်ပါလို့ ခင်မင်ယုံကြည် စိတ်ချရတဲ့ မိတ်ဆွေမို့ မှာကြားသွားခဲ့တယ်တဲ့၊ ဦးသက္က ကွယ်လွန်ပြီးတာနဲ့ ဘိုးဘိုးက ဒေါ်စောမာလာကို စုံစမ်းရှာဖွေနေတာတဲ့။ တွေ့ဖယ့်တွေ့တော့ ကျွန်တော့်အိမ်မှာ လာတွေ့တယ်။ ကိုခင်မောင်ဝင်းကိစ္စသာ ကျွန်တော်နဲ့ မပတ်သက်ခဲ့ရင် ဒေါ်စောမာလာ ဇာတ်မြှုပ်နေတာ စုံစမ်းလို့ရမှာ မဟုတ်ဘူး၊ ယုန်ထောင် ကြောင်မိဖြစ်သွားတယ်ပေါ့ဗျာ၊ ဘုတ်ကိုမိဖို့ပဲ ကျွန်တော့်တယ် ဦးမင်းဆွေ"



"ဒါဆို ... ကိုဇေယျာအောင် အတွက် စုတ်ဝင်ပြီးမှ လာဘ်ဝင်တဲ့ကိန်း ဆိုက်သွားတာပေါ့ ... ဟုတ်လား"

"ဗျာ ... ဘာကိုပြောတာလဲ"

"လုပ်မနေနဲ့ နွေနွေကို အမွေတွေ မရခင် ... ခင်ဗျား ဘိုးဘိုး မလာခင်ကတည်းက ကောင်မလေးနွေနွေနဲ့ ခင်ဗျား မေတ္တာရှိသွားကြတာပဲဟာ"

"ဟာ ... သိလှချည်လား ဦးမင်းဆွေ"

"သိဆို ... ခင်ဗျား ဆောက်လုပ်ရေးက အလုပ်ထွက်တာကြောင့် ဦးမြင့်ထူး ဒေါ်ကလျာရဲ့သမီး အိနဲ့ လက်ထပ်ရေးကိစ္စ ပျက်သွားတာအထိ ... ကျုပ်သိတယ်လေ"

"ဆိုးတဲ့လူပဲ ... ကြောက်စရာတောင် ကောင်းလာပြီ"

နှစ်ဦးသား ရယ်မောကြသည်။

"ဒီလိုပဲပေါ့ဗျာ။ ကိုခင်မောင်ဝင်းရဲ့ အမှု ကျုပ်လွှဲယူ ကိုင်လိုက်တော့ ကိုခင်မောင်ဝင်းနဲ့ ပတ်သက်ခဲ့တဲ့ ကိုဇေယျာအောင်ကိုလည်း ကျွန်တော် ရသလောက် မျက်ခြေမပြတ် စုံစမ်းရတယ်ပေါ့ဗျာ။ ဘာပဲပြောပြော ကိုဇေယျာအောင်ကို ကျုပ် ချီးကျူးပါတယ်။ ရန်သူနဲ့ ရင်ဆိုင်တဲ့ နေရာမှာ သတ္တိပြောင်မြောက်သလို ခံယူချက်ချင်း မတူတဲ့ အိလို အမျိုးသမီးကိုလည်း ခင်ဗျား ခွာရဲတဲ့သတ္တိရှိတယ်"

"အဲဒါတွေ ထားလိုက်ပါတော့ ဦးမင်းဆွေ၊ ကျွန်တော့်ကို ကိုခင်မောင်ဝင်းရဲ့ အမှုနဲ့ ပတ်သက်ပြီး အခြေ

အနေ အတိုးအဆုတ်ကို မပြောတော့ဘူးလား။ ခုဆို မြွေဟောက်အဖွဲ့ဟာ တစ်ချိတည်း ငြိမ်နေတယ်။ သူတို့ငြိမ်တာဟာ မုန်တိုင်းကျကာနီး လုံးဝလေငြိမ်နေတဲ့ သဘောမျိုးလားဆိုတဲ့ သံသယ ဝင်နေတယ်"

"အင်း ... ကျုပ်မပြောသေးဘူးလို့ နေတာပဲ။ ဒါပေမယ့် ပြောသင့်သလောက် ပြောသင့်လာပြီမို့ ပြောမယ်။ ခုတလော ကျုပ် အတော်ဖိလိုက်ထားလို့ အဲဒီအဖွဲ့ ငြိမ်နေတာပဲ။ ခင်ဗျားပြောတဲ့ နွေနွေတို့အိမ်ကို ဖောက်ထွင်းတဲ့ လူဆိုးတွေရဲ့ ဆလွန်းကားအနီရဲ့ နံပါတ်ကို မှတ်မိတဲ့သူက ကျုပ်ကို ပြောပြတယ်။ အဲဒီကားနံပါတ်ကို စုံစမ်းတော့ ဒီကားနိပိုင်ရှင်ဟာ လှိုင်ဘွား ဆိုတဲ့လူပဲ"

"ဟုတ်ပြီ ... အဲဒီ လှိုင်ဘွားဆိုတဲ့လူရဲ့ လက်ဖျံအိုးမှာ ပါးပြင်းထောင်နေတဲ့ မြွေဟောက် တက်တူးထိုးထားတယ်၊ ဒီလှိုင်ဘွားကို ဦးမင်းဆွေ ဖမ်းမစစ်ဆေးသေးဘူးလား ဦးမင်းဆွေ"

"သားကောင်နဲ့ မုဆိုးလေဗျာ။ သားကောင်ဆိုတာ မုဆိုးလိုက်ပြီဆိုတာ သိတာနဲ့ ထွက်ပြေးစမြဲပေါ့။ အဲဒီ လှိုင်ဘွား လစ်သွားပြီလေ။ သူ့ကားနံပါတ်အရ လိပ်စာဟာ တောင်ဥက္ကလာ ခြောက်ရပ်ကွက်မှာ အိမ်နံပါတ်ပါ သိရလို့ လိုက်သွားတော့ အိမ်တံခါး သော့ပိတ်ပြီး ဒီကောင်လစ်သွားပြီ။ သူ့အိမ်နီးနားချင်းတွေဆီမှာ စုံစမ်းတော့ အထက်မြန်မာပြည်ကို ဘုရားဖူး



ထွက်သွားသလိုလို ပြောကြတယ်။ ဒါလည်း လှိုင်ဘွားက သတင်းလွှင့်ထားခဲ့တာ နေမှာပါ၊ ဒီကောင် ပြေးမလွတ်ပါဘူး၊ ကျုပ်တို့က အစတစ်ခု ထွက်လာပြီဆိုရင် အဲဒီအစကို အဆုံးအထိ ဆွဲထုတ်တာပဲဟာ။ အခုလောလောဆယ်တော့ လက်ဆုပ်လက်ကိုင် အပိုင်မဖြစ်သေးဘူးပေါ့လေ။ အဲ ... ခင်ဗျား မော်တော်ကားကူရှင်အစတွေ့ခဲ့ရတဲ့ ဦးမော်မော်ကိုလည်း ကျုပ်ခြေရာခံတုန်းပဲ။ ဒါပေမယ့် ဦးမော်မော်နဲ့ ပတ်သက်ပြီး နောက်ထပ် ကျုပ်တို့အတွက် ပဟေဠိတစ်ခု ဖြစ်လာပြန်တယ်"

"ဘယ်လိုပဟေဠိလဲ ဦးမင်းဆွေ"

"အဲဒါကိုတော့ ကျုပ်အခု ခင်ဗျားကို မပြောသေးဘူး။ ကျုပ်ဆက်ပြီး စုံစမ်းနေတယ်၊ အဲ ... ခင်ဗျားမနက်ဖြန်ဆို တောင်ငူသွားပြီး ထောင်ကျသက်မင်းကို သွားတွေ့မှာနော်"

"ဟုတ်တယ် ဦးမင်းဆွေ။ ကျွန်တော့်ကို အတွေ့ခံပြီး အမှန်တွေ ပြောဖို့အတွက် သူ့ညီမလေး နွေနွေကို တမင်ခေါ်သွားမှာ။ နွေနွေကို ဝင်ခေါ်မှာဆိုတော့ တောင်ငူကိုတန်းပြီးသွားလို့ မဖြစ်ဘူး။ ဘိုးဘိုးအိမ်မှာ နက်ဖြန်ညအိပ်ပြီး သန်ဘက်ခါမနက်မှ သွားမလားလို့"

"အဲဒါ ကောင်းတယ်။ ဘာလို့လဲဆိုတော့ ကျုပ်တောင် ခင်မောင်ဝင်းအမှုနဲ့ ပတ်သက်ပြီး တောင်ငူကိုသွားပြီး

ထောင်ထဲက သက်မင်းဆီမှာ မေးမြန်းစစ်ဆေးချင်တာ လေးတွေ ရှိနေတယ်။ ဒါကြောင့် တောင်ငူကိုသွားခွင့် အထက်မှာ အစီရင်ခံထားတယ်၊ အထက်က အမိန့် မကျလို့ မသွားရသေးဘူး။ ဒါကြောင့် ... တောင်ငူ ရဲစခန်းကတစ်ဆင့် တောင်ငူထောင်မှူးဆီကို ထောင် ကျသက်မင်းကို ဘယ်သူနဲ့မှ တွေ့ခွင့်မပေးပါနဲ့လို့ မှာထားတယ်။ ဒီတော့ ... ဒီနေ့ ဒါမှမဟုတ် နက် ဖြန်ကျမှ တောင်ငူကို ပြန်ဖုန်းဆက်ရဦးမယ် ... ထောင်ကျသက်မင်းကို ရန်ကုန်က ကိုဇေယျာအောင်နဲ့ နွေနွေဆိုတဲ့ စုံတွဲလာရင် သက်မင်းနဲ့တွေ့ခွင့်ပေးလိုက် ပါလို့လေ ... နို့မို့ဆိုရင် ထောင်အာဏာပိုင်တွေက ကိုဇေယျာမောင်ကို ထောင်ကျသက်မင်းနဲ့ တွေ့ခွင့် ပေးမှာမဟုတ်ဘူး။ ကောင်းတယ် ... သန်ဘက်ခါမှ ခင်ဗျားတောင်ငူကို သွားပေတော့။ ပြန်လာရင်သာ သက်မင်းဆီက ရသမျှသတင်းတွေ ကျုပ်ကိုပြန်ပြောပြ"

"စိတ်ချ"ဟု ပြောပြီး ဇေယျာအောင်သည် ဦးမင်းဆွေအား နှုတ်ဆက်ပြီး ဖုန်းကို ပြန်ချထားလိုက်တော့ သည်။

ဇေယျာအောင်သည် နက်ဖြန် သူလာမည့် အကြောင်း နွေနွေ ဝမ်းသာအောင် ဖုန်းဆက်ပြောချင်မိသည်။

သို့သော် ယခုအချိန်တွင် ဒေါ်စောမာလာရော နွေနွေရော အမေ့တွေ လွဲပြောင်း လက်ခံရယူသည့် ကိစ္စနှင့် အလုပ်ရှုပ်နေပေမည်။



ဖုန်းမဆက်ဘဲ ဖြန်းခနဲ နွေနွေနဲ့တွေ့ပြီး နွေနွေ ဝမ်းသာသွားသည်က ပိုကောင်းသည်ဟုတွက်ခါ ဖုန်းဆက် ချင်စိတ်ကို မျိုသိပ်ထားလိုက်သည်။

တယ်လီဖုန်းခင်မှ ညှိခန်းဆိုဖာတွင် ဇေယျာ အောင် ထိုင်လိုက်သည်။

"မောင်ရှိန်းရေ"

"ဗျာ ... ဆရာ။ လာပါပြီ"

မောင်ရှိန်း ချက်ချင်း ရောက်လာပါ၏။

"ထိုင်စမ်းကွာ မောင်ရှိန်း"

ဇေယျာအောင် လက်ညှိုးထိုးပြသော ဆိုဖာတွင် မောင်ရှိန်း ကျုံ့ကျုံ့လေး ဝင်ထိုင်သည်။

"မောင်ရှိန်း"

"ဗျာ ... ဆရာ"

"မင်းက ဘဝနာထားတဲ့ လူဆိုတော့ လူတွေကိုကြည့် ပြီး မြင်တဲ့နေရာမှာ အဆိုးမြင်တဲ့ နေရာမှာရော အကောင်းမြင်တဲ့ နေရာမှာရော အမြင်မစောင်းဘဲ တည့်တည့်မတ်မတ် မြင်တတ်တယ်။ ကဲ ... ငါမေး မယ် ... နွေနွေနဲ့ သူ့အမေကို မင်းဘယ်လိုမြင်လဲ"

"ဒေါ်ဒေါ်ကြီးကို ကျွန်တော်မြင်တဲ့အမြင် ပထမပြော မယ် ဆရာ"

"အေး ... ပြော"

ဒေါ်စောမာလာကို မောင်ရှိန်းက ဒေါ်ဒေါ်ကြီးဟု ခေါ်ပေသည်။

"ဒေါ်ဒေါ်ကြီးရဲ့ ဒဝဟာ သေနေတယ်ဆရာ"

"ဟေ ..."

"ဒေါ်ဒေါ်ကြီးဟာ လူကအသက်ရှင်နေပေမယ့် စိတ်ကသေနေတယ်လို့ ဆိုလိုတာပါ။ ဒေါ်ဒေါ်ကြီးကို ကြည့်ရတာ ဖြစ်ချင်တာတွေ ဖြစ်စမ်း၊ ကံတရားပဲလို့ သတ်မှတ်ထားပုံရတယ်၊ ဒေါ်ဒေါ်ကြီးဟာ တစ်ချိန်တစ်ခါတုန်းက အလွန်အမင်း စိတ်ကိုထိခိုက်ပြီး အဲဒီအချိန်ကစ, လူက အသက်ရှင်နေပေမယ့် စိတ်ကသေနေပြီဆရာ"

ဖေယျာအောင် မသိမသာ ခေါင်းညိတ်မိပါ၏။

ဘိုးဘိုးခက် ပြောပြချက်အရ ဒေါ်စောမာလာသည် မိမိ၏ဖခင် ဦးရန်နိုင်ကို သိပ်ချစ်ခင် စုံမက်ခဲ့သည်။ လက်ထပ်ဖို့ သိပ်မျှော်လင့်ခဲ့သည်။ ဖေဖေက မေမေ ဒေါ်ရည်မွန်ကို လက်ထပ်လိုက်သည်နှင့် ဒေါ်စောမာလာ အရမ်းစိတ်ထိခိုက် နာကြည်းသွားသည်ဟု သိရသည်။

"ဒေါ်ဒေါ်ကြီးက ခုချိန်ထိ စိတ်လည်းကြီးတယ်၊ မာနလည်းကြီးတယ်၊ စိတ်ကြီးမာနကြီးတဲ့ လူဟာ ဖြစ်ချင်တာဖြစ် ခါးစည်းခံမယ်ဆိုတဲ့ သဘောမျိုး ရှိတတ်တယ်။ ဒေါ်ဒေါ်ကြီးမှာ အဲဒီသဘောမျိုး ရှိနေတယ်။ အဲဒီလိုလူမျိုးဟာ ဘုရားမှတစ်ပါး အခြားကိုးကွယ်ရာမရှိဆိုတဲ့ စိတ်မျိုးဝင်သွားပြီး ဘုရား တရားကိုသာ အမိကအာရုံသွင်းနေတတ်ကြတယ်။ ဒေါ်ဒေါ်ကြီးဟာ အချိန်ရှိသမျှ ဘုရားစင်ရှေ့မှာထိုင်ပြီး ရှိခိုးပူဇော်တယ်။



စိတ်ပုတီးစိတ်တယ်၊ တရားမှတ်တာကို ကျွန်တော်တွေ့နေတယ်ဆရာ။ အဲ ... ဒေါ်ဒေါ်ကြီးရဲ့ ခင်ပွန်းဟာ ဘယ်လိုလူစားမှန်း ကျွန်တော် မသိပေမယ့် ဒေါ်ဒေါ်ကြီး ဆင်းသက်လာတဲ့ မျိုးရိုးကတော့ အဆင့်မြင့်ထဲကလို့ ကျွန်တော်မြင်တယ်၊ မျိုးကြီး ရိုးကြီးက ဒေါ်ဒေါ်ကြီး ဆင်းသက်လာတာ ဖြစ်ရမယ်"

မောင်ရှိန်းသည် ဘိုးဘိုးရောက်လာပြီး ဒေါ်စောမာလာ၏ မိဘအကြောင်း၊ အတိတ်အကြောင်းတွေ ဘိုးဘိုးပြောပြစဉ်က မောင်ရှိန်းအိမ်မှာ မရှိပေ။ အပြင်သွားနေခိုက်ဖြစ်ပါ၏။ မောင်ရှိန်းသည် သူ့အကြည့်၊ သူ့အမြင်နှင့် ပြောနေမှန်း သေချာပေသည်။

"မဆိုးဘူး။ ဒေါ်ဒေါ်နှင့် ပတ်သက်ပြီး မင်းမြင်တာတွေဟာ သိပ်နီးစပ်တယ်။ ကဲ ... ဒါဆို ... နွေနွေ့ကို မင်းမြင်တဲ့အတိုင်း ပြောစမ်းကွာ"

"မနွေနွေဟာ အသက်ငယ်သေးပေမယ့် တော်တော်ပဲတော်ပါတယ်ဆရာ၊ သရက်ပင်က သရက်သီးပဲသီးမယ်၊ မျိုးရိုးလို့ပဲဆိုပါတော့၊ ဒေါ်ဒေါ်ကြီးက မျိုးရိုးသန့်တော့ မနွေနွေဟာ မျိုးရိုးသန့်တယ်၊ ဒါပေမယ့် ဒေါ်ဒေါ်ကြီးရဲ့ စိတ်ဓာတ်မျိုးနဲ့တော့ မနွေနွေက ,မတူဘူး၊ ခက်ထန်မှု မရှိဘူး၊ မာနမရှိဘူးလို့ ကျွန်တော်မြင်တယ်။ အဲ ... မနွေနွေရဲ့ အဖေကတော့ ကျွန်တော် မမြင်ဘူးလို့ မသိဘူးပေါ့ဆရာ။ ကျွန်တော်ဆိုလိုတာက ဒေါ်ဒေါ်ကြီးရဲ့ မာနမျိုး၊ ခက်ထန်မှုမျိုး၊ စိတ်ဓာတ်မာကျောမှု

မျိုးဆော့ မနွေနွေမှာမရှိဘဲ ကြင်နာတတ်တာ၊ သည်းခံတတ်တာ၊ ခွင့်လွှတ်တတ်တာတွေဟာ သူ့အဖေဘက်က ပါလာတဲ့ ဗီဇစိတ်ဓာတ်များ ဖြစ်မလားလို့ပါ။ နောက်တစ်ခုက မနွေနွေရဲ့ ဝတ်စားဆင်ယင်မှုမှာ အဖိုးထိုက် အဖိုးတန် ဝတ်စားတာ မဟုတ်ဘဲနဲ့ မနွေနွေ သိပ်ချောသိပ်လှ သိပ်ကြော့ရှင်းတယ်ဆရာ။ ဒေါ်ဒေါ်ကြီးငယ်စဉ်က ချောသလား လှသလားတော့ မပြောတတ်ဘူး၊ မနွေနွေက ချောတာ လှတာတော့ အမြင်အတွေ့ပဲ။ ဥပမာ ... ဒေါ်ဒေါ်ကြီးရဲ့ မျက်လုံး အလှဟာ လင်းယုန်ရဲ့မျက်လုံးမျိုးဖြစ်ပြီး မနွေနွေရဲ့ မျက်လုံးအလှဟာ သမင်ပျို့မလေးရဲ့ မျက်လုံးအလှမျိုး ဆိုပါတော့။ နောက်ပြီး ... ဒေါ်ဒေါ်ကြီးရဲ့ နှုတ်ခမ်း ဟာ သိပ်ပါးတယ်၊ နှုတ်ခမ်းကို စေ့ထားရင် မျဉ်း ကြောင်းတစ်ခုလို ရှိသွားတယ်၊ ဒါဟာ စိတ်ဓာတ်ရဲ့ တင်းမာတဲ့သဘောကို ပြတာပဲ၊ မနွေနွေရဲ့ နှုတ်ခမ်း ကျတော့ သာမန်ထက် နည်းနည်းဗိုပြီး ထူအမ်းအမ်း လေးရှိတယ်။ ပြီး ... မနွေနွေက နှုတ်ခမ်းကို စေ့ထား လေ့ မရှိဘူး။ အမြဲပဲ ပွင့်ပွင့်လေးနေတော့ သူ့ရဲ့သွား ဖြူက ပုလဲတန်းပေါ်နေပြီး ပြုံးတာမဟုတ်ဘဲနဲ့တောင် မြင်ရတဲ့လူအဖို့ ပြုံးနေတယ် ထင်ရတယ်။ မျက်လုံး မျက်ဝန်းကလည်း ပြုံးနေသယောင် ရှိနေတာမို့ မနွေနွေ ကို မြင်လိုက်ရရင် အမြဲပြုံးချိုနေသလား ထင်ရတယ် ဆရာ"





"အေး ... မင်းမြင်တာတွေအားလုံး ငါလည်းမြင်တာ ပဲ ... ဒီမယ်မောင်ရှိန်း ..."

"ပြောပါဆရာ ..."

"ငါ ... နွေနွေ့ကို လက်ထပ်မယ်ဆိုရင် မင်းအမြင် ဘယ်လိုရှိမလဲ"

"အင်မတိ အင်မတန်ကြီးကို လျော်ကန်သင့်မြတ်တယ် လို့ မြင်တယ်ဆရာ။ ဥပမိရုပ်ချင်းလည်း အရမ်းကြီး ကို ရှေ့သွားနောက်လိုက် ညီတယ်။ စိတ်နေသဘော ထားချင်းလဲ တူညီတာတွေ ကျွန်တော် တွေ့တွေ့နေ ရတယ်"

"နွေနွေက ငါ့ထက် ခြောက်နှစ်လောက် အသက်ငယ် နေတယ်ကွ။ သူက ဆယ့်ကိုးနှစ် မပြည့်သေးဘူး။ ငါကလည်း အသက်အစိတ်ထဲမှာ"

"အဲဒီလို အသက်ကွာခြားတာကိုက ပိုပြီးကောင်းတယ် ဆရာ"

"ဟေ့ကောင် ... မောင်ရှိန်း ... မင်းက ငါ့အကြိုက် ဖြစ်အောင် အလိုက်အထိုက် ပြောနေတာလား။ ငါလို ချင်တာက တကယ်အမှန်ကို လိုချင်တာကွ။ ဒါကြောင့် မင်းမြင်တဲ့အတိုင်းပြောလို့ ငါပလွှင်ခံပြီး ပြောထားတာ"

"ဆရာအလိုက်အထိုက် လိုက်ပြောတာ လုံးဝမဟုတ် ဘူး ဆရာ။ ကျွန်တော်မြင်တဲ့အတိုင်း သိတဲ့အတိုင်း အမှန်တွေ ပြောနေတာ။ ဘယ်သူမဆိုပေါ့ဆရာ ... လက်ထပ် အိမ်ထောင်ပြုတော့မယ်ဆိုရင် မိန်းကလေး

က ယောက်ျားလေးထက် အသက်ငါးနှစ်ခြောက်နှစ် ပိုငယ်မှ သင့်တော်တယ်"

"မင်းပဲ ... ရှင်းပြစမ်းပါဦး"

"ယောက်ျားနဲ့မိန်းမ အိမ်ထောင်ပြုတဲ့အခါမှာ ယောက်ျား အတွက် ကိုယ်ခန္ဓာကျဆင်းသွားတာမျိုး မရှိပါဘူး ဆရာ။ မိန်းကလေးမှာကတော့ သားအိမ်ရှိတယ်၊ သန္ဓေသားတည်ရတယ်။ ပြီး ... သားမွေးရတယ်။ ဒီတော့ ခန္ဓာကိုယ်ဟာ ကျဆင်းသွားတဲ့ သဘောရှိပါ တယ်။ ဒါကြောင့် မိန်းမက ယောက်ျားထက် ငါးနှစ် ခြောက်နှစ် ပိုငယ်မှ နောက်ပိုင်းမှာ ရုပ်ချင်းညီသွားတဲ့ သဘောရှိပါတယ်၊ ယောက်ျားမောင်ပဥ္စင်း၊ မိန်းမပုခက် တွင်းလို့တောင် ရှေးစာဆို ရှိခဲ့တာပဲ"

"အေး ... မင်းပြောတာတွေ မဆိုးဘူး။ မင်းပြောသမျှ တွေဟာ ငါကိုယ်တိုင်လည်း အတွေးအခေါ် သဘော ပေါက်ပြီးသားတွေပဲ၊ ဒါပေမယ့် ကိုယ်တွေ့ကြုံလာတဲ့ အခါမှာ ဒီအကြောင်းအရာကိုပဲ တခြားလူတစ်ယောက် က ထုတ်ဖော်ပြောရင် ဟုတ်ပေသားပဲလို့ ပိုပြီးနိုင်နိုင် မာမာ ဖြစ်သွားတာပေါ့ကွာ။ ဒါထက် မောင်ရှိန်း"

"ဗျာ ... ဆရာ"

"မင်းရဲ့ချစ်သူ စမ်းစမ်းဟာ ခုချိန်ထိ အပျိုပဲလား"

"တက္ကသိုလ်မှာ ဒုတိယနှစ် တက်နေတယ်တဲ့ဆရာ။ အပျိုပဲပေါ့"

"မင်းက သူ့ကို ပြန်ဆက်သွယ်ရင် သူက မင်းကို



ပြန်လက်ခံမလား"

မောင်ရှိန်း တွေဝေစေးမောစွာဖြင့် ဦးခေါင်းခါ ပြသည်။

"မဖြစ်နိုင်တော့ပါဘူး ဆရာ"

"မဖြစ်နိုင်တော့ဘူး ဆိုတာက တကယ်လို့ စမ်းစမ်း ဟာ အိမ်ထောင်ပြုသွားပြီ ... ဘာပြီ ဆိုရင်တော့ ဟုတ်တာပေါ့။ စမ်းစမ်း အိမ်ထောင်မပြုသေး မဖြစ် နိုင်ဘူးဆိုတာ ဘာရှိမှာလဲကွာ"

"စမ်းစမ်းက ဘဝမှာ အခြေသိပ်မြင့်သွားပြီဆရာ ... ငယ်ချစ်မို့ ကျွန်တော့်ကို ပြန်လက်ခံမယ်ဆိုရင် ... သူ့ဘဝမှာ သိပ်နာသွားမှာပေါ့ ... ကျွန်တော့်ဘဝက ဖွတ်ကျားပဲ။ ကျွန်တော့်ကို စမ်းစမ်း လက်ထပ်ရင် စမ်းစမ်းလဲ ဖွတ်ကျားဘဝ ရောက်သွားမှာပေါ့ဆရာ"

"ဒါကို ငါတွေးမိတာပေါ့ မောင်ရှိန်းရ။ ဒီတော့ မင်း ဟာ ဖွတ်ကျားမဟုတ်အောင် လုပ်ရမှာပေါ့။ တကယ် လို့ မင်းဟာ လက်မှုပညာတစ်ခုခု ဒါမှမဟုတ် စက်မှု ပညာတစ်ခုခု တတ်မြောက်မယ် ... တည်ထောင်မယ် ဆိုရင် မင်းဟာ လက်မှုဆရာ ... ဒါမှမဟုတ် စက်မှု ဆရာ ဖြစ်လာပြီ။ ဒီတော့ ... ငါပြောတဲ့ စက်မှုလက်မှု ပညာတစ်ခုခု မင်းမှာ ဘာအခြေခံရှိသလဲ"

"ကျွန်တော် မော်တော်ကားပြင် ဝပ်ရှော့မကြွင်းနှစ် အလုပ်ကို ငယ်ငယ်တည်းက ဝါသနာပါခဲ့တယ်ဆရာ။ ဆရာနဲ့ မတွေ့ခင် ဆိုပါတော့။ ကျွန်တော့်ရဲ့အဖေရင်း

မကွယ်လွန်ခင်ကဆိုရင် ကျွန်တော်နေခဲ့တဲ့လမ်းက လန်းထိပ်ဝပ်ရှော့မှာ ပညာသင်အဖြစ် ကျောင်းအားတာနဲ့သွားလုပ်ခဲ့တာပဲဆရာ၊ သုံးနှစ်နီးပါး ကျွန်တော်ကိုယ့်ထမင်း ကိုယ်စားပြီး ဝပ်ရှော့ပညာကို ဝါသနာလို့ တတ်ချင်လို့ သွားလုပ်တာပါ။ အဖေရှိတုန်းကတော့ အဲဒီလို သွားလုပ်တာ တော်တော်လေးအခြေခံရနေပြီဆရာ။ နောက် ဖေဖေ့လက်ထက်ကျတော့မှ ဖေဖေက သွားခွင့်မပေးလို့ ရပ်လိုက်ရတာပါ”

“အေး … ကောင်းတယ်။ ဒါဆို မင်းဝပ်ရှော့တစ်ခုခုမှာ ပညာဆက်သင်။ ဒီအိမ်မှာပဲနေ။ ကိုယ့်ထမင်းချိုင့်နဲ့ ကိုယ်သွား။ မင်းနေ့စဉ် သုံးစွဲဖို့လဲ ငါပေးမယ်။ ပညာသာ တတ်အောင်သင်။

“ဟာ … ဘယ်ဖြစ်မလဲ၊ ဆရာ့ဒီအိမ်က အလုပ်တွေကျွန်တော်မလုပ်ရင် လစ်ဟင်းကုန်မှာပေါ့ဆရာ။ ဆရာစားဖို့သောက်ဖို့နဲ့ တခြားဝေယျာဝစ္စတွေ ရှိနေတာပဲ”

“ဟ … မောင်ရှိန်းရ … ငါက မကြာခင် နွေနွေနဲ့လက်ထပ်မှာကွ။ ခုချက်ချင်းတောင် နွေနွေ့ကိုငါက လက်ထပ်ချင်တာ။ ဒါပေမယ့် တခြားကိစ္စလေးတွေရှိနေသေးလို့။ နွေနွေနဲ့ လက်ထပ်ပြီးတာနဲ့ ငါ့တာဝန်ဝေယျာဝစ္စတွေကို နွေနွေက လုပ်ပေးမှာပေါ့ကွ။ နွေနွေနဲ့ အဖော်ရအောင် အဒေါ်ကြီးတစ်ယောက်လောက် ငါ ခေါ်ပေးထားဦးမယ်။ မင်း ဝပ်ရှော့ပညာဆက်သင်။ မင်းကိုယ်တိုင် ဦးစီးနိုင်ပြီဆိုရင် ငါကမင်းကို နေရာ



ကောင်းကောင်း တစ်ခုမှာ ဝပ်ရှော့ထောင်ပေးမယ်။ ဘယ်လောက်ကုန်ကုန်ကွာ”

“ဟာ … ဆရာ … ဝပ်ရှော့တစ်ခုရဲ့ တန်ဖိုးက သိပ်ကြီးတယ်ဆရာ၊ နေရာရွေးကတည်းက ငွေသိပ်ကုန်ကျမှာ”

“ဟ … ဘယ်လောက်ကုန်ကုန်လို့ ငါပြောပြီးပြီပဲ။ မင်းကိုလဲငါက ရော့–အင့်လို့ အလကားပုံပေးမှာမဟုတ်ဘူး။ မင်းဦးစီးခေါင်းဆောင်နဲ့ ဝပ်ရှော့လုပ်။ ရသမျှ ဝင်ငွေအမြတ်ငွေပေါ်မှာ ငါကထက်ဝက်ပြန်ယူမယ်။ မင်း ထက်ဝက်စားလေကွာ။ ဒါဆို မင်းဟာ ဝပ်ရှော့ဆရာ ဖြစ်သွားပြီ။ ဝပ်ရှော့ဆရာ တစ်ယောက်ဟာ တက္ကသိုလ်ဘွဲ့ရပြီးသား မိန်းမကိုတောင် ယူနိုင်တယ်။ လက်တွေ့မှာလဲ ဝပ်ရှော့ဆရာက တက္ကသိုလ်ဘွဲ့ရပြီးအမျိုးသမီးကိုယူထားတာ ငါအများကြီး တွေ့ဖူးတယ်။ ဒါကြောင့် ငါက မင်း စမ်းစမ်းကို ပြန်ဆက်ရင် စမ်းစမ်းက လက်ခံမလားလို့ မေးတာ”

“သိပ်လက်ခံတာပေါ့ဆရာ စမ်းစမ်းနဲ့ကျွန်တော့်ကငယ်ချစ်တွေပဲ။ အခုလဲ ကျွန်တော်က အဆက်ဖြတ်ထားတာပါ”

“ကဲ … ဒါဆို … မင်းကြိုက်တဲ့ ဝပ်ရှော့မှာ နက်ဖြန်ကစပြီး ဆက်သွယ်ပေတော့။ မင်းဝပ်ရှော့ထောင်နိုင်ပြီဆိုတာနဲ့ လိုအပ်တာတွေ ငါအကုန်လုပ်ပေးမယ်၊ ငါ့အဖို့ ငွေကြေးကိစ္စ အကြောင်းမဟုတ်ဘူး”

"အမယ်လေး … ဆရာရယ်။ ကျေးဇူးကြီးလိုက်တာ"

မောင်ရှိန်းသည် ဆိုဖာပေါ်မှဆင်းကာ အောက်တွင် ဆောင့်ကြောင့်လေးထိုင်ပြီး လက်အုပ်ချီကာ ဓေယျာအောင်ကို ကန်တော့ပေတော့သည်။ မောင်ရှိန်းမျော မျက်ရည်တွေပင် စီးကျလာပါ၏။

"ဟေ့ကောင် မောင်ရှိန်း၊ ငါ့ကို မကန်တော့နဲ့ကွာ။ ငါ့ကို ဒီအချိန်ထိ ဘယ်သူတစ်ယောက်မှ ကန်တော့ဖူးတာ မဟုတ်ဘူး၊ ငါကသာ လူကြီးတွေကို ကန်တော့ဘူးတာ …၊ ငါ အကန်တော့ခံရတာ ရှိန်တယ်ဖိန်းတယ်ကွာ …။ မကန်တော့နဲ့။ မင်း ငါပြောတာသာ ချက်ချင်းလုပ်ကွာ"

ဓေယျာအောင်သည် ဆိုဖာမှထ,ကာ သူ၏အိပ်ခန်းသို့ ဝင်ပြေးသွားတော့သည်။

မောင်ရှိန်းရင်ထဲတွင် လှိုက်လှိုက်လှဲလှဲကြီးကို ကြည်နူးရပါ၏။

ဆရာဓေယျာအောင်သည် အရွယ်နှင့်မမျှအောင် သဘောထား မြင့်မြတ်ပြီး စေတနာမေတ္တာ ကောင်းလှပါပေသည်။

"ကလင် … ကလင် … ကလင်"

တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။

မောင်ရှိန်း ကောက်ကိုင်နေပြီမို့ ဓေယျာအောင်သည် ပဲခူးသွားရန် အဝတ်လဲ၊ ပြင်ဆင်စရာတွေ ပြင်ဆင်နေသည်။ ပဲခူးမသွားမီ သေဆုံးသွားသော ကိုခင်မောင်…



၏မိခင် ဒေါ်မေစီနှင့် ညီမလှှင်လှှင်စီထံဝင်၍ သတင်းစုံစမ်းရန်လည်း စိတ်ကူးထားသည်။

"ဆရာ … ရဲစုံထောက်အရာရှိ ဦးမင်းဆွေတဲ့ … ဆရာနဲ့ ပြောချင်လို့တဲ့"

"အေး … အေး"

ကမန်းကတန်းပင် ပြေးထွက်ခဲ့ မောင်ရှိန်းပေးသောဖုန်းကို လှမ်းယူနားထောင် ပြောကြားလိုက်သည်။

"ပြောပါ ဦးမင်းဆွေ၊ ကျွန်တော်ဓေယျာအောင်ပါ"

"ဒီမယ် … ကိုဓေယျာအောင်။ ကျုပ် နောက်ထပ်စုံစမ်းလို့ရတယ်ဗျ။ ဒါပေမယ့် အမှုကပိုပြီး ရှုပ်ထွေးလာတယ်"

"ဘယ်လိုပါလိမ့် ဦးမင်းဆွေ"

"ဘောက်ထော် ပြည်တော်အေးလမ်းထဲက အင်ဂလိုအင်ဒီးယန်း ဦးမော်မော်မှာ အစ်ကိုတစ်ယောက် ရှိသေးတယ်ဗျ၊ အဲဒီအစ်ကိုနာမည်က ဦးကျော်ကျော်တဲ့"

"ဟုတ်ကဲ့ …"

"အဲဒီ ဦးကျော်ကျော်က မော်လမြိုင်ဟိုဘက် မုဒုံမှာ နေတယ်။ ရာဘာခြံလုပ်ငန်းတွေလုပ်တယ်။ ဈေးတန်းမှာ "ကျော်ကျော်စတိုး"ဆိုင်းဘုတ်တတ်ပြီး စတိုးဆိုင်ကြီး ဖွင့်ထားတယ်။ နိုင်ငံခြားပစ္စည်းတွေချည်း သက်သက်ရောင်းတဲ့ စတိုးဆိုင်ကြီးတဲ့။ အဲဒါတွေ ထားပါ။ တကယ့် အဓိကအချက် ကျုပ်ပြောချင်တာက ခင်မောင်ဝင်းဟာ မသေခင်က "ဖူးဝေါ်ဝေါ်"လို့ ထပ်တလဲလဲ

ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျား ငှးဝေါဝေါကို ပြန်ရှုတ်ကြည့်ဗျာ ... ငှးဝေါဝေါကို ပြန်ရှုတ်ကြည့်ဗျာ ... ငှးဝေါဝေါဟာ ဦးမော်မော် ဖြစ်နိုင်သလို ဦးကျော်ကျော်လည်း ဖြစ်နိုင်နေတယ်"

ဓေယျာအောင် ကိုယ့်ဟာကိုယ် ရှုတ်ကြည့်သည်။

"အေးဗျ ... ဖြစ်နိုင်တယ် ဦးမင်းဆွေ"

"နောက်ဆက်တွဲ စုံစမ်းလို့ရတဲ့ သတင်းထဲမှာ ဦးမော်မော်နဲ့ ဦးကျော်ကျော်ဟာ ညီအစ်ကိုအရင်း ဖြစ်ပေမယ့် တစ်ယောက်နဲ့တစ်ယောက် မသင့်မြတ်ကြဘူး၊ မခေါ်ကြဘူးတဲ့။ အဲဒါတွေ ကိုဓေယျာအောင် သိထားအောင် ကျွန်တော်ရတဲ့ သတင်းကို ပြောတာပါ။ ကိုဓေယျာအောင် ကိုယ်တိုင်က ဒီအမှုနောက်ကို လိုက်နေတော့ သတင်းစုံ သိစေချင်လို့လေ"

"ကျေးဇူးပါပဲ ဦးမင်းဆွေ"

"အမှုက ပြဿနာပိုပြီး ရှုပ်လာတဲ့အပြင် သိပ်ပြီးသိမ်မွေ့နေတယ်။ အန္တရာယ်လဲပိုပြီး ကြီးသည်ထက်ကြီးလာမယ့် အလားအလာ ရှိလာတယ်။ အခုဆို လိုင်ဘွားက ခြေရာပျောက် ရောင်တိမ်းနေတယ်၊ လိုင်ဘွားကို ဖမ်းမိတာနဲ့အမှုကပေါ်နိုင်တယ်။ လိုင်ဘွားတို့အဖွဲ့ဟာ အခု ရှောင်နေလျှိုနေပေမယ့် ပတ္တမြားညီနောင်နောက်ကို လိုက်မှာပဲ။ လိုင်ဘွားဟာ ကျုပ်တို့ရဲ့စုံထောက်လိုက်တာကို ခံရတော့ ကျားနာစိတ်မျိုးနဲ့ ကြမ်းချင်ကြမ်းလာမယ်။ ကိုဓေယျာအောင်ကို သူနာတယ်။ ဒီတော့ ကိုဓေယျာအောင် သတိပိုပြီးထားနိုင်ဖို့ ကျုပ်က သတိပေးတာပါ"



"ကျေးဇူးပါပဲ ဦးမင်းဆွေ။ ဒါပေမယ့် လိုင်ဘွားတို့အဖွဲ့ကို ဘယ်အချိန်မှာဖြစ်ဖြစ် ကျွန်တော် ရင်ဆိုင်ဖို့ အသင့်ပါ။ ရင်ဆိုင်ပစ်လိုက်မှလည်း အပြေမှန်အစစ် တရားခံအစစ် ပေါ်ထွက်လာမှာ"

"အေးဗျာ ... ခင်ဗျားသတ္တိနဲ့ စွမ်းရည်ကိုတော့ ကျုပ်ယုံကြည်ပြီးသားပါ။ သတိတော့ မလစ်စေနဲ့ပေါ့ဗျာ။ သူတို့က မှောင်ထဲက ရှောင်းနေတဲ့ လူတွေဆိုတော့ အလင်းထဲမှာ ပြောင်လှုပ်ရှားနေရတဲ့ ကိုဓေယျာအောင် သတိမလစ်ဖို့တော့ လိုတယ်"

"သူတို့အဖွဲ့ဟာ ပတ္တမြားညီနောင် ကျွန်တော့်လက်ထဲမှာ ရှိနေမယ်လို့ ယူဆနေသဖွေ့တော့ ကျွန်တော့်ကို အသေမသတ်မှာ သေချာပါတယ် ဦးမင်းဆွေ ... နောက်တစ်ခု ပြောချင်တာက လိုင်ဘွားတို့ကို မတွေ့ခင်စပ်ကြား ဦးကျော်ကျော်နဲ့ ဦးမော်မော်ကို ဦးမင်းဆွေရဲ့စုံထောက် အရာရှိအနေနဲ့ စစ်ဆေးလိုက်ရင်ကော"

"အင်း ... ရှုပ်ထွေးသလောက် သိမ်မွေ့နေတယ်လို့ ကျုပ်ပြောထားသားပဲ။ ဦးမော်မော့်နဲ့ ဦးကျော်ကျော်ကို ကျုပ်က ဘယ်လိုဥပဒေကြောင်းနဲ့ စစ်ဆေးနိုင်မလဲ။ ဦးမော်မော်က ကျုပ်တို့အားလုံးကို ယဉ်ယဉ်လေး မျက်လှည့်ပြလိုက်တာ ကျုပ်တို့ခံခဲ့ရပြီ မဟုတ်လား။

ကျုပ် ရဲ့ဆောက်အရာရှိအနေနဲ့ ဖမ်းဆီးစစ်ဆေးခွင့် ရှိပါတယ်။ ဒါပေမယ့် ... ဖမ်းဆီးစစ်ဆေးနိုင်ဖို့ အကြောင်းအချက်တွေ ခိုင်လုံရမယ်။ အခုနေတော့ ဦးမော်မော်ကိုဖြစ်ဖြစ် ဦးကျော်ကျော်ကိုဖြစ်ဖြစ် ဖမ်းဆီးစစ်ဆေးနိုင်စရာ အကြောင်းအချက် ကျုပ်မှာခိုင်ခိုင်လုံလုံ ဘာမှမရှိသေးဘူး။ ရှာတုန်းဖွေတုန်းပဲ ဆိုပါတော့။ ဒါကြောင့် ခိုင်ခိုင်မာမာ ဖမ်းဆီးနိုင်တဲ့ လှိုင်ဘွားကို ဖိရှာနေရတာ"

"အင်းပေါ့လေ ... ဦးမင်းဆွေအနေနဲ့ကတော့ ဥပဒေဘောင်အတွင်းက လုပ်ဆောင်နေရတာကိုး ကျွန်တော်သဘောပေါက်ပါတယ် ဦးမင်းဆွေ"

"ဒါထက် ကိုဇေယျာအောင် နက်ဖြန် တောင်ငူကို သွားဖြစ်သလား"

"သွားဖြစ်ပါတယ်"

"ကောင်းတယ် ... ခင်ဗျားထောင်ကျသက်မင်းနဲ့ တွေ့ပြီးရင် သတင်းထူးတွေ ရလာနိုင်တယ်။ အထူးသဖြင့် သူ့ညီမလေး နွေနွေနဲ့ လက်ထပ်မယ့်လူမှန်း သိတာနဲ့ သက်မင်းက အမှန်တွေ ဖွင့်ပြောမှာ။ ကျုပ်တို့စစ်ဆေးရင်တောင် သူမပြောသင့်ဘူး ထင်တာမျိုးကျရင် ထိန်ချန်ထားမှာ။ အခုကော ... ခင်ဗျား ပဲခူးသွားတော့မလို့လား၊ ခုနဖုန်းပြောတဲ့ ခင်ဗျားတပည့်က ခင်ဗျား အပြင်ထွက်ဖို့ အဝတ်လဲနေတယ်ပြောလို့"

"ကျွန်တော် ပဲခူးသွားရင်း ကိုခင်မောင်ဝင်းရဲ့ အမေနဲ့



ညီမအိမ်ကိုဝင်ပြီး အကျိုးအကြောင်း သတင်းရသလောက် ဝင်မေးမယ်လို့ စိတ်ကူးထားတယ် ဦးမင်းဆွေ"

"ဟာ ... ဒါဆို ... ဒီနေ့တော့ ဒေါ်မေစီအိမ်ကို ခင်ဗျားမသွားနဲ့။ နက်ဖြန် ကွယ်လွန်သူသူ့သား ခင်မောင်ဝင်းအတွက် ရက်လည်ဆွမ်းကျွေးတဲ့နေ့လေ။ ဒီကနေ့ထဲက ဒေါ်မေစီအိမ်မှာ ရက်လည်ဆွမ်းကျွေးဖို့အတွက် ချက်ကြပြုတ်ကြနဲ့ လူစုံနေတယ်။ ဧည့်သည်တွေလဲ ရှိနေမယ်။ ခင်ဗျား တောင်ငူက ပြန်လာပြီးမှ သွားတွေ့ဖို့ ကောင်းတယ်"

"ဟုတ်လား။ အဲဒါ ကျွန်တော်သတိမထားမိလိုက်ဘူး ဒါဆို ... တောင်ငူက ပြန်လာမှပဲ။ ဒေါ်မေစီနဲ့သူ့သမီး လွင်လွင်စီကို သွားတွေ့တော့မယ်"

ဦးမင်းဆွေနှင့် ဤမျှပြောဆိုပြီးနောက် ဇေယျာအောင် ပဲခူးသို့ ထွက်လာခဲ့ပေတော့သည်။

❀ ❀ ❀

## (၃၄)

"ကိုကိုသက် ... နေကောင်းတယ်နော်"

"ဟင် ... ညီမလေး မိနွေ ... နင် ငါ့ဆီလာတယ် ဘာလို့လာသလဲ ... ငါ မလာနဲ့လို့ မှာထားသားနဲ့ ... ယောင်ဆိုတာ ... ညီမလေးတို့ မေမေတို့ လာအပ်တဲ့နေရာမှမဟုတ်တာ။ မေမေကောဟင် ... မေမေ ဘာဖြစ်လို့လဲ ... ဘာလို့ ငါ့ဆီနင်လိုက်လာတာလဲ မိနွေ"

"မေမေ ဘာမှမဖြစ်ဘူး၊ အသားတွေ နိုပြည်ပြီး မေမေ ဝတောင်လာသေးတယ် ကိုကိုသက်"

"ဒါဆို ... ဘာလို့ လိုက်လာတာလဲ မိနွေ"

ကိုသက်မင်းသည် အထဲမှပြောရင်း နွေနွေ့ဘေးတွင် ရပ်နေသည့် ဖေယျာအောင်အား စောင်းငဲ့ကြည့်လိုက်သည်။ သူ့ညီမလေး နွေနွေနှင့် အတူလာသူမို့ အကဲခတ်ကြည့်သော မျက်လုံးမျိုးဖြင့် ကြည့်လိုက်ခြင်း ဖြစ်ပါ၏။



ဖေယျာအောင်ကလည်း နွေနွေ၏အစ်ကို ကိုသက်မင်းကို အကဲခတ်ကြည့် မျက်လုံးဖြင့်ပင် ပြန်ကြည့်သည်။

နွေနွေကဲ့သို့ပင် ဥပဓိရုပ်သန့်ပါ၏။

မနေ့က မနက်ပိုင်း မွန်းမတည့်မီ ဖေယျာအောင် ပဲခူးသို့ ရောက်ပါ၏။

ပဲခူးတွင် အခြေအနေအားလုံး ကောင်းမွန်နေသေးသည်။ မနွေလေး စားတန်းထဲရှိ ခြံကြီးနှင့်တိုက်အိမ်ကြီးကို တရားဝင် ရှေ့နေနှင့် ဒေါ်စောမာလာအား ဘိုးဘိုးကလွှဲပြောင်းပေးသည်။ ကာလတန်ကြေးဆိုလျှင် ယင်းအမွေရခြံနှင့်တိုက်အိမ်ကြီးသည် သိန်းနှစ်ရာလောက် ရနိုင်သည်ဟု ရှေ့နေအကျိုးဆောင်ကြီးက ပြောပြသည်။

စောမာလာ၏ဖခင် ဦးသက္က အပ်ထားခဲ့သည့် ရွှေ စိန် ပတ္တမြား စသည့် လက်ဝတ်ရတနာယွန်းသေတ္တာလေးကိုလည်း ဘိုးဘိုးက မှုရင်းမပျက် တရားဝင် ဒေါ်စောမာလာလက်သို့ အပ်သည်။

"ဖွင့်ပြီး စစ်ဆေးကြည့်ပါဦး စောမာလာ။ နင့်အမေရဲ့ ပစ္စည်းတွေဆိုတော့ နင်အားလုံး မှတ်မိလောက်တယ်။ ကြည့်စမ်း ... အပို ... အလိုတွေ ရှိနေသလားဆိုတာ"

"ဘဘခက်ကို ဖေဖေကိုယ်တိုင်က အရမ်းယုံကြည်ပြီး လွှဲအပ်သွားတာပဲဘဘခက်။ ကျွန်မ ဘာမှပြန်ကြည့်ဖို့မှ မလိုတာ။ နောက်ပြီး ... ကျွန်မက မျက်စိမှ မကောင်းတာ။ ကျွန်မအနေနဲ့ ဒါတွေကို စိတ်ဝင်စားလှတယ်လည်း မဟုတ်တော့ဘူး ဘဘခက်။ အားလုံး

နွေနွေပဲ ယူပါစေ။ သမီးလေးအရွယ်ရှိတုန်း ဝတ်ပါစေ၊ နွေနွေဟာ ဒီအရွယ်အထိ မေတ္တာတော်ခဲ့သူလေးပါ။ အဘိုးအဘွားရဲ့ နာမည်ကိုတောင် မသိရှာခဲ့ပါဘူး၊ နောက်ပြီး ... အပျိုအရွယ်လေး ဖြစ်လာတဲ့အချိန်ကစပြီး ရွှေ စိန် ပတ္တမြား ဝတ်နိုင်ဖို့ဖေလို့ အဝတ်အထည်ကောင်း သူများတန်းတူမဝတ်ခဲ့ရပါဘူး ဘဘခက်။ ဒါတွေအားလုံး သမီးလေးနဲ့ သားအတွက် ကျွန်မ လက်ခံတာပါ"

ဘဏ်တွင် အပ်ထားသည့် ငွေတွေကိုလည်း ဘိုးဘိုးက ဒေါ်စောမာလာ နာမည်နှင့် လွှဲပြောင်းပေးသည်။ ၎င်းဘဏ်ငွေတွေကိုတော့ သားကြီးမောင်သက်မင်း ထောင်က လွတ်လျှင် သားကြီးနာမည်သို့ ပြန်လည်လွှဲပြောင်းပေးမည်ဟုလည်း ဒေါ်စောမာလာက ပြောပါ၏။

ထိုနေ့ ထိုညက ဖေယျာအောင် ပဲခူးက ဘိုးဘိုးအိမ်မှာပင် ညအိပ်သည်။ ဘိုးဘိုး၏ပဲခူးတိုက်အိမ်နှင့် ခြံကြီးမှာ ကြီးမားကျယ်ဝန်းသဖြင့် အိမ်ထဲခြံထဲမှာပင် လူတွေ ပျောက်နေသည်။

ဒေါ်စောမာလာသည် အချိန်ရှိသရွေ့ အိပ်ချိန် စားချိန်မှလွဲပြီး ဘုရားခန်းထဲဝင်ကာ ပုတီးစိတ် တရားမှတ်ခြင်းကိုသာ ပြုမူနေသည်။

ဘိုးဘိုးကတော့ အချိန်ရှိသလောက် သူ့ခြံထဲဆင်းကာ တလှုပ်လှုပ်နှင့် တစ်ခုခု လုပ်နေတတ်သည်မှာ နဂိုအကျင့်။ ဒီအရွယ်တိုင်အောင် ဘိုးဘိုးက လေ့ကျင့်ခန်းမဟုတ်



စေကာမူ ဗျာရိယာပုဒ်မျှအောင် ကိုယ်လက်လှုပ်ရှားမှု အမြဲလုပ်ပေသည်။

ဒီတော့လည်း ပဲခူးအိမ်ကြီးတွင် ချစ်သူနှစ်ဦး နွေနွေနှင့် ဖေယျာအောင်မှာ လွတ်လပ်ပါ၏။

ချစ်ကြပြီ ဆိုတော့လည်း ချစ်သူအား အမွှေ့အပိုက် အနမ်း အရှုံ့လေးတွေ ရှိစမြဲသာ။ သဘာဝမြဲသာ။

သို့သော် ... ဖေယျာအောင် သူ့ကိုယ်သူ ထိန်းနိုင်စွမ်း ရှိပါ၏။ နွေနွေကလည်း သူမကိုယ်ကို တန်ဘိုးထားထိန်းသိမ်းစိတ်လေး ရှိပါ၏။

တရားဝင် လက်ထပ်သောနေ့ကျမှပင် သူတို့၏အပျိုလူပျိုဘဝကို အပြီးအပိုင် စွန့်လွှတ်မည်ဟုလည်း ဆုံးဖြတ်ချက်ချင်း တူညီပါ၏။

နောက်နေ့ နံနက်စောစောပင် ဖေယျာအောင်၏ကားဖြူကြီးဖြင့် ဖေယျာအောင်နှင့် နွေနွေတို့နှစ်ယောက် အတူမောင်းကာ တောင်ငူသို့ လာခဲ့ကြခြင်း ဖြစ်တော့သည်။

စုံထောက်အရာရှိ ဦးမင်းဆွေက တင်ကြိုဖုန်းဆက်အကြောင်းကြားထားသဖြင့် တောင်ငူရဲစခန်းမှလည်း ဖေယျာအောင်အား ကူညီသည်။ ထောင်အကြီးအကဲများကလည်း ကိုသက်မင်းနှင့် သီးသန့်တွေ့ဆုံ စကားပြောခွင့်ပေးပေသည်။

ကိုသက်မင်းက ဖေယျာအောင်အား အကဲခတ်ကြည့်ရှုနေပြီမို့ နွေနွေကဝင်၍ မိတ်ဖွဲ့စကား ပြောလိုက်သည်။

"အဲဒါ ... အစ်ကို ဖေယျာအောင်ပဲ ကိုကိုသက်။

ကိုခင်မောင်ဝင်းကို ကယ်တင်ပြီး ဆေးရုံအရောက် ပို့ပေးသူဝ ဟုအ...ပြီး နွေနွေသည် ကိုခင်မောင်ဝင်းအား ထောက်ကြ... အ... လူဆိုးတွေက နှိပ်စက်သည်ကို ဇေယျာအောင် ဝင်ကယ် သည်မှပြီး ယခုရောက်ရှိနေသော နောက်ဆုံးအခြေအနေ အားလုံးကို သူမ၏ကိုကိုသက်အား တစ်ခွန်းမကျန် အားလုံး ပင် ပြောပြလိုက်တော့သည်။ ခပ်သွက်သွက်လေး ချုံး၍ပြော သည်ပင် တစ်နာရီလောက် ပြောရပေသည်။

"ဟာ ... ဒါဆို ကိုဇေယျာအောင်ဟာ ညီမလေး မမေရဲ့ တကယ့်ကျေးဇူးရှင်ပဲ ... ကျေးဇူးတင်တယ် ဗျာ ... အရမ်းကြီးကို ကျေးဇူးတင်တယ်။ အထူး ဖြင့် ကျွန်တော်ထောင်ကျပြီး ခင်မောင်ဝင်းသေဆုံးသွား တဲ့နောက် အားကိုးမဲ့ မေမေနဲ့ ညီမလေးအပေါ် စေတ မေတ္တာအပြည့်နဲ့ ကူညီတာကို အရမ်းလှိုက်လှိုက်လှဲ ကြီးကို ကျေးဇူးတင်တာပါဗျာ ... နောက်ပြီး ညီမ နဲ့ကိုဇေယျာအောင် တကယ်မေတ္တာရှိကြပြီး လက်ထ ကြမယ်ဆိုတာလဲ ကျွန်တော့်အဖို့ တကယ့်မင်္ဂလ သတင်းပဲ။ ညီမလေး ကံသိပ်ကောင်းသွားတာပေါ့ဗျာ ညီမလေးအတွက် ကျွန်တော်စိတ်ချသွားပြီ ပျော်သွာ ပြီ။ ကွန်ဂရက်ကျူးလေးရှင်း ကိုဇေယျာအောင်"

ယောက်ဖလောင်းနှင့် ဇေယျာအောင် လက် နှုတ်ဆက်ကြပေသည်။

"ကဲ ... ကိုသက်မင်းလည်း အကြောင်းစုံ သိရပြီ အခု နွေနွေလိုက်လာတာကတော့ အစ်ကိုကို တွေ့



လွှန်းလို့ပဲ။ ကိုသက်မင်းက ထောင်မှာလာမတွေ့နဲ့လို့ မှာထားလို့ နွေနွေက မလိုက်ခဲ့ဘူး၊ ကျွန်တော် အတင်း ခေါ်လာတာ၊ အတင်းခေါ်လာရတဲ့ အကြောင်းကတော့ သေဆုံးသွားတဲ့ ကိုခင်မောင်ဝင်းနဲ့ ပတ်သက်ပြီး ကျွန် တော်သိချင်တာတွေ ရှိနေတယ်။ ကျွန်တော် သိချင် တာတွေ အားလုံး သိရမှလည်း ရန်သူကို ရှင်ဆိုင် အပြတ်ရှင်းနိုင်မှာ မဟုတ်လား။ ဒီကောင်တွေကို ရှင်းပစ်နိုင်မှ ကျွန်တော်နဲ့ နွေနွေရဲ့ မင်္ဂလာကိစ္စရော ဒေါ်ဒေါ်နဲ့ နွေနွေ နောက်ပိုင်းအန္တရာယ် အေးဆေးဖို့ ရော အချက်ပဲဗျာ။ ကျွန်တော် ရန်ကုန်ရဲ့စုံထောက် အဖွဲ့နဲ့ ညှိနှိုင်းပြီး လုပ်ဆောင်နေတာပါ။ ကိုသက်မင်း ယုံယုံကြည်ကြည်နဲ့ ဖွင့်ပြောဖို့က နွေနွေ ကိုယ်တိုင် လိုက်လာပြီး ပြောပြမှ ယုံကြည်မှာမို့ နွေနွေ့ကို တမင်ခေါ်လာခဲ့တာပါ"

"ဒါဆို ... ကိုဇေယျာအောင် သိချင်တာတွေ မေးလေ။ ကျွန်တော် ဖြေနိုင်တာမှန်သရွေ့ ဖြေမယ်"

"ပဏ္ဍမြားညီနောင်ဆိုတာ ဘာလဲ။ သူ့ရာဇဝင်ကြောင်း က ဘာတွေလဲ။ လှိုင်ဘွားတို့အဖွဲ့က ဘာကြောင့် ပဏ္ဍမြားညီနောင်နောက်ကို သဲကြီးမဲကြီး လိုက်နေတာ လဲ ကိုသက်မင်း"

ကိုသက်မင်းက ရုတ်တရက် မဖြေပေ။ အတန် ကြာအောင် စဉ်းစားတွေဝေနေပြီးမှ ပြန်လည်ပြောကြားပါ၏။

"အင်း ... အခု ကိုဇေယျာအောင်မေးတဲ့ မေးခွန်းတွေကို

ဒီပြင်လူတစ်ယောက်ဆိုရင် ဘယ်လောက်အာဏာရှိတဲ့ လူဖြစ်ဖြစ်၊ ဒါမှမဟုတ် ကျွန်တော့်လည်ပင်းကို ဓား ထောက်လို့ဖြစ်ဖြစ်၊ နားထင်ကို သေနတ်ပြောင်းတေ့ ပြီး မေးတာဖြစ်ဖြစ်၊ သတ်ချင်သတ်ပစ်လိုက်၊ မသိဘူး လို့ပဲ ကျွန်တော်ဖြေမှာပဲ။ အခု ကိုဇေယျာအောင်ကျ တော့ မေမေနဲ့ ညီမလေးရဲ့ တကယ့်ကျေးဇူးရှင်လဲ ဖြစ်နေတယ် ညီမလေးနဲ့လက်ထပ်ပြီးတာနဲ့ ကိုဇေယျာ အောင်ဟာ ကျွန်တော်တို့ရဲ့မိသားစုစာရင်းဝင်ဖြစ်မယ့် လူဆိုတော့ ကျွန်တော် အားလုံးပြောပြပါ့မယ်"

ကိုသက်မင်းက ဆက်၍ ပြောပြပါ၏။

"ခုနု ကိုဇေယျာအောင် မေးတဲ့ မေးခွန်းတွေကတော့ အများကြီးပေါ့လေ ဒါပေမယ့် … ကျွန်တော်က အစ ကနေပြီး အဆုံးအထိပြောပြီးတာနဲ့ ကိုဇေယျာအောင် မေးသမျှ မေးခွန်းတွေရဲ့အဖြေဟာ အလိုလိုပါသွားပြီ သား ဖြစ်မှာပါ"

"ဒီလိုဗျ … ပတ္တမြားညီနောင်ဆိုတာ အင်မတန် အင် မတန် အရည်အသွေးကောင်းတဲ့ ပတ္တမြားသုံးလုံးပဲ"

"သုံးလုံးဟုတ်လား။ ညီနောင်ဆိုတော့ ကျွန်တော်က နှစ်လုံး၊ နှစ်ခုလို့ပဲ ထင်နေတာ"

"ယေဘုယျအားဖြင့်တော့ ညီနောင်ဆိုရင် နှစ်ယောက် နှစ်ခုလို့ ယူဆကြတာပေါ့လေ၊ ဒါပေမယ့် … ညီအစ်ကိုဆိုတာ သုံးယောက်လည်း ရှိတာပဲ၊ လေးယောက် ငါးယောက်လည်း ရှိတာပဲ။ ပတ္တမြားညီနောင်လို့



ခေါ်တာကတော့ ယောကျ်ားတစ်ယောက်ရဲ့ လက်မ လက်သည်းခွံလောက် အရွယ်ရှိတဲ့ အရွယ်ညီတူ၊ အသွေးညီတူ ပတ္တမြားသုံးလုံးမို့ ပတ္တမြားညီနောင်လို့ ကင်ပွန်းတပ်တဲ့ သဘောပဲ၊ အဲဒီပတ္တမြားညီနောင် တကယ်ပိုင်ဆိုင်တဲ့ မူရင်းပုဂ္ဂိုလ်ကတော့ မုံရွာမြို့က ဦးကျော်ကျော်ဆိုတဲ့ လူပဲ"

"ဪ … ပိုင်ရှင်အစစ်က မုံရွာက ဦးကျော်ကျော်လား"

"ဟုတ်တယ် … အဲဒီ ဦးကျော်ကျော်မှာ ဦးမော်မော် ဆိုတဲ့ ညီအရင်းတစ်ယောက် ရှိတယ်၊ အဲဒီညီဖြစ်တဲ့ ဦးမော်မော်က လူဆိုးပဲ"

"ဦးမော်မော်တို့ မိသားစုကို ကျွန်တော် ဘောက်ထော် ပြည်တော်အေးလမ်းက ခြံနံ့တိုက်အိမ်မှာ တွေ့ခဲ့ဖူး တယ် ကိုသက်မင်း"

"ကျွန်တော်ဆက်ပြီး ပြောပြသွားမယ်၊ ကျွန်တော် ပြောပြတဲ့အထဲက ကိုဇေယျာအောင် တွေ့ကြုံခဲ့တာတွေ နဲ့ ဆက်စပ်ကြည့်ပေါ့။ အဲဒီပတ္တမြားညီနောင်သုံးလုံး ဟာ ဦးကျော်ကျော်က မိဘဘိုးဘွား လက်ထက်က တည်းက အစဉ်တစိုက် အမွေဆက်ခံလာတာလို့ ဦးကျော်ကျော်က ပြောတယ်။ အဲဒီမှာ ညီဖြစ်တဲ့ ရန်ကုန်က ဦးမော်မော်က အဲဒီသွေးညီနောင်ပတ္တမြား သုံးလုံးမှာ သူလည်းအမွေဆိုင်တယ်လို့ ပြောလာတယ်၊ အရေးဆိုလာတယ်"

"သူတို့က ညီအစ်ကိုအရင်းပဲ … အမွေဆိုင်တယ်ဆို

တာ ဟုတ်မလားပဲ ကိုသက်မင်း"

"အင်း ... မုဒုံက ဦးကျော်ကျော်ရဲ့ အပြောကတော့ သူတို့မိဘတွေ ဆုံးသွားစဉ်က အမွေခွဲရာမှာ ပတ္တမြား ညီနောင်သုံးလုံးကို တန်ဖိုးဖြတ်ပြီး အဲဒီတန်ဖိုးအတိုင်း ထက်ဝက်ကို ရန်ကုန်က ညီဖြစ်တဲ့ ဦးမော်မော်ကို အမွေခွဲရာမှာ ပေးခဲ့ပြီးသားမို့ ဦးမော်မော်နဲ့ လုံးဝ မသက်ဆိုင်တော့ဘူးလို့ ပြောတယ်။ ထားပါလေ ... ဒါတွေကတော့ သူတို့ညီအစ်ကိုကိစ္စပဲ။ သူတို့ညီအစ်ကို ရဲ့ပြဿနာပဲ။ အဲ ... မုဒုံက ဦးကျော်ကျော်မှာ ကျော့ကေသီဆိုတဲ့ သမီးတစ်ယောက်ရှိတယ်။ အဲဒီ ကျော့ကေသီနဲ့ ခင်မောင်ဝင်းက ချစ်သူတွေလေ"

"ဟာ ... ကိုခင်မောင်ဝင်းမှာ တက္ကသိုလ်ရိပ်သာလမ်း ထဲက သီဂီဆိုတဲ့ချစ်သူ ရှိနေတာပဲ ကိုသက်မင်း"

ကိုသက်မင်းက ပြုံးရုံမက ရယ်ပင်ရယ်လိုက် သေးသည်။

"ဟဲ ... ဟဲ ... ဒီဘက်မှာတော့ ကိုခင်မောင်ဝင်းက မြသိပ်စွဲတယ်လို့ ပြောရမလားပဲ။ မုဒုံဘက်မှာ ကျွန် တော်က မှောင်ခိုလုပ်ခဲ့တယ်လေ။ ကျွန်တော် လုပ်တာ ကတော့ မုဒုံကနေ ချောင်းနှစ်ခွကိုသွား။ အဲဒီကတစ် ဆင့် နယ်စပ်ကို ဆင်းပြီး သာမန်မှောင်ခိုသမားလောက် ပါ။ အဲ ... ကိုခင်မောင်ဝင်းကတော့ မှောင်ခိုအထည် ကြီးသမားလေ။ ကိုခင်မောင်ဝင်း ကိုယ်တိုင်က တွင်း ထွက်ကျောက်မျက်ရတနာ အမျိုးမျိုးကို အရည်အသွေး



ကြည့်ပြီး ရာဖြတ်နိုင်တဲ့ အထိ ကျွမ်းကျင်တယ်။ ဦးကျော်ကျော်ရဲ့သမီး ကျော့ကေသီနဲ့ ချစ်သူတွေ ဖြစ်သွားတော့ ကျော့ကေသီက ခင်မောင်ဝင်းဟာ ကျောက်မျက်ရတနာမှာ သိပ်ကျွမ်းကျင်မှန်း သိသွား တယ် ...

"အဲဒီအချိန်မှာပဲ ရန်ကုန်က ညီဖြစ်တဲ့ ဦးမော်မော်ဟာ မုဒုံက အစ်ကိုဦးကျော်ကျော်ကို ပတ္တမြားညီနောင်နဲ့ ပတ်သက်ပြီး အကျပ်ကိုင်ပြီလေ။ ခွတ်လုပ်မဲ့ အရိပ် အရောင်တွေ ရှိလာတယ်။ ပတ္တမြားညီနောင်သုံးလုံးကို ဇန်ကောက်မှာရှိတဲ့ သူ့သားအကြီး ပီတာဆီကိုဖြစ်ဖြစ် စင်ကာပူမှာရှိတဲ့ သူ့သားအငယ် သောမတ်(စ်)ဆီကို ဖြစ်ဖြစ် ပို့ပေးမယ် ...။ ရောင်းရသမျှ ငွေကို ထက်ဝက် ခွဲ သူယူမယ်လို့ ဦးမော်မော်က အရေးဆိုလာတယ်။ ဦးမော်မော်က ရန်ကုန် ရွှေဘုံသာလမ်းထဲမှာ ဖွင့်ထား တဲ့ ရွှေဆိုင်လည်း ရှိနေတော့ ပတ္တမြားညီနောင်ကို နိုင်ငံခြားထုတ်ပေးနိုင်တယ်လို့လဲ ပြောလာတယ် ...

"ဦးကျော်ကျော်က သူ့ညီဦးမော်မော်ကို အယုံအကြည် လဲမရှိဘူး။ အမွေခွဲဝေပြီးသားမို့ ထပ်ပြီးလဲ မပေးချင် ဘူး။ သူ့ညီဦးမော်မော်ဟာ လူဆိုးတပည့် လူမိုက်တွေ မွေးထားပြီး ဒုစရိုက်လုပ်နေမှန်းလည်း မုဒုံက အစ်ကို ဦးကျော်ကျော်က သိထားတော့ သူ့ညီ ဦးမော်မော်ကို လန့်တယ်။ ဒါနဲ့ နောက်ဆုံး သမီးကျော့ကေသီရဲ့ ချစ်သူ ခင်မောင်ဝင်းကို ပတ္တမြားညီနောင်သုံးလုံးဟာ

ဘယ်လောက် တန်ကြေးရှိလဲလို့ ရာဖြတ်နိုင်းတယ်။ ခင်မောင်ဝင်းကကြည့်ပြီး နိုင်ငံခြားမှာဆိုရင် အများဆုံး ပတ္တမြားတစ်လုံးကို သိန်းတစ်ထောင်နှုန်းနဲ့ သုံးလုံးကို သိန်းသုံးထောင်လောက် ရနိုင်တယ်လို့ ရာဖြတ်တယ်"

"အာပါးပါး ... နည်းနည်းနောနော တန်ဖိုးမှမဟုတ်တာပဲ ကိုသက်မင်း"

"ဒါပေါ့ ... ဒါကြောင့်လဲ ... ပတ္တမြားညီနောင်နဲ့ပတ်သက်ပြီး အသည်းအသန် ဖြစ်ကြတာပေါ့။ နောက်ဆုံးတော့ သမီးကျော့ကေသီရဲ့ချစ်သူ ခင်မောင်ဝင်းကို သိန်းသုံးထောင်လောက်ရအောင် သွားထုတ်ပေးမလားလို့ ဦးကျော်ကျော်က ဆက်သွယ်တယ်။ ကျော့ကေသီကိုယ်တိုင်ကလဲ ခင်မောင်ဝင်းကို ယုံကြည်တယ်လေ။ သူတို့သားအဖက သူ့ကို ယုံယုံကြည်ကြည်နဲ့ လုပ်ခိုင်းတော့ ခင်မောင်ဝင်းက လုပ်ငန်းသဘောအရ ပတ္တမြားညီနောင်သုံးလုံး ရောင်းရတဲ့ငွေမှာ သူ့ကို နှစ်ဆယ်ရာခိုင်နှုန်း ပေးပါလို့ တောင်းတယ်။ သိန်းသုံးထောင်နဲ့ ရောင်းရရင် ခင်မောင်ဝင်းအဖို့ သိန်းခြောက်ရာရမယ်။ ဒီထက်ရောင်းရငွေ နည်းရင်လဲ ခင်မောင်ဝင်းကို နှစ်ဆယ်ရာခိုင်နှုန်းနဲ့ တွက်ပေးဖို့ နှစ်ဦးသဘောတူလိုက်ကြတယ်။ အဲဒီမှာတင် ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက ကတ္တီပါ အနက်ရောင်ရှူ့အိတ်လေးနဲ့ ထည့်ထားတဲ့ ပတ္တမြားညီနောင်သုံးလုံးကို ခင်မောင်ဝင်း လက်ထဲ ဦးကျော်ကျော်တို့ သားအဖ



က အပ်လိုက်တယ်"

"ဦးကျော်ကျော်က ကိုခင်မောင်ဝင်းကို ယုံကြည်တာ မရဲလွန်းဘူးလား ကိုသက်မင်း"

"ဟာ ... ခင်မောင်ဝင်းက ဒါမျိုးတော့ သိပ်စိတ်ချရတဲ့ လူစားမျိုးပဲ။ ဘယ်လောက်တန်ဖိုးရှိရှိ သူတောင်းတဲ့ နှုန်းအတိုင်းရရင် စိတ်ချရအောင် အရှမ်းသစ္စာရှိတဲ့ လူစားပဲ။ သမီးကျော့ကေသီနဲ့လဲ ပတ်သက်နေတော့ ပိုပြီး ယုံကြည်စိတ်ချတယ်ပေါ့ဗျာ။ ပတ္တမြားညီနောင်သုံးလုံးကို လက်ခံပြီးတဲ့နောက် ကျွန်တော်နဲ့ ခင်မောင်ဝင်း တွဲဖက်လုပ်ကြတယ်။ ကျွန်တော့်ကိုတော့ ပတ္တမြားညီနောင်တွေ ရောင်းရတဲ့ တန်ဖိုးငွေပေါ်မူတည်ပြီး အနည်းဆုံး သိန်းသုံးဆယ် အများဆုံး သိန်းငါးဆယ် ပေးမယ်လို့ ခင်မောင်ဝင်းက ကတိပေးတယ်။ ကျွန်တော်ကလဲ ကျေကျေနပ်နပ် သဘောတူခဲ့တယ်၊ အနည်းဆုံး သိန်းသုံးဆယ်ရတောင် မေမေနဲ့ ညီမလေးကို ကျွန်တော်လူရာဝင်အောင် ကောင်းကောင်းမွန်မွန် ထားနိုင်ပြီလေ။ ဒါနဲ့ပဲ ... ပတ္တမြားညီနောင်သုံးလုံးကို မှုံ့ဒုံ့ကနေပြီး ရန်ကုန်ကို ယူလာခဲ့တယ်။ ရန်ကုန်ရောက်တော့ ခင်မောင်ဝင်းက ကျွန်တော့်အိမ်ဝင်တယ်။ ပတ္တမြားညီနောင် ထည့်ထားတဲ့ ကတ္တီပါအိတ်အနက်ဟာ သဲလွန်စ ဖြစ်နိုင်တယ်ဆိုပြီး ကတ္တီပါအိတ်အနက်ထဲက ပတ္တမြားသုံးလုံးကို ထုတ်ယူပြီး ကတ္တီပါအိတ်လေးကို ဒီအတိုင်း ကျွန်တော့်အိမ်မှာ

ထားခဲ့လို့ ကျွန်တော်က သေတ္တာထဲ ကောက်သိမ်းထားလိုက်တယ်"

"အဲဒီနောက် ပတ္တမြားညီနောင် ရောင်းဖို့ကျတော့ကော ကိုသက်မင်းနဲ့ ကိုခင်မောင်ဝင်းတို့ ဘာဆက်လုပ်ကြသလဲ"

"တန်ဖိုးက သိပ်ကြီးမားလွန်းနေတော့ ဖြန်းခနဲရောင်းဖို့မလွယ်ဘူး။ နိုင်ငံခြား အဆက်အသွယ်ကို ရန်ကုန်မှာ အနံ့လိုက်ရှာနေရတော့ ပြည်ပကို မသွားနိုင်သေးဘူး ...

"အဲဒီမှာတင် မုဒုံက အစ်ကို ဦးကျော်ကျော်ဟာ ပတ္တမြားညီနောင် သုံးလုံးကို ခင်မောင်ဝင်းလက်ထဲကို အပ်လိုက်ပြီဆိုတဲ့ သတင်း ရန်ကုန်က ညီဖြစ်တဲ့ ဦးမော်မော် သိသွားတယ်။ အဲဒီအချိန်ကစပြီး ဦးကျော်ကျော်ဟာ သူ့တပည့် လှိုင်ဘွား မြွေဟောက်အဖွဲ့ကို ခင်မောင်ဝင်းဆီက ပတ္တမြားညီနောင် ပြန်ရဖို့ လိုက်နိုင်းတာပဲ ကိုဧယျာအောင် ...။ အဲဒီက စလာတဲ့ ဇာတ်လမ်းပဲ။ တစ်ချိန်မှာ လှိုင်ဘွားအဖွဲ့နဲ့ ကျွန်တော်တို့ ရင်ဆိုင်တွေ့ပြီး အတိုက်အခိုက်တွေ ဖြစ်တယ်။ သတ်ပုတ်ရင်း ကျွန်တော်က လှိုင်ဘွားကို ဓားနဲ့ထိုးလိုက်တယ်။ အဲဒီ ဓားထိုးမှုနဲ့ လှိုင်ဘွားက ကျွန်တော့်ကို ထောင်ကျအောင် ထောင်ချလိုက်တာပဲ။ ကျွန်တော့်ကို တမင်ထောင်ကျစေတာကလဲ ကိုခင်မောင်ဝင်းနဲ့ ကျွန်တော် ပူးတွဲဆောင်ရွက်နေတာကို လှူခွဲပစ်လိုက်



တဲ့သဘောပဲ"

"ဒါဆို ... ပတ္တမြားညီနောင်သုံးလုံးဟာ ကိုခင်မောင်ဝင်းသေသွားတဲ့ အချိန်ထိ ကိုခင်မောင်ဝင်းဆီမှာပဲ ရှိနေတယ်လို့ ယူဆရမှာပေါ့ ကိုသက်မင်း"

"ယူဆစရာမဟုတ်ဘူး ကိုဧယျာအောင် ... အခု ... ကိုဧယျာအောင် ပြောပြခဲ့သလောက်ဆိုရင် လှိုင်ဘွားတို့လက်ထဲ ပတ္တမြားညီနောင် ရကို့မရသေးလို့ ဒီကောင်တွေ သဲကြီးမဲကြီး လိုက်နေတာကိုထောက်ရင် ပတ္တမြားညီနောင်သုံးလုံးဟာ ကိုခင်မောင်ဝင်း လက်ထဲမှာပဲ ရှိနေတယ်ဆိုတာ သေချာတယ်"

"ဒါပေမယ့် ... ကိုခင်မောင်ဝင်းကို နောက်ဆုံးကယ်တင်ခဲ့တဲ့လူဟာ ကျွန်တော်ပဲ ကိုသက်မင်း၊ သူ့ကိုယ်ထဲမှာ ထည့်ထားသမျှ ပစ္စည်းတွေ၊ မော်တော်ဆိုင်ကယ်မှာ တွေ့သမျှပစ္စည်းတွေအားလုံး ထောက်ကြန့်ရဲစခန်းမှာ စာရင်းအတိအကျနဲ့ ကျွန်တော်အပ်ခဲ့တာပဲ၊ ဒီအပ်တဲ့အထဲမှာ ဘာပတ္တမြားတစ်လုံးမှ မပါဘူး"

"အင်း ... စဉ်းစားစရာပဲ ကိုဧယျာအောင်"

"တကယ်လို့သာ ကိုခင်မောင်ဝင်းဟာ ပတ္တမြားသုံးလုံးကို တစ်နေရာရာမှာ ဝှက်ထားခဲ့တယ်ဆိုရင် အခုသူက သေဆုံးသွားပြီဆိုတော့ ဘယ်လိုမှ ဘယ်သူမှ ပတ္တမြားညီနောင်ကို ရှာဖွေဖော်ထုတ်နိုင်တော့မှာ မဟုတ်ဘူး ကိုသက်မင်း"

ကိုသက်မင်း တွေဝေငေးမော စဉ်းစားပြီးမှ

ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းပြလိုက်သည်။

"ခင်မောင်ဝင်းဟာ ကိုဖေယျာအောင်နဲ့ တွေ့တဲ့အချိန်မှာ အသက်မသေသေးတာ သေချာတယ်နော်"

"သိပ်ကို သေချာတယ်။ အင်းစိန်ဆေးရုံရောက်ပြီး နာရီပိုင်းတော်တော်ကြာတဲ့ အထိတောင် ကိုခင်မောင်ဝင်း အသက်ရှင်နေသေးတယ်"

"သူ့ကို ကိုဖေယျာအောင်က ကားနဲ့တင်ပြီး ဆေးရုံခေါ်သွားတဲ့ အချိန်မှာကော ခင်မောင်ဝင်းက ကိုဖေယျာအောင်ကို တစ်ခုခု မပြောဘူးလားဗျာ၊ သူ့ကိုယ်သူ မရတော့မှန်းသိရင် သူနဲ့ နောက်ဆုံးတွေ့ခဲ့တဲ့ လူကိုတော့ သူ တစ်ခုခုပြောခဲ့မယ်လို့ ကျွန်တော် တွက်တယ်လေ"

"အဲဒါတော့ ကျွန်တော့် အပြောရခက်တယ် ကိုသက်မင်း။ သူက ဒဏ်ရာနဲ့လူဆိုတော့ ကျယ်ကျယ်ဝန်း နေသာအောင် ကျွန်တော့်ကားရဲ့ နောက်ကုရှင်မှာ တင်ထားခဲ့တယ်။ ကျွန်တော်က ရှေ့ခန်းမှာ ကားမောင်းရင်းဆိုတော့ သူတစ်ခုခုပြောလဲ ကျွန်တော်ကြားချင်မှကြားမယ်။ တစ်ခုတော့ စဉ်းစားစရာရှိကယ်။ အင်းစိန်ဆေးရုံမှာ နောက်ဆုံး ကိုခင်မောင်ဝင်းက ဗူးဝေါဝေါလို့ ထပ်တလဲလဲ ပြောခဲ့တယ်ဆိုတော့ သူဟာ ပတ္တမြားညိုနောင်တွေကို ဦးကျော်ကျော် လက်ကို ပြန်ပေးလိုက်ပြီလို့ ပြောတာများလား။ သူပြန်အပ်ခဲ့ပြီး အပြန်မှာ လိုင်ဘွားတို့က သူ့ကို ရန်လုပ်တာမျိုးကော



မဖြစ်နိုင်ဘူးလား"

"သာမန်သဘော တွေးကြည့်ရင်တော့ ကိုဖေယျာအောင် ပြောတာ ဖြစ်နိုင်တယ်လို့ ပြောရမလားပဲ။ ဒါပေမယ့် ကျွန်တော်က ကိုခင်မောင်ဝင်း စိတ်ဓာတ်ကို အတွင်းသိ သေသေချာချာ သိနေတဲ့ လူဆိုတော့ ကိုခင်မောင်ဝင်းဟာ ပတ္တမြားညိုနောင် သုံးလုံးကို ဘယ်နည်းနဲ့မှ ဦးကျော်ကျော်လက်ထဲ ပြန်အပ်မှာ မဟုတ်ဘူးလို့ပဲ ယူဆတယ်၊ ပြောရဲတယ်"

"ဘယ်လိုကြောင့်လဲ ကိုသက်မင်း"

"ကိုခင်မောင်ဝင်းဟာ အလုပ်တစ်ခုကို လုပ်ပြီလက်ခံပြီဆိုရင် မလုပ်နိုင်တော့လို့ လက်လျှော့တာတို့ ရပ်ပစ်တာတို့ ဘယ်တော့မှ မရှိခဲ့ဘူး။ နောက်တစ်ချက် ဒီအလုပ်ဟာ သူ့အတွက် သိန်းခြောက်ရာကြီးတောင် ရမယ့်အလုပ်ပဲ။ ဘယ်ပြန်အပ်မလဲ... ဝေးဝေးပဲ ကိုဖေယျာအောင်"

"ဒါဆို ပတ္တမြားညိုနောင်သုံးလုံး ဘယ်လိုအစပျောက်သလဲ ကိုသက်မင်း"

"နေဦး... ခင်မောင်ဝင်းရဲ့ လုပ်နည်းလုပ်ဟန်နဲ့ လုပ်ကွက်လေးတွေ လုပ်သွားပုံကို သာဓကအဖြစ် ကျွန်တော် ကိုဖေယျာအောင်ကိုပြောမယ်။ ဥပမာ ဆိုကြပါစို့...။ ခင်မောင်ဝင်းဟာ အလုပ်ကိစ္စနဲ့ သွားရင်းလာရင်း သူ့မှာအန္တရာယ် နောက်ကပါလာတာမျိုး ကြုံလာရင် သူက အတင်းထွက်မပြေးဘူး။ ဟန်မပျက်ဆက်

သွားတယ်။ သူ့ရှေ့ကလာတဲ့ လူတစ်ယောက်ယောက်ကို သူနဲ့သိသိ၊ မသိသိ၊ အတင်းနှုတ်ဆက်တယ်။ အဲဒီလူက သူ့ကိုမသိလို့ အူကြောင်ကြောင် ဖြစ်နေရင် ကျိတ်ပြီး ကျွန်တော့်ကို ကူညီပါ၊ သိဟောင်းကျွမ်းဟောင်း မိတ်ဆွေကို ဆက်ဆံသလို ဆက်ဆံပေးပါလို့ တောင်းပန်ပြီး အနီးအနားမှာရှိတဲ့ လက်ဖက်ရည်ဆိုင်ဖြစ်ဖြစ် အအေးဆိုင်ဖြစ်ဖြစ် ဆွဲခေါ်သွားပြီး ဆိုင်က တစ်ခုခုမှာယူပြီး နှစ်ယောက်စားသောက်တယ်။ ဘေးအမြင်ကတော့ ရင်းနှီးခင်မင်တဲ့ မိတ်ဆွေတွေ့ကြတာလို့ ထင်မယ်။ ရန်သူကလည်း ဒီလိုထင်ပြီး အခွင့်မသာဘူးလို့ယူဆပြီး ပြန်သွားမှ ခင်မောင်ဝင်းက ကျေးဇူးသင့် သမ္မာချေရှင်းပြီး အဲဒီ သူဆွဲခေါ်တဲ့လူကိုလဲ အကျိုးအကြောင်း ရှင်းပြတောင်းပန်လေ့ ရှိတယ်"

"အင်း ... မဆိုးဘူးပဲ ... အတုတောင်ယူသင့်တယ်"

"နောက်တစ်မျိုး ရှိသေးတယ်။ သူ့ဆီမှာ ပစ္စည်းတစ်ခုခုပါလာပြီ ဆိုပါတော့ ယေဘုယျအားဖြင့်တော့ ခင်မောင်ဝင်းဆီမှာပါတဲ့ ပစ္စည်းဆိုတာ ကျောက်မျက်ရတနာ အထုပ်သေးသေးတွေပါ။ အဲဒါအတွက် နောက်က အန္တရာယ်တစ်ခုခု ပါလာပြီဆို အဲဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ သူ့အသိမိတ်ဆွေ တစ်ဦးဦးကို တွေ့လိုတွေ့ငြား ရှာကြည့်တယ်၊ တွေ့ရင် နှုတ်ဆက်ပြီး အဲဒီမိတ်ဆွေက ဘယ်လိုမှ မသိလိုက်ဘဲ သူ့အိပ်ထဲက ပစ္စည်းထုပ်ကို သူ့မိတ်ဆွေအိတ်ထဲ ထည့်လိုက်တယ်၊



နောက်ပြီးမှ အဲဒီမိတ်ဆွေအိမ်ကို လိုက်သွားပြီး သူထည့်လွှတ်လိုက်တဲ့ ပစ္စည်းထုပ်လေး ပြန်တောင်းယူတယ်။ အဲဒီမိတ်ဆွေဟာ အဲဒီတော့မှ သူ့အိပ်ကိုစမ်းပြီး အံ့သြတကြီးနဲ့ ပြန်ပေးရတာယ်"

"အဲဒီ ဝန်းကျင်မှာ အသိမိတ်ဆွေ တစ်ဦးဦးကို အသင့်မတွေ့ဘူး ဆိုရင်ကော"

"ဒါဆိုရင်တော့ လမ်းပေါ်မှာ ပြေးနေတဲ့ ဘတ်(စ်)ကားတစ်စီးစီးပေါ် တက်လိုက်သွားတယ်။ ဘတ်(စ်)ကားရဲ့ ခေါင်မိုးကြားမှာဖြစ်ဖြစ် ... ထိုင်ခုံတွေကြားမှာဖြစ်ဖြစ် ပစ္စည်းထုပ်လေးကို ထိုးညှပ်ထားလိုက်တယ်။ ပြီး ... မှတ်တိုင်တစ်ခုခုမှာ ဆင်းလိုက်တယ်။ နောက်မှ အဲဒီဘတ်(စ်)ကားဂိတ်ကို လိုက်သွားပြီး ဂိတ်တာဝန်ကျလူကို ခွင့်တောင်းပြီး သူဝှက်ထားခဲ့တဲ့ ပစ္စည်းထုပ်ကို ပြန်ယူတယ်။ ခင်မောင်ဝင်းက အဲဒီလို လူစားကိုဇေယျာအောင်။ ဒီလူ့ လုပ်ဆောင်ချက်တွေထဲမှာ အရှုံးပေးလက်လျှော့တာမျိုး မရှိခဲ့ဘူး"

"ဒါဆို ... ကိုသက်မင်းက ပတ္တမြားညီနောင်သုံးလုံးနဲ့ပတ်သက်ပြီး ဘယ်လိုမြင်လဲ၊ ဘယ်လိုယူဆလဲဟင်"

"ခင်မောင်ဝင်းရဲ့ လုပ်ဆောင်ချက် အကျင့်အတိုင်းဆိုရင် ပတ္တမြားညီနောင် သုံးလုံးကို ... နောက်ဆုံးလူလက်ထဲမှာ တစ်နည်းနည်း ထားခဲ့မယ်လို့ပဲ ယူဆတယ်။ အဲဒီနောက်ဆုံးလူဟာ ... ကိုဇေယျာအောင် မဟုတ်ရင် သူ့ကိုနောက်ဆုံးကုသခဲ့တဲ့ ဆရာဝန်

ဒေါက်တာရဲမြင့်ပဲ ဖြစ်ရမယ်။ အခု ကိုဇေယျာအောင် သက်ထဲမှာ ပတ္တမြားညိုရောင် လုံးဝမရရှိခဲ့ဘူးဆိုရင် ဒေါက်တာဦးရဲမြင့်ဆီမှာ တစ်ချက် စုံစမ်းကြည့်ပါလား ကိုဇေယျာအောင်"

"ကောင်းပြီလေ ... ဒေါက်တာဦးရဲမြင့်ဆီမှာ ကျွန်တော် စုံစမ်းကြည့်ပါ့မယ်"

ကိုသက်မင်းအား နှုတ်ဆက်ပြီး ဇေယျာအောင်နှင့် နွေနွေတို့ ပြန်ခဲ့ကြပေတော့သည်။



(၁၅)

"အစ်ကို"

"ပြော ... နွေလေး"

"အခု ဘယ်အထိ ပြန်မှာလဲဟင် ... ပဲခူးတင်ပဲလား၊ ဒါမှမဟုတ် ... နွေနွေကို ပဲခူးမှာချထားပြီး ရန်ကုန်ကို ရောက်အောင် အစ်ကို ပြန်မှာလား"

"နွေနွေက တို့ကို ဘယ်ကိုပြန်စေချင်လို့လဲ"

"နွေနွေ စိုးရိမ်တာ နှစ်ခုရှိနေလို့ပါ"

"ကဲ ... နှစ်ခုထဲက ပထမတစ်ခု အရင်ပြော နွေလေး"

"အခု နွေနွေတို့ ထွက်လာတဲ့ မွန်းလွဲနှစ်နာရီကဆိုတော့ လမ်းမှာမိုးချုပ်သွားမယ်။ ရန်ကုန်အထိ အစ်ကို ပြန်မယ်ဆိုရင် ပိုပြီးတောင် မိုးချုပ်သွားဦးမယ်"

"တို့ တောင်ငူနဲ့ ခရီးအကွာအဝေးကိုတွက်ပြီး တို့ မောင်းတဲ့ကားစပီနဲ့ ပဲခူးကို ညနေခြောက်နာရီလောက် ဝင်အောင် မောင်းနိုင်တယ်။ ညနေခြောက်နာရီဆိုရင်

ညနေ ဆည်းဆာချိန်ပဲ ရှိသေးလို့ နေရဲ့အလင်းရောင် ရှိသေးတယ်၊ တို့ ပဲခူးနဲ့ ရန်ကုန်ကို တစ်နာရီသာသာ နဲ့ မောင်းနိုင်တယ်။ မှောင်ရီပျိုးသွားလဲ ကားရှေ့မီး ကြီးဖွင့်မောင်းလို့ ရတာပဲ။ တို့ကားမီးက သိပ်ကောင်း သိပ်လင်းသားပဲ"

"ဒါဆို အစ်ကိုက နွေနွေ့ကို ပဲခူးက ဘိုးဘိုးအိမ်မှာပဲ ထားခဲ့မှာပေါ့နော်"

ကောင်မလေးသည် သူ့ချစ်သူအစ်ကိုအား စိတ်မချသလေးနှင့် ပြောနေခြင်း ဖြစ်ပေသည်။

ဇေယျာအောင်က နွေနွေ၏ ပိုဘက်ပခုံးလေးကို လက်တစ်ဖက်ဖြင့် ဖိုက်ပြီးကိုင်ရင်း သူ့ဘက်သို့ ဆွဲယူလိုက်သည်။ နွေနွေမှာ အလိုက်သင့်လေး သူ့ရင်ခွင်ထဲ ရောက်လာရသည်။

"လောလောဆယ် လက်ရှိအခြေအနေမှာတော့ နွေလေး တို့သားအမိကို ပဲခူးက ဘိုးဘိုးအိမ်မှာနေတာ အေး အကောင်းဆုံးနဲ့ အကောင်းဆုံးပဲ နွေလေး"

"အဲဒါဟာ နွေနွေရဲ့ ဒုတိယ စိုးရိမ်ချက်ပဲ အစ်ကို"

"ဘာကို စိုးရိမ်တာလဲ နွေလေးရယ်"

"မေမေက နွေနွေကို အစ်ကိုနဲ့ချစ်ကြပြီးမှ ပြောတဲ့စကား ရှိတယ်။ လူဟာ လမ်းလျှောက်တဲ့အခါ ရှေ့ကို ခြေ တစ်လှမ်းတိုးရင် ကျန်တဲ့ခြေတစ်ဖက်ဟာ နောက်မှာ ကျန်ခဲ့စမြဲပဲတဲ့"

"အဲဒါ ဟုတ်သားပဲ ... ဘယ်သူဖြစ်ဖြစ် ရှေ့ကိုခြေ





တစ်ဖက်လှမ်းရင် နောက်ခြေတစ်ဖက် ကျန်ခဲ့တာပဲ ပေါ့"

"မေမေက ဆက်ပြောတယ်အစ်ကို၊ ယောကျ်ားတစ် ယောက်ကို တကယ်တမ်း လက်မထပ်ရသေးခင်မှာ မျှော်လင့်ချက် အကြီးအမားကြီး မထားနဲ့တဲ့။ ယုံကြည် စိတ်ချမှုလည်း အပြည့်ကြီးမထားနဲ့တဲ့။ ယောကျ်ား တွေဟာ မေမေပြောသလိုပဲ ရှေ့ခြေတစ်လှမ်းတိုးရင် နောက်ခြေကျန်တတ်တယ်တဲ့"

နွေနွေ ပြောသည်မှာ အသံလေးတုန်နေသည်မို့ ဇေယျာအောင် စိတ်မကောင်း ဖြစ်ရသည်။

နွေနွေ၏မိခင် ဒေါ်စောမာလာသည် ဖေဖေ ဦးရန်နိုင်ကို ကျိတ်၍ တစ်ဘက်သတ် ချစ်ခဲ့သည်။ တစ်နေ့ ကျလျှင် ဖေဖေ ဦးရန်နိုင်နှင့် လက်ထပ်ရမည်ဟုလည်း ကြီး မားသော မျှော်လင့်ချက် ထားခဲ့သည်။ ဖေဖေဦးရန်နိုင်က မေမေ ဒေါ်ရည်မွန်ကို ကောက်ခါငင်ခါ လက်ထပ်လိုက်သော အခါ ဒေါ်စောမာလာတွင် ကြီးမားပြင်းထန်သည့် ခံစားချက် မျိုး တစ်သက်လုံး ခံစားရရှာသည်။ စိတ်ကြီးမားပြီး မာန် ကြီးသူဖြစ်သူမို့ ဘဝကိုအနာခံပြီး တမင်အရွဲ့တွေတိုက်ခဲ့ သည်။

ယင်းအချက်ကို မှတည်ပြီး သမီးနွေနွေအား မိမိက လက်မထပ်ပါက သူမတုန်းကကဲ့သို့ ဘဝပျက်သည် အထိ ပြင်းထန်စွာ ခံစားရမည်ဖြစ်ကြောင်း နွေနွေ့ကို ကြိုတင်သတိပေး ပြောကြားဟန် တူပါ၏။

"နွေလေး … အချစ်"

"ရှင် … အစ်ကို"

"အခု နွေလေးပြောနေတာဟာ ဒေါ်ဒေါ်ငယ်စဉ်က ဖေဖေ ဦးရန်နိုင်နဲ့ လွဲခဲ့ရပြီး ခံစားရတဲ့ ခံစားချက်ကို နှိုင်းယှဉ်ပြီး နွေလေးကို တင်ကြိုသတိပေးပြောတာ မဟုတ်လားဟင်"

"ဟုတ်ပါတယ်။ နွေနွေကိုယ်တိုင်ကလည်း အစ်ကို့ကို သိပ်ချစ်ပြီး စိတ်မချတာ အမှန်ပဲ"

"တို့ကို နေဝလေးက ဘာလို့စိတ်မချတာလဲ"

"ဟိုတုန်းကဆိုရင် နွေနွေတို့က ဆင်းရဲတယ်။ နွေနွေရဲ့ ဆင်းရဲတဲ့ဘဝကို အစ်ကိုက ကရုဏာသက် ကြင်နာစိတ်ထားတယ်၊ ဒီတော့ နွေနွေကို ကယ်တင်ချင်စိတ်နဲ့ လက်ထပ်မယ်ဆိုတဲ့ သဘောရာနိုင်နှုန်းတွေများတယ်။ အခုတော့ … မေမေက ဘိုးဘိုးခက်ကတစ်ဆင့် အမွေတွေ နင့်ခနဲရလိုက်တော့ နွေနွေတို့ မဆင်းရဲတော့ဘူး။ ဒီတော့ အစ်ကိုစိတ်ထဲမှာ ဒီကောင်မလေးသူ့ဘဝအဆင်ပြေသွားပြီပဲ၊ ငါလက်မထပ်လဲ အရေးမကြီးတော့ဘူးဆိုတဲ့ သဘောတွေ သက်ဝင်ပြီး နွေနွေကို မချစ်တော့ဘူး၊ လက်မထပ်တော့ဘူးဆိုရင် နွေနွေက မေမေ့လို ကျိတ်ခံစားရုံမကဘူး သေသွားမှာသိလား။ ဘာလို့လဲဆိုတော့ အစ်ကို့ကို နွေနွေသိပ်ချစ်အရမ်းချစ်လို့ပဲ။ နွေနွေ ဘာဥစ္စာပစ္စည်းမှလည်း မမက်မောဘူး။ အစ်ကိုကလွဲပြီး တခြားဘာမှလဲ မလိုချင်ဘူး"



"ဟာ … နွေလေးကလည်း မဟုတ်ကဟုတ်က တောက်တီးတောက်တဲ့တွေ ပြောနေဘာယ်။ တို့ရင်ထဲ နှလုံးထဲကကို နွေလေးကို တအားကြီး အရမ်းကြီး ချစ်နေမိတာ သိလား။ ကဲ … ဒါဆိုအခုပဲ့ဘူးကို ရောက်ရောက်ချင်း တို့နဲ့ နွေလေး တရားဝင်လက်ထပ်မလား။ ဘိုးဘိုးကို ဗဟိုထားပြီး တရားသူကြီးအိမ်ပင့်ပြီး လက်ထပ်မယ်၊ ဘယ့်နှယ့်လဲ နွေလေး"

"တကယ်ပြောတာလား အစ်ကို"

"ဒီမှာ နွေလေး … တို့ဟာ လောကကြီးမှာ လူမိုက်ကြီးတစ်ယောက် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမယ့် … တို့ဟာ လူလိမ်လူညာတစ်ယောက်တော့ ဘယ်တော့မှ မဖြစ်စေရဘူး။ တကယ်လား အဟုတ်လားတွေ တို့ကို ပြန်မမေးနဲ့။ တို့ပြောတဲ့ စကားဟာ အတည်ပဲ၊ အခိုင်အမာပဲ"

ကောင်မငယ်လေးသည် ခုနက ငိုမဲ့မဲ့လေး ရှိနေရာမှ ချက်ချင်းမျက်နှာလေး သွေးရောင်လွှမ်းကာ ပြုံးရွှင်ရယ်မောသောအသွင် ရှိသွားပါလေ၏။ ဆယ်ကျော်သက်မလေးပီပီ ကလေးဆန်စွာပင် မရှက်နိုင်ဘဲ ဇေယျာအောင်၏ ပါးပြင်ကို သူမ၏ နှာခေါင်းလေးဖြင့်ဖိ၍ နမ်းပစ်လိုက်တော့သည်။

"ဟာ … ဒီကောင်မလေး … တို့ ပဲ့ဘူးရောက်အောင်တောင် မစောင့်ချင်တော့ဘူး။ အခုပဲ ဒီကားပေါ်မှာ လက်ထပ်ချင်စိတ် ပေါက်လာပြီ"

ပြောပြောဆိုဆိုပင် ဖေယျာအောင်က ကားကို လမ်းဘေးကပ်ပြီး ရပ်လိုက်သည်။

ထို့နောက် နွေနွေ၏ ကိုယ်လုံးလေးကို သူ့ရင်ခွင်တွင်ပိုက်ပြီး မွှေးမွှေးတွေ များစွာဖြင့် အနမ်းမိုးသည်းထန်စွာ ရွာချလိုက်မိပေတော့သည်။

"တော်ပြီအစ်ကို ... သွားကြစို့။ သိပ်မိုးချုပ်သွားမယ်။ နွေနွေက စိုးရိမ်လွန်းလို့ ပြောမိတာပါ။ နွေနွေ့ကို အစ်ကိုတကယ်ချစ်ပြီး တကယ်လက်ထပ်မယ်ဆိုတဲ့ ကတိစကား အစ်ကို့နှုတ်ဖျားက ထွက်လာတာကြားရရင် ကျေနပ်ပြီ။ နောက်ပြီး အစ်ကိုပြောလိုက်တဲ့ စကားတစ်ခွန်းတည်းနဲ့ပဲ နွေနွေ အစ်ကို့ကို ရှင်းချက်မရှိ စိတ်ချယုံကြည်သွားပြီ။ အစ်ကိုဟာ လူမိုက်တစ်ယောက် ဖြစ်ချင်ဖြစ်သွားမယ်။ လူလိမ်လူညာ တစ်ယောက်တော့ ဘယ်တော့မှ မဖြစ်စေရဘူးဆိုတဲ့ အင်မတန် ယောကျ်ားပီသတဲ့ စကားလေ"

ဖေယျာအောင်ကလည်း လက်မထပ်မီ မလွန်ကျူးစေရန် သတိထားသူမို့ နွေနွေ့ကို မွေ့ပိုက်ထားရာမှ ပြန်လွှတ်ပေးပြီး ကားစက်နှိုးကာ ဆက်မောင်းပေတော့သည်။

"ကိုယ့်အနေနဲ့ ... နွေလေးကို ချစ်မိပြီဆိုကတည်းက လက်ထပ်ချင်နေတာပါ။ နွေလေးကို ချစ်မိသလို တခြားဘယ်မိန်းကလေးတစ်ယောက်ကိုမှလည်း ကို ချစ်မှ မချစ်ဘူးတာ"

"မမအိဆိုတာကော အစ်ကို။ ကိုမောင်ရှိန်းက နွေနွေ



ကိုပြောတယ်၊ မမအိနဲ့အစ်ကိုဟာ လက်ထပ်ကြဖို့ အစီအစဉ်တွေ ရှိပြီးသားတဲ့။ မကြာလေးခင်ကမှ စိတ်သဘောထားခြင်း မတိုက်ဆိုင်လို့ လက်ထပ်ဖို့ ပျက်သွားတာတဲ့"

"အဲဒါ မမှားပါဘူး နွေလေး။ အဲဒါ နှစ်ဖက်မိဘတွေ သဘောတူထားတဲ့ အမျိုးသမီး တစ်နေ့ကျရင် အိကို လက်ထပ်ရမယ်ဆိုတဲ့ အသိစိတ်ကလွဲပြီး အိအပေါ်မှာ ကိုယ့်ရဲ့ နှလုံးသားမေတ္တာစိတ် မဝင်မိခဲ့ဘူး။ သူတို့က လက်ထပ်ပါစို့လို့ ဆိုလာရင် လက်ထပ်လိုက်ရုံပဲဆိုတဲ့ သဘောမျိုးပဲ ရှိခဲ့တယ်။ သူတို့က လက်မထပ်တော့ဘူးဆိုလဲ မထပ်နဲ့ပေါ့၊ ကိုယ့်ရင်ထဲမှာ လက်ထပ်လို့ ဝမ်းသာခြင်းမျိုးလည်း မရှိဘူး။ လက်မထပ်တော့လို့ ဝမ်းနည်းသွားတာမျိုးလဲ မရှိဘူး၊ ကိုယ့်ရဲ့ကွယ်လွန်သွားတဲ့မိဘ ဖေဖေနဲ့မေမေ့အပေါ်မှာ ကိုယ့်ကတိမပျက်ရင် ပြီးရောလို့ပဲ မှတ်ယူထားခဲ့တယ် နွေလေး"

"ဒါဆို ... နွေနွေက အစ်ကို့ကို တစ်ခုထပ်မေးမယ်နော် ... အစ်ကို နွေနွေ့ကို စိတ်မခုရဘူး"

"မေး ... စိတ်မခုဘူး"

"တကယ်လို့ မမအိကရော ... သူ့မိဘတွေကရော ... အစ်ကို့ဆန္ဒအတိုင်း ဖြစ်စေရမယ် လက်ထပ်ဖို့ကိစ္စကို သူတို့ဘက်က ဖျက်သိမ်းတာကို ပြန်ရုပ်သိမ်းမယ်၊ မမအိနဲ့အစ်ကို ပထမအတိုင်း လက်ထပ်ပါလို့ ဆိုလာရင်ကော"

"ဆောရီးပဲလို့ တို့က ပြန်ဖြေရမှာပေါ့ နွေလေး။ တကယ်လို့သာ နွေလေးနဲ့တို့ ချစ်သူတွေ မဖြစ်သေးဘူးဆိုရင်တော့ အဲဒါကို လက်ခံမိမလားပဲ"

"ဒါဆို ... နွေနွေ့ကြောင့် မမအိကို အစ်ကိုလက်မထပ်ရဘဲ ရောက်သွားသလား မသိဘူးနော် အစ်ကို"

"ဘာဆိုင်လဲ ... နွေနွေကို တို့ မမြင်ဘူး မတွေ့ဘူးခင်အချိန်ကပဲ အိကစပြီး လက်ထပ်ဖို့ကိစ္စ ရုပ်သိမ်းဖျက်သိမ်းသွားတာပဲဟာ။ နွေနွေရဲ့ ပယောဂ ဆံတစ်ပင် နှမ်းတစ်စိမပါဘူး။ နွေလေးနဲ့ မချစ်ခင်ကတော့ တို့ရဲ့နှလုံးသားဟာ ဗလာသက်သက် ဖြစ်နေတာ။ အခုတော့ တို့နှလုံးသားထဲမှာ နွေလေးက နေရာဝင်ယူထားပြီးပြီပဲ ... အိနဲ့ ဘယ်ဖြစ်တော့မလဲ"

နွေနွေက သက်ပြင်းလေး ချပါ၏။

"ကိုမောင်ရှိန်းကပြောတယ်။ မမအိဟာ တစ်ဦးတည်းသောသမီးတဲ့၊ မိဘကလည်း တော်တော်ချမ်းသာတယ်တဲ့။ နွေနွေကို အစ်ကိုချစ်မိတဲ့အတွက် အစ်ကို့မှာ မနစ်နာသွားဘူးလားဟင်"

"ဘာမှ မနစ်နာဘူး။ တခြားလူတွေအတွက်တော့ မပြောတတ်ဘူး၊ တို့အဖို့ကတော့ လောကကြီးမှာ ကိုယ့်ရင်ထဲက ချစ်သူကို ချစ်ရတာထက် တခြားဘာမှ တန်ဖိုးပိုမရှိဘူး။ တို့မှာ ကိုယ်တိုင်က ငွေကြေးပြည့်စုံပြီးသားလေ။ ဒီကြားထဲ ဘိုးဘိုးက သူ့အမွေတွေအားလုံး ဒီတစ်ယောက်တည်းသောမြေး တို့ကို



ပေးဦးမှာဆိုတော့ တို့နဲ့ နွေနွေ လက်ထပ်ပြီးတဲ့နောက် ဘာအလုပ်မှ မလုပ်ဘဲ ကလေးတစ်ဒါဇင်မွေးဦး ... တို့ပစ္စည်းတွေ မကုန်ဘူး"

"ဟွန်း ... အစ်ကိုက ပြောလိုက်ရင် အတုံးလိုက် အတစ်လိုက်ပဲ။ ကလေးတစ်ဒါဇင်ဆိုတာ ဆယ့်နှစ်ယောက်ကြီးတောင်"

"တစ်ဒါဇင် မကလို့ တစ်ကစ္စတ်ဖြစ်တော့ကော ဘာအရေး ... တစ်ကစ္စတ်ဆိုတာ တစ်ရာလေးဆယ့်လေးပဲရှိတာ"

"ဟာ ... အစ်ကိုကလဲ"

နွေနွေ၏ လက်သီးဆုပ် ဖြူဖြူနုနုလေးသည် ဟန်တီပန်တီ ရှက်သွားသည့် အထုလေးမျိုးဖြင့် ဇေယျာအောင်၏ လက်မောင်းအိုးကြီးကို ထုနက်လိုက်ပေတော့သည်။

ကြည်နူးစိတ်ကိုယ်စီဖြင့် ကားကိုဆက်၍မောင်းလာပါလေ၏။

ချစ်သူနှစ်ဦး၏ မေတ္တာအပြန်အလှန် ပြသနာလေး စိတ်ချယုံကြည် အေးငြိမ်းသွားပြီမို့ ဇေယျာအောင်သည် တောင်ငူထောင်တွင် ကိုသက်မင်းနှင့် တွေ့ဆုံပြောကြားသိရှိခဲ့ရသည်တို့ကို ကားမောင်းရင်းပင် ပြန်စဉ်းစားလိုက်မိသည်။

ကိုသက်မင်း၏ ပြောပြချက်အရ ရန်ကုန်မှ ဦးမော်မော်၊ မုဒုံမှ ဦးကျော်ကျော် ညီအစ်ကိုနှင့် ပဏ္ဍိတ ညီနောင်ကိစ္စ ပတ်သက်ပါဝင်လာသည်ကို သိခဲ့ရသည်။

လှိုင်ဘွား အဖွဲ့သည် ရန်ကုန် ဦးမော်မော်၏ ဩစာခံမှန်းလည်း သိရသည်။

ကိုခင်မောင်ဝင်း၏ အမူအကျင့်လေးတွေကို လည်း သိခဲ့ရသည်။

ကိစ္စတစ်ခုကို အလေးအနက် စဉ်းစားလာပြီဆို ပါက ဧယျာအောင်၏ အကျင့်သည် စီးကရက်ဖွာပြီး စဉ်း စားသောအကျင့် ဖြစ်နေပါ၏။

စာရေးပြီဆိုလျှင် ခဲရာခဲဆစ် အခန်းလေးများ ကို သေချာစဉ်းစားပြီး ရေးပြီဆိုလည်း စီးကရက်ဖွာပြီး စဉ်း စားပြီးမှ ရေးကျင့်ရှိသည်။

ယခုလည်း ဧယျာအောင် ပတ္တမြားညီနောင် ကိစ္စကို ရရှိလာသည့် သတင်းများနှင့် ခွင်းဆက်တွေ အလေး အနက် စဉ်းစားပြီမို့ စီးကရက်ဖွာချင်လာမိသည်။

"နွေလေး"

"ရှင် ... အစ်ကို"

"ကားဒက်(ရှ်)ဘုတ်ထဲမှာ တို့စီးကရက်ဘူးရှိတယ်။ ထုတ်ယူပြီး တို့ကို တစ်လိပ်လောက် မီးညှိပေးပါလား နွေလေး"

"သိပ်ရတာပေါ့ အစ်ကို"

နွေနွေက ကားဒက်(ရှ်)ဘုတ်ကိုဖွင့်ပြီး ငါးသုံးလုံး စီးကရက်ဘူးဝါကို ထုတ်ယူသည်။ ဘူးထဲမှစီးကရက် တစ်လိပ် ထုတ်ယူကာ သူမ၏ နှုတ်ခမ်းထူအမ်းအမ်းလေး နှစ်ခုကြား တွင်တွဲလဲညှပ်လိုက်သည်။ စီးကရက်ဘူးကို ပြန်ထည့်ရင်း...



"မီးခြစ်ကော အစ်ကို"

"မီးခြစ်လည်း ဒက်(ရှ်)ဘုတ်ထဲမှာပဲလေ။ တို့က စီးက ရက်အမြဲသောက်တာ မဟုတ်တော့ စီးကရက်ဘူးနဲ့ မီးခြစ်ကို အကျႌအိတ်ထဲ ထည့်ထားလေ့မရှိဘူး။ ကား ဒက်(ရှ်)ဘုတ်ထဲနဲ့ စာရေးစားပွဲပေါ်မှာပဲ ထားလေ့ရှိ တယ်"

နွေနွေသည် ဒက်(ရှ်)ဘုတ်ထဲတွင် မီးခြစ်ရှာပြန် သည်။

ဂက်(စ်)မီးခြစ် လှလှလေးကို တွေ့ပါ၏။ မက်(ဂ်) နက်မီးခြစ်အမျိုးအစား ဖြစ်သည်။

နှုတ်ခမ်းတွင် တွဲလောင်းစီးကရက်ကို နွေနွေ မီးခြစ်ပြီးညှိရန် မီးခြစ်ကိုခြစ်သည်။

တစ်ခါ, နှစ်ခါ, သုံးခါ ခလုတ်နှိပ် ခြစ်ပါ၏။ မီးတောက်လေး ပေါ်မလာပေ။

"အစ်ကို မီးခြစ်က ခြစ်လို့လဲ မရဘူး"

မက်(ဂ်)နက်ခလုတ်နှင့် မီးခြစ်သည်။ ဤသို့ ကြောင်တတ်သည်။ အထာမသိ ခြစ်နေကျမဟုတ်လျှင် ရုတ် တရက် မီးမတောက်ပေ။

"နွေလေး မခြစ်တတ်လို့ပါ။ စီးကရက်ကို တို့နှုတ် ခမ်းမှာ တပ်ပေး"

နွေနွေက တပ်ပေးလိုက်သည်။ ဧယျာအောင်က နွေနွေ့လက်ထဲမှ မီးခြစ်ကို ယူလိုက်သည်။

"နွေနွေ စီးကရက် မီးညှိတတ်အောင် ကျင့်ထားဦး

မယ်နော် အဝ်ကို"

ဖေယျာအောင်က ကျေနပ်စွာပြုံးရင်း မီးညှိရန် မီးခြစ်ခလုတ်ကိုနှိပ်၍ ခြစ်လိုက်သည်။ မီးမတောက်ပါလေ။ နှစ်ခါ သုံးခါ ဆက်ပြီး ခလုတ်နှိပ်ခြစ်သည်။

မီးတောက်ပေါ်မလာပါလေ။

မက်(ဂ်)နက် မီးခြစ်သည် ကြာညောင်းလာလျှင် ဤသို့ပင် သက်တမ်းကုန် ခြစ်မရ ဖြစ်တတ်ပါ၏။

ခြစ်မရသော မီးခြစ်ကို ဖေယျာအောင်က စိတ်တို စွာဖြင့် ဒက်(ရှ်)ဘုတ်ပေါ်သို့ ပစ်တင်လိုက်သည်နှင့် တစ်ချိန် တည်းမှာပင် ဖျတ်ခနဲ ဖေယျာအောင်၏ ဦးနှောက်ထဲသို့ မှတ်မှတ်ရရ ကိစ္စလေးတစ်ခု ဆိုးခနဲ ဆတ်ခနဲ ဝင်လာသည်။

ကိုခင်မောင်ဝင်း သေဆုံးသည့်နေ့က မိမိဆေး ရုံသို့သွားသည်။ အိမ်ပြန်ရောက်ပြီး ညဘက်စာရေးစားပွဲ အထိုင်တွင် စီးရက်သောက်ချင်သဖြင့် စီးကရက်နှုတ်ခမ်းတွဲ လောင်းချိတ်ပြီးမှ မီးခြစ်ရှာရာ မီးခြစ်ရှာမတွေ့ ဖြစ်ခဲ့သည်။ မောင်ရှိန်း အိပ်နေပြီမို့ မနှိုးချင်သောကြောင့် အင်္ကျီဂျိတ်တွင် ချိတ်လဲထားသည့် အင်္ကျီအိတ်များတွင် မီးခြစ်ရှာကြည့်သည်။

မီးခြစ်တစ်လုံး တွေ့ရှိပါ၏။

မြန်မာလုပ် ဒန်ရောင်မီးခြစ်တစ်လုံး ဖြစ်သည်။ စီးကရက်သောက်ချင်နေသည်မို့ ရှည်ရှည်ဝေးဝေး မစဉ်းစား ဘဲ ယင်းမြန်မာလုပ် မီးခြစ်ကိုပင် ခြစ်လိုက်သည်။

ထိုမြန်မာလုပ် မီးခြစ်ကလည်း ပင်နီယံဘီးသာ ချာလပတ်လည်ပြီး မီးတောက် လုံးဝမထွက်လာပေ။



စိတ်တိုစွာဖြင့် ၎င်းမြန်မာလုပ် ဒန်ရောင်မီးခြစ် ကို အိပ်ခန်းနံရံဘက်သို့ ပစ်ပေါက်လိုက်သည်။ ထိုအဖြစ် အပျက်မှာ ယခုမိမိလက်ငင်းအဖြစ်နှင့် တူညီနေသည်ကို ဖျတ်ခနဲ ဦးနှောက်ထဲတွင် စဉ်းစားသတိရလိုက်မိခြင်း ဖြစ် ပါ၏။

ထိုမြန်မာလုပ် ဒန်ရောင်မီးခြစ်မျိုးကို ဖေယျာ အောင် ဘယ်သောအခါကမှ ဝယ်ယူသုံးစွဲခြင်း မရှိခဲ့။

ကိုခင်မောင်ဝင်းကို လမ်းပေါ်တွင် ချပိုက်စဉ်က ကိုခင်မောင်ဝင်းက သွေးရူးသွေးတန်းဖြင့် မိမိ၏ အပေါ် အင်္ကျီ ဘေးအိပ်ထဲသို့ ထည့်လိုက်ခြင်းဖြစ်သည်။ ၎င်းမီးခြစ် ကိစ္စကို မိမိမေ့မေ့လျော့လျော့ ဖြစ်ခဲ့သည်။

သို့သော် ...

ယခု ကားပေါ်တွင် မီးခြစ်,ခြစ်မရသည်နှင့် ဆက်စပ်ပြီး ၎င်းမြန်မာလုပ် ဒန်ရောင်မီးခြစ် မိမိအိပ်ထဲသို့ ကိုခင်မောင်ဝင်း ထည့်လိုက်သည်ကို ကိုသက်မင်း ပြောပြ လိုက်သည်။ ကိုခင်မောင်ဝင်း၏ အမှုအကျင့်နှင့် ဦးနှောက် ထဲတွင် ဖျတ်ခနဲ ဆက်စပ်လိုက်မိခြင်း ဖြစ်တော့သည်။

ကိုခင်မောင်ဝင်းသည် ရန်သူ့လက်မှ မလွတ် တော့ဟု ယူဆလျှင် သူ၏ပစ္စည်း ရန်သူ့လက်သို့ မရောက် ရေးအတွက် ဖြုန်းခနဲ မိတ်ဆွေတစ်ယောက်ယောက်၏ အိတ် ထဲသို့ လူမသိ သူမသိ ထည့်တတ်သည်ဟု ကိုသက်မင်း ပြောပြခဲ့သည်။

"ဒါဆို ... ဒါဆို ..."

မိမိ အပေါ်အင်္ကျီအောက်ခံထဲသို့ ကိုခင်မောင်ဝင်း ထည့်လိုက်သော မြန်မာလုပ် ဒန်ရောင်မီးခြစ်ထဲတွင် ပတ္တမြားညီနောင်သုံးလုံး သို့ဝှက်ထားခြင်း ဖြစ်နိုင်ပေသည်။

ပတ္တမြား၏ အရွယ်အစားမှာ ယောက်ျားတစ်ဦး၏လက်မ လက်သည်းခွံလောက် ရှိသည်ဟုဆိုသည်။ မြန်မာလုပ် ဒန်ရောင်မီးခြစ် အရွယ်အစားက ဓာတ်ပိုမီးခြစ်ပုံစံ ဗျက်ထူလေးထောင့်ပုံစံ ဖြစ်သည်။ လက်သည်းခွံအရွယ် ပတ္တမြားသုံးလုံး ကောင်းကောင်း ဝင်ဆန့်နိုင်လောက်သည်။

ဇေယျာအောင်သည် မော်တော်ကားကို လီဗာတင်ကာ အရှိန်ပြင်းစွာဖြင့် မောင်းပေတော့သည်။

"အစ်ကို ... မောင်းလှချည်လားဟင်"

"ဟုတ်တယ် နွေနွေ ... ကိုယ့်ခေါင်းထဲမှာ စဉ်းစားမိတာတစ်ခု ဖြန်းခနဲ ဖျတ်ခနဲ ဝင်လာလို့။ အဲဒါ ... ဟုတ်မဟုတ် သိချင်လို့ မြန်မြန်အိမ်ကိုရောက်အောင် မောင်းတာ"

"နွေနွေနဲ့ ပတ်သက်နေသလား အစ်ကို။ အစ်ကို့မျက်နှာကို နွေနွေအမြဲကြည့်နေတာ။ ချက်ချင်း တည်တည်မှုန်မှုန်ကြီး ဖြစ်သွားပြီး နွေနွေ့ကို စကားတစ်လုံးမှ မပြောတော့ဘူး။ စီးကရက် နွေနွေ ညှိလို့မရတာကို အစ်ကို စိတ်ဆိုးသွားလား"

"နွေလေးနဲ့ ဘာမှမပတ်သက်ပါဘူး။ တခြားသိပ်အရေးကြီးတဲ့ ကိစ္စတစ်ခုကို ရုတ်တရက်ကြီး ခေါင်းထဲမှာ စဉ်းစားလိုက်မိလို့ပါ"



ပြောရင်းပင် ကားကိုပိုမိုပြင်းသော အရှိန်ဖြင့် ဆက်မောင်းတော့သည်။

ညနေ(၅)နာရီ(၅၀)မိနစ်တွင် ပဲခူးသို့ ဝင်ခဲ့သည်။

ဇေယျာအောင်သည် ဘိုးဘိုးအိမ်ကို မဝင်တော့ဘဲ ရန်ကုန်ဘက်သို့ အရှိန်နှင့်ပင် ဆက်မောင်းခဲ့သည်။

"အစ်ကို ... ဘိုးဘိုးဆီ မဝင်တော့ဘူးလား"

"မဝင်တော့ဘူး နွေလေး။ ရန်ကုန်အိမ်ရောက်မှပဲ ဘိုးဘိုးဆီ အကျိုးအကြောင်းလှမ်းပြီး ဖုန်းဆက်တော့မယ်"

"အစ်ကို ဖြန်းခနဲကြီး ဘာတွေဆန္ဒဇောသွားတာလဲဟင်"

"နွေလေးကို ကိုယ့်ပြောမယ်။ အခုလက်ငင်း ကိုယ့်ခေါင်းထဲမှာ သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခု တွေးနေတယ်။ ဒါကြောင့် ... အဲဒါကိုပဲ စဉ်းစားနေတယ်။ ကားကိုလည်း အရှိန်ပြင်းပြင်းနဲ့ မြန်မြန်ရောက်ဖို့ မောင်းမှာပဲ။ ကိုယ့်ကို နွေလေး နောက်ထပ်ဘာမှ မမေးနဲ့။ ရန်ကုန်ရောက်ပြီးမှ အကျိုးအကြောင်း ကိုယ် ပြောပြမယ်"

နွေနွေသည် ငြိမ်ငြိမ်လေး နေလိုက်ပေတော့သည်။

(၁၆)

"မောင်ရှိန်းရေ ... မောင်ရှိန်း ... မောင်ရှိန်း"

"ဗျာ ... ဗျာ ... လာပါပြီ ဆရာ"

ခြံတံခါး ပိတ်ထားသဖြင့် ဖေယျာအောင်က ဆန္ဒစောနေသူပီပီ ... ထပ်တလဲလဲ ခွန်းဆင့်ခေါ်သည်။ မောင်ရှိန်းကလည်း ဆရာ့လေသံလိုက်ပြီး ဗျာတွေ တန်ပြန် ခွန်းဆင့်ထူးပြီး ခြံတံခါး ပြေးဖွင့်သည်။

"မြန်မြန်ဖွင့်စမ်းကွာ"

ခြံတံခါးဖွင့် ... ခြံထဲဝင် အိမ်ရှေ့ရောက်သည်နှင့် ဖေယျာအောင်သည် ကသောကမျော နွေနွေ့ကို လက်ဆွဲခေါ်ကာ သူ၏အိပ်ခန်းထဲအထိ အပြေးအလွှား ဝင်ခဲ့သည်။

နွေနွေလန့်သွားသည်။ အိပ်ခန်းအထိ ဆွဲခေါ်သဖြင့် လန့်သွားခြင်း ဖြစ်သည်။ ကားပေါ်မှာတုန်းက အခု ချက်ချင်း ကားပေါ်မှာပင် လက်ထပ်လိုက်ချင်သည်ဟုလည်း အစ်ကိုက ပြောထားသောကြောင့် ယခု ရင်ခုန်ထိတ်လန့်ခြင်း ဖြစ်ပါ၏။



"အစ်ကို ... ဘာလုပ်မလို့လဲဟင်"

"ခြော် ... ဟုတ်သားပဲ ... နွေလေး အပြင်ဧည့်ခန်းမှာပဲ ခဏထိုင်နေ"

အိပ်ခန်းဝ တံခါးရောက်မှ ပြန်လွှတ်လိုက်ခါ ကမူးရှူးထိုးပင် အိပ်ခန်းထဲသို့ ဝင်ခဲ့ပြီး မိမိပစ်ပေါက်သော နံရံအောက်တွင် ဒန်ရောင်မြန်မာလုပ် မီးခြစ်ကို ရှာဖွေတော့သည်။

ဘယ်လိုရှာရှာ မတွေ့။

"ဝေး ... မောင်ရှိန်း ... ဝေး မောင်ရှိန်း"

အောင်၍ ညြသောအသံဖြင့် ကျယ်လောင်စွာပင် ခေါ်ပြန်သည်။

ခြံတံခါး ပြန်ပိတ်ရန် ပြုနေသည့် မောင်ရှိန်းမှာ သူ့ဆရာသမား အော်ခေါ်သံကြီးကြောင့် တံခါးပင် မပိတ်တော့ဘဲ ...

"လာပြီဆရာ ... လာပါပြီ"

ဟုအော်ရင်း အပြေးပြန်လာခဲ့တော့သည်။ ချက်ချင်း ရောက်လာပါ၏။

"ဒီမယ်မောင်ရှိန်း ... ငါ့အခန်းကို မင်း နေ့တိုင်းရှင်းတယ်မဟုတ်လား"

"နေ့တိုင်းရှင်းပါတယ်ဆရာ"

"ဒါဖြင့် မြန်မာလုပ် ဒန်ရောင်အဖုံးအစွတ်အပိတ်နဲ့ မီးခြစ်တစ်လုံး မတွေ့ဘူးလား"

"မတွေ့မိဘူးဆရာ"

"ဟိုကွာ ... ပြီးခဲ့တဲ့ စနေနေ့ညလောက်က ဖြစ်မယ်၊ ငါစီးကရက်သောက်ချင်လို့ အဲဒီမြန်မာလုပ် မီးခြစ်ကို ခြစ်တာ မောင်ဒီနံရံကိုထိပြီး ကြမ်းပေါ်ကျသွားသ ငါ ကြားတယ်။ အဲဒါ မင်း အခန်းရှင်း တဲ့မြက်စည်းလှဲ တော့မတွေ့မိဘူးလား"

"မတွေ့ဘူးဆရာ ... အဲဒီညက လူဆိုးသုံးယောက် အိမ်ကိုလာမွှေသေးတယ်လေ။ အံဆွဲတွေထဲက ပစ္စည်း တွေ ကြမ်းပြင်မှာ လွှင့်ပစ်လို့ ပြန့်ကျဲနေတာတွေတောင် ကျွန်တော် ပြန်ကောက်ရှင်းရသေးတယ်။ အဲဒီထဲမှာလဲ ဆရာပြောတဲ့ မီးခြစ်မပါဘူး။ မတွေ့ဘူးဆရာ။ ဆရာ က မြန်မာလုပ်မီးခြစ်မျိုးလဲ တစ်ခါမှ သုံးတာမရှိခဲ့ ဘူးပဲ"

"ဒုက္ခပဲ ...။ ကဲကွာ ... ဒီအခန်းထဲမှာပဲ မင်းရှာစမ်း၊ ငါက စိတ်စော ဆန္ဒစောနေလို့ ရှာမတွေ့တာ ဖြစ်ချင် ဖြစ်မယ်"

မောင်ရှိန်း လိုက်ရှာပါ၏။

ဇေယျာအောင်သည် သူ့ခုတင်စွန်းတွင် ခြေတွဲ လောင်းချ ထိုင်နေပေသည်။

နွေနွေသည် တံခါးဝတွင် လာရပ်သည်။

"လာလေ နွေလေး ... ဒီမှာ မောင်ရှိန်းလဲ ရှိနေသားပဲ ဝင်ခဲ့လေ"

နွေနွေဝင်လာပြီး စားပွဲမှ ကုလားထိုင်တွင် ဝင် ထိုင်သည်။ ပြီး ... စားပွဲပေါ်တွင်တွေ့သော ဂက်(စ်)မီးခြစ်



အဝါလေးကို ကောက်ယူပြသည်။

"ဒီမှာလေ အစ်ကို ... ဒီမီးခြစ် မဟုတ်ဘူးလား"

"မဟုတ်ဘူး နွေလေး ... အဲဒါက နိုင်ငံခြားလုပ် ဂက်(စ်)မီးခြစ်ပဲ။ အခု တို့ရှာနေတာက မြန်မာလုပ် ဒန်မီးခြစ်ပါ"

နွေနွေ၏ စိတ်ထဲတွင် လမ်းမှာကတည်းက ကားမောင်းရင်း စီးကရက်သောက်ချင်သော အစ်ကိုသည် ယခု အိမ်ရောက်ရောက်ချင်း စီးကရက်သောက်ချင်၍ မီးခြစ် ရှာနေသည်ဟု ထင်သောကြောင့် ကူရှာပေးသည့် သဘောဖြစ် ပါ၏။

ဂက်(စ်)မီးခြစ် အဝါလေးကို စားပွဲပေါ်မှာပင် နွေနွေ ပြန်တင်ထားလိုက်သည်။

"ဟော ... ဆရာ ... ဒါလေးလား ... ဆရာရဲ့ ခုတင် အောက် အလယ်ခေါင်မှာ ရောက်နေတယ်"

ဇေယျာအောင် လှမ်းကြည့်သည်။

ဟုတ်ပါ၏။ မြန်မာလုပ် ဇစ်ပိုပုံစံလေးထောင့်ဗပ် ၁ပ် ဒန်ရောင်မီးခြစ် ဖြစ်တော့သည်။

မောင်ရှိန်းလက်မှ ဒန်မီးခြစ်ကို ဇေယျာအောင် လှမ်းယူလိုက်သည်။

"ကဲ ... မောင်ရှိန်း ... မင်းလုပ်စရာရှိတာ ၁ားလုပ် တော့၊ အိပ်ခန်းတံခါး စေ့ထားခဲ့"

မောင်ရှိန်း ထွက်သွားသည်။ အိပ်ခန်းတံခါးကို ကန့်လန့်မထိုး စေ့ရုံစေ့ပိတ်ထားခဲ့သည်။

နွေနွေက စေ့ထားသော အခန်းတံခါးကို လှမ်းကြည့်ပြီး ဖေယျာအောင်ဘက်သို့ ပြန်လှည့်ကြည့်သည်။

ဖေယျာအောင်က မြန်မာလုပ် ဒန်မီးခြစ်ကို ထောင်ပြရင်း နွေနွေ့ကို အကျိုးအကြောင်း ပြောပြသည်။

"ဒီလို နွေနွေရဲ့ … ဟောဒီ မြန်မာလုပ် မီးခြစ်လေးဟာ ကိုခင်မောင်ဝင်းကို ဝင်ကယ်တုန်းက ကိုခင်မောင်ဝင်းက အဲဒီမီးခြစ်ကို အစ်ကို့အပေါ်အကျီ ဘေးအိတ်ထဲထည့်လိုက်တယ်။ ရော့ … အင့်လို့ တမင်ပေးတာမျိုး မဟုတ်ဘူး။ အစ်ကို့စိတ်ထဲမှာလည်း ကိုခင်မောင်ဝင်းဟာ သွေးရူးသွေးတန်းနဲ့ ထည့်လိုက်တာလို့ပဲ ထင်ခဲ့တယ်။ နောက်ပြီး … အဲဒီမီးခြစ်ကို လုံးဝသတိမရတော့ဘဲ မေ့မေ့လျော့လျော့ နေခဲ့တယ်။ ဒီနေ့ … တောင်ငူမှာ နွေလေးရဲ့အစ်ကို ကိုသက်မင်းနဲ့တွေ့တော့မှ ကိုခင်မောင်ဝင်းရဲ့ အမူအကျင့်လေးတွေ ပြောပြလိုက်တာရယ်။ လမ်းမှာ စီးကရက်သောက်ချင်လို့ မက်(ဂ်)နက်မီးခြစ်က ခြစ်လို့မရတာမို့ စိတ်တိုမိတာရယ် နှစ်ခုဆက်စပ်ပြီး စဉ်းစားမိတာနဲ့ ကိုခင်မောင်ဝင်း ထည့်ပေးလိုက်တဲ့ ဒန်မီးခြစ်ဟာ ထူးခြားချက်တစ်ခုခု ရှိရမယ်လို့ ဖျတ်ခနဲ တွေးမိတာနဲ့ အိမ်ကို ခုန်းစိုင်းမောင်းလာပြီး ဒန်မီးခြစ်ကို ပြန်ရှာကြည့်တာ။ ကဲ … အဲဒီမီးခြစ်ကို ကြည့်ကြရအောင်နော်။ ဒီမီးခြစ်ထဲမှာပဲ ပတ္တမြားညီနောင်သုံးလုံး ထည့်ထားသလားမှ မသိတာ"



ပြောအပြီးတွင် ဖေယျာအောင်သည် ဒန်မီးခြစ်၏ ဖင်ခွတ်ကို ဆွဲချွတ်လိုက်သည်။ မီးခြစ်ကျောက်ထည့်သည့် အိမ်ထဲသို့ ကြည့်လိုက်သည်။

ဘာပတ္တမြားတစ်လုံးတလေမျှ မရှိ။

ယင်းမီးခြစ် အခေါင်းကို စာရေးစားပွဲပေါ်တွင် အထဲမှ ပစ္စည်းရှိပါက ထွက်လာစေရန် တခေါက်ခေါက် ခေါက်ချလိုက်သည်။

ပတ္တမြားတော့ တစ်လုံးမျှ ထွက်မလာ။ သို့သော် မီးခြစ်အခေါင်း အိမ်လေးထဲမှ မဲလိပ်လို လိပ်ထားသော စက္ကူလိပ်လေးတစ်ခု ထွက်လာပါ၏။

မဲလိပ်လို စက္ကူလိပ်ကို ဖေယျာအောင် ဖြေကြည့်လိုက်သည်။ ၎င်းစက္ကူထဲတွင် လက်ရေးသေးသေးလေးဖြင့် ရေးထားသည့် စာကြောင်းသုံးကြောင်း တွေ့ရသဖြင့် ဖတ်ကြည့်လိုက်သည်။

**ပတ္တမြားညီနောင်သုံးလုံး**
**အနန္တာစောမာလာ၏**
**ဘုရားရုပ်ထုထဲတွင်ရှိ။**

"ဟာ … ဒီလိုကိုး"

"ဘာတဲ့လဲ အစ်ကို"

"ရော့ … နွေလေးဖတ်ကြည့်"

နွေနွေကယူပြီး စာရွက်လေးထဲမှ စာကြောင်းသုံးကြောင်းကို ဖတ်ကြည့်သည်။

"ဒီလူ ကိုခင်မောင်ဝင်း သိပ်ဉာဏ်ကောင်းတယ် …

ဒေါ်ဒေါ်ရဲ့အိမ်၊ ဒေါ်ဒေါ်ရဲ့ ဘုရားရုပ်ထုထဲမှာထည့်ပြီး ဖွက်ထားမယ်လို့ ဘယ်သူမှ ထင်စရာမရှိဘူး"

ယင်းအခိုက်မှာပင် ...

ဝုန်းခနဲ အိပ်ခန်းတံခါး ပွင့်သွားပြီး လူနီးလေးယောက် ဝင်လာပေတော့သည်။

မျက်နှာဖုံးတွေ အဝတ်နက်တွေ ဝတ်ဆင်ထားခြင်း မရှိတော့ဘဲ နဂိုမျက်နှာနှင့် ပြောင်ဝင်လာခြင်း ဖြစ်တော့သည်။

"ရှေ့ဆုံးက ဝင်လာတဲ့လူဟာ ကိုလှိုင်ဘွားဆိုတဲ့လူခံအစ်ကို"

နွေနွေက တိုးတိုးလေး ပြောလိုက်သည်။

လူဆိုး ပေါင်းလေးယောက်ဖြစ်သည်။ ခေါင်းဆောင်ဖြစ်သော လှိုင်ဘွားနှင့် သူ့လက်ထောက်က ခြောက်လုံးပြူးကိုယ်စီကိုင်ထားသည်။ နောက်မှ တပည့်နှစ်ယောက်က ဓားမြှောင်တစ်ချောင်းစီ ကိုင်ထားပါ၏။

တပည့်နှစ်ယောက်သည် မောင်ရှိန်းကို တစ်ဖက်တစ်ချက် ချုပ်ကိုင်ပြီး ခေါ်လာသည်။

ခြံထဲဝင်စဉ်က ဒရောသောပါး ဝင်ခဲ့ပြီး မောင်ရှိန်းကို မီးခြစ်ကိစ္စမေးရန် ခေါ်ယူလိုက်သည်မို့ မောင်ရှိန်းမှာ ခြံတံခါးမပိတ်မိတော့ဘဲ ပြေးလာသောကြောင့် ယခု လှိုင်ဘွားတို့အဖွဲ့ ခြံထဲသို့ အလွယ်တကူဝင်ရောက်နိုင်ခြင်း ဖြစ်ပေသည်။

ဇေယျာအောင်သည် တောင်ငူသို့ သွားစဉ်က



တည်းက သားရေမျှော့ဂျာကင်ကို ဝတ်ဆင်ထားခဲ့ပြီး ယခုအချိန်ထိ ဂျာကင်မချွတ်မိသေးသဖြင့် ဂျာကင်အောက်တွင် သူ၏ပစ္စတိုသေနတ် အသင့်ရှိနေသည်။ ဂျာကင်အိတ်တစ်ဖက်စီတွင်လည်း ကျည်ဆန်အပြည့် ထည့်ထားသည့် ကျည်ကပ်နှစ်ကပ် ... အိတ်တစ်ဖက်စီတွင် ထည့်ထားပြီးသားရှိနေသည်။

လက်ရှိအခြေအနေမှာ မိမိက ခုတင်ပေါ်တွင် ခြေတွဲလွဲချ ထိုင်နေသည်။ နွေနွေက စာရေးစားပွဲ ကုလားထိုင်တွင် ထိုင်နေသည်။ မောင်ရှိန်းက ဓားမြှောင်သမားနှစ်ယောက်၏ တစ်ဖက်စီ ချုပ်ကိုင်ထားခြင်း ခံနေရသည်။

"ဘယ်လိုလဲ ဇေယျာအောင် ... မင်းက ကိုယ့်ထမင်းကိုယ်စားပြီး ဘကြီးနွားကျောင်းပေးတဲ့ ကောင်ပဲ။ ဒီကိစ္စထဲ မင်းဝင်လာလို့ ငါတို့အစီစဉ်တွေ ပျက်ရတယ်၊ ရဲအဖွဲ့က ငါတို့ကို ခြေရာခံမိသွားတယ်၊ မင်းကို လူ့ပြည်မှာ ဆက်ထားဖို့ မကောင်းတော့ဘူး။ ကဲ ... ပြောစမ်း ... တောင်ငူတောင်မှာ သက်မင်းနဲ့ မင်းသွားတွေ့ခဲ့တာ ပတ္တမြားညီနောင် ဘယ်မှာရှိတယ်ဆိုတာ သက်မင်းက မင်းကို ပြောပြလိုက်မှာ သေချာတယ်။ ခင်မောင်ဝင်း လုပ်သမျှ သက်မင်းက သိခဲ့တဲ့ ပါတနာတွေပဲ။ ကဲ ... ပြော ... သက်မင်းက ဘာပြောလိုက်သလဲ"

လှိုင်ဘွားက ဇေယျာအောင်အား တည့်မတ်စွာ ချိန်ထားသည်။ သူ့လက်ထောက်တပည့်က နွေနွေ့ကို ချိန်

ထားရင်း စာရေးစားပွဲပေါ်က ပစ္စည်းတွေကို ကြည့်နေသည်။

"ကိုသက်မင်းက ငါ့ကို ပြောလိုက်တယ် လှိုင်ဘွားအ... လှိုင်ဘွားဆိုတဲ့လူဟာ အလကားလူ။ အီးပေါ်လော... ဆန်ကုန်မြေလေး သတ္တဝါတဲ့"

"ဘာကွ"

"ကိုသက်မင်း ပြောတာကို ငါပြောတာလေကွာ... ကိုခင်မောင်ဝင်းနဲ့ ကိုသက်မင်းက အတွဲဘက်ညီညီနဲ့ လုပ်နေတာကို လှိုင်ဘွားကကြောက်ပြီး ပါတနာကွဲ သွားဖို့ သူ့ကို ထောင်ကျအောင်လုပ်ပြီး လူချင်းခွဲတဲ့ သဘောမျိုး လုပ်တာတဲ့။ ကိုသက်မင်း ပြောတာလဲ ဟုတ်သားပဲ၊ မင်းက လူကြောက်၊လူပေါ်ပဲလှိုင်ဘွား ငါနဲ့ ရင်ဆိုင်တိုင်းလည်း မင်းက ထွက်ပြေးတာချည်း ပဲမဟုတ်လား"

"အံမယ် ... ဒီကောင် ..."

"မင်း ... ငါ့ကို အသေပစ်မသတ်ရဲပါဘူး လှိုင်ဘွား... ငါသေသွားရင် ပတ္တမြားညီနောင်သုံးလုံးဟာ လမ်း... ပျောက်သွားမှာပေါ့။ ဘယ်မှာဝှက်ထားမှန်း ဘယ်သူ ပြောနိုင်တော့မှာလဲ"

"အေး ... အဲဒါကို အခု မင်းပြောရမှာပဲ ဖေယျာအောင်... မင်းကို အသေမသတ်သေးဘူး ဆိုတာတော့မှန်တယ်... ဒါပေမယ့် ပတ္တမြားညီနောင်သုံးလုံး ဘယ်မှာဝှက်ထား... တယ်ဆိုတာ မင်းမပြောသရွေ့ မင်းမျက်နှာ ရုပ်ချော... ချောကို ဓားနဲ့မွှန်းပစ်မယ်။ စာအရေးကောင်းလှတဲ့...



မင်းလက်ချောင်းတွေကို ဖြတ်ပစ်မယ် ... နားလည်လား"

"ဒီမယ် ဆရာလှိုင်ဘွား"

လှိုင်ဘွားက ဖေယျာအောင်အား ခြိမ်းခြောက် အလုန့်စကားတွေ ပြောနေစဉ်မှာ သူ့တပည့်လက်ထောက်က လှိုင်ဘွားကို လှမ်းခေါ်ပြီး စားပွဲပေါ်မှ မဲလိပ်စာရွက်လေးကို ပြလိုက်ပေသည်။

လှိုင်ဘွားသည် မဲလိပ်စာရွက်ကိုယူကာ မီးရောင် တွင် ထောင်ဖတ်သည်။

ဤသည်ပင်လျှင် ဖေယျာအောင် အခွင့်အရေးယူ ဖို့ သူဟာသူ အကွက်ဝင်သွားပါ၏။ လှိုင်ဘွားက စာရွက် လေးထဲမှ စာလုံးသေးသေးလေးတွေကို ကြိုးစားဖတ်နေရသ ဖြင့် လစ်ကွက်ဝင်သွားခြင်းပါတည်း။

ကုလားထိုင်တွင် ထိုင်နေသော နွေနွေ့အား ကုလားထိုင်ရော လူရော လဲကျသွားအောင် ဖေယျာအောင် ဆွဲချလိုက်သည်။ ကုလားထိုင်လဲကျသည်၊ နွေနွေလည်း ကြမ်းပြင်တွင် မှောက်လျက်လေး ဖြစ်သွားသည်။

တစ်ချိန်တည်း တစ်ဆက်တည်းမှာပင် ဖေယျာ အောင်သည် သူ၏ ခွန်အားဖြင့် စာရေးစားပွဲကိုပါ တုံးလုံး လဲအောင် ဆွဲလှဲချလိုက်သည်။ လဲကျသော စားပွဲနောက်တွင် နွေနွေရော ဖေယျာအောင်ရော ကာဗာယူမှောက်နေလိုက်ပြီး ဖေယျာအောင်သည် ဂျာကင်အောက်မှ သူ၏ပစ္စတိုကို အသွက် ဆုံး အမြန်ဆုံး ဆွဲထုတ်နိုင်လိုက်သည်။ တုံးလုံးစားပွဲပေါ် လက်ကျော်ကာ ပစ္စတိုနှင့် နှစ်ချက်ဆင့်ပြီး မိမိကပင် အလျင်

ဦးစွာ ပစ်တော့သည်။

"ဟော့ ... ဟော့ ... နေရာယူကြ။ ကျော်ဆွေ သူတို့နောက်ကို ပန်းဝင်ပြီး စားပွဲနောက်က ဒီကောင်ကိုပစ်ကွာ"

လှိုင်ဘွားကိုယ်တိုင် မတ်တတ် မရပ်ရဲတော့ဘဲ အားလျားမှောက်ချလိုက်သည်။

ဤနေရာတွင် မောင်ရှိန်းကလည်း သွက်သည်။ စားပွဲဝိုင်းဒိုင်း လဲကျသံ၊ ဖေယျာအောင်ထံမှ သေနတ်သံနှစ်ချက် ထွက်လာတာကြားသဖြင့် မောင်ရှိန်းကို ကိုင်ထားသော ဓားသမားနှစ်ယောက် ပြူးပြိုပြိုနှင့် ဖေယျာအောင်တို့ဘက်သို့ လှမ်းအကြည့်မှာပင် မောင်ရှိန်းသည် မြွေတစ်ကောင်လို တွန့်လိမ်ပြီး လူဆိုးနှစ်ယောက်လက်မှ လျှောခနဲ လွတ်သွားပြီး တံခါးပေါက်မှ အပြင်သို့ထွက်ပြေးတော့သည်။ ဓားသမားနှစ်ယောက် မောင်ရှိန်း ပြေးရာနောက်သို့ လိုက်သွားကြသည်။

ဒိုင်း ... ဒိုင်း ...။

ဒိုင်း ... ဒိုင်း ... ဒိုင်း ...။

သူပစ်ကိုယ်ပစ် အပြန်အလှန် ပစ်ကြပြီ။

လက်ထောက်တပည့် ကျော်ဆွေက မိကျောင်းတွားဖြင့် တွားကာ ... ဖေယျာအောင်၏ နောက်သို့ ရောက်လာသည်။

"ဟိုမှာအစ်ကို ... နောက်မှာ"

တွားတက်လာပြီး ထထိုင်ကာ ဖေယျာအောင်အား သေနတ်နှင့်ချိန်ရန် ကြိုးစားစဉ်မှာပင် ဓွေဓွေ အော်ပြော



သဖြင့် ဖေယျာအောင်က ချာခနဲလှည့်ကာ ဒိုင်းခနဲပစ်လိုက်သည်။

"အမယ်လေး ဗျ"

ကျော်ဆွေ၏ နာကျင်လှစွာဖြင့် အော်သံထွက်လာပြီး မှောက်ကျသွားသည်။ ယင်းအခိုက်မှာပင် ...

"ဟော့ ... လှိုင်ဘွား ... မင်းသေနတ် ဘေးချပြီး မတ်တတ်ရပ်လိုက် လက်မြှောက်ထားပါ။ မင်းတို့အားလုံးကို ငါတို့ရဲအဖွဲ့က ဝိုင်းထားပြီ။ ဖမ်းထားပြီ"

စုံထောက်အရာရှိ ဦးမင်းဆွေ၏ အောင်မြင်သောအသံဖြင့် အမိန့်ပေးသံ ထွက်ပေါ်လာပေတော့သည်။

ရဲအဖွဲ့ ရောက်လာပြီမို့ လှိုင်ဘွားဆက်ပြီး မိုက်ရူးရဲ မပြုမူရဲတော့ပေ။ သူတို့အဖွဲ့ဘက်က ရှုံးနိမ့်သွားပြီမှန်း လှိုင်ဘွား နားလည်သည်။ ရဲအဖွဲ့ကို ခုခံလျှင် ဒီနေရာမှာပင် အသက်ပေးရမည်။ အဖမ်းခံပြီး တရားရုံးတွင် ရင်ဆိုင်ပါက သက်သာနိုင်စရာ ရှိသည်ကိုလည်း လှိုင်ဘွား သဘောပေါက်ပါ၏။

လှိုင်ဘွား သေနတ်ကို လွှတ်ချပြီး မတ်တပ်ရပ် လက်မြှောက်တော့သည်။

မောင်ရှိန်း နောက်သို့လိုက်သော ဓားသမားနှစ်ယောက်လည်း လက်ထိပ်တန်းလန်းနှင့် ရဲအဖွဲ့လက်ထဲ ရောက်နေပေပြီ။

ပခုံးကို ထိသွားသော လက်ထောက်တပည့် ကျော်ဆွေကိုလည်း လက်ထိပ်ခတ်ပြီးပြီ။ နောက်ဆုံး ...

လှိုင်ဘွားကို လက်ထိပ်ခတ် ဖမ်းဆီးလိုက်ပါတော့၏။

"အဲဒီတရားခံ လေးယောက်လုံး ဖမ်းသွားပြီး သုံးယောက်ကို အချုပ်ထဲထည့်ထားလိုက်သည်။ ဟိုပခုံးမှာ သေနတ်မှန်တဲ့ကောင်ကို အချုပ်နဲ့ ဆေးရုံပို့ ရဲကြပ်ကြီး ဒီကောင်တွေနဲ့ ရဲကြပ်ကြီးအဖွဲ့ သွားကြတော့ ... ကျုပ်ဒီမှာ စကားနေခဲ့မယ်။ ကျုပ်ပြန်လာဖို့ ကားကိုပြန်လွှတ်လိုက်"

ရဲကြပ်ကြီးအဖွဲ့သည် ရဲအရာရှိ ဦးမင်းဆွေကို အရိုအသေပြုပြီး တရားခံတွေအားလုံး ဖမ်းပြီးခေါ်ဆောင်သွားပေတော့သည်။

"မောင်ရှိန်းရေ ... ကော်ဖီဖျော်ကွာ။ ပေါင်မုန့်ရှိလဲ မီးကင်ထောပတ်သုတ်လုပ်ကွာ။ ငါတို့လဲ ညစာမစားရသေးဘူး၊ ဦးမင်းဆွေလဲ ပင်ပင်ပန်းပန်းနဲ့ ဆာရောမယ်"

ဓေယျာအောင်က မောင်ရှိန်းကို နိုင်းသည်နှင့် နွေနွေသည် ကူညီလုပ်ဆောင်ပေးရန် ထမင်းစားခန်းသို့ ထ... လိုက်သည်ကို ဓေယျာအောင်က နွေနွေ၏လက်ကို ဆွဲထားလိုက်သည်။

"ဒီမှာပဲနေပါ နွေနွေ။ ဦးမင်းဆွေကို အကျိုးအကြောင်း ရှင်းပြမလို့။ နွေနွေ ရှိနေမှ ပိုကောင်းမှာပေါ့"

နွေနွေသည် ပြန်ထိုင်ရပါ၏။

ဓေယျာအောင်က လှိုင်ဘွား ပြန်ချထားခဲ့သည့် မဲလိပ်စာရွက်လေးကိုယူပြီး မြန်မာလုပ် ဒန်မီးခြစ်ကလေးနှင့်



အတူ ဦးမင်းဆွေလက်သို့ ပေးအပ်ပြီး တောင်ငူကို သက်မင်းနှင့်သွားတွေ့သည်မှအစ အားလုံး ဖြစ်သမျှတွေကို ပြောပြလိုက်ပေသည်။

ဦးမင်းဆွေက စကားအဆုံးတွင် မဲလိပ်စာလေးကို ဖတ်ကြည့်သည်။

"ဒါဆို ... ဒေါ်စောမာလာရဲ့ ရုပ်ပွားတော်ကို ဝိုဒေါင်တန်းလျားသွားပြီး ကြည့်ကြ ရှာကြ ဖူးကြရအောင်လေ"

"ဟာ ... ချက်ချင်းမရဘူး ဦးမင်းဆွေ။ ဒေါ်ဒေါ်က သူ့ရုပ်ပွားတော်ကို ပဲခူးပင့်သွားတယ်ဗျ၊ အခု ရုပ်ပွားတော်က ပဲခူးဘိုးဘိုးအိမ် ဘုရားခန်းမှာ သီတင်းသုံးနေတယ်"

"ဟုတ်ပါတယ်အန်ကယ် ... မေမေက သူညအိပ်ညနေသွားရမယ့် အစရပ်ကို ရုပ်ပွားတော် ပင့်သွားတဲ့ အကျင့်အမြဲရှိတာပါ။ နက်ဖြန်မိုးလင်းတာနဲ့ ပဲခူးသွားကြတာပေါ့ ဦးမင်းဆွေ"

ဦးမင်းဆွေက ခေါင်းညိတ်သည်။

"ဒါဆို ... ပဲခူးရဲစခန်းကို ဖုန်းဆက်ပြီ မလိုလဲလိုလဲပေါ့ဗျာ ... ခင်ဗျားဘိုးဘိုးအိမ်တစ်ဝိုက်မှာ ဒီညအဖို့ ရဲအစောင့် ချထားပေးဖို့ ကျုပ်ဖုန်းဆက်ထားမယ်။ ဒီကောင်တွေအဖွဲ့က နယ်ကျယ်ချင် ကျယ်နေမှာ"

ဦးမင်းဆွေသည် ပဲခူးသို့ မိနစ်နှစ်ဆယ်ခန့် ဖုန်းဆက်ပြောကြားလိုက်ပြန်ပြီး လာထိုင်သည်။

မောင်ရှိန်းက ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုတ်
သည်များ လာချပေးပါ၏။

"ဒါထက် ... ဦးမင်းဆွေက ဒီည လိုင်ဘွားတို့အဖွဲ့ ကျွန်တော့်အိမ် လာကြမယ်မှန်း ဘယ်လိုသိတာလဲ"

"ဒီလိုဗျ။ ဘယ်ဒုစရိုက်ကောင်ဖြစ်ဖြစ် ထွက်ပြေးတိမ်းရှောင်နေတယ်ဆိုပေမယ့် အလစ်မှာ မှောင်ခိုပြီး သူ့သားမယားဆီကိုတော့ တိတ်တိတ်လာတွေ့လေ့ရှိတာဟာ ကျုပ်ရဲ့အတွေ့အကြုံပဲပေါ့ဗျာ။ လိုင်ဘွားရဲ့အိမ်တစ်ဝိုက်မှာရော ဘောက်ထော်က ဦးမော်မော်ရဲ့အိမ်တစ်ဝိုက်မှာရော ... ကျုပ်လူတွေကို ပလာတ်စတာစ်ကောက်သမားပုံစံ၊ အရက်မူးသမားပုံစံတွေနဲ့ ချထားတယ်၊ လိုင်ဘွားဟာ သူ့ရဲ့တောင်ဥက္ကလာကအိမ်ကိုလဲ လာတယ်။ ဦးမော်မော်ရဲ့အိမ်ကိုလဲ လာတာပဲ"

"အဲဒီမှာ ဦးမင်းဆွေက မဖမ်းလိုက်ဘူးလား"

ဦးမင်းဆွေက ဦးခေါင်းကို ညင်သာစွာ ခါယမ်းခဲ့သည်။

"မဖမ်းလိုက်သေးဘူး ဆိုပါတော့။ ဖမ်းလိုက်ရင် လိုင်ဘွား တစ်ယောက်တည်းကိုပဲ မိမယ်။ ထောက်ကြန့်နားမှာ ခင်မောင်ဝင်းကို လိုင်ဘွားက သတ်ပါတယ် ဆိုတာ ကိုဖေယျာအောင်ရဲ့ ထွက်ချက်သက်သေ တစ်ခုတည်းနဲ့ မခိုင်လုံဘူး။ အဲဒီအချိန်ဟာ မှောင်နေတယ်။ လိုင်ဘွားကို နဂိုက ကိုဖေယျာအောင် သိဖူးမြင်ဖူးခဲ့တာ မဟုတ်ဘူး။ ဒီတော့ ရုံးတော်မှာ ခင်မောင်ဝင်း



ကို လိုင်ဘွားသတ်တယ်လို့ လူသတ်မှုနဲ့တင်ရင် ကိုဖေယျာအောင် တစ်ယောက်ကလွဲပြီး တခြားခိုင်မာတဲ့ သက်သေတစ်ယောက်မှ မရှိဘူး၊ ဒီတော့ ရှေ့နေကောင်းကောင်းငှားပြီး လိုင်ဘွားက ခုခံရင် လွတ်သွားနိုင်စရာရှိတယ်။ ဒါကြောင့် ... ဒီကောင့်ကို မဖမ်းသေးဘဲ ကြိုးရှည်ရှည်နဲ့ လွှတ်ထားလိုက်တာ။ နောက်ပြီး ... လိုင်ဘွားဟာ ပတ္တမြားညီနောင်ရဖို့အတွက် တောင်ငူကပြန်လာတဲ့ ကိုဖေယျာအောင်ဆီကို လာရမယ်၊ ဒီတော့မှ လက်ပူးလက်ကျပ် အမိဖမ်းမယ်လို့ မျှော်ထားတာလဲပါတယ်။ အခု လိုင်ဘွားအဖွဲ့ လာတာပဲမဟုတ်လား။ သူ့တပည့်သုံးယောက်နဲ့အတူတူ လက်ပူးလက်ကျပ် ဖမ်းမိတာပဲ မဟုတ်လား။ ဒီကောင်တွေကို လူခွဲပြီး ကျုပ် ရဲ့စစ်နည်း စစ်ဟန်တွေနဲ့ စစ်လိုက်ရင် ခင်မောင်ဝင်း သတ်မှုမှာ လိုင်ဘွားက ဘူးခံဦးတော့ သူ့တပည့်သုံးယောက်က ဖော်လာအောင် ကျုပ်စစ်ဆေးပြီးမှ အမှုကို ရုံးတင်မှာပါ။ အဲ ... ဒီည ကျုပ်ဒီကိုလိုက်လာတာ နည်းနည်းနောက်ကျသွားတယ်။ ကျုပ်ချထားတဲ့ကောင်တွေက လိုင်ဘွားတို့အဖွဲ့ ထွက်လာကြပြီလို့ ဖုန်းဆက်တယ်။ လမ်းပေါ်က ပလတ်စတစ်ကောက်ပုံစံ၊ အမူးသမားပုံစံ ရုပ်ဖျက်ထားတဲ့ တပည့်တွေမှာ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားနိုင်ဖို့ ဖြန်းခနဲ တယ်လီဖုန်းရှာရတာ မလွယ်ဘူးပေါ့ဗျာ။ ဒီလို ရုပ်ဖျက်ထားတဲ့ တပည့်တွေမျိုးကို ဆယ်လူ

လာဖုန်းမျိုး ပေးထားနိုင်လောက်အောင်လည်း ကျုပ်တို့ မတတ်နိုင်သေးဘူးဗျ။ ဒါကြောင့် ... ဒီကောင်တွေဆီက ဖုန်းဝင်တာ နည်းနည်းနောက်ကျသွားတယ်။ ဒါကြောင့် ကျုပ် ဆယ်မိနစ်လောက် နောက်ကျသွားရတာပဲ။ နောက်တစ်ချက် ရှိသေးတာက ကိုဇေယျာအောင်ရဲ့ သတ္တိနဲ့ စွမ်းရည်ကို ကျုပ်စိတ်ချယုံကြည်ထားတယ်လေဗျာ။ ခင်ဗျားပဲ ပြောခဲ့တယ် မဟုတ်လား ... ခင်ဗျားမှာ ပစ္စတိုကျည်ဆန်အပြည့် ထည့်ထားပြီး ကျည်ကပ်အပိုနှစ်ခုတောင် ဆောင်ထားတယ်လို့လေ။ ကဲ ... အခုခင်ဗျားသတ္တိ ခင်ဗျားအစွမ်းနဲ့ လေးယောက်နဲ့တစ်ယောက် ပြိုင်ချနိုင်ခဲ့တာပဲဟာ"

"ကျွန်တော်က တယ်ကြက်ပေါ့ဗျာ"

"မှန်တယ် ... ခင်ဗျားလို သတ္တိရှိပြီး စွမ်းရည်ရှိတဲ့လူမို့ တယ်ကြက်တမင်ထားလိုက်တာပဲ"

"ဟဲ ... ဟဲ ... အဲဒီလို အမြှောက်အပင့်လေးတွေနဲ့ ချီးကျူးတော့လည်း ကျွန်တော် ဘဝင်မြင့်ရတာပေါ့ ဦးမင်းဆွေ"

အားလုံးရယ်မောကြပါ၏။

မောင်ရှိန်း ချပေးထားသည့် ကော်ဖီသောက်ပြီး ပေါင်မုန့်စားကြပါ၏။

"ဩော် ... ကျုပ် ကိုဇေယျာအောင်ကို ပြောဖို့ တစ်ခုကျန်နေတယ်။ ခင်ဗျား တောင်ငူသွားနေတုန်း ကျုပ် ကိုခင်မောင်ဝင်းရဲ့အမေ ဒေါ်မေစီနဲ့ သမီး လွင်လွင်စီ



တို့အိမ် သွားတွေ့ခဲ့တယ်။ ဒေါ်မေစီတို့က တကယ့်အဆင့်မြင့် ဂုဏ်သရေရှိ ရိုးရိုးသားသားတွေပဲဗျာ။ သူ့သား ခင်မောင်ဝင်းသာ စုန်းပြူးပြီး ဒုစရိုက်မှောင်ခိုလုပ်နေတာ၊ သူတို့သားအမိက ခင်မောင်ဝင်းအကြောင်းကို သိပ်ပြောမပြနိုင်ပါဘူး။ ခင်မောင်ဝင်း ဘာတွေလုပ်နေမှန်း သူတို့သိမှ မသိကြတာ ... အဲ ... ဒါပေမယ့် ... ခင်မောင်ဝင်းရဲ့ ဒိုင်ယာရီကိုတော့ ကျုပ်ကို ပေးအပ်ပါတယ်"

"ဒိုင်ယာရီထဲမှာ ပတ္တမြားညီနောင်အကြောင်းတွေ မပါဘူးလား"

"သိပ်မပါဘူးဗျ။ ဒိုင်ယာရီရဲ့ နောက်ဆုံးရေးသွားတဲ့ စာမျက်နှာမှာတော့ ပတ္တမြားညီနောင်ဟာ မုဒုံက ဦးကျော်ကျော် ပိုင်ဆိုင်တဲ့ အကြောင်းတော့ ရေးထားတာတွေ့တယ်"

"ဒါဆို ... သူသေကာနီး ဒေါက်တာဦးရဲမြင့်ကို ဝူးဝေါ်ဝေါ်လို့ ပြောခဲ့တာဟာ ပတ္တမြားတွေ ပိုင်ဆိုင်တဲ့ပိုင်ရှင်ဟာ ဦးကျော်ကျော်လို့ ပြောတာ ဖြစ်မှာပေါ့ ဦးမင်းဆွေ"

"ဒါလဲ တိတိကျကျ မပြောနိုင်ဘူးဗျ။ ကိုခင်မောင်ဝင်းရဲ့ ဝူးဝေါ်ဝေါ်ဟာ သူ့ကိုသတ်တာ ဦးမော်မော်ပါလို့ ပြောခဲ့တာကော မဖြစ်နိုင်ဘူးလား"

"အင်း ... ဒါလဲ ဖြစ်နိုင်တာပဲ"

ရဲကြပ်ကြီး မော်တော်ကားနှင့် ဦးမင်းဆွေကိုကြို

ရန် ပြန်ရောက်လာသည်။

နက်ဖြန် ပဲခူးသို့ အတူသွားရန် ချိန်းဆိုပြီးနောက် ဦးမင်းဆွေ နှုတ်ဆက်ပြန်သွားသည်။

ထိုညအဖို့ ဇွေဇွေက စေယျာအောင်၏ အိပ်ခန်း တစ်ယောက်အိပ်ခုတင်တွင် အိပ်စက်ပြီး စေယျာအောင်က ဧည့်ခန်းနှစ်ယောက်ထိုင် ဆိုဖာတွင် အိပ်စက်ကြပေသည်။





(၁၇)

"ဟော ဟော … ကြံကြံဖန်ဖန် ဘုရားစင်းတုရုပ်ပွားတော်ရဲ့ ဝမ်းဗိုက်တော်ထဲမှာ ပတ္တမြားတွေ ထည့်ရတယ်လို့"

ဘိုးဘိုးက တအံ့တဩ ပြောလိုက်သည်။

ပဲခူးရှိ ဘိုးဘိုး၏တိုက်အိမ် ဧည့်ခန်းကြီးမှာ ကျယ်ပြောသည်။ ခမ်းနားသည်။

လူတွေလည်း စုံလှသည်။

ပဲခူးရဲစခန်းမှ စခန်းမှူးကိုယ်တိုင်နှင့် ဒုရဲအုပ် ပါရှိသည်။ သက်ဆိုင်ရာမြို့နယ် အတွင်းရေးမှူး၊ ရပ်ကွက် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ ပါရှိသည်။

ရန်ကုန် ရဲစုံထောက်အရာရှိ ဦးမင်းဆွေနှင့် ရဲကြပ်ကြီးလည်း ပါရှိသည်။

သက်ဆိုင်ရာပုဂ္ဂိုလ်များ ရှေ့မှောက်မှာပင် သက်သေပြုပြီး ဘိုးဘိုးဘုရားစင်မှ ဒေါ်စောမာလာ၏ ရုပ်ပွား

ဆင်းတုတော်ကို ခုသ်ခန်းသို့ ပင့်ဆောင်ခဲ့သည်။

ဆင်းတုရုပ်ပွားတော်မှာ တင်ပလ္လင်ခွေကိုယ်တော် ဖြစ်ပါ၏။ ယင်းကိုယ်တော်၏ အောက်ခြေအညီတွင် ငါးမူးစေ့ခန့် အဝိုင်းဖောက်ထားပြီး ပျားဖယောင်းဖြင့် ထိုအဝိုင်းပေါက်ကို ပြန်ပိတ်ထားသည်။

တရားဝင် ပုံစံယေားများထားပြီး သက်ဆိုင်ရာ လူကြီးများ ရှေ့မှောက်မှာပင် အများသဘောတူ ဘိုးဘိုးခေါ်က ပိတ်ထားသော ပျားဖယောင်းကို ဖွင့်လိုက်ပေသည်။

ဖွင့်သွားသည်နှင့် ဘိုးဘိုးခေါ်သည် လက်နှစ်ဖက်ဖြင့် လက်အုပ်ချီ ကန်တော့ပြီးမှ ရုပ်ပွားတော်ကို တည့်တည့်ဆောင်ကာ လှုပ်ခါချလိုက်တော့သည်။

ဒေါက်ခနဲ၊ ဒေါက်ခနဲ၊ ဒေါက်ခနဲ ...

ပတ္တမြားသုံးလုံးသည် စားပွဲပေါ်သို့ ကျလာပေတော့သည်။

အောက်မှခံပေးထားသည်မှာ ဘိုးဘိုးခေါ်၏ ကတ္တီပါအနက်စ ဖြစ်ပေသည်။

ကတ္တီပါအနက်ခံတွင် တျာတျာနီရဲနေသော ပတ္တမြားသုံးလုံးကို အားလုံး မျက်တောင်မခတ် ကြည့်နေကြပေသည်။

"ကြက်ကြက်ဖန်ဖန် ဘုရားကိုယ်တော်မြတ်ရဲ့ ဝမ်းဗိုက်တော်ထဲမှာ ပတ္တမြားတွေ ထည့်ထားရတယ်လို့"

ဒုတိယအကြိမ် ဟိန်း၍အောင်သော အသံဖြင့် ဘိုးဘိုးက ပြောလိုက်မှ အားလုံး ပတ္တမြားတို့ နီတျာတျာ



အရည်အသွေးကို ရင်သပ်ရှုမော ကြည့်နေကြပြီး ကြက်သေသေနေရာမှ လှုပ်လှုပ်ရွရွ ဖြစ်သွားကြပေတော့သည်။

"တောက် ... အသွေးအရောင်ကတော့ ရဲရဲနီနေတာပဲ"

"ဒီလို အနီရောင်ရင့်ရင့်နဲ့ အသွေးကောင်းလှတဲ့ ပတ္တမြားမျိုးကို ဒီတစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

သေဖြင့် ... ပတ္တမြား၏ အသွေးအရောင်ကို ကြည့်ပြီး ကိုယ်စီ ကိုယ့်အမြင်ကို ချီးကျူးပြောကြားသံတွေ ထွက်ပေါ်လာပေတော့သည်။

ဓာတ်ပုံဆရာကို ခေါ်ထားသဖြင့် ဓာတ်ပုံဆရာသည် ပတ္တမြားညီနောင် သုံးလုံးကို ရှုထောင့်အမျိုးမျိုးမှ ရိုက်ပါ၏။ မှတ်တမ်းတင် ဓာတ်ပုံများ ဖြစ်ပေသည်။

"အင်း ... ပတ္တမြားညီနောင် ဘယ်မှာလဲဆိုတာ အခုမှပဲ အဖြေပေါ်တော့တယ်"ဟု ဓေယျာအောင်က ညည်းသံနှင့် ပြောလိုက်ပေသည်။

"ကဲ ... ကဲ ... အဲဒီပတ္တမြားညီနောင်သုံးလုံးကို ဘာနဲ့ ထည့်မလဲ"

နွေနွေသည် သူမ အသင့်ဆောင်ယူလာသည့် ကတ္တီပါအနက် ရှုံ့အိတ်လေးကို ထုတ်ယူပြီး စားပွဲပေါ်ချထားပြလိုက်ပေသည်။

"အဲဒီပတ္တမြားညီနောင်သုံးလုံးကို ပထမထည့်ထားတဲ့ အိတ်ဟာ အဲဒီကတ္တီပါအနက်ရောင် ရှုံ့အိတ်လေးပဲလို့ အစ်ကိုခင်မောင်ဝင်းက ပြောဖူးတယ် ဘိုးဘိုး"

ဘိုးဘိုးခက်သည် နွေနွေ စားပွဲပေါ် ချပေးသော ကတ္တီပါ ရှဲ့ အိတ်အနက်ကိုယူကာ သူခင်းပေးထားသော ကတ္တီပါအနက်ရောင်အစနှင့် နှိုင်းယှဉ်ကြည့်လိုက်သည်။

"အင်း ... ဒီကတ္တီပါအိပ်နက်လေးဟာ ကုန်းဘောင်မင်းဆက် နောက်ဆုံးသီပေါမင်းတရား လက်ထက်မှာ နန်းတွင်းသုံး ကတ္တီပါအိတ်အနက်မျိုးပဲ။ အဲဒီကတ္တီပါသားတွေဟာ အဲဒီခေတ်က ပြင်သစ်ကလာတဲ့ ကတ္တီပါတွေလို့ ဘိုးဘိုးရဲ့ မိဘဘိုးဘွားက ပြောဖူးခဲ့တာ ဘိုးဘိုး မှတ်မိနေတယ်"

ဇေယျာအောင်က ကောက်ခါငင်ကာ သူ့ဘိုးဘိုးခက်အား မေးလိုက်သည်။

"ဒါဆို ... ဒီကတ္တီပါအိတ်အနက်နဲ့ ထည့်ထားခဲ့တဲ့ ဒီပတ္တမြားညီနောင်ဟာ နန်းစဉ်ပတ္တမြားတွေ ဖြစ်နေမလားဘဲ ဘိုးဘိုး"

"သိပ်ဖြစ်နိုင်တာပေါ့ လူလေး"

"အံ့သြတော့ အံ့သြစရာပဲ ဘိုးဘိုး။ အဲဒီပတ္တမြားညီနောင်သုံးလုံးကို ပိုင်ဆိုင်တဲ့သူဟာ မုခုံမြို့က ဦးကျော်ကျော်တဲ့။ အဲဒီ ဦးကျော်ကျော်က မြန်မာစစ်စစ်မဟုတ်ဘူး။ အင်္ဂလိုအင်ဒီယန်း ဘိုးဘိုး၊ အဲဒီအင်္ဂလိုအင်ဒီယန်းက သီပေါမင်းခေတ်က နန်းစဉ်ပတ္တမြားကို ဘယ်လိုပိုင်ဆိုင်ခွင့် ရမှာလဲ ... သူ့အပြောအရ ဒီပတ္တမြားညီနောင်ဟာ သူတို့ဘိုးဘွားလက်ထက်က ဆင်းသက်ပြီး အမွေရတာတဲ့ ဘိုးဘိုး ... ရှင်းရှင်းပြောရရင် ကုလားကပြားက နန်းစဉ်ပတ္တမြား ဘယ်လိုဘိုးဘွားလက်ထက်က အမွေဖြစ်နိုင်မှာလဲ"

"ဒါလား ... အဲဒါအဆန်းမှ မဟုတ်တာပဲ လူလေးရ"

ဘိုးဘိုးခက်ကဆက်၍ ရှင်းပြပါ၏။ အားလုံး စိတ်ဝင်စားစွာ နားထောင်နေကြပေသည်။

"ဘိုးဘိုးမိတ်ဆွေတစ်ယောက် ဂျပန်ပြည်ကို ရောက်သွားဖူးတယ်။ ဂျပန်က ကျေးလက်ရွာတွေကို သူလေ့လာရင်း ရောက်သွားတော့ အဲဒီကျေးလက်က ဂျပန်အမျိုးသားပုဂ္ဂိုလ်ကြီးတစ်ဦးအိမ်မှာ မြန်မာပြည်က ယက်လုပ်တဲ့ ဘန်ကောက်ပုဆိုးအုပ် သုံးအုပ်တွေ့ခဲ့တယ်တဲ့။ အဲဒါ တစ်ထောင့်ကိုးရာလေးဆယ့်နှစ်ခုနှစ်က ဂျပန်တွေ မြန်မာပြည်ထဲဝင်ပြီး စစ်နိုင်ခဲ့တယ်။ တစ်ထောင့်ကိုးရာလေးဆယ့်ငါးခုနှစ် ဂျပန်တွေစစ်ရှုံးပြီး ပြန်ပြေးကြတော့ မြန်မာပြည်ထဲက သူတို့လိုချင်တာတွေမှန်သရွေ့ ယူပြီးပြေးတယ်၊ သူတို့အုပ်ချုပ်တဲ့ သုံးနှစ်အတွင်းမှာ ဂျပန်မြင်းတပ်က ဂျပန်တွေဟာ သူတို့မြင်းတွေကို ဘန်ကောက်လုံချည် အသစ်တွေနဲ့ ချွေးသုတ်ပေးတယ်၊ မြင်းတွေရေချိုးပြီးရင် သုတ်ပေးတယ်၊ အဲဒါ သူတို့ပြန်ပြေးတော့ မြင်းတပ်ကဂျပန်စစ်သားတွေက ဘန်ကောက်ပုဆိုးအုပ်တွေ ယူသွားကြတယ်။ အဲဒီ ဂျပန်စစ်သားတွေရဲ့ အဆက်အနွယ်တွေလက်ထဲမှာ မြန်မာပြည်ကယူသွားတဲ့ ဘန်ကောက်ပုဆိုးတွေ ရှိနေသေးတာ ဖြစ်မှာပေါ့လူလေး"

စိတ်ဝင်စားစွာ နားထောင်နေကြပါ၏။

"သီပေါဘုရင် လက်ထက်မှာလဲ ကုလားဖြူတွေနဲ့ တိုက်ခိုက်ပြီး မြန်မာတွေ စစ်ရှုံးခဲ့တယ်၊ အဲဒီတုန်းကလဲ ကုလားဖြူစစ်သားတွေဟာ မြန်မာနန်းတွင်းသူ၊ နန်းတွင်းသားတွေဆီက အဖိုးတန်ပစ္စည်းတွေ အစမ္မသိမ်းယူသွားတဲ့ အထဲမှာ အဘိုးတန် စိန်ကျောက်ပတ္တမြားတွေ ပါသွားတယ်။ လူလေးပြောတဲ့ အင်္ဂလိပ်အင်ဒီးယန်း ဦးကျော်ကျော်နဲ့ ဦးမော်မော် ညီအစ်ကိုဟာလည်း သူတို့ဘိုးဘွားဘီဘင်လက်ထက်က မြန်မာပြည်ကို တိုက်ခဲ့တဲ့ ကုလားဖြူစစ်သားတွေထဲက ပါဝင်ခဲ့ပြီး။ အခုပတ္တမြားညီနောင်ကို မတရားရယူသွားတဲ့ အဆက်အနွယ် ဖြစ်နိုင်တာပေါ့ လူလေး"

ဟုတ်လောက်ပေသည်။ မှန်လောက်ပေသည်။ ဘိုးဘိုးခက်က ကတ္တီပါစ နှစ်စကိုကြည့်ပြီး ရာဇဝင်ကြောင်းပြောပြသည်မှာ ဆီလျော်လှပါ၏။

"ဒါဆိုရင် ... ဒီမယ် ... ဦးမင်းဆွေ ဘိုးဘိုးပြောတဲ့အတိုင်း ဒီပတ္တမြားညီနောင်ဟာ သီပေါမင်းလက်ထက်က အနိုင်ကျင့်ယူသွားတာ မဖြစ်နိုင်ဘူးလား"

ဦးမင်းဆွေက ပခုံးကြီး တွန့်ပြသည်။

"အဲဒါတွေကျတော့ ကျုပ်တို့ ဘာဆုံးဖြတ်နိုင်မှာလဲကိုဖေယျာအောင်။ ကျုပ်တို့ထက် နိုင်ငံတော်မှာ ပိုရှိ ပိုရှိ ကြီးမားတဲ့ လူကြီးပိုင်းက ဆုံးဖြတ်ရမယ့်ကိစ္စပဲ။ သက်ဆိုင်ရာလူကြီးတွေက ဒီပတ္တမြားညီနောင်ဟာ



ကုလားဖြူတွေ အနိုင်ကျင့် ယူသွားတာမို့ နိုင်ငံပိုင်ပတ္တမြားတွေ ဖြစ်သင့်တယ်လို့ ယူဆရင် အခု မူလပိုင်ရှင် မုဒုံက ဦးကျော်ကျော်နဲ့ ညှိနှိုင်းပြီး တန်ရာတန်ကြေးမေးချင်လဲ ပေးယူလိုက်ရုံပေါ့ဗျာ ... ဒါတွေ သက်ဆိုင်ရာလူကြီးတွေ လုပ်ဆောင်မယ့် အပိုင်းပဲ"

ပတ္တမြားညီနောင်သုံးလုံးကို ကတ္တီပါရှုံ့အိတ်ထဲ အများရှေ့မှာပင် ပြန်ထည့်သည်။ သံသေတ္တာတွင် ထပ်ထည့်ပြီး ချိတ်ပိတ်လိုက်သည်။ ဖြည့်စွက်ရမည့် ပုံစံဖယားတွေကို ဖြည့်စွက်ပြီး အားလုံး လက်မှတ်ထိုးသည်။

ထို့နောက်မှာတော့ လူကြီးပိုင်းက ဆက်လက်ဆောင်ရွက်ရန်သာ ရှိပေတော့သည်။

ဦးမင်းဆွေက အများရှေ့မှာပင် အားရပါးရစကားပြောလိုက်ပါ၏။

"ပတ္တမြားညီနောင် ပြန်ရတာရော ... ဒုစရိုက်တစ်ဖွဲ့လုံး ဖမ်းမိတာရောဟာ ကျုပ်ကတော့ တာဝန်အရပဲဆိုပါတော့ဗျာ။ ကျုပ်အထူး လူအများရှေ့မှာ ပြောချင်တာကတော့ ပတ္တမြားညီနောင်ဟာ အရည်အသွေးသိပ်ကောင်းပြီး အနီရောင်ရင့်ရင့် ရှိနေသလို ... ဟောဒီကိုဖေယျာအောင်ရဲ့ သတ္တိသွေးဟာလည်း ရဲရဲတောက်အနီရောင်ရင့်ရင့်ရှိပြီး စွမ်းဆောင်နိုင်လို့ ဒုစရိုက်အဖွဲ့ရော ... ပတ္တမြားညီနောင်ပါ ကျုပ်တို့ ရရှိလိုက်တာပဲဗျို့"

ပင့်လိုက်ပြန်ပြီ ... ဦးမင်းဆွေကတော့ဟု ဖေ

ယျာအောင် ပြောလိုက်သည်နှင့် အားလုံး ပြုံးရွှင်ရယ်မောသွားကြပါ၏။

ဦးမင်းဆွေက အလွန်လှပချောမော ချစ်စရာကောင်းသည့် နွေနွေ့ကို ကြည့်လိုက်ပြန်ပြီး ဆက်ပြောပြန်သည်။

"ကိုဓေယျာအောင်အဖို့ ဒီပြဿနာထဲမှာ ရဲရဲတောက်ဝင်ဆောင်ရွက်လိုက်တာ အရှုံးတော့ မရှိပါဘူး။ နောက်ဆုံး ... ကိုဓေယျာအောင်ဟာ ယုန်ကိုထောင်တာ ယုန်ကိုမိရုံမကဘူး ကြောင်မလှလှလေးကိုပါ မိသွားတယ်။ ယုန်ရော ကြောင်ရော မိတယ်ပေါ့ဗျာ ... ဟားဟား ဟား"

နွေနွေ့မျာ ရှက်စနိုးလေး ခေါင်းငုံ့ထားရှာပါ၏။

ထို့နောက် သက်ဆိုင်ရာ လူကြီးများက ဆက်လက်ဆောင်ရွက်ရန် နှုတ်ဆက်ထွက်ခွာသွားကြသည်။

ဦးမင်းဆွေနှင့် ရဲကြပ်ကြီးကို ပဲခူးရဲစခန်းကကားဖြင့် ပြန်ပို့ပေးသည်။

ဓေယျာအောင် ... နွေနွေနှင့် ဒေါ်စောမာလာတို့က ဘိုးဘိုးခက်ကို ကန်တော့ပြီး ကားဖြူကြီးနှင့် ရန်ကုန်သို့ ပြန်လာခဲ့ကြပေသည်။



(၁၈)

"ဦးသာလှိုင်ကြီး ... နေကောင်းပါတယ်နော်"

"ဟဲ့ ... နွေနွေတို့ သားအမိပါလား။ နင်တို့ ပြန်လာကြပြီလားဟေ"

သူတို့အိမ် လမ်းလေးထဲသို့ ဒေါ်စောမာလာကို နွေနွေကတစ်ဖက် ဓေယျာအောင်ကတစ်ဖက် တွဲပြီးဝင်ရောက်လာခဲ့ကြသည်။

အိမ်လေးထဲတွင် ပက်လက်ကုလားထိုင်ပေါ် မျက်စိမှိတ် မှိန်းနေသော ဦးသာလှိုင်က နွေနွေတို့သားအမိ အိမ်ထဲဝင်လာသည်ကိုပင် မသိသဖြင့် နွေနွေက အသံပေးရင်း ခပ်ကျယ်ကျယ်လေး ပြောလိုက်ခြင်း ဖြစ်ပါ၏။

ဦးသာလှိုင်ကြီး မှိန်းနေရာမှ မျက်စိဖွင့်ကြည့်ပြီး ပြန်၍ ကမန်းကတန်း နှုတ်ဆက်လိုက်ခြင်း ဖြစ်ပေသည်။

ဦးသာလှိုင်ကြီးသည် မျက်လုံးနှစ်ဖက်ကို သူ့လက်ဝါးကြီးဖြင့် ပွတ်သပ်ပြီး နွေနွေ့ကို သေချာကြည့်သည်။

ဒေါ်စောမာလာကို သေချာကြည့်သည်။ ငေး၍ အံ့သြပုံစံဖြင့် ကြည့်ခြင်းမျိုးပါပေ။

နွေနွေသည် သစ်လွင်လှပသော အဖိုးတန်ထဘီ အင်္ကျီ ဝတ်ဆင်ထားသည်။ အဘိုးအဘွား အမွေထားခဲ့သည့် စိန်ရွှေပတ္တမြား လက်ဝတ်လက်စားများကို ဝတ်ဆင်ထား သည်။

နဂိုပင်ကိုယ်ကပင် အလွန်လှသော ချောသော ဒီကောင်မလေးသည် ယခုလို ဝတ်စားဆင်ယင်ထားသည့် အခါ ဘာပြောကောင်းမည်နည်း။ အချောအလှ ထွတ်ခေါင် ရောက်နေပေသည်။

ဒေါ်စောမာလာကလည်း ရင်ဖုံးအင်္ကျီအဖြူရောင်၊ ပါတိတ်အဖိုးတန် အကောင်းစားထဘီ ဝတ်ဆင်ထားသည်။ ယခင် ဤအိမ်လေးမှာနေစဉ်က နွမ်းနွမ်းပါးပါး ဝင်ဆင်မှု ကြောင့် ဒေါ်စောမာလာ၏ နဂိုအလှ မှေးမှိန်သလို ရှိခဲ့ရာမှ ယခုတော့ ဒေါ်စောမာလာ၏ ရုပ်ရည်သည် တောက်ပနေပါ၏။

နွေနွေကဆက်ပြီး ဦးသာလှိုင်ကြီးကို ကလိလိုက် သည်။

"ဦးသာလှိုင်ကြီးက အိမ်စောင့်ပေးပါဆိုတာ အလကား နေ ပက်လက်ကုလားထိုင်ပေါ်မှာ အိပ်နေတာပဲ"

"ဟာ ... ငါမအိပ်ပါဘူးဟ။ မှိန်းနေတာပါ နွေနွေရ။ နင်လဲ ငါ့အကြောင်း သိသားနဲ့ ညက တစ်ညလုံးကင်း စောင့်ရတယ်။ ကင်းလာစစ်လို့ ငါအိပ်ပျော်နေရင်



ဒဏ်ကြေးတစ်ဆယ် အဖြတ်ခံရတယ်။ ဒါကြောင့် ကင်းစောင့်တဲ့ တစ်ညလုံး ငါမအိပ်ဘူး။ မနက်ကျတော့ ရေဝမ်းပြီး ဖောက်သည်အိမ်တွေ ပို့ပေးရတယ်။ ဒီတော့ အခုလို ခဏနားတဲ့အချိန် ဒီအိမ်လေးမှာ အိမ်စောင့် ရင်း ပက်လက်ကုလားထိုင်ပေါ်မှာ ခဏမှိန်းတာပါဟ"

ဖေယျာအောင်က ဝင်၍ပြောပါ၏။

"နေပါဦး ဦးသာလှိုင်ကြီးရ။ ဒီအိမ်မှာ စောင့်ရတာ ရော ... ညဘက်ကင်းစောင့်ရတာရောဆိုရင် ဦးသာ လှိုင်ကြီး ကိုယ့်အိမ်ကို မပြန်တော့ဘူးလား"

"ငါ့မှာ အိမ်မှမရှိတာပဲ မောင်ရ။ ညဆိုကင်းတဲမှာမိုး လင်း။ အခုရက်အတွင်း နေ့ပိုင်းမှာဆိုရင် နွေနွေတို့ အိမ်မှာနေတယ်။ နွေနွေတို့သားအမိ ဒီမှာရှိတုန်းက တော့ နေ့ပိုင်းဆိုရင် ဘုန်းကြီးကျောင်းဇရပ်မှာ သွား ငိုက် သွားမှိန်းတယ်"

"ဟုတ်တယ် အစ်ကို ... ဦးသာလှိုင်ကြီးမှာ သားမယား လည်း မရှိဘူး။ အိုးအိမ်လဲ မရှိဘူး။ လူပျိုကြီးလေ။ သူ့ကိုယူမယ့် မိန်းမလဲ ရှိမှမရှိတာ"

"နေစမ်းပါဦး နွေနွေရာ။ ငါမိန်းမယူဖို့ နေနေသာသာ ငါ့မှာ အိုးမရှိ အိမ်မရှိနဲ့ ကိုယ်ဝမ်းဝအောင်တောင် မနည်းရှာစားနေရတာ"

ဖေယျာအောင် ဝင်မေးပြန်သည်။

"ညဘက်ကင်းတဲမှာ ကင်းစောင့်ရင် လေလုံမိုးလုံနေ တာတော့ ဟုတ်ပါပြီ၊ မိုးတွင်း ကင်းနားတဲ့အခါမျိုး

ကျတော့ ဦးသာလှိုင်ကြီး ဘယ်မှာသွားနေလဲ"

"ပြောပြီကော မောင်ရာ။ ဘုန်းကြီးကျောင်းဇရပ်မှာ နေတယ်လို့"

"ကဲ ... ဒါဆို ဒီနေ့ကစပြီး ဟောဒီ ဒေါ်ဒေါ်နဲ့ နွေလေးရဲ့ ဒီအိမ်ကို ဦးသာလှိုင်ကြီး အပိုင်ယူလိုက်တော့"

"ဟာ ... အစ်ကို ..."

ဦးသာလှိုင်ကြီး ပါးစပ်ပြဲကာ အံ့အားကြီး သင့်နေပြီးမှ သူ့ဟာသူ ဟီးခနဲ ရယ်ချလိုက်သည်။

"မောင်ရင် မနောက်နဲ့ကွာ။ လူကြီးကို နောက်ရင်ပြောင်ရင် ငရဲကြီးတတ်တယ်ကွ"

"အိုး ... ကျွန်တော်က ဘာလို့နောက်ရမှာလဲ။ တကယ် ပြောနေတာ ... ဒီအိမ်ရော ခြံရော မြေရော ဦးသာလှိုင်ကြီး အပိုင်ယူလိုက်"

"အစ်ကို"

"ပေးလိုက်ပါ နွေလေးရာ။ တကယ်လိုအပ်တဲ့လူကို တကယ်လိုအပ်တဲ့ပစ္စည်း လှူရတာမှ တကယ့်ဒါန မြောက်တာ နွေလေးရ။ မဟုတ်ဘူးလား ဒေါ်ဒေါ်"

"ဒေါ်ဒေါ်ကတော့ မောင်ဇေယျာအောင်ရဲ့ သဘောပါ။ ဘာပစ္စည်းကိုမှ သံယောဇဉ် မထားတော့ဘူးလေ။ ကိုသာလှိုင့်ကို ဒီအိမ်နဲ့မြေ ပေးလဲ ဒေါ်ဒေါ် မကန့်ကွက်ဘူး၊ သမီးလေးနဲ့ မောင်ဇေယျာအောင် လက်ထပ်ပြီးတာနဲ့ ဒေါ်ဒေါ် စစ်ကိုင်းချောင်သွားပြီး တရားအားထုတ်တော့မှာမို့ပဲ။ ဒေါ်ဒေါ်ကို စစ်ကိုင်းချောင်မှာ အားထုတ်နေထိုင်ဖို့သာ မောင်ဇေယျာအောင် စီစဉ်ပေးပါ။ သမီးလေးအတွက် စိတ်ချရပြီပဲဟာ"



"ဟာ ... မောင်ရင် ... မင်းဟာက တကယ်ကြီးပါလား ကွ"

"တကယ်ကြီးမှ တကယ့်အစစ်ကြီးပေါ့ ဦးသာလှိုင်ကြီးရာ။ နောက်ပြီး ဦးသာလှိုင်ကြီးက ကျွန်တော့်ကိုပေးစရာ ကြွေးတစ်ခု ကျန်နေသေးတယ်လေဗျာ။ အခု လာမယ့် တနင်္ဂနွေနေ့မှာ နွေလေးနဲ့ကျွန်တော် လက်ထပ်မင်္ဂလာပွဲ ကျင်းပမယ်၊ စမ်းချောင်း မဟာမြိုင်လမ်း အိမ်နံပါတ်(---)မှာ။ ဦးသာလှိုင်ကြီး မနက်ဆယ့်တစ်နာရီအရောက် ဆက်ဆက်လာခဲ့။ ကျွန်တော်ကိုယ်တိုင် ဖိတ်တယ်။ ဒန်ပေါက်ထမင်းနဲ့ ရေခဲမုန့် ဦးသာလှိုင်ကြီး အဝလာစား။ အဲဒီမင်္ဂလာနေ့မှာပဲ ဦးသာလှိုင်ကြီးကို ဒီအိမ်နဲ့ဒီမြေ အပြီးအပိုင် ဦးသာလှိုင်ကြီး နာမည်နဲ့ တရားဝင် တရားသူကြီးနဲ့ သက်သေတွေရှေ့မှာ လွှဲပေးမယ်။ ကဲ ... ဒါပဲ ... ပြန်ကြစို့ ဒေါ်ဒေါ်။ ကဲ နွေလေး တို့ ပြန်ကြစို့"

"သာဓုကွာ ... သာဓု ... သာဓု ... သာဓု"

ဦးသာလှိုင်ကြီးထံမှ သာဓုတွေ လေးခုတောင် တသီကြီး ထွက်လာသဖြင့် ဇေယျာအောင်က နောက်ပြန်လှည့်ကြည့် လှမ်းပြောလိုက်သည်။

"ဟော့ ... ဦးသာလှိုင်ကြီး ... ခင်ဗျားကြီး ကျွန်တော့်ကို ကြွေးဆပ်ရမှာက သာဓု တစ်ခွန်းတည်းလေ။

သာခုတစ်ခွန်း ကြွေးကျန်နေတယ် မဟုတ်လား။ အခု တစ်ခွန်းတည်း သာခုခေါ်ရင် ကြွေးကျေပြီပဲဟာ"

"သာခုကို အခွန်းတစ်ထောင်လောက် ခေါ်ပါရစေကွာ။ ငါတွေ့ဖူးတဲ့ သူဌေးထဲမှာတော့ မောင်ရင်ဟာ အစွယ် အကောင်းဆုံး၊ ရုပ်အဖြောင့်ဆုံး၊ စိတ်သဘောထား အမြင့်မြတ်ဆုံး၊ သစ္စာကတိ အတည်ကြည်ဆုံး ..."

"လာ ... လာ ... နေ့နေ့ ... ဒေါ်ဒေါ်ကို တွဲမှာတွဲ၊ ဒီလူကြီး ဟိမဝန္တာချိုးမွမ်းခန်းက ညအိပ်နားထောင် တောင် ဆုံးမယ့်ပုံ မပေါ်ဘူး ... သွားကြစို့"

နားကြပါဦးစို့။

( တက္ကသိုလ် ထင်မြင့် )